လက်ရွေးစင်စာများ

(၂၀၂၁ ခုနှစ်)

မင်းသေ့
လက်ရွေးစင်စာများ

(၂၀၂၁ ခုနှစ်)

မာတိကာ

❁ မင်းသေ့ အမှာစာ

၁။ တင်မိုးဒဿန ၅
၂။ ဒဂုန်တာရာ့အဘိဓမ္မာ၊ မောင်ချောနွယ်ဒဿနနှင့် ထူးအိမ်သင်အတွေးအခေါ် ၉
၃။ ဇာတိမာန်စာဆို ဇော်ဂျီ ဖွဲ့သီတဲ့ ဒဿနအလှတရား ၁၆
၄။ သင်ယူခြင်းအကျင့်ဝသီ ၂၅
၅။ ပညာရှင်နဲ့ စာရေးဆရာ တူ / မတူ ၃၀
၆။ လူမိုက်တို့ မင်းမှုနည်း ၃၈
၇။ သိပ္ပံပညာအတွက် ရေခံမြေခံ ၄၀
၈။ ပါရမီစက်ဝန်း ၄၄
၉။ သမိုင်းကို ဆစ်ပိုင်းလေ့လာခြင်း ၄၈
၁၀။ သုတေသန ၅၂
၁၁။ စာဖတ်သမားသုံးမျိုး ၅၆
၁၂။ စာပေ အနုသုခုမ ၊ ပညာ ၅၉
၁၃။ စာပေရေးရာဆွေးနွေးချက် ၆၃
၁၄။ စာအုပ် စာရေးဆရာ စာပေ ၈၉
၁၅။ ရည်ညွှန်းဗဟုသုတ ၉၄

၁၆။ အတ္တုပ္ပတ္တိရေးကြသူတွေ ၉၉

၁၇။ ကျောက်ခဲမှ စိန်ခဲသို့ ၁၀၃

၁၈။ အချောင်စားတွေ ၁၀၇

၁၉။ ရှက်တတ်မယ်ဆိုရင် ၁၁၀

၂၀။ အာဏာသိမ်းမှုအကြောင်းဆက် ၁၁၃

၂၁။ သင်္ကေတဗေဒထဲက အောင်ဆန်းစုကြည် ၁၁၉

၂၂။ ကဗျာ / မင်းကိုနိုင့်ပန်းပင် - တင်မိုး ပန်းပွင့် ၁၃၁

၂၃။ ပြည်တွင်းစစ်သမိုင်းအကျဉ်းချုပ် ၁၃၆

၂၄။ အောင်ဆန်း / နေဝင်း တူ - မတူ ၁၃၈

၂၅။ တရုတ် မုန်းတီးရေးလေသံ၊ လေနဲ့ ဝမ်း ကွဲသလား ၁၄၄

၂၆။ ကျွန်နဲ့ထွက်နေသူတွေ ၁၄၈

၂၇။ ဇီးရိုးမှ ဟီးရိုး ၁၅၂

၂၈။ အမျိုးသားရေးနှင့် သံဃာ့အဖွဲ့အစည်း ၁၅၇

၂၉။ ကျွန်နိဒါန်းနှင့် ဗုဒ္ဓဘာသာအသိုင်းအဝိုင်းစိတ်အခံ ၁၆၄

၃၀။ မဖတ်ခြင်းအားဖြင့် ကျေးဇူးပြုပါ ၁၆၇

မင်းသေ့ အမှာစာ

- စာဖတ်သူလူထုကို စာဖတ်စေချင်တဲ့စိတ်နဲ့ မင်းသေ့၏ လက်ရွေးစင်စာများကို ဖြန့်ချိလိုက်ပါတယ်။
- မြန်မာပြည်ရဲ့ နိုင်ငံရေး အချိုးအကွေ့တွေမှာ၊ တတ်နိုင်သရွေ့ အသိ သတိ သတ္တိ နဲ့ ရှေ့ဆက်နိုင်မှ ကောင်းပါလိမ့်မယ်။ ပညာနဲ့ ယှဉ်သော လူ့အဖွဲ့အစည်း ပြုပြင်ပြောင်းလဲရေးဖြစ်ဖို့ မျှော်လင့်ပါတယ်။ အစိုးရအပြောင်းအလဲတစ်ခုတည်းသာ အာရုံမစိုက်ဘဲ လူ့အဖွဲ့အစည်းရဲ့ လူမှုတော်လှန်ရေးကိုပါ ရှေ့ရှုနိုင်ဖို့ ရည်ရွယ်ပါတယ်။
- စာဖတ်တဲ့အခါ စာအုပ်ကိုလည်း ကျော်၍ ကြည့်နိုင်စေ...
- စာရေးသူ/ စာရေးဆရာကိုလည်း ကျော်၍ ကြည့်နိုင်စေ...
- မိမိရဲ့ အတ္တကိုလည်း ကျော်၍ ကြည့်နိုင်စေ...
- ဒဿနအနှောင်အဖွဲ့ကနေလည်း ရုန်းထွက်နိုင်ကြစေ....
- အထွေထွေ လွတ်လပ်မှုမှသည် စိတ်၏ လွတ်မြောက်မှုဆီသို့ ဦးတည်နိုင်ကြစေ...
- လူမှုတော်လှန်ရေးအရွေ့ကို စာပေ၏ ကျေးဇူးပြုနိုင်ဖို့ မျှော်လင့်ပါတယ်။

စာဖတ်သူအား အစဉ်လေးစားလျက် /

မင်းသေ့

၂၀၂၁ ၊ နိုဝင်ဘာ၊ ၂ ရက်နေ့

တင်မိုးဒဿန

၂၀ ဇွန်လ ၂၀၂၁

အလှကိုယ်စီ ရှိနေတယ်

တော်လှန်ရေးမှာပါဝင်နေတဲ့ ပြည်သူအချင်းချင်းအကြား စိတ်ဝမ်းမကွဲဖို့ဟာ သိပ်အရေးကြီးတယ်။ မြန်မာ့နွေဦး တော်လှန်ရေးအတွင်းက ဦးဆောင်နိုင်ငံရေးအဖွဲ့အစည်းတွေထဲက၊ ဦးဆောင်သူတွေ အချင်းချင်းကြား လည်း နားလည်မှု ကျယ်ကျယ်ပြန့်ပြန့်၊ အချင်းချင်းအကြား ယုံကြည်မှု မြင့်မြင့်မားမား ရှိထားကြတယ်လို့ ယူဆပါတယ်။ လူထုဘက်ကနေ ခြေစုံရပ်၊ ရပ်တည်နေတဲ့ လူမျိုးစုလက်နက်ကိုင်အဖွဲ့တွေကလည်း ပြည်မက နိုင်ငံရေးအင်အားစု တွေနဲ့ ယုံကြည်မှုကောင်းကောင်းမွန်မွန် တည်ဆောက်ထားနိုင်ကြတာတွေကို တွေ့နေရတယ်။

ပြည်သူဆိုတဲ့သဘောကတော့၊ အသွေးအရောင်စုံတာဖြစ်လို့ သဘောထားထင်မြင်ချက် ပေါင်းစုံရှိနိုင်ပါတယ်။ အဓိကကတော့ သဘောကွဲလွဲခွင့်ကို လေးစားကြဖို့နဲ့၊ အလုပ်ဖြစ်အောင်လုပ်နေနိုင်ဖို့သာ ဖြစ်ပါတယ်။ ပြည်သူတွေ အချင်းချင်းကြားမှာ၊ ရေပက်မဝင်အောင် စည်းလုံးညီညွတ်နေမှရမယ်…. ဆိုတာမျိုးကတော့၊ စကားလုံး လှပေမယ့်၊ လက်တွေ့ မဖြစ်နိုင်ပါ။ လူမှုလူတန်းစားအလွှာပေါင်းစုံတည်ရှိနေတဲ့ လူ့အဖွဲ့အစည်းမျိုးမှာ၊ အားလုံး တစ်သား တည်း၊ တစ်သဘောတည်း မဖြစ်နိုင်ပါ။ တစ်ယောက်နဲ့ တစ်ယောက် လုပ်နည်းကိုင်နည်းတွေ မတူတာကိုက သဘာဝဖြစ်ပါတယ်။ အရေးကြီးတာက လူတိုင်းမှာ သူ့တန်ဖိုးနဲ့ သူ၊ တန်ဖိုးကိုယ်စီ ရှိနေကြတယ်၊ အလှကိုယ်စီ ရှိနေကြတယ်ဆိုတာကို အသိအမှတ်ပြုကြဖို့ပါပဲ။

မြန်မာ့နွေဦးတော်လှန်ရေးအတွင်းမှာ၊

- သပိတ်တွေ မှောက်နိုင်တဲ့သူက သပိတ်တွေ မှောက်ကြတယ်။
- အာဏာဖီဆန် ရေးလုပ်ရှားမှုမှာ ပါဝင်တဲ့သူတွေက ကြံ့ကြံ့ခိုင် ဖီဆန်တယ်။
- လက်နက်ကိုင်တော်လှန်ရေးမှာ ပါဝင်နိုင်သူက လက်နက်ကိုင်တယ်။
- လှူနိုင်တန်းနိုင်တဲ့သူက လှူတယ်တန်းတယ်။
- လှုံ့ဆော်အားကြီးတဲ့သူက လှုံ့ပေးတယ်၊ လူထုဆန္ဒအားကို စုပေးတယ်။
- နိုင်ငံရေးအရ ဦးဆောင်နိုင်သူက ဦးဆောင်တယ်။
- လက်တံရှည်ရှည်လျှားလျှားရှိသူက နိုင်ငံတကာဖိအားတွေ မြင့်အောင် လုပ်တယ်။
- သိုင်းနိုင်ဝိုင်းနိုင်စွမ်းရှိတဲ့သူက ရှေ့က ဦးဆောင် သိုင်းဝိုင်းပေးတယ်။

- စာသားတွေ၊ ကြွေးကြော်သံတွေ၊ ရုပ်ပုံတွေ၊ ခေတ်ပုံတွေ၊ ဂရပ်ဖစ်ဒီဇိုင်းတွေ ကျွမ်းကျင်သူက လူထုကြားထဲမှာ စမတ်ကျတဲ့ တော်လှန်ရေးပုံရိပ်သွင်ပြင်တွေ ပေါ်အောင် ဖော်တယ်၊ ညွှန်းတယ်၊ တီထွင် ဖန်တီးတယ်။
- ကာတွန်းဆရာတွေ၊ စာရေးဆရာတွေနဲ့ တတ်သိနားလည်သူတွေက တော်လှန်ရေးမက်ဆေ့ချ်တွေကို သိုင်းဝိုင်းပြီးတော့ တစ်မျိုး၊ ကွက်ကွက်ကွင်းကွင်း ထင်သာမြင်သာနိုင်အောင် တစ်မျိုး.... တင်ပြပုံ အမျိုးမျိုးနဲ့ လူထုကြားထဲမှာ ဖြန့်ချီတယ်။
- သတင်းထောက်တွေ၊ စာနယ်ဇင်းသမားတွေကလည်း လူထုကို သတင်းအမှန်တွေ ရအောင်၊ အထောက်အထားခိုင်ခိုင်လုံလုံနဲ့ အခက်အခဲကြားမှာ ကြိုးစားဆက်သွယ်တင်ပြကြတယ်။
- လူတိုင်းမှာ အလှကိုယ်စီ။
- လူတိုင်းမှာ တန်ဖိုး ကိုယ်စီ။

ဆရာတင်မိုးဟာ၊ ကဗျာပုဒ်ရေ ထောင်နဲ့ ချီ ရေးသားနိုင်ခဲ့တဲ့ ကဗျာဆရာကြီး ဖြစ်ပါတယ်။ မန္တလေးတိုင်း၊ တောင်သာမြို့၊ ဇဂျမ်း /ကံမြရွာသားဖြစ်ပါတယ်။ ၁၉၈၈ ကာလတစ်လျှောက်လုံးမှာလည်း၊ တော်လှန်ရေးကဗျာ တွေနဲ့ လူထုရဲ့ ဆန္ဒအားကို ပုံဖော်ထုဆစ်နိုင်တဲ့ ကဗျာစာဆိုကြီး တစ်ယောက်ဖြစ်ပါတယ်။ ဆရာတင်မိုးရေးသားတဲ့ ထင်ရှားတဲ့ ကဗျာတွေထဲက ကဗျာ တစ်ပုဒ်။ **အလှကိုယ်စီ....တဲ့။**



ဒီကဗျာကို လူကြီးပိုင်းတော်တော်များများ သိကြပါလိမ့်မယ်။ ကျနော်လည်း လွန်ခဲ့တဲ့ (၃) နှစ်လောက်က (၂၀၁၈) မှာ တင်မိုးထုံးနှလုံးမူ.... ဆိုတဲ့ ခေါင်းစဉ်နဲ့ နိုင်ငံရေးဆောင်းပါးတစ်ပုဒ်ရေးဖူးပါတယ်။ အခုလည်း မြန်မာ့နွေဦး တော်လှန်ရေးမှာ ထပ်ရေးဖို့ အကြောင်းအကျိုးသင့်နေပါတယ်။

ဖိုးလမင်းလည်း သူ့အဆင်းနှင့် အလင်းနှင့်။
မီးတိုင်ငယ်လည်း သူ့အရွယ်နှင့် အစွယ်နှင့်။
စံပယ်ဦးလည်း သူ့ဂုဏ်ထူးနှင့် ငုံဖူးနှင့်။
ပိတောက်ဝါလည်း သူ့အခါနှင့် နံ့သာနှင့်။
မြစ်ပြင်နက်လည်း သူ့သိုင်းကွက်နှင့် လှိုင်းယက်နှင့်။
စမ်းချောင်းခွေလည်း သူ့ချောင်းရေနှင့် လောင်းလှေနှင့်။

ဆရာ တင်မိုးဟာ၊ ကဗျာ ပထပိုင်းမှာ ဖိုးလမင်းနဲ့ မီးတိုင်ငယ်ကို နှိုင်းယှဉ်ပြပါတယ်။ ဖိုးလမင်းဟာ မိုးပေါ်မှာ ထိန်ထိန်သာလို့ တန်ဖိုးရှိတယ်၊ အလှရှိတယ်လို့ မထင်စေလို။ မီးတိုင်ငယ်မှာလည်း သူ့အရွယ်နဲ့ အစွယ်နဲ့ ရှိပါသတဲ့။

ပြီးတော့ စံပယ်နဲ့ ပိတောက်ကို ထပ်မံယှဉ်ပြပြန်ပါတယ်။ စံပယ်လည်း သူ့ဂုဏ်ထူးနဲ့ ငုံဖူးနဲ့ပါပဲ…တဲ့။ ပိတောက်ဝါလည်း သူ့အချိန်အခါနဲ့ သူ့နံ့သာရနံ့နဲ့ပါပဲတဲ့။ ရနံ့ချင်းတော့ မတူနိုင်ဘူးပေါ့။ ဒါပေမယ့် စံပယ်လည်း လှတာပါပဲ။ ပိတောက်လည်း လှတာပါပဲ။ စံပယ်တွေက ရာသီမရှိလို့ အမြဲပွင့်ပေမယ့် ပိတောက်ဝါလည်း သူ့အခါရောက်ရင် ဝါဝါထိန်ထိန် ပွင့်မြဲပါပဲတဲ့။

ဆရာတင်မိုးဟာ မြစ်နဲ့ စမ်းချောင်းကိုလည်း ထပ်မံယှဉ်နှိုင်းပြပြန်ပါတယ်။ မြစ်ပြင်မှာလည်း သူ့သိုင်းကွက်နဲ့ သူ၊ သူ့လှိုင်းယက်နဲ့သူ။ စမ်းချောင်းလေးဟာလည်း တောင်ပေါ်ကနေ ရစ်ခွေစီးဆင်းပြီး သူ့ရဲ့ အေးမြတဲ့ ချောင်းရေ၊ သူ့ချောင်းမှာ မျောနေတဲ့ လောင်းလှေလေးနဲ့ တင့်တယ်နေတာပါပဲတဲ့။ ချောင်းတွေ စုံပြီး မြစ်ထဲ စီးဝင်၊ မြစ်တွေ ဆုံပြီး ပင်လယ်ထဲ စီးဝင်။ ရေချင်းတော့ အတူတူ မဟုတ်လား။

ချင်းတွင်းက မြစ်ရေဟာ ဧရာဝတီထဲ လာဆုံတယ်။ မေခနဲ့ မလိခမြစ်ထဲက ရေတွေဟာ ဧရာဝတီထဲ လာဆုံတယ်။ သံလွင်နဲ့ ဧရာဝတီဟာ ပင်လယ်ထဲမှာ လာဆုံတယ်။ အားလုံး ပေါင်းစုံသွားတဲ့အခါမှာ၊ ရေဟာ မင်းကတော့ ချင်းတွင်းက ရေ၊ မင်းကတော့ မေခက ရေ၊ မင်းကတော့ မလိခက ရေ၊ မင်းကတော့ သံလွင်က ရေ၊ မင်းကတော့ ဧရာဝတီကရေလို့ ခွဲခြားပြီး စီးပါသလား။ မစီးပါဘူး။ မစီးပါဘူး။ အားလုံး အတူ ပေါင်းစည်းသွားကြတာပါပဲ။

မည်သည့်အရာ မဆိုသာတည့်၊
သူ့မှာ ကိုယ့်မှာ အလှသာတည့်။
သဘာဝလျှင်
အလှကိုယ်စီ စွမ်းရည်ကိုယ်ငှ
လက်ဆောင်ငှ၏။

ဟိုဟိုဒီဒီတွေ မဆိုပါနဲ့။ သူ့မှာလည်း အလှ။ ကိုယ့်မှာလည်း အလှ။ သဘာဝမှာ အလှကိုယ်စီ၊ စွမ်းရည်ကိုယ်ငှ ရှိနေကြတာပါပဲတဲ့။ ဒါဟာ သဘာဝရဲ့လက်ဆောင်ပဲ မဟုတ်လား။ လက်ချောင်းကလေးတွေတောင် တစ်ခုနဲ့ တစ်ခု ညီလို့လား။ ဒါပေမယ့် အသုံးဝင်မှု ကိုယ်စီ၊ အလှကိုယ်စီနဲ့လေ။

ဘယ်လိုအရာက မလှပါသလဲ။

အလှဝန်တို မပြုပြင်နှင့်
ဝန်တိုမှုသာ မလှရာတည့်။

သူ့အလှကိုလည်း မပြုပြင်ပါနဲ့။ တခြားသူ အလှကိုလည်း ဝန်မတိုပါနဲ့...တဲ့။ ဝန်တိုမှုနဲ့ ပြုပြင်မှုသာလျှင် မလှတဲ့အရာပါတဲ့။ ဒီစကားလေးက သိပ်လှတယ်နော်။ မြန်မာစကားမှာ ရှိတယ်လေ။ ငါ မင်းသားကြီး မလုပ်ရရင် ပတ်မကြီး ထိုးဖောက်တယ်....ဆိုတဲ့စကား။ ဒါဟာ ဝန်တိုမှု၊ ပြုပြင်မှု၊ ဣဿာမစ္ဆရိယစိတ်၊ အဘိဇ္ဈာနော်။ သိပ် အကုသိုလ်ကြီးတာပဲ။

နောက်ဆုံး ဆရာတင်မိုးက အလှကိုယ်စီကဗျာကို အခုလို ရေးပြီး အဆုံးသတ်လိုက်တယ်။

သူ့ဂုဏ် သူ့သိန် သူ့အရှိန်နှင့်
အချိန်အခါ နေရာဒေသ
ဌာနအလျောက်
အရေးရောက်သည်
စွမ်းလောက်နိုင်သူချည်းပါတကား.....။ ဟူ၍

ကိုမင်းကိုနိုင် ပြောသလို၊ အားလုံးဟာ သူ့တန်ဖိုးနဲ့ သူ။

ဆရာတင်မိုးရေးသလို၊ အားလုံးမှာ အလှကိုယ်စီ။

- တော်လှန်ရေးမှာလည်း
- ညီစေ ၊ လှစေ၊ ချွန်စေ၊ မြစေ....
- ဒေါင်းအိုးဝေ တွန်စေ ကစေ.......

၂၀ ၊ ဇွန်လ၊ ၂၀၂၁။

ဒဂုန်တာရာ့အဘိဓမ္မာ

မောင်ချောနွယ်ဒဿနနှင့် ထူးအိမ်သင်အတွေးအခေါ်

၃၁ ဇူလိုင် ၂၀၂၁

- **မျိုးဆက်သုံးဆက်**
- **ဖြတ်သန်းမှု သုံးသွယ်**
- **စာပေ ကဗျာ ဂီတ**
- **ဒဿနဆိုင်ရာ ဆန်းစစ်ချက် ဘယ်လို ဘယ်ကဲ့သို့။**

- ဒဂုန်တာရာ (၁၉၁၉ - ၂၀၁၃) ။။ ရန်သူ မရှိ၊ မိတ်ဆွေသာ ရှိ။ မုန်းသူ မရှိ၊ ချစ်သူသာ ရှိ။ ရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်တာ နိုင်ငံရေး။
- မောင်ချောနွယ် (၁၉၄၉ -၂၀၀၂) ။။ ဘဝမှာ လေးငါးခြောက်ခု မလိုပါဘူး။ နှစ်ခုပဲ။ ချစ်သူ စစ်စစ်နဲ့ ရန်သူ စစ်စစ်။ ဒီနှစ်ခုပဲ။
- ထူးအိမ်သင် (၁၉၆၃ - ၂၀၀၄) ။ ။ ဤကမ္ဘာမြေပေါ်တွင် ချစ်ခြင်းမေတ္တာနှင့် ဉာဏ်ပညာမှတစ်ပါး အခြားသော အလေးအမြတ်ပြုအပ်ရာမည်သည် မရှိ။

မျိုးဆက်သုံးဆက်

ဒဂုန်တာရာဟာ ၁၉၁၉ ခုနှစ်မှာ မွေးတယ်။ ၂၀၁၃ ခုနှစ်မှာ ကွယ်လွန်တယ်။ အသက် (၉၃) နှစ်အထိ လူ့ဘဝမှာ နေသွားတယ်။ မောင်ချောနွယ်ကို ၁၉၄၉ ခုနှစ်မှာ မွေးတယ်။ ၂၀၀၂ ခုနှစ်မှာ ကွယ်လွန်တယ်။ အသက် (၅၃) နှစ်လောက်ထိ လူ့လောကမှာ နေသွားတယ်။ ထူးအိမ်သင်ကို ၁၉၆၃ ခုနှစ်မှာ မွေးတယ်။ ၂၀၀၄ ခုနှစ်မှာ ကွယ်လွန်တယ်။ အသက် (၄၁) နှစ်ပဲ နေထိုင်သွားခဲ့တယ်။ ထူးခြားချက်က အရင်ဆုံး မွေးသူက နောက်ဆုံးမှာ ကွယ်လွန်တယ်၊ အသက်ရှည်ရှည်နေထိုင်သွားခဲ့သူ။ နောက်ဆုံးမှ မွေးသူက အသက်အတိုဆုံးနေထိုင်ခဲ့ရတဲ့သူ။ မျိုးဆက် သုံးဆက်။ ဖြတ်သန်းမှု သုံးသွယ်။ ဒဿန သုံးရပ်။

ဒဂုန်တာရာမွေးတဲ့ ၁၉၁၉ ခုနှစ်က၊ ဝိုင်အမ်ဘီအေ ဝံသာနုလှုပ်ရှားမှုခေတ်၊ ကိုလိုနီလက်အောက်ခံဘဝ။ မောင်ချောနွယ်တွေးတဲ့ ၁၉၄၉ ခုနှစ်က၊ လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်၊ တိုင်းပြည်ထူထောင်ရေး ကာလ။ ထူးအိမ်သင်မွေးတဲ့ ၁၉၆၃ ခုနှစ်က၊ တော်လှန်ရေးကောင်စီလက်ထက် ၆၂ အာဏာသိမ်းပြီးကာလ။

ဒဂုန်တာရာ၊ မောင်ချောနွယ်နဲ့ ထူးအိမ်သင်တို့ဟာ ဘဝဖြတ်သန်းမှုတွေ မတူကြပါ။ အားလုံးတူတာ တစ်ခုတော့ ရှိတယ်။ သူတို့ အားလုံးဟာ ကဗျာဆရာတွေ။ ဒဂုန်တာရာ၊ မောင်ချောနွယ်နဲ့ ထူးအိမ်သင်တို့ဟာ ကဗျာဆရာတွေဖြစ်တာချင်း တူပေမယ့် ကွဲပြားပါတယ်။ ဒဂုန်တာရာဟာ စာရေးဆရာ၊ ကဗျာဆရာ၊ ဒဿနသမား၊ ငြိမ်းချမ်းရေးဝါဒီ။ မောင်ချောနွယ်ဟာ ကဗျာဆရာ။ ထူးအိမ်သင်က တေးရေးဆရာ၊ အဆိုတော်၊ ကဗျာဆရာ။ ဒဂုန်တာရာ့ နာမည်အရင်းက - ဌေးမြိုင်။ မောင်ချောနွယ် နာမည်အရင်းက - တင်ဝင်းကျော်။ ထူးအိမ်သင်နာမည် အရင်းက - ကျော်မြင့်လွင်။ အားလုံးဟာ သူ့ခေတ်နဲ့သူ၊ သူ့ ပရိသတ်နဲ့သူ။ စာပေနဲ့ နိုင်ငံရေးမှာ ဒဂုန်တာရာရဲ့ ဩဇာက သိပ်ကြီးတယ်။ မြန်မာမော်ဒန်ကဗျာမှာ၊ မောင်ချောနွယ်ရဲ့ ဩဇာက သိပ်ကြီးတယ်။ မြန်မာခေတ်ပေါ် ဂီတမှာ၊ ထူးအိမ်သင်ရဲ့ဩဇာ သိပ်ကြီးတယ်။ အားလုံးဟာ သူ့ခေတ် သူ့အခါက လူငယ်တွေအပေါ် ဩဇာလွှမ်းမိုးနိုင် ခဲ့သူတွေ။ သုံးဦးစလုံးမှာ အနုပညာညှို့ဓာတ်ပြင်းစွာ ရှိတယ်။ အနုပညာမှော်အောင်ထားသူတွေလို့ ပြောနိုင်တယ်။ စာပေသမားတွေဖြစ်လို့ နှလုံးသားအရာမှာ နူးညံ့သူတွေ၊ ထိရှစွာ ခံစားနားလည်တတ်သူတွေ။ ဒဂုန်တာရာက ကလောင်နာမည်ပေါင်းမြောက်မြားစွာနဲ့ စာတွေရေးသားခဲ့သူ။ မောင်ချောနွယ်က မောင်ချောနွယ် ကလောင် တစ်ခုတည်းသာ စွဲစွဲမြဲမြဲ သုံးသွားသူ။ ထူးအိမ်သင်က ဂီတနယ်ပယ်က နာမည်၊ ကဗျာဆရာ ကလောင်က သျှပ်မှူးကျော်။

ဒဂုန်တာရာ

(၁၉၁၉ – ၂၀၁၃)

ရန်သူ မရှိ၊ မိတ်ဆွေသာ ရှိ။
မုန်းသူ မရှိ၊ ချစ်သူသာ ရှိ။
ရန်သူကို
မိတ်ဆွေဖြစ်အောင်လုပ်တာ
နိုင်ငံရေး။

ဖြတ်သန်းမှု သုံးသွယ်

- ဒဂုန်တာရာ ကလောင်စွမ်းထက်ခဲ့ချိန်တွေတုန်းက အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုကာလ၊ ထို့နောက် လွတ်လပ်ပြီးခေတ်၊ ဝါဒရေးရာ အားပြိုင်နေတဲ့ခေတ်၊ ဆိုရှယ်လစ်ခေတ်၊ ပြည်တွင်းစစ်တွေနဲ့ ဒင်းကြမ်းပြည့်နေတဲ့ခေတ်၊ အချင်းချင်း သတ်ဖြတ် တိုက်ခိုက်နေကြတဲ့ခေတ်။

- မောင်ချောနွယ်ကလောင်စွမ်းထက်ခဲ့ချိန်တွေက ဆိုရှယ်လစ်ခေတ်၊ စစ်အစိုးရခေတ်၊ စစ်အေးလွန်ခေတ်၊ မော်ဒန် ပို့စ်မော်ဒန်ခေတ်၊ အဖိအနှိပ်တွေနဲ့ ကျဉ်းကြပ်လွန်းတဲ့ခေတ်၊ ရန်သူလော မိတ်ဆွေလို မသဲကွဲတဲ့ ခေတ်၊ နေဝင်ဖြိုးဖျ မိုးချုပ်စ ညီအစ်ကို မသိတသိအချိန်၊ မီးခိုးရောင်ဇုန်ထဲ လုံးထွေးရစ်ပတ်နေချိန်၊ အလိုက်သင့်အလျားသင့် ကြုံသလို ကြည့်ကျက်နေထိုင်ရတဲ့ခေတ်။
- ထူးအိမ်သင် ဂီတမှော်အောင်တဲ့အချိန်က စစ်အေးလွန် ခေတ်၊ စစ်အာဏာရှင်တော်လှန်ရေးခေတ်၊ အကျိုးစီးပွားချင်း တွန်းတိုက်တဲ့ခေတ်၊ တစ်သွေးတစ်သံ တစ်မိန့်နဲ့ အုပ်ချုပ်ခံရတဲ့ခေတ်၊ သေနတ်နဲ့ အုပ်ချုပ်ခံရတဲ့ခေတ်။ ဂလိုဘယ်လိုက်ဇေးရှင်းလှိုင်းပုတ်ခံရတဲ့ ခေတ်။
- ခေတ်တွေဟာ သူ့အဆက်နဲ့ သူ။ သူ့လှိုင်းနဲ့သူ။

ဒဂုန်တာရာ၊ မောင်ချောနွယ်၊ ထူးအိမ်သင်။ သုံးယောက်စလုံးဟာ စာပေဂီတအနုပညာကနေ လူ့အဖွဲ့အစည်းတွင်းမှာ သူတို့ရဲ့ ဒဿနတရားတွေကို ဖြန့်ချိသွားနိုင်ခဲ့သူတွေ။

- ဒဂုန်တာရာ့ ဒဿန ဘာလဲ။
- မောင်ချောနွယ် ဒဿန ဘယ်လိုလဲ။
- ထူးအိမ်သင်ဒဿန ဘာ့ကြောင့်လဲ။

အားလုံးမှာ၊ ဒဿနဖွင့်ဆိုချက်တွေ ကိုယ်စီ ရှိခဲ့ပါတယ်။ တစ်ခုမက အများအပြား ရှိခဲ့ပါတယ်။ သို့သော်လည်း သူ ကျင်လည်တဲ့ခေတ်က သူ့ဒဿနကို ရွေးထုတ်ယူခဲ့တဲ့ လူထုတွေ ရှိခဲ့ပါတယ်။ စာပေ ဂီတ အနုပညာဟာ ခေတ် တစ်ခေတ်ရဲ့ ကြေးမုံပြင် ဖြစ်သလို၊ လူ့အဖွဲ့အစည်းရဲ့ စိတ်ဝိညာဉ်လည်းဖြစ်ပါတယ်။ ဘယ်ခေတ်မှာ ဘယ်ဒဿနဟာ လွှမ်းမိုးသလဲ။ ဘယ်ကာလမှာ ဘယ်အတွေးအခေါ်ဟာ လူကြိုက်များသလဲ။ ဘယ်ဒဿနကို ဘယ်လိုလူတွေက ဘယ်အခြေအနေမှာ အကြီးအမြတ်ပြုသလဲ။ ဒါဟာ ခေတ်ကို ထင်ဟပ်စေတဲ့ သင်္ကေတဖြစ်ပါလိမ့်မယ်။ ထူးအိမ်သင်က ဘယ်လို၊ မောင်ချောနွယ်က ဘယ်ကဲ့သို့၊ ဒဂုန်တာရာက ထို့ကြောင့် ဤသို့။

ဒဿနဆိုင်ရာ ဆန်းစစ်ချက်

ဒဂုန်တာရာ မမှားပါ။ မောင်ချောနွယ် မလွဲပါ။ ထူးအိမ်သင် မှန်ပါတယ်။ အကြောင်းကတော့ သူ့အကြောင်းနဲ့ သူ။

(ရန်သူ မရှိ မိတ်ဆွေသာ ရှိ။ မုန်းသူ မရှိ ချစ်သူသာ ရှိ။ ရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်တာ နိုင်ငံရေး…ဒဂုန်တာရာ့ အဘိဓမ္မာ)

- ဖြစ်နိုင်ရင်တော့ ရန်သူ မရှိချင်ပါ။ မိတ်ဆွေသာ ရှိချင်ပါတယ်။
- ဖြစ်နိုင်ရင်တော့ မုန်းသူ မရှိချင်ပါ။ ချစ်သူသာ ရှိချင်ပါတယ်။
- ဖြစ်နိုင်ရင်တော့ ရန်သူကို မိတ်ဆွေ လုပ်ချင်ပါတယ်။
- ဖြစ်နိုင်ရင်တော့ မိတ်ဆွေကို ရန်သူ မဖြစ်စေချင်ပါ။
- ဖြစ်နိုင်ရင်တော့ မုန်းသူကို ချစ်ချင်ပါတယ်။
- ဖြစ်နိုင်ရင်တော့ ချစ်သူကို မမုန်းချင်ပါ။
- ဒါပေမယ့် လောကသဘောပဲ။
- ဆန့်ကျင်ဘက် ဝိရောဓိတွေ ဒွန်တွဲဖြစ်တည်ကြတယ် မဟုတ်လား။
- သဘာဝကို လွန်ဆန်ပြီး အားလုံးကို သမူဟ လုပ်ချင်လို့ ဘယ်ရမလဲ။
- ကျနော်ဟာ လူ၊ သူဟာ လူ။
- အားလုံးမှာ ခံစားချက် ကိုယ်စီ၊ အမြင်သဘောထားကိုယ်စီ၊ အလှကိုယ်စီ၊ အထိုင် ကိုယ်စီ။
- ဗဟုဝါဒဖြစ်ထွန်းလို့ ပဒေသာစုံပန်းခင်းကြီးအလယ်မှာ အရောင်စုံ ရှုမြင်နိုင်ရင် သိပ်ကောင်းမယ်။
- ဒါပေမယ့် မလွယ်။



မောင်ချောနွယ်

(၁၉၄၉ – ၂၀၀၂)

ဘဝမှာ
လေးငါးခြောက်ခု မလိုပါဘူး။
နှစ်ခုပဲ။
ချစ်သူ စစ်စစ်နဲ့
ရန်သူ စစ်စစ်။
ဒီနှစ်ခုပဲ။

ဉာဏ်စက္ခုအလင်း ဆောင်ကြဉ်းပေးပါ

(ဘဝမှာ လေးငါးခြောက်ခု မလိုပါဘူး။ နှစ်ခုပဲ။ ချစ်သူ စစ်စစ်နဲ့ ရန်သူ စစ်စစ်။ ဒီနှစ်ခုပဲ….မောင်ချောနွယ်ဒဿန)

ကျနော်ကတော့ ရန်သူကို မိတ်ဆွေ လုပ်ချင်ပါတယ်။ သို့သော်လည်း ရန်သူ စစ်စစ် မိတ်ဆွေ စစ်စစ် ကွဲပြား သိဖို့ လိုနေပါတယ်။ ဘယ်သူဟာ မိတ်ဆွေလဲ၊ ဘယ်သူဟာ ရန်သူလဲ။ မောင်ချောနွယ် အတုရှိသလို၊ မိတ်ဆွေ အတု၊ ရန်သူ အတု၊ ချစ်သူ အတုလည်း ရှိမယ် ထင်ပါတယ်။ ကျနော် ရန်သူ စစ်စစ် မိတ်ဆွေ စစ်စစ် ချစ်သူ စစ်စစ် ကွဲပြားချင်ပါတယ်။ ကျနော့်အား သဘာဝတရားကြီးမှ ဉာဏ်စက္ခုနှစ်ကွင်းအလင်းရောက်အောင်၊ ကြည်တောက် ပေးပါ။ ဒါ ကျနော့် ဆုတောင်း၊ ကျနော့် အဓိဋ္ဌာန်၊ ကျနော့် ဆန္ဒဇော။

စစ်စစ်တွေသာ လိုချင်တယ်

ရန်သူတွေ များနေပါစေ၊ ကိစ္စ မရှိပါ။ မုန်းသူတွေ များနေပါစေ၊ ပြဿနာ မရှိပါ။ မိတ်ဆွေ အတုထက် ရန်သူ စစ်စစ်ကို ပိုလိုချင်ပါတယ်။ ချစ်သူအတုထက် မုန်းသူ အစစ်ကို ပိုလိုအပ်ပါတယ်။

ဉာဏ်ပညာနဲ့ ချစ်ခြင်းမေတ္တာသာ

(ဤကမ္ဘာမြေပေါ်တွင် ချစ်ခြင်းမေတ္တာနှင့် ဉာဏ်ပညာမှတစ်ပါး အခြားသော အလေးအမြတ်ပြုအပ်ရာမည်သည် မရှိ…. ထူးအိမ်သင်အတွေးအခေါ်)

မိတ်ဆွေတွေ နည်းနေပါစေ၊ ကိစ္စ မရှိပါ။ ချစ်သူတွေ နည်းနေပါစေ၊ ပြဿနာ မရှိပါ။ နည်းပါးလွန်းတဲ့ မိတ်ဆွေတွေထဲမှာ ဉာဏ်ပညာနဲ့ ချစ်ခြင်းမေတ္တာသာ ကိန်းအောင်းပါစေ၊ မိတ်ဆွေ တစ်ယောက်တည်း ရှိလည်း၊ ထောင်သော သောင်းသော ရန်သူစစ်စစ်များ ရှိစေ၊ မကြောက်ပါ၊ မလန့်ပါ။

လောကမှာ ချစ်သူ တစ်ဦးတည်း ရှိနေပါစေ၊ ကိစ္စ မရှိပါ၊ ပြဿနာ မရှိပါ။ ချစ်သူ စစ်စစ် တစ်ယောက်မှာ ဉာဏ်ပညာနဲ့ ချစ်ခြင်းမေတ္တာသာ ကိန်းအောင်းပါစေ၊ မုန်းသူ တစ်ထောင် မနာလိုသူ တစ်သောင်းကို အံတုခုခံနိုင်ပါတယ်။

ဉာဏ်ပညာ မရှိတဲ့ မိတ်ဆွေ၊ မေတ္တာကင်းမဲ့တဲ့ မိတ်ဆွေစစ်စစ် ဖြစ်နေခဲ့ရင်၊ မိတ်ဆွေကို မလိုအပ်။ ဉာဏ်ပညာနဲ့ ချစ်ခြင်း မေတ္တာရှိတဲ့ ရန်သူကိုသာ လိုအပ်တယ်။

အသိဉာဏ် မရှိတဲ့ ချစ်သူ၊ မေတ္တာကင်းမဲ့တဲ့ ချစ်သူဖြစ်နေခဲ့ရင်၊ ချစ်သူကို မလိုအပ်။ ဉာဏ်ပညာနဲ့ ချစ်ခြင်းမေတ္တာရှိတဲ့ မုန်းသူကိုသာ လိုအပ်တယ်။

အကယ်၍၊ အကယ်၍သာ ....

- အကယ်၍ ခင်ဗျားဟာ ကျနော့် ရန်သူဖြစ်ခဲ့ရင်တောင်၊ ခင်ဗျားမှာ ဉာဏ်ပညာနဲ့ ချစ်ခြင်းမေတ္တာရှိနေခဲ့ရင် ကျနော်ဟာ ခင်ဗျားကို မိတ်ဆွေဖြစ်အောင် ကြိုးစားအားထုတ်ပါ့မယ်။
- အကယ်၍ ခင်ဗျားဟာ ကျနော်ကို မုန်းတဲ့သူဖြစ်ခဲ့ရင်တောင်၊ ခင်ဗျားမှာ ဉာဏ်ပညာနဲ့ ချစ်ခြင်းမေတ္တာရှိနေခဲ့ရင် ကျနော်ဟာ ခင်ဗျားကို ချစ်ပါ့မယ်။
- အကယ်၍ ခင်ဗျားဟာ ကျနော့် မိတ်ဆွေဖြစ်ပေမယ့်၊ ဉာဏ်ပညာနဲ့ ချစ်ခြင်းမေတ္တာမဲ့နေရင် ခင်ဗျားကို ကျနော် ရန်သူအဖြစ် သတ်မှတ်ပါ့မယ်။

- အကယ်၍ ခင်ဗျားဟာ ကျနော့် ချစ်သူ ဖြစ်ပေမယ့်၊ ဉာဏ်ပညာနဲ့ ချစ်ခြင်းမေတ္တာခေါင်းပါးနေရင် ခင်ဗျားကို ကျနော် မုန်းတဲ့သူ အဖြစ် ပြဌာန်းပါ့မယ်။
- အကယ်၍ မြန်မာပြည်ကြီး နှစ်ခြမ်းကွဲသွားရင်၊ ဉာဏ်ပညာနဲ့ ချစ်ခြင်းမေတ္တာရှိတဲ့အခြမ်းမှာပဲ ကျနော် နေမယ်။
- အကယ်၍ မိတ်ဆွေတွေရှိတဲ့အခြမ်းမှာ ဉာဏ်ပညာနဲ့ ချစ်ခြင်းမေတ္တာမရှိ။ ရန်သူတွေရှိတဲ့အခြမ်းမှာသာ ဉာဏ်ပညာနဲ့ ချစ်ခြင်းမေတ္တာရှိနေခဲ့ရင် ရန်သူတွေရှိတဲ့ဘက်မှာ ကျနော်နေပါရစေ….။
- ဉာဏ်ပညာနဲ့ ချစ်ခြင်းမေတ္တာ သုဉ်းဆိတ်တဲ့မိတ်ဆွေတွေကို ကျနော် အလိုမရှိပါ။
- ဤကား…. ကျနော့် အဘိဓမ္မာ၊ ကျနော့် ဒဿန၊ ကျနော့် အတွေးအခေါ်။

နံ့နက် ၁း၅၄

၃၁၊ ဇူလိုင်လ၊ ၂၀၂၁။

ဇာတိမာန်စာဆို ဇော်ဂျီ ဖွဲ့သီတဲ့ ဒဿနအလှတရား

❷❺ စက်တင်ဘာ ❷⓿❷❶

အလှတရားသည် အမှန်တရား။

အလှတရားတွေထဲမှာ အမှန်တရားသည် အလှဆုံး…ဆိုတဲ့ အယူအဆကို၊ စာရေးဆရာကြီးအောင်သင်းရဲ့ လှလိုက်တာနော်နှင့် စာတမ်းငယ်များ…စာအုပ်ထဲက စတွေ့လိုက်ရပါတယ်။ အဲသည့်တုန်းက ကျနော် တက္ကသိုလ်ကျောင်းသားဘဝမှာပဲ ရှိပါသေးတယ်။ စာတိုပေစတွေ ဖတ်ပါများလာခါစ။ အမှန်တရားဆိုတာ အလှတရားလို့ ဆက်စပ်သိမြင်ခဲ့မှုရဲ့ အစ။ အလှမှာလည်း အမှန်ဆိုတာပါတယ်လို့ နားလည်မိခါစ။ ထို့နောက် ဆရာဒဂုန်တာရာရဲ့ စာတွေဖတ်ရင်း အလှတရားကို ဘယ်လို ရှုမြင်သလဲဆိုတဲ့ အဘိဓမ္မာကို တွေ့ခဲ့ရပါတယ်။ ထို့နောက် ဆရာဇော်ဂျီရဲ့ကဗျာထဲက အလှတွေကို ထပ်ပြီးတွေ့ရပါတယ်။

ဆရာဇော်ဂျီ့ကဗျာတွေ၊ စာတွေက လူထုနဲ့ မဝေးပါ။ လူထုအကျိုးကို ရှေ့ရှုပြီး စာပေလုပ်သားတာဝန် ကျေခဲ့သူ ဆရာဇော်ဂျီဟာ ကဗျာပေါင်းမြောက်မြားစွာ ရေးခဲ့ပါတယ်။ မြန်မာစာ ပါမောက္ခ၊ ကဗျာစာဆို၊ စာရေးဆရာ၊ စာပေပညာရှင်၊ ခေတ်စမ်းစာပေကို ဦးဆောင်ခဲ့သူ၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူး၊ သမိုင်းကော်မရှင် ဥက္ကဋ္ဌ စတဲ့ဂုဏ်ပုဒ်တွေနဲ့ ဆရာဇော်ဂျီဟာ “ညီသစ်ဆင်းကဗျာစု” တွေကို ရေးဖွဲ့ခဲ့ပါတယ်။ “ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း” အစချီတဲ့ကဗျာတွေကို လူတိုင်းလိုလို ရင်းနှီးပြီးသားဖြစ်မယ် ထင်ပါတယ်။ ဆရာဇော်ဂျီဟာ “ညီသစ်ဆင်းကဗျာစု”တွေထဲမှာ အလှတွေကို ထည့်ရေးပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းတွင်းက ပြောင်းဝင်းလာသင့်တဲ့ အလှတရားတွေကို ကဏ္ဍတစ်ခုစီ မှာ ကဗျာတစ်ပုဒ်စီ ရေးခဲ့ပါတယ်။ ဆရာဇော်ဂျီဟာ ညီသစ်ဆင်းကဗျာစု တွေထဲမှာ နှုန်းစံတရားတွေကို ပေါ်လွင်အောင် ဖွဲ့ဆိုထားတယ်။ ဘယ်လိုအရာဟာ တန်ဖိုးလဲ၊ ဘယ်လိုအရာဟာ အကျိုးဖြစ်သလဲ၊ ဘယ်လို ဖြစ်သင့်သလဲဆိုတာကို ကဗျာအားဖြင့် ဖွဲ့သီပါတယ်။ ဆရာဇော်ဂျီဟာ မြန်မာ့လူ့ဘောင်ကို ဘယ်လို နှုန်းစံတွေနဲ့ တည်ဆောက်သင့်တယ်ဆိုတာ ညီသစ်ဆင်းကဗျာစုတွေနဲ့ လမ်းပြခဲ့တယ်၊ သွန်သင်ခဲ့တယ်၊ နားချခဲ့တယ်၊ အဖော်ညှိခဲ့ပါတယ်။

ကဗျာစာဆို ဇော်ဂျီရဲ့ အလှတွေက ဘာတွေလဲ။

- စွမ်းရည်အလှ
- စွယ်စုံအလှ
- လုပ်အားအလှ
- ဂုဏ်အလှ
- ပစ္စည်းအလှ

- ရပ်ရွာ အလှ
- စကားအလှ
- စာပေအလှ
- အိမ်အလှ
- ပြည်ချစ်အလှ

စတဲ့အလှတွေကို ဆရာဇော်ဂျီက လှစ်ဟပြခဲ့ပါတယ်။ ဘယ်လိုအရာဟာ လှသလဲ။ ဘယ်အခြင်းအရာဟာ အလှလဲ ဆိုတာကို အနက်ဖော်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။



စွမ်းရည်အလှ (၁၉၆၄ ဩဂုတ်)

- စာတွေ့အသိ၊ ကိုယ်တွေ့ညှိ၍
- မှန်၏ ကောင်း၏၊ ဉာဏ်ဖြင့် သိ၍
- သတိထိန်းချုပ်၊ စိတ်ကောင်းအုပ်၍
- အလုပ်ချစ်ခင်၊ ဂုဏ်ဟုမြင်၍
- လိုချင်ကြိုးပမ်း၊ သည်အစွမ်းသည်
- စွမ်းရည်မိုးထိုး အများကျိုး…။

ဇော်ဂျီပြောတဲ့ စွမ်းရည်အလှဟာ ဘာပါလဲ။ စာတွေ့ကို ကိုယ်တွေ့နဲ့ ညှိပါတဲ့။ ကောင်း၏ ဆိုး၏ ကို ဉာဏ်ဖြင့်သိပါတဲ့။ ဒီနေရာမှာ အတွေ့အကြုံနဲ့ စာတွေထဲက အသိကို မျှခြေညှိနိုင်မှ ကောင်း၏ ဆိုး၏ ဝေဖန်နိုင်မယ် ဆန်းစစ်နိုင်မယ် ၊ ကြောင်းကျိုး ဆင်ခြင်နိုင်မယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။ စာပါ အသိကို တရားသေစွဲမှတ်ရင်

လည်း မှားနိုင်တယ်၊ ကိုယ်တွေ့ကြုံမှ ယုံမယ်ဆိုရင်လည်း လွဲနိုင်တယ်။ စွမ်းတဲ့သူတွေမှာ ရှိရမယ့်အရာတွေကို သတိဖြစ်ပါတယ်။ စိတ်ကောင်းဖြစ်ပါတယ်။ အသိဟာ သူ့ချည်းသက်သက်ဆိုရင် လူ့ဘောင်ကို ဆိုးကျိုးပေးနိုင်သေးတယ်။ သိထားတဲ့ ဉာဏ်အသိမှာ သတိလေးကပ်မှ၊ အသိရှိထားသူက စိတ်ကောင်းလေး ရှိမှ။ စိတ်ကောင်းရှိဖို့ ပထမ မဟုတ်လား။ နောက် အလုပ်ကို ချစ်ခင်ခြင်းဟာ ဂုဏ်ဖြစ်ပါတယ်။ သိသူ၊ စွမ်းသူ၊ စိတ်ကောင်းရှိသူဟာ အလုပ်ကို ချစ်ရမယ်။ တနည်း အလုပ်လုပ်ရမယ်။ စကားလေး တစ်ခု ကြားဖူးတယ်။ "ငါ့ ဘကြီးက လယ်တစ်ကွက်ထွန်ရင် တစ်မနက်ပဲ.... ဒါပေမယ့် သူ သေသာသွားတယ်၊ တစ်ကွက်မှ ထွန်မသွားဘူး" ဆိုသလိုတော့ မဖြစ်စေလို။ တချို့ လူတွေ စွမ်းကြပါတယ်။ ဒါပေမယ့် ဒီအလုပ် ငါလုပ်ရမယ့် အလုပ်မဟုတ်ပါဘူး၊ ဒီအလုပ်ဟာ ငါနဲ့ မတန်သေးပါဘူး ဆိုပြီး အစွမ်းတွေကို သိုမှီးထားလိုက်ကြတာ။ ကြာလာတော့ အစွမ်းတွေဟာ ကန်းရော။ ဘယ်လောက်ပဲ စွမ်းရည်ရှိရှိ ... အများအကျိုးကိုလည်း ဆောင်ပါမှ တကယ့်စွမ်းရည်ဆိုတာလို့ ဆိုလိုပါကြောင်း...။ (key words: စာတွေ့ ကိုယ်တွေ့ ညှိ၊ သတိ ရှိ၊ စိတ်ကောင်း ရှိ၊ အလုပ်ကို ချစ်၊ အမျိုးအကျိုးဆောင်)

စွယ်စုံအလှ (၁၉၆၄ အောက်တိုဘာ)

- တော်သည်ခြင်းရာ၊ ဆိုသည်မှာကား
- လက်ရာ ဆန်းသစ်၊ ခေတ်မီ ဆန်းပြား
- တိုင်းခြားနည်းစုံ၊ အဖုံဖုံကို
- တတ်ရုံမျှဖြင့် မပြီးသေး။
- တို့မြေ တို့ရေ၊ တို့ အခြေနှင့်
- တို့ငွေ တို့အား၊ တို့စိတ်ထားနှင့်
- စည်းဝါးကိုက်ညီ ၊ ညှိကြံစည်မှ
- တော်သည် ယူဆ စွယ်စုံလှ....။

ဇော်ဂျီပြောတဲ့ စွယ်စုံအလှဟာ ဘာပါလဲ။ တော်တယ်ဆိုတဲ့နေရာမှာ လက်ရာတွေ ဆန်းသစ်ရုံနဲ့ မပြီးသေးဘူး။ ခေတ်မီ ဆန်းပြားတဲ့ နိုင်ငံရပ်ခြားက နည်းနာအစုံစုံကို တတ်ရုံနဲ့ မပြီးသေးဘူး။ ကိုယ်နေတဲ့ ရေမြေနဲ့ အပ်စပ်အောင်၊ ကိုယ့်မှာ ရှိတဲ့ ငွေအား လူအား ရင်းမြစ်အားတို့နဲ့ ချိန်ညှိမှ ကောင်းမယ်။ ဒါ့အပြင် ကိုယ့်မြေ ကိုယ့်ရေမှာ နေထိုင်တဲ့ လူထုရဲ့ စိတ်နေစရိုက်၊ စိတ်နေစိတ်ထားနဲ့ ကိုက်ညီ ဟပ်စပ်အောင် လုပ်မှ တော်တယ်လို့ ယူဆရမှာ ဖြစ်ကြောင်း အနက်ဖွင့်တာ တွေ့ရပါတယ်။ လူတချို့တာ တော်ကြပါရဲ့၊ အစွမ်းတွေလည်း စွယ်စုံ ရှိပါရဲ့....။ သို့သော်လည်း ကိုယ်နေထိုင်ရာ ဝန်းကျင်၊ အရပ်ဒေသနဲ့ ကိုက်ညီအောင် မလုပ်နိုင်ကြ။ တိုင်းတပါးက အယူအဆ၊ အတွေးအခေါ် အိုင်ဒီယာတွေကို အတောင့်လိုက် တင်သွင်းချင်ကြတယ်။ ဒီတော့ လူ့အဖွဲ့အစည်းထဲမှာ ပဋိပက္ခတွေက စုံလို့ စီလို့။ အပ်စပ်အောင် လုပ်တဲ့အနုပညာဟာ သိပ်အရေးကြီးတာပဲ။ (key words: ကိုယ့်မြေကိုယ့်ရေ၊ ကိုယ်ဌာနေ၊ ကိုယ့်စရိုက်နဲ့ ကိုက်ညီအပ်စပ်အောင် လုပ်ဆောင်ကြ)

လုပ်အားအလှ (၁၉၆၄ နိုဝင်ဘာ)

- စားဝတ်နေမှု၊ ဤသုံးခုကို
- လူ့ဓမ္မတာ၊ ဆည်းပူးရာဝယ်
- ပြည်ရွာအကျိုး၊ အများကျိုးလည်း
- သယ်ပိုးပါမှ လုပ်အားလှ….။

ဇော်ဂျီပြောတဲ့ လုပ်အားအလှဟာ ဘာပါလဲ။ လူဟာ ကိုယ့်လုပ် ကိုယ့်အားနဲ့ စားဝတ်နေရေးအလုပ်ကို လူ့သဘာဝအရ လုပ်ရ ကိုင်ရ၊ လေ့လာဆည်းပူးရပါတယ်။ ဒါပေမယ့် ကိုယ့်အတွက်ချည်းပဲ မဟုတ်။ တိုင်းပြည်အကျိုး၊ အများအကျိုးကို သယ်ပိုးပါမှ လုပ်အားအလှ မည်တယ်လို့ ဆိုလိုပါတယ်။ (key words: လူ့သဘာဝအရ မဖြစ်မနေ စားဝတ်နေမှုအလုပ်ကိုလည်း လုပ်၊ တိုင်းပြည်အကျိုး အများအကျိုးကိုလည်း တွဲပြီးလုပ်)

ဂုဏ်အလှ (၁၉၆၄ ဒီဇင်ဘာ)

- ရွှေဂုဏ် ငွေဂုဏ်၊ ရာထူးဂုဏ်သည်
- လူ့ဘုံလောက၊ အကာမျှတည့်
- သူက ပြုစု၊ မကြည်ဖြူ၍
- ခွာယူလိုက ခွာ၍ရ။
- ရိုးဂုဏ်ဖြောင့်ဂုဏ်၊ ယဉ်ကျေးဂုဏ်သည်
- လူ့ဘုံလောက၊ နှစ် သာရတည့်
- သူက ပြုစု၊ မကြည်ဖြူလည်း
- ခွာယူမရ ကွာမကျ….။

ဇော်ဂျီပြောတဲ့ ဂုဏ်အလှဟာ ဘာပါလဲ။ ရွှေတွေ ငွေတွေ ရာထူးတွေဟာ လူ့လောကမှာ အကာသက်သက်မျှသာပါပဲ။ အနှစ်သာရ မဟုတ်ပါဘူး။ တကယ့်အနှစ်သာရ ဆိုတာ လူတစ်ယောက်မှာ ရှိတဲ့ ရိုးတဲ့ဂုဏ်၊ ဖြောင့်တဲ့ဂုဏ်၊ ယဉ်ကျေးပြူငှာတဲ့ဂုဏ်ဖြစ်ပါတယ်။ ရိုးဖြောင့်သူဟာ ရှားသွားပြီ။ ဒီနေ့ခေတ်မှာ လူရိုးကို သင်္ချိုင်းမှာပဲ သွားရှာ…ဆိုတဲ့ စကားကြားဖူးမှာပေါ့။ လူရိုးလူဖြောင့်သာ သိပ်ရှားသွားပြီ။ ရိုးခြင်း၊ ဖြောင့်ခြင်း၊ ယဉ်ကျေးခြင်း ဆိုတာ ဂုဏ်ရဲ့အလှဖြစ်ပါတယ်။ ရုပ်ဝတ္ထုပစ္စည်းဖြစ်တဲ့ ရွှေငွေနဲ့ ရာထူးဂုဏ်သိမ်ဆိုတာ ပြုစုသူတို့ မကြည်ဖြူသူခွာယူလို၊ လုယူလိုက လုယူနိုင်ကြောင်း.. ရိုးဖြောင့်ခြင်းကိုတော့ လုယူလို့ မရ၊ ခွာယူလို့ မရ။ လိုချင်ရင် ကျင့်ကြံမှ ရမှာ ဖြစ်ကြောင်း….။ (key words: ရိုးသားဖြောင့်မတ်ခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်းဟာ တကယ့်ဂုဏ်)

ပစ္စည်းအလှ (၁၉၆၅ ဇန်နဝါရီ)

- မလိမ့်တပတ်၊ ခေါင်းပုံဖြတ်၍
- အနပ်အပါး၊ မြတ်ကြီးစား၍
- သနားကင်းမဲ့၊ ကိုယ်ကျိုးငဲ့၍

- ရခဲ့ မသမာ၊ ထိုဥစ္စာ၌
- မခွဲ မခွာ အရိပ်မည်း။
- ကိုယ့်ဒူးကိုယ်ချွန်၊ ကိုယ့်အားသွန်၍
- ဖြောင့်မှန်တရား၊ လက်ကိုင်ထား၍
- သနားမေတ္တာ၊ အလေးသာ၍
- ရှာရသမျှ၊ ထိုငွေစ၌
- ဖိုးလ မုလေး စမ်းရေအေး။

ဇော်ဂျီပြောတဲ့ ပစ္စည်းအလှဟာ ဘာပါလဲ။ ကိုယ်ရရှိထား၊ ကိုယ်ရယူထားတဲ့ ပစ္စည်းဟာ သူများဆီက မလိမ့်တပတ်နဲ့ ခေါင်းပုံဖြတ်ပြီး ယူထားတာ။ အသူက လည်သူက စားဆိုတဲ့အတိုင်း ရိုးအသူဆီကနေ ပါးပါးနပ်နပ်နဲ့ အမြတ်ကြီးစားပြီး ရယူထားတာ။ ကိုယ့်ကျိုးကို ထိပ်တင်၊ သနားကြင်နာမှု ကင်းမဲ့ပြီး မသမာမှုနဲ့ ရခဲ့သမျှ၊ ယူခဲ့သမျှ ဥစ္စာပစ္စည်းဟာ နွားနောက်မှာ လှည်းဘီးကပ်လိုက်သလို၊ လူနောက်ကို အရိပ်ကပ်လိုက်သလို၊ အမြဲတမ်း ထပ်ကျပ်မကွာလိုက်နေလိမ့်မယ်။ ဘဝမှာ နေထိုင်ရသမျှ နေ့ရက်တွေမှာ အရိပ်မည်းနဲ့ အမြဲကြောင့်ကြစိုးထိတ်နေရမယ်၊ ပူလောင်နေရမယ်ဆိုတာမျိုး။ တကယ်တော့ ကိုယ်ပိုင်ဆိုင်ရယူထားတဲ့ ဥစ္စာပစ္စည်းဟာ ကိုယ့်ထူးကိုယ်ချွန်ပြီး ရိုးရိုးသားသား ဖြောင့်ဖြောင့် မတ်မတ်နဲ့ မျှတတဲ့စိတ်ထားထားပြီး စုဆောင်းရယူစုဆောင်းမှသာ လမင်းလို ကြည်လင်တဲ့စိတ်၊ စမ်းရေလို အေးမြတဲ့ စိတ်ချမ်းသာမှုမျိုးကို ရမယ်လို့ ယူဆပါကြောင်း…။ (key words: မလိမ့်တပတ်၊ ခေါင်းပုံဖြတ်၊ အမြတ်ကြီးစား၊ သနားငဲ့ညှာမှု မရှိ၊ အရိပ်မည်း၊ ကိုယ့်ထူးကိုယ်ချွန်၊ ဖြောင့်ဖြောင့်မှန်မှန်၊ သနားမေတ္တာ ကရုဏာ၊ လမင်းလို စမ်းရေလို အေး)

ရပ်ရွာအလှ (၁၉၆၅ ဖေဖော်ဝါရီ)

- သူ့ဝင်း သူ့အိမ်၊ သူ့ဂုဏ်ရှိန်နှင့်
- ငါ့အိမ် ငါ့ဝင်း၊ ငါ့ဂုဏ်တင်း၏
- ဝင်းအိမ် ဘယ်ညာ၊ နီးကြပါလည်း
- မလာ မသွား၊ မာန်စည်းတား၍
- မကြား မမြင်၊ မခေါ်ချင်သည်
- မခင် သော့ခတ် ထိုအရပ်။
- သူ့အိမ် ငါ့ဝင်း ၊ အချင်းချင်းတည့်
- သူ့ဝင်း ငါ့အိမ်၊ အကြိမ်ကြိမ်တည့်
- သူ့အိမ်ကိစ္စ၊ ငါ့အိမ်ကတည့်
- ငါ့ဝင်းကိစ္စ၊ သူ့ဝင်းကတည့်
- ထိုမှ ရွာမှု၊ အရပ်မှုကို
- ပေါင်းစုတိုင်ပင်၊ လုပ်ငန်းတွင်သည်

- ခင်မင် လွတ်လပ် ထိုအရပ်။

ဇော်ဂျီပြောတဲ့ ရပ်ရွာအလှဟာ ဘာပါလဲ။ အိမ်နဲ့ ဝင်းနဲ့ ခြံနဲ့ ပြောင်ပြောင်ရောင်နေကြပါလျက်နဲ့ ရပ်ထဲရွာထဲမှာ ဂုဏ်တုဂုဏ်ပြိုင် ဂုဏ်ရှိန်ပြိုင်ကြပြီး တစ်အိမ်နဲ့ တစ်အိမ် အဝင်အထွက် မရှိ။ အသွားအလာ မရှိ။ အခေါ်အပြော မရှိ။ တစ်ရပ်သားချင်းပေမယ့် သူ့ မျက်နှာ မမြင်၊ သူ့ အသံ မကြား။ မခေါ်ချင် မပြောချင်။ ဝင်းတံခါး သော့ခတ်။ ခပ်ဆိတ်ဆိတ်နဲ့ အခင်အမင် အကျွမ်းတဝင် မရှိတဲ့အရပ်ဟာ အလှ မရှိပါ။ အလှကင်းဆိတ်နေပါတယ်။ သူ့အိမ် ကိုယ့်အိမ် ခင်ခင်မင်မင်၊ ဝင်ဝင်ထွက်ထွက်၊ သွားသွားလာလာ။ တစ်အိမ်နဲ့ တစ်အိမ် ပြောပြောဆိုဆို၊ နှုတ်ဆက် မေးပြော။ အကယ်၍ ရပ်မှုရွာမှု ရှိရင်လည်း အများသဘော ဒီမိုကရေစီကဲ့သို့ စုပေါင်းတိုင်ပင် စည်းဝေး ဆွေးနွေးနဲ့ ရပ်မှု ရွာမှုမှာ အလုပ်တွင်ကျယ်စေတဲ့ အဝန်းအဝိုင်းမျိုး၊ ဝန်းကျင်မျိုး၊ ရပ်ရွာမျိုးဟာ သိပ်လှပါသတဲ့။ အချုပ်ကတော့ - ခင်မင် လွတ်လပ် ထိုအရပ်…တဲ့။ သိပ်လှတဲ့စကားလုံး။ ခင်ခင်မင်မင် ရှိကြမယ်၊ တစ်အိမ်တစ်ဦးရဲ့ ကိုယ်ရေး ကိုယ်တာကိုလည်း အလွန်အမင်း စွက်ဖက် စောင့်ကြည့် ကဲ့ရဲ့ တင်းဆိုနေတာ မဟုတ်ဘဲနဲ့ လွတ်လပ်စွာနေထိုင်နိုင် မယ့် လူသားဆန်သော လူကြီးလူကောင်းတို့ နေထိုင်ရာ ရပ်ရွာမျိုး။ (key words: ခင်ခင်မင်မင် ၊ ပေါင်းပေါင်းစုစု၊ လွတ်လွတ်လပ်လပ်)

စကားအလှ (၁၉၆၅ ပြေ)

- မာန်ယစ်ကြွားဝါ၊ အတ္တပါမှု
- တမာလိုခါး ထိုစကား။
- အဆန်းမဖက် ၊ ရိုးသက်သက်တည့်
- အခက်မပါ၊ အလွယ်သာတည့်
- ရပ်ရွာလူမျိုး၊ ပြောဆိုရိုးတည့်
- အကျိုးရှိရာ၊ အမှန်ပါမှု
- သကာချိုပြား ထိုစကား။

ဇော်ဂျီပြောတဲ့ စကားအလှဟာ ဘာပါလဲ။ မာန်က ယစ်မူးနေသေး၊ ကြွားတာက ပါသေး၊ အတ္တကလည်း ကြီးသေး၊ ကြားရတော့ ခါးလိုက်တဲ့ တမာလို နားမခံသာ။ ဒီလို စကားဟာ မလှပါ။ လှတဲ့စကားဟာ ဘယ်လိုပါလဲ။ သကာလို၊ ပျားရည်လို ချိုတဲ့စကားဟာ လှပါတယ်။ ဒါပေမယ့် ချိုတဲ့စကားဟာ သူ့ချည်း သက်သက် မလှဘူး။ အမှန်နဲ့ တွဲရတယ်။ အကျိုး ရှိရာနဲ့ တွဲဖက်ရတယ်။ အလှဆုံးကတော့ အဆန်းတကျယ်၊ ကြီးကြီးကျယ်ကျယ်၊ ခန့်ခန့်ထည်ထည်တွေ မလုပ်။ အရိုးသားဆုံး အရိုးရှင်းဆုံး ငြိစရာ ထိစရာ အခက်အလက်တွေ ကင်းတဲ့ စကားမျိုးဟာ သိပ်လှသတဲ့။ တို့ ပြောနေကျ စကားတွေထဲမှာ ဘယ်လောက် ရာခိုင်နှုန်းလောက် အလှတွေ ပါသလဲ။ အကျည်းတန်တာတွေကတော့ ချိုရင်လည်း အဆိပ်ပါပဲ။ (key words: မာန်မာနနဲ့ ကြွားကြွားဝါဝါ အတ္တထိပ်တင် ပြောတဲ့ တမာလို ခါးတဲ့စကား။ ရိုးရိုးသားသား၊ ရိုးရိုးရှင်းရှင်းနဲ့ အကျိုးရှိရာ အမှန်တရားကို ချိုချိုသာသာ ပြောတဲ့ စကား)

စာပေအလှ (၁၉၆၅)

- လောကကောင်းဆိုး၊ ကံသုံးမျိုး၏
- ကျိုးပြစ်ချိန်လျှာ၊ အမြင်ပါ၍
- မေတ္တာဓမ္မ၊ အမြင်ပြ၍
- ဘဝခြေခံ၊ စိတ်ကူးဉာဏ်ဖြင့်
- ဖန်တီးပါမှ စာအလှ….။ ။

ဇော်ဂျီပြောတဲ့ စာပေအလှဟာ ဘာပါလဲ။ စာပေထဲမှာ လောကရဲ့ အကောင်းကိုသော်လည်းကောင်း အဆိုးကိုသော်လည်းကောင်း ၊ ကိုယ်အမှု၊ နှုတ်အမှု၊ စိတ်အမှု စတာတွေကို အကျိုးအပြစ် နှိုင်းချိန်ပြီး ပြဆိုထားတဲ့ စာပေ။ မေတ္တာနဲ့ ဓမ္မ (တနည်း) ကြင်နာမှု ကရုဏာနဲ့ တရားမှုကို ပြဆိုထားတဲ့ စာပေဟာ သိပ်လှပါသတဲ့။ ထိုနည်းလည်းကောင်း…. ဘဝကို အခြေပြုပြီး အနုပညာစိတ်ကူးဉာဏ်နဲ့ ဖန်တီးထားတဲ့ စာပေဟာ လှပါသတဲ့။ ဘဝနဲ့ လွတ်ကင်းတဲ့၊ ဓမ္မနဲ့ လွတ်ကင်းတဲ့၊ လောကနဲ့ လွတ်ကင်းတဲ့၊ မေတ္တာနဲ့ လွတ်ကင်းတဲ့ စာပေဖန်တီးမှုဟာ မလှပါ။ ဇော်ဂျီပြောတဲ့ စာပေအလှ စံနှုန်းဟာ အခုလို ဖြစ်ပါတယ်။ (key words: အကောင်းအဆိုး၊ အကျိုးအပြစ်၊ မေတ္တာ၊ ဓမ္မ၊ ဘဝအခြေခံဖြင့် စိတ်ကူးဉာဏ်ထည့်ကာ ဖန်တီးထားသော စာပေ)

အိမ်အလှ (၁၉၆၅)

- အိမ်ရှေ့ပန်းခင်း၊ ဇာပြတင်းနှင့်
- အိမ်တွင်းကော်ဇော၊ ဆိုဖာချောနှင့်
- အံ့သြ ရင်မ၊ ဗန်းပြ လှလည်း
- စိတ်က မောဟ၊ လက်က လောဘ
- နှုတ်က မာန၊ ထားတတ်ကြမူ
- အတ္တကိုယ်ကျိုး၊ ထိုအိမ်မျိုး။
- အိမ်နောက် စိုက်ခင်း၊ စားမျိုးဟင်းနှင့်
- အိမ်တွင်းသန့်စင်၊ လေ နေ ဝင်နှင့်
- အားအင်မျှတ၊ ဗန်းမလှလည်း
- စိတ်က မေတ္တာ၊ လက်မှာ စာဂ
- နှုတ်က ဖြောင့်ရိုး၊ အနေရိုးမူ
- သူ့ကျိုး ကိုယ်ကျိုး ထိုအိမ်မျိုး…..။

ဇော်ဂျီပြောတဲ့ အိမ်အလှဟာ ဘာပါလဲ။ အိမ်ရှေ့မှာ ပန်းခင်းနဲ့ ပြတင်းက ဇာခန်းဆီးနဲ့ အိမ်တွင်းမှာလည်း ကောဇောနဲ့ ဆိုဖာနဲ့။ ကြည့်လိုက်ရင် တောက်တောက်ပြောင်ပြောင်နဲ့ အံ့သြရင်မ ရတဲ့ အိမ်မျိုး။ သို့သော်လည်း အိမ်မှာ နေတဲ့လူတွေဟာ မသိခြင်း မောဟ ဖုံးနေပြီး လက်က လောဘဇောနဲ့ နှုတ်ပြောစကားကလည်း မာန

တထောင်ထောင်နဲ့ အတ္တကြီးတဲ့လူတွေ နေထိုင်တဲ့အိမ်မျိုးဟာ မလှပါသတဲ့။ သို့သော်လည်း အိမ်နောက်မှာ စားပင်သီးပင်တွေ စိုက်ထားတဲ့ အိမ်မျိုး၊ လေဝင် လေထွက်လည်း ကောင်း၊ အလင်းရောင်လည်း အဝင်အထွက်ကောင်း။ အိမ်အပြင်အဆင် မလှပေမယ့် အိမ်ထဲနေသူတွေမှာ စိတ်က မေတ္တာဓာတ်ခံ အပြည့်၊ လက်မှာလည်း စွန့်ကြဲပေးကမ်း ရက်ရောမှု အပြည့်နဲ့ နှုတ်ပြောစကားဟာ ဖြောင့်လိုက်တာ၊ ရိုးလိုက်တာ။ အနေရိုးတဲ့ လူတွေ နေထိုင်တဲ့ အိမ်မျိုး၊ သူ့အကျိုး ကိုယ့်အကျိုး မျှမျှတတ ရှိတဲ့ အိမ်မျိုးဟာ သိပ်လှပါသတဲ့။ ကျနော်တို့လည်း ဘယ်လို အိမ်မျိုးမှာ နေထိုင်ကြပါသလဲ။ (Key words: လောဘ မောဟ မာနတွေနဲ့ အိမ်ကြီးအိမ်ကျယ် ခမ်းခမ်းနားနားအိမ်မျိုး။ အမြင်ဗန်းပြ မလှပေမယ့် စိုက်ခင်းလေးနဲ့ လေဝင် လေထွက် အလင်းရောင် မျှတပြီး သန့်ရှင်းသပ်ရပ်တဲ့နေအိမ်မှာ မေတ္တာနဲ့ ဒါနနဲ့ ရိုးဖြောင့်မှုနဲ့ အနေရိုးရိုးနေတတ်သူတို့ရဲ့ နေအိမ်)

ပြည်ချစ်အလှ (၁၉၆၇ နိုဝင်ဘာ)

- ကျားဆိုးမဝင်၊ စည်းရိုးပြင်လော့
- ဆင်ခြင်သတိ၊ အစောင့်ရှိလော့
- ကျား၏ ပရိယာယ်၊ အလွန်ကြွယ်သည်
- အဆွယ်ကောင်းနှင့် အခြောက်နှင့်။
- ကျားဆိုးမလာ၊ တားဆီးရာဝယ်
- ပညာလုပ်အား၊ မှန်တရားသည်
- ပြည့်အား စစ်စစ်၊ ပြည့်အနှစ်ဟု
- ပြည်ချစ်စိတ်နှင့် အမြင်နှင့်….။

ဇော်ဂျီပြောတဲ့ ပြည်ချစ်စိတ်ဟာ ဘာပါလဲ။ ဒီနေရာမှာ လူမျိုးကို ချစ်တယ်ဆိုတာထက် တိုင်းပြည်ကို ချစ်တယ်၊ နိုင်ငံကို ချစ်တယ်ဆိုတာမျိုး ပို၍ မှတ်ယူနိုင်ပါတယ်။ လူကို အခြေမပြု ပထဝီဒေသကို အခြေပြုတယ်ဆိုတဲ့ သဘော။ ethnic nationalism ဆိုတာထက် civic nationalism အခြေပြု အမြင်မျိုးကို ဇော်ဂျီရဲ့ကဗျာမှာတွေ့ရပါတယ်။ ကိုလိုနီနယ်ချဲ့ရဲ့ဒဏ်ကို ခံခဲ့ရတဲ့ မျိုးဆက်ဟာ စစ်ပြီးခေတ်နောက်ပိုင်းကာလတွေမှာ ရရှိထားတဲ့ လွတ်လပ်ရေးကို မဆုံးရှုံးဖို့နဲ့ တိုင်းပြည်ကို နိုင်ငံခြားက မကျူးကျော်ဖို့ ပြည်ချစ်စိတ်ဆိုတာကို ရေးဖွဲ့တာ တွေ့ရပါတယ်။ ကျားဆိုး ရှိတယ်။ သတိရှိပါ။ အစောင့်ထားပါ။ ကျားက ပရိယာယ်ကြွယ်တယ်။ ခြိမ်းတတ် ခြောက်တတ်တယ်။ ကျားဆိုးကို တားဆီးဖို့ ပညာလုပ်အား လိုတယ်၊ ပြည်တွင်းမှာသာ ရှိတဲ့အင်အားကသာလျှင် စစ်မှန်တဲ့ အင်အားဖြစ်တယ်။ ဒါဟာ ဇော်ဂျီပြောတဲ့ ပြည်ချစ်စိတ် ဖြစ်ပါတယ်။ (key words: စည်းရိုးကို လုံအောင် ကာ၊ ပရိယာယ်နဲ့ ခြိမ်းခြောက်မှုကို ဆင်ခြင်သတိရှိပြီး ပညာနဲ့ ပြည်တွင်းမှာ စည်းစည်းလုံးလုံးနဲ့ ကာကွယ်)

@@@

ကဗျာစာဆို ရေးစပ်တဲ့ ကဗျာထဲကနေ ကဗျာဆရာရဲ့ ဝိညာဉ်ကို တွေ့နိုင်ပါတယ်။ ဇာတိမာန်စာဆိုလို့ ပညတ်လို့ ရနိုင်မယ့် ဇော်ဂျီဟာ တိုင်းပြည်ကို အမျိုးသားရေးစိတ်သန်သန်နဲ့ စာတွေ ကဗျာတွေ ရေးသားခဲ့တာတွေ့ရပါတယ်။ ဒါပေမယ့် ဇော်ဂျီ ယူဆလက်ခံထားတဲ့ အမျိုးသားရေးဝါဒ၊ အမျိုးသားရေးစိတ်ဟာ…

- အပျက်သဘောထက် အဖြစ် သဘောကို ဦးတည်ထားပါတယ်။
- အဖျက်သဘောထက် အပြုသဘောကို ဦးတည်ထားပါတယ်။
- အနှုတ်လက္ခဏာထက် အပေါင်းလက္ခဏာကို ဆောင်ပါတယ်။
- အစွန်းရောက်မှုထက် ဆင်ခြင်တုံတရားကို ဗဟိုပြုထားပါတယ်။
- ရန်လိုမုန်းထားမှုထက် ချစ်ခင်ခြင်းမေတ္တာကို ဖွဲ့သီထားပါတယ်။
- ကျဉ်းမြောင်းသောအမျိုးမာန်ထက် ကျယ်ပြန့်သော ဇာတိမာန်ကို ထည့်သွင်းထားပါတယ်။
- သူများကို လက်ညှိုးထိုးခြင်းထက် မိမိကိုယ်ကို တည်ဆောက်ကြဖို့ ဆော်သြတာတွေ့ရပါတယ်။

နေ့လယ် ၂း၂၉

၂၅၊ စက်တင်ဘာ၊ ၂၀၂၁။

သင်ယူခြင်းအကျင့်ဝသီ

၁၄ စက်တင်ဘာ ၂၀၂၁

သင်ယူခြင်းဟူသည်မှာ ပြဿနာဖြေရှင်းရန်ဖြစ်၍ ထိုပြဿနာဖြေရှင်းနည်းကို သင်ယူရန် သင်ယူတတ်သော အကျင့်ဝသီဖြစ်အောင် လေ့ကျင့်ခြင်း။

သင်ယူခြင်းနဲ့ပတ်သက်ပြီး၊ စာရေးဆရာ ကိုတာ ရဲ့ ဖြန့်ထွက်တွေးခြင်းစာအုပ်ပါ ကောက်နုတ်ချက် တစ်ခုဖြစ်ပါတယ်။ သင်ယူခြင်းသီအိုရီနဲ့ပတ်သက်ပြီး ဖွင့်ဆိုထားတဲ့ အနက်တစ်ခုဖြစ်ပါတယ်။

သက်ကြီး ပညာရေး

ကျနော်တို့ သင်ယူတတ်မြောက်မှု အလွယ်ဆုံး ကာလတွေဟာ အသက်ငယ်ရွယ်စဉ် ကာလတွေ ဖြစ်ပါတယ်။ အသက်ကြီးလေလေ၊ သင်ယူတတ်မြောက်မှု နှေးကွေးလေလေ ဖြစ်ပါတယ်။ မြန်မာစကားမှာ - ခွေး ကြီးမှ လက်ပေး မသင်နဲ့…ဆိုတဲ့ စကားရှိပါတယ်။ ခွေးတောင်မှ ငယ်ငယ်ရွယ်ရွယ်မှာ သင်ရင် ပိုတတ်တယ်။ အသက်ကြီးမှ သင်ရင် အရိုးရင့်သွားလို့ သင်လွယ် တတ်လွယ် မဖြစ်တော့ဘူး၊ သင်ဖို့ ခက်သွားပြီ လို့ ဆိုလိုခြင်း ဖြစ်ပါတယ်။ မြန်မာပြည်ရဲ့ အဝေးသင်တက္ကသိုလ်တွေရဲ့ ဆောင်ပုဒ်ကတော့ - ပညာရေး ဝေးသည် မရှိ ဆိုတာ ထင်ပါရဲ့။ မြန်မာစကားမှာလည်း ပညာလို အိုသည်မရှိဆိုတဲ့ စကား ရှိပြန်တယ်။

လူကြီးတွေ လူကြီးတွေ

လူဟာ အသက်ကြီးလာလေလေ၊ ကိုယ့်ရဲ့ သင်ယူချင်စိတ်ကို တမင်တကာ နိုးဆွရလေလေလို့ ထင်ပါတယ်။ အသက်ကြီးလာရင် အာရုံတွေ ချို့ယွင်းသွားပြီ။ မျက်စိကလည်း ကြည့်သာ ကြည့်တာ မမြင်တော့ဘူး။ နားကလည်း နားသာ နားထောင်နေတာ မကြားတော့ဘူး။ နှုတ်ကလည်း ပြောသာ ပြောနေတာ ကိုယ်ပြောတာ ဘာမှန်း ပြန်သတိမထားမိတော့ဘူး။ ဒီလိုနဲ့ အသက်ကြီးလာလေလေ၊ အကြားအမြင် ချို့တဲ့လာလေလေဖြစ်ပါတယ်။ ဗဟုသုတကို အကြားအမြင်များတယ်လို့ ဆိုတယ် မဟုတ်လား။ သုတ ဆိုတာ ကြားတာ၊ မြင်တာ။

အထူးသဖြင့် လူကြီးတွေချည်းပဲ ကျင်လည်တဲ့နယ်ပယ်တွေအတွက် ဦးတည်ပြီးရေးတဲ့စာတွေမှာ ပိုပြီး ဖတ်ရတဲ့ ဝါကျ တချို့ရှိတယ်။

- တစ်သက်တာပတ်လုံးသင်ယူပါ။
- အမြဲမပြတ် သင်ယူပါ။
- စဉ်ဆက်မပြတ် သင်ယူပါ။

- တရစပ် အမြဲတမ်း ပြောင်းလဲနေတဲ့ကမ္ဘာကြီးမှာ အမြဲလေ့လာသင်ယူနေမှ အောင်မြင်မှုကို ထိန်းထားနိုင်မယ် ဆိုတာမျိုး။

ဒီလို ဝါကျမျိုးတွေကို ခပ်များများတွေ့နိုင်ပါတယ်။ အကြောင်းကတော့ အတွေ့အကြုံအားဖြင့် တစ်စုံတစ်ရာရှိပြီး ပုဂ္ဂိုလ်များဟာ သင်ယူခြင်းအလုပ်ကို သိပ်မလုပ်ကြတော့လို့ ဖြစ်ပါတယ်။ တနည်းအားဖြင့် လူကြီးတွေဟာ အသက်ကြီးလာလို့ လူကြီး ဖြစ်လာတယ်ဆိုပေမယ့်၊ အချိန်အားဖြင့် ဖြတ်သန်းမှုလည်း များပြားတယ်။ ဒီများပြားတဲ့အချိန်ဖြတ်သန်းမှု တစ်လျှောက်မှာ လည်း ကြုံရတဲ့ အတွေ့အကြုံတွေ ရှိလိမ့်မယ်။ ဒီတော့ လူဟာ အသက်ကြီးရင် အားကုန်တတ်တဲ့သဘော ရှိလာသလို၊ သင်ယူတတ်မြောက်မှုမှာလည်း ငါ့အတွက် မလိုတော့ဘူးဆိုတာမျိုး တွေးထင်တတ်လာတယ်။ ဒီတော့ သင်ယူခြင်း အလုပ်ကို လူကြီးတွေ မလုပ်ကြတော့ဘူး။ လူကြီးတွေ ကိုယ်တိုင်ကလည်း ငါတို့ အခြေအနေ၊ ငါတို့ ဘဝ၊ ငါတို့ အနေအထားနဲ့ ဒီလောက် ဆိုရင် တော်လောက်ပါပြီ.... ဆိုတာတွေ များပါတယ်။ မလိုတော့ဘူး... တခြား ထူးထူးထွေထွေသိလည်း မထူးတော့ဘူး။ တို့ဟာ အသက်ကြီးပြီ၊ တို့ဟာ သေလူတွေပဲ...လို့ မှတ်ထင်ထားကြတာများပါတယ်။ဒီတော့ အသက်ကြီးတဲ့လူကြီး တော်တော်များများဟာ သေဖို့ အချိန်ကို စောင့်ပြီး ရောက်တတ်ရာရာ လုပ်နေတတ်ကြတာများတယ်။ လူကြီးပိုင်းအရွယ်မှာ သူတို့ လုပ်နေတဲ့အလုပ်တော်တော်များများဟာ ရည်ရွယ်ချက် ရှိရှိ လုပ်နေကြတာထက်၊ အချိန်ကို ကုန်စေဖို့၊ သူတို့ စိတ်ပိုင်းဆိုင်ရာ အာသာပြေစေဖို့ လုပ်ကြတာများတယ်။

တကယ့်လူတွေ

အသက်ကြီးထိ လေ့လာနေတယ်၊ သင်ယူနေတယ်၊ ဆည်းပူးနေတယ်ဆိုတဲ့လူဟာ အတော်နည်းပါးတဲ့အရေအတွက် ဖြစ်ပါတယ်။ အတော် နည်းပါးတဲ့အရေအတွက် ဆိုသော်ငြားလည်း၊ အသက်ကြီးသည်အထိ လေ့လာသင်ယူမှု မပြတ်လုပ်နေတဲ့လူကြီး တော်တော်များများကို တွေ့ခဲ့ဖူးပါတယ်။ သူတို့နဲ့ မိတ်ဆွေတွေ ဖြစ်ခဲ့ဖူးတယ်။

သူတို့ဟာ စိတ်ပိုင်းဆိုင်ရာအရ သိပ်ရိုးရှင်းတဲ့ဓာတ်ခံ၊ သိပ်ရိုးသားတဲ့ဓာတ်ခံ ရှိတယ်ဆိုတာ တွေ့ရသလို၊ သူတို့နဲ့ ဆက်ဆံမှုဟာလည်း ပွင့်လင်းလွတ်လပ်တဲ့ ဆက်ဆံရေးရှိတာ သတိထားမိတယ်။ အမြဲတမ်း ဖတ်နေ၊ မှတ်နေတဲ့ သူတွေ။ ဆွေးနွေးငြင်းခုန်ရာ မှာလည်း တက်ကြွတဲ့သူတွေ။ စကားဝိုင်းမှာ စိတ်ပါလက်ပါ ပြောတတ်သူတွေ။ သူများတကာတွေလို လက်ဖက်ရည်ဝိုင်းမှာ ရောက်တတ်ရာရာ လျှောက်ပြောတာမျိုး မဟုတ်ဘူး။ တစ်ဖက်သားကိုလည်း စိတ်ဝင်တစား ရှိတယ်။ အလိုက်သိတယ်။ အထူးအပါးနားလည်တယ်။ စကားဝိုင်းမှာ အသက်အရွယ်အရ ငယ်ရွယ်သူ၊ အတွေ့အကြုံအရ နည်းပါးသူတွေ ပါလာရင်လည်း နိမ့်ချတာ၊ ကန့်ထားတာမျိုး မရှိဘူး။ အားလုံးကို တန်းတူ ဆက်ဆံတယ်။

ထိုနည်းလည်းကောင်း အမြဲမပြတ် သင်ယူလေ့လာပြီး ဖတ်နေ မှတ်နေတတ်တဲ့ လူကြီးတချို့ရဲ့ ထူးခြားတဲ့ အချက်နှစ်ချက်လည်း ကျနော်သွားတွေ့ရပြန်တယ်။ အဲဒါကတော့.... ဟာသဉာဏ် (ဇဝနဉာဏ်) ထက်သန်တာနဲ့ လောကကို အကောင်းမြင်စိတ် ရှိတာတွေ့ရပါတယ်။ တစ်ဖက်မှာ သူတို့ဟာ သူတို့ သိသလောက် လက်တွေ့

လုပ်နိုင်ဖို့ ကြိုးစားနေတဲ့သူတွေ ဖြစ်တာလည်း တွေ့ရတယ်။ အမြဲတမ်းလိုလို ငြိမ်းငြိမ်း ဖြစ်တင် မောင်းမဲ ပြီး မြည်တွန်တောက်တီးနေတဲ့သူတွေ မဟုတ်ဘူးဆိုတာလည်း ထူးထူးခြားခြားတွေ့ရပြန်တယ်။

သူတို့ဟာ ဝီရိယသမားတွေ ဖြစ်တယ်ဆိုတာလည်း တွေ့ရပြန်တယ်။ သူတို့ဟာ အလုပ်တစ်ခုခုကို အမြဲတမ်းလိုလို လုပ်နေတတ်တယ်။ အမြဲတမ်း ကုပ်ကုပ်ကုပ်ကုပ်နဲ့ တစ်ခု မဟုတ် တစ်ခု လုပ်နေတတ်တယ်။ ထကြွလုံ့လရှိတယ်။ အမြန်တမ်းလိုလို တစ်ခုခုကို လုပ်ဖို့ ပြောဖို့ တက်ကြွလန်းဆန်းနေတတ်တယ်။ ဒီလို လူကြီးတွေနဲ့ ကျနော်ဟာ အရင်းအနှီးမိတ်ဆွေတွေ အဖြစ် ပေါင်းသင်းခဲ့ဖူးပါတယ်။ ကျနော်ဟာ တခါတရံ သူတို့လောက်တောင် လောကကြီး ကို အကောင်းမမြင်တတ်တဲ့သူ အဖြစ် ကျနော့်ကို ကျနော် ပြန်တွေ့ခဲ့ရတယ်။ သူတို့ဟာ အားပေးတယ်။ အပြုသဘောဆောင်တဲ့အမြင်တွေ ခပ်များများ ရှိတယ်။ ဒါ့ကြောင့် သူတို့ဘဝတွေဟာ အသက်ကြီးသော်လည်းပဲ အရာရောက်နေဆဲလူကြီးတွေ ဖြစ်ကြောင်းတွေ့ရတယ်။

ထားတော့။

သင်ယူခြင်းကိစ္စ

သင်ယူခြင်းနဲ့ပတ်သက်တဲ့ အနက်ကို အနည်းငယ် ရှင်းချင်ပါတယ်။

သင်ယူခြင်း သီအိုရီရဲ့ အနက်မှာ - သင်ယူခြင်းဟူသည်မှာ ပြဿနာဖြေရှင်းရန်…ဆိုတာ ပါတယ်။ ကျနော်တို့ဟာ ဘာလို့ အမြဲ မပြတ် သင်ယူနေရသလဲ။ လူ့လောက၊ လူ့ဝန်းကျင်နဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ ကျနော့်တို့ဆီကို ပြဿနာတွေက လာနေတယ်။ ကျနော်တို့ ဖိတ်ခေါ်စရာ မလိုဘဲ၊ ပြဿနာတွေက လာနေတတ်တယ်။ ကျနော်တို့ ဘယ်လောက်အလိုမရှိဘူးလို့ ပြောပြော၊ ပြဿနာတွေက ကျနော်တို့ကို လာရှာတယ်။ ကျနော်တို့က ပြဿနာတွေကို မရှာပေမယ့်၊ ပြဿနာတွေက ကျနော်တို့ကို လာရှာတယ်။ နောက် ရှိသေးတယ်။ ကျနော်တို့ကို ပြဿနာတွေ လာပေးနေတဲ့သူတွေ။ ဒီလိုတွေကြောင့်၊ ကိစ္စ များမြောင် လူတို့ဘောင်။ ကျနော်တို့ဟာ ပြဿနာအခက်အခဲတွေအတွက် အမြဲ အဆင်သင့်ရှိအောင် ပြင်ဆင်နေကြရတယ်။ ဒီ့အတွက် သင်ယူခြင်းဟာ လိုလာတယ်။

သင်ယူခြင်းအနက်မှာ - ပြဿနာဖြေရှင်းနည်းကို သင်ယူရန် သင်ယူတတ်သော အကျင့်ဝသီ ဖြစ်အောင် လေ့ကျင့်ခြင်း။ ဒီမှာ အရေးကြီးတဲ့ စကားပုဒ်တွေ ရှိပါတယ်။ **သင်ယူတတ်သော အကျင့်ဝသီ ….** တဲ့။ နောက်တစ်ခုက လေ့ကျင့်ခြင်း…တဲ့။ ဒီစကားလုံး နှစ်လုံးဟာ သိပ်အရေးကြီးနေပြန်ပါတယ်။

သင်ယူတတ်သော အကျင့်ဝသီ

“ဝသီ” ဆိုတာကို မြန်မာအဘိဓာန်မှာ - အလေ့အကျင့်လို့ ဖွင့်ဆိုပါတယ်။ “အကျင့်ဝသီ” ဆိုတဲ့ စကားပုဒ်ဟာ ဘယ်လိုပါလဲ။ သင်ယူတတ်သော အကျင့်ဝသီဆိုတာ သင်ယူခြင်းအလုပ်ကို အကျင့်တစ်ခုလို ဖြစ်အောင်ကို လေ့ကျင့်နေရမယ်ဆိုတာမျိုး။ ဒီလို နားလည်ပါတယ်။ ကျနော်ငယ်စဉ်တုန်းက အဖေ အမြဲတမ်လိုလို ပြောတဲ့ စကားလေး တစ်ခုလည်း ပြန်သတိရပါတယ်။ Habitual practice ဆိုတဲ့ စကား။ အကျင့်စရိုက်တစ်ခုလို

စွဲမြဲနေအောင် လေ့ကျင့်နေရမယ်ဆိုတာမျိုး နားလည်ပါတယ်။ ဒီတော့ ကျနော်တို့ရဲ့ အလေ့အကျင့်တွေကို ပြန်ဆန်းစစ်ကြည့်တဲ့အခါ၊ မဟုတ်တဲ့နေရာတွေမှာ အလေ့အကျင့် စွဲမြဲနေတာကို အတွေ့များပါတယ်။ ဒီတော့ ကောင်းခြင်းတွေထက် ဆိုးခြင်းတွေ ပြဿနာတွေ နဲ့ ကိုယ့်ကို စိတ်အနှောက်အယှက်ပေးတဲ့အရာ တွေ ပိုများနေတာ ဒါ့ကြောင့်လားဆိုတာ တွေးမိပြန်ပါတယ်။

တကယ်တော့ ကျနော်တို့ဟာ သင်ယူခြင်းအလေ့အထုံမှာ အင်မတန် အားနည်းလှပါတယ်။

သင်ယူခြင်းကို လုပ်တဲ့အခါမှာလည်း

- တို့ကနန်း ဆိတ်ကနန်းသာ လုပ်ကြတယ်။
- သာမန်ကာလျှံကာ သဘောသာလုပ်ကြတယ်။
- အပေါ်ယံပဲ၊ အဖြစ်ပဲ။
- ဖြစ်ကတတ်ဆန်းပဲ။
- ရောက်တတ်ရာရာပဲ။
- ယောင်ဝါးပဲ။
- အုတ်ရောရောရော ကျောက်ရောရောပဲ။
- ဟိုစပ်စပ် ဒီစပ်စပ်ပဲ။
- ရေဆုံးမြေဆုံးလိုက်တာ မရှိဘူး။

ဒီတော့ ကျနော်တို့ သိနားလည်ထားတဲ့အရာတွေကလည်း အပေါ်ယံပဲ၊ အဖြစ်ပဲ၊ သာမန်ကာလျှံကာပဲ၊ တို့တိတို့တိပဲ။ ဒီတော့လည်း ကျနော်တို့ဆီလာနေတဲ့ပြဿနာတွေကို ဖြေရှင်းတဲ့အခါ၊ အားလုံးက အပေါ်ယံပဲ၊ အဖြစ်ပဲ၊ သာမန်ကာလျှံကာပဲ၊ တို့တိတို့တိပဲ။ ဒီတော့ အလုပ်မဖြစ်ဘူး။ အဖြစ်ပဲ လုပ်နေကြရတာများတယ်။

ပြဿနာတွေဆိုတာလည်း ဒီနေ့ခေတ်မှာ အမျိုးမျိုး။ အသွေးအရောင် အစုံ။ အမြဲတမ်းလိုလို အသစ်အသစ်သော ပြဿနာတွေ ပေါ်နေတယ်။ ကျနော့်တို့ အသိကလည်း တစ်နေ့တစ်ခြား ချို့တဲ့လာလေလေ၊ အသက်ကြီးလာလေလေ ပိုယိုယွင်းပဲ့ကြွေကျဆင်းလာလေလေ....။

နေ့လယ် ၁း၁၀

၁၄ ၊ စက်တင်ဘာ၊ ၂၀၂၁။

⚓

ပညာရှင်နဲ့ စာရေးဆရာ တူ / မတူ

၁၉ စက်တင်ဘာ ၂၀၂၁

တူ / မတူ

- နိုင်ငံရေးသမားနှင့် စာရေးဆရာ တူ / မတူ
- နိုင်ငံရေးနဲ့ ပရဟိတ တူ / မတူ
- စာရေးဆရာ (writer) နဲ့ စာရေးသူ (author) တူ / မတူ …

စတဲ့ ဆောင်းပါးတချို့ကို ကျနော် ရေးခဲ့ဖူးပါတယ်။ အခုတော့… စာရေးဆရာနဲ့ ပညာရှင် တူ / မတူ …ဆိုတာကို ရေးချင်ပါတယ်။

- နိုင်ငံရေးနဲ့ ပရဟိတ၊
- နိုင်ငံရေးနဲ့ စာပေ၊
- နိုင်ငံရေးသမားနဲ့ စာရေးဆရာ၊
- စာရေးဆရာနဲ့ ပညာရှင်၊
- ပညာရှင်နဲ့ နိုင်ငံရေးသမား၊

စတဲ့ စကားလုံးအတွဲအဆက်ကို ကြည့်ရင် မြန်မာပြည်မှာ အားလုံးဟာ ရောနေတယ်ဆိုတာ တွေ့ရတယ်။ တနည်းအားဖြင့် နိုင်ငံရေး၊ စာပေနဲ့ ပညာရပ်ဆိုင်ရာနယ်က လူတွေဟာ ရောနေတာများပါတယ်။ နောက်တစ်ခုက ပရဟိတနဲ့ တက်ကြွလှုပ်ရှားသူ (activist) ဆိုတာတွေကလည်း ရောနေသလိုလိုတွေ ရှိနေပါတယ်။ ဒါကလည်း မြန်မာ့လူမှုဓလေ့အရ ဖြစ်ထွန်းလာတဲ့ ပုံစံတွေလို့ ပြောနိုင်ပါတယ်။ ဒီကြားထဲမှာ နိုင်ငံရေးကို စစ်သား စစ်ဗိုလ်တွေကလာရောနေပြန်သလို၊ စစ်သားစစ်ဗိုလ်တွေကို နိုင်ငံရေးဇာတ်ဝင်အောင် သွင်းခဲ့တဲ့ နိုင်ငံရေးသမားတွေရဲ့ လုပ်ရပ်တွေကလည်း အတိတ်သမိုင်းမှာ ရှိနေပြီးဖြစ်ပါတယ်။

သူ့ကျွန်လက်အောက်က လွတ်ဖို့ ကျောင်းသားတွေဟာ နိုင်ငံရေးသမားဖြစ်လာတယ်။ စာပေသမား၊ စာရေးဆရာတွေက တော်လှန်ရေးသမားဖြစ်လာတယ်။ နိုင်ငံရေးသမားတွေက စစ်သားတွေ ပြန်ဖြစ်လာပြီး *(သခင်နိုင်ငံရေးသမားတွေ စစ်ပညာသင်သွားပြီး စစ်သားတွေ ဖြစ်ခဲ့တာကို ကြည့်)* စစ်သားတွေကလည်း နိုင်ငံရေးပြန်လုပ်လာကြတယ်။ *(စစ်သား စစ်ဗိုလ်တွေ ပါတီနိုင်ငံရေးလုပ်လာတဲ့ ဖြစ်ရပ်တွေကို ကြည့်)* ဘုန်းကြီးသံဃာတွေဟာ တော်လှန်ရေးသမားတွေ ဖြစ်လာတယ်။ (ဦးဥတ္တမနဲ့ ဦးဝိစာရကို ဥပမာကြည့်) မြန်မာ့နိုင်ငံရေးဟာ ရောစပ်တာတွေ၊ ရောကြော်တာတွေ များလို့ စုပေါင်းစပ်ပေါင်းတွေ၊ စပ်ထမီတွေ

ဖြစ်ကုန်ကြတာများပါတယ်။ ဒါဟာ ကောင်းသည်၊ ဆိုး၏ မပြောလို။ ပြောရမယ့် အကြောင်းလည်း မဟုတ်။ အကောင်းအဆိုး ဒွန်တွဲနေတဲ့ဖြစ်ရပ်တွေသာ ဖြစ်ပါတယ်။ အထူးသဖြင့် ဖိနှိပ်သူ ပြည်သူဘက်က ရပ်ခံပေးတဲ့ ဘယ်သူ့ကိုမဆို စစ်သားပဲဖြစ်ဖြစ်၊ နိုင်ငံရေးသမားပဲဖြစ်ဖြစ်၊ စာရေးဆရာပဲ ဖြစ်ဖြစ်၊ ပညာရှင်ကိုပဲ ဖြစ်ဖြစ်၊ ဘုန်းကြီးသံဃာကိုပဲ ဖြစ်ဖြစ်၊ တက်ကြွလှုပ်ရှားသူကိုပဲ ဖြစ်ဖြစ် .... သမိုင်းမှာ အကောင်း ဘက်က ရေးထွင်းခံကြရတာများပါတယ်။ ဖိနှိပ်တဲ့ယန္တရားရဲ့ လက်ကိုင်တုတ် အဖြစ်ခံလိုက်တဲ့ စာရေးဆရာ၊ ပညာရှင်၊ ဘုန်းကြီး၊ နိုင်ငံရေးသမား၊ စစ်သား... စသူတို့ကိုတော့ သမိုင်းမှာ အရိပ်မည်းထင်လာအောင် ရေးသား မှတ်တမ်းတင်ကြပါတယ်။



ဒီနေရာမှာ လူ့အဖွဲ့အစည်းဟာ တည်ငြိမ်အေးချမ်းပြီး သာယာစည်ပင်တဲ့ အနေအထားမျိုးမှာ ရှိနေခဲ့ရင်....

- ဘုန်းကြီး စစ်စစ်
- စစ်သား စစ်စစ်
- ကျောင်းဆရာ စစ်စစ်
- ပညာရှင် စစ်စစ်
- ကျောင်းသား စစ်စစ်
- စာရေးဆရာ စစ်စစ်
- ပညာရှင် စစ်စစ်
- နိုင်ငံရေးသမား စစ်စစ်

- ပရဟိတသမား စစ်စစ်
- အနုပညာသမား စစ်စစ်
- စီးပွားရေးသမား စစ်စစ်

စတဲ့… ဘယ်နယ်ပယ်နဲ့မှ မရောစပ်တဲ့ "စစ်စစ်သမား" တစ်ယောက်ဖြစ်နိုင်ပါတယ်။ သို့သော်လည်း တိုင်းပြည်က ကသောင်းကနင်းဖြစ်တဲ့အခါ၊ မဆိုင်သူတွေလည်း ဝင်ပါရ၊ ဝင်ကူရ၊ ဝင်ထမ်းရတာတွေ ရှိလာတယ်။ ကိုယ့်မျက်စိအောက်မှာ မတရားတာ၊ ဖိနှိပ်တာ၊ ညှင်းဆဲတာ၊ သတ်ဖြတ်တာ၊ ခေါင်းပုံဖြတ် အမြတ်ထုတ်တာ… စတာတွေကို မြင်လွန်းမက မြင်လာရတဲ့အခါ၊ ကိုယ်ထိုင်နေတဲ့ထိုင်ခုံဆိုတာကို ဖယ်လိုက်ရပါတယ်။

ဘုန်းကြီးလည်း ဘုန်းကြီး အလုပ် ဘုန်းကြီး မလုပ်ရ။ တိုင်းရေးပြည်ရေး လူထုအရေးမှာ ဝင်ပါရ။ ဒီတော့ ဘုန်းကြီးတွေဟာ တော်လှန်ရေးသမားတွေ ဖြစ်လာ၊ နိုင်ငံရေးဘုန်းကြီးတွေ ဖြစ်လာ။

- ပရဟိတသမားတွေလည်း ထိုနည်းလည်းကောင်း။
- စာရေးဆရာတွေလည်း ထိုနည်းလည်းကောင်း။
- ပညာတတ်တွေလည်း ထိုနည်းလည်းကောင်း။
- ဝန်ထမ်းတွေလည်း ထိုနည်းလည်းကောင်း။
- အနုပညာသမားတွေလည်း ထိုနည်းလည်းကောင်း။
- ကျောင်းဆရာလည်း ထိုနည်းလည်းကောင်း။
- စီးပွားရေးသမားလည်း ထိုနည်းလည်းကောင်း။
- အင်ဂျင်နီယာလည်း ထိုနည်းလည်းကောင်း။
- ဆရာဝန်လည်း ထိုနည်းလည်းကောင်း။

ဒီတော့ မြန်မာပြည်မှာ စစ်စစ်ဆိုတဲ့အရာတွေ အတော်ရှားလာတယ်။ ဘာလို့လဲဆိုတော့၊ မြန်မာ့ရေခံမြေခံဟာ စစ်စစ်ဆိုတာတွေကို ရှင်သန်ကြီးထွားခွင့် မပေးလို့ဖြစ်တယ်။ တိုင်းပြည် မတည်ငြိမ်တဲ့အခါ၊ တိုင်းပြည် ကသောင်းကနင်း ဖြစ်တဲ့အခါ၊ တိုင်းပြည်မှာ မတရားမှု ကြီးစိုးတဲ့အခါ… ကိုယ့်အလုပ်ကို ကိုယ် အေးအေးဆေးဆေး လုပ်မနေနိုင်ကြတော့ဘူး။ ကိုယ်နဲ့ မဆိုင်တဲ့ နိုင်ငံရေးမှာ ဝင်ပါရ။ ဒီလိုနဲ့ ပရော်ဖက်ရှင်နယ်လစ်ဇင်ဟာ မြန်မာ့မြေမှာ ပျက်သုဉ်း။

- တကယ်တော့ တိုင်းပြည်တွင်းမှာ ဓနဥစ္စာအရ မျှခြေညှိနိုင်မယ်ဆိုရင် တိုင်းပြည်ဟာ ကမောက်ကမ ဖြစ်လာမယ် မထင်ဘူး။
- တကယ်တော့ တိုင်းပြည်အတွင်းမှာ အာဏာမျှခြေညှိနိုင်မယ်ဆိုရင် တိုင်းပြည်ဟာ ကသောင်းကနင်း ဖြစ်လာမယ် မထင်ဘူး။

တိုင်းပြည် တည်ငြိမ်ဖို့အတွက် တစ်ဖက်စောင်းနင်းတွေ ဖြစ်လို့ မရဘူး။ ဓနဥစ္စာအရ၊ အာဏာခွဲဝေမှုအရ၊ အာဏာလက်ကိုင်ထားမှုအရ၊ အခွင့်အရေးအရ… တန်းတူညီမျှစွာ ရပိုင်ခွင့်ရှိထားရမှာ ဖြစ်ပါတယ်။ ဒီလို

ဝန်းကျင်မျိုး မဖြစ်ထွန်းတဲ့အခါမှာ၊ အားလုံးဟာ ကိုယ့်အလုပ်ကို ကိုယ်မလုပ် ရတော့ဘူး။ မဆိုင်တာတွေ ဝင်ပါရတော့ အားလုံး ဖြလရမ်းကြီးကို ဖြစ်လို့။

ဒဂုန်တာရာ၏ စာလုံး ဆေးစက်

ဒဂုန်တာရာက နိုင်ငံရေးသမားနဲ့ စာရေးဆရာကို အခုလို သရုပ်ခွဲပြခဲ့ဖူးပါတယ်။

- စာရေးဆရာကား နူးညံ့သိမ်မွေ့သည်။ ဝေဒနာခံစားမှု ထက်မြက်သည်။ ဆွတ်ပျံ့သည်။ တစ်စုံတစ်ရာကို စိစစ်ဝေဖန်တွေးခေါ်ပြီးမှ လက်ခံတတ်သည်။ နိုင်ငံရေးသမားသည် မှားလျှင် ပြင်မည်ဟူသော သဘော ထားနှင့် တိုးလုပ်တတ်သည်။ စာရေးဆရာကား အမှားနည်းရန် ကြိုးစားသည်။ သစ္စာတရားကို ရှာဖွေသည်။ အဖြူပေါ် အမည်းတင်၍ ကမ္ပည်းထိုးထားရသူဖြစ်ရာ သတိကြီးစွာ ထားသည်။ ထို့ကြောင့် တစ်ခါတရံ နိုင်ငံရေးသမားနှင့် စာရေးဆရာသည် မသင့်မတင့်ဖြစ်တတ်သည်။ ပဋိပက္ခဖြစ်တတ်သည်။ သို့ဖြစ်ရာ နိုင်ငံရေးသမားနှင့် စာရေးဆရာသည် တူသည်။ မတူ.....။ (ဒဂုန်တာရာ၊ စာလုံး ဆေးစက် စောင်းကြိုးနှင့် ကတ္တိပါကားလိပ် - မှ /)

ဒဂုန်တာရာ့ ရေးသားချက်၊ သဘော အနက်ကို ကွဲကွဲပြားပြား နားလည်နိုင်မယ်လို့ ယူဆပါတယ်။ စာရေးဆရာ နဲ့ နိုင်ငံရေးသမား ကဲ့သို့၊ ပညာရှင်နဲ့ စာရေးဆရာသည် တူသည်...၊ မတူ...။ ဘယ်လို ဘယ်ကဲ့သို့နည်း။

နိုင်ငံရေးစာရေးဆရာ ကျော်ဝင်း၏ အမှာစာ တစ်ခုမှ...

တဖန် စာရေးဆရာလည်း ဟုတ်၊ ဘာသာပြန်ဆရာလည်း ဟုတ်၊ နိုင်ငံရေးသုတေသီတစ်ဦးလို့လည်း ပြောနိုင်၊ နိုင်ငံရေးလှုပ်ရှားမှုနဲ့ လက်နက်ကိုင်တော်လှန်ရေးမှာ တောခိုခဲ့ဖူးသူလည်း ဖြစ်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီဝင် ဖြစ်ခဲ့ဖူးသူ နိုင်ငံရေးသုံးသပ်ချက် ဆောင်းပါးတွေ အများအပြား ရေးခဲ့တဲ့ ကျော်ဝင်းရဲ့ စာအုပ်အမှာစာ တစ်ခုထဲမှာ ကောက်နုတ်ပြချင်ပါတယ်။

- စာရေးသည့်အလုပ်မှာ စာရေးသူ၏ လက်တွဲဖော် အိမ်ထောင်ဘက်ဟု ယူဆလျှင်၊ နိုင်ငံရေးမှာ တသသ စွဲကျန်ရစ်ဆဲ အချစ်ဦး... ဟု ဆိုရမည် ထင်ပါသည်။ ဆယ်ကျော်သက်သာသာ အရွယ်မှ အသက်လေးဆယ် ကျော်အထိ၊ နိုင်ငံရေးနှင့် ပူးတုံခွာတုံ ရှိခဲ့သော်လည်း၊ စာရေးသူ နိုင်ငံရေးသမား မဖြစ်ခဲ့ပါ။ သို့နှင့်တိုင် နိုင်ငံရေးကို မမေ့။ မေ့ရက်စရာကလည်း မရှိ..... *(ကျော်ဝင်း၊ ၂၀၁၂ ၊ မြန်မာ့နိုင်ငံရေးနှင်းခဲပျော်ချိန် ထိုသုံး နှစ် စာအုပ်အမှာစာ မှ /)*

အတိတ်သမိုင်းကို ကြည့်ရင်လည်း နိုင်ငံရေးမှာ ထဲထဲဝင်ဝင် ဦးဆောင်လုပ်ခဲ့သူတိုင်းဟာ စာရေးဆရာတွေ ဖြစ်ခဲ့ ကြောင်း သက်သေပြနိုင်ပါတယ်။ ဦးဖိုးကျား၊ သခင်ဘသောင်း၊ ဦးနု၊ ဦးသန့်၊ သိန်းဖေမြင့်၊ မြသန်းတင့်၊ ဗန်းမော်တင်အောင်၊ ဗိုလ်မှူးချစ်ကောင်း၊ သခင်စိုး၊ သခင်သန်းထွန်း... အစရှိသဖြင့်။

မြန်မာပြည်မှာ စာပေနဲ့ နိုင်ငံရေးဟာ ခွဲလို့မရ။ အထူးသဖြင့် လူထုအပေါ် ကလောင်ဩဇာကြီးမားခဲ့သူတိုင်းဟာ နိုင်ငံရေးနဲ့ တနည်းမဟုတ် တနည်း ပတ်သက်နေကြသူတွေချည်းသာ။ ယခင်က လူထုဦးလှ၊ ဂျာနယ်ကျော် ဦးချစ်မောင်နဲ့ ဒီဘက်ခေတ် ဟံသာဝတီဦးဝင်းတင် တို့ကို ဥပမာကြည့်နိုင်ပါတယ်။ ထားတော့။

တက္ကသိုလ်ဘုန်းနိုင်

တက္ကသိုလ် ဘုန်းနိုင်ဟာ ထင်ရှားတဲ့စာရေးဆရာကြီး တစ်ယောက်ဖြစ်ပါတယ်။ စာရေးဆရာ တစ်ယောက်ရဲ့ စရိုက်သကန်ကို ဖော်ထုတ်နိုင်မယ့် အချက်ကို တက္ကသိုလ် ဘုန်းနိုင်ဆီကနေ ထုတ်နှုတ်ချင်ပါတယ်။ တက္ကသိုလ်ဘုန်းနိုင်ရဲ့ စာအုပ်တိုင်း လိုလိုရဲ့ ရှေ့ဆုံးမှာ အမြဲတမ်းလိုလို ထည့်သွင်းဖော်ပြတဲ့ တက္ကသိုလ်ဘုန်းနိုင်ရဲ့ စာဖတ်သူအတွက် သဘောထားဖြစ်ပါတယ်။ ဤသို့ ဖြစ်၏...

- ငါ့စာဖတ်၍
- မမြတ်တိုင်စေ ၊ မရှုံးစေသား
- ပျင်းပြေနှစ်ခြိုက် ၊ တွေးဖွယ်ထိုက်ရာ
- တစ်ပိုဒ်တစ်လေ ၊ တွေ့ငြားပေမူ
- စာပေကျေးကျွန် ၊ ငါဝတ်ပွန်ပြီ
- ငါ မွန် အမြတ် ၊ ငါ အတတ် ဟု
- စာဖတ်သူပေါ် ၊ ခေါင်းကိုကျော်၍
- ငါသော်ဆရာ မလုပ်ပါတည်း.....

တက္ကသိုလ်ဘုန်းနိုင်ရဲ့ စာအုပ်တစ်အုပ်အုပ်ဖြစ်ဖြစ် ဖတ်မိရင်၊ ဒီစာလေးကို ဖတ်မိပါလိမ့်မယ်။ တက္ကသိုလ်ဘုန်းနိုင်ဟာ တက္ကသိုလ်ကျောင်းဆရာ တစ်ယောက်ဖြစ်ပါတယ်။ ကိုလံဗီယာတက္ကသိုလ်ကနေ မဟာဝိဇ္ဇာဘွဲ့ကိုယူခဲ့တဲ့ ပညာတတ်တစ်ယောက်ဖြစ်ပါတယ်။ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်ကောလိပ်တို့မှာ စိတ်ပညာဌာနမှူး၊ ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်တာဝန်တွေအထိပါ ယူခဲ့သူဖြစ်ပါတယ်။ စာပေသဘောတရား သီအိုရီတွေနဲ့ပတ်သက်ရင်လည်း ပညာရပ်ဆိုင်ရာစာတွေ ရေးသားခဲ့ပါတယ်။ သို့သော် တက္ကသိုလ်ဘုန်းနိုင်ကို ကျနော်ဟာ ပညာရှင်အဖြစ် မယူလို၊ စာရေးဆရာ အဖြစ် ယူလိုပါတယ်။ တက္ကသိုလ်ဘုန်းနိုင်ဟာ စိတ်ပညာမှာ ပညာရှင်တစ်ယောက်သဖွယ် တတ်သိနားလည်သူ ဖြစ်မယ်လို့ ယုံကြည်သော်ငြားလည်း တက္ကသိုလ်ဘုန်းနိုင်ရေးသားတဲ့စာပေအများစုဟာ စာရေးဆရာကြီး တစ်ယောက်အဖြစ် မှတ်တမ်းတင်မှ ပိုကိုက်ညီမယ်လို့ ထင်ပါတယ်။ ဒီတော့ တက္ကသိုလ်ဘုန်းနိုင်ရဲ့ စာအုပ်ရှေ့မှာ အမြဲ ပါရှိတဲ့ ကဗျာချိုးကလေးဟာ စာရေးဆရာရဲ့ ခံယူချက်အဖြစ် ပမာမှတ်ယူနိုင်ပါတယ်။

စာရေးဆရာ တစ်ယောက်ဟာ ဘယ်လိုသဘောထား ရှိပါသလဲ။

ဒဂုန်တာရာဆီက ကောက်ချက်လို…၊ စာရေးဆရာဟာ နူးညံ့တယ်၊ သိမ်မွေ့တယ်။ ဝေဒနာခံစားမှု ထက်မြက်တယ်။ ဆွတ်ပျံ့တယ်။ အမှားနည်းအောင် ကြိုးစားတယ်၊ သစ္စာတရားကို ရှာဖွေတယ်၊ အဖြူပေါ် အမည်း တင်ရတဲ့အလုပ်ကို လုပ်ရသူဖြစ်လို့ သတိကြီးစွာ ထားလေ့ရှိတယ်။

တက္ကသိုလ်ဘုန်းနိုင်ရဲ့ ကဗျာချိုးမှာ ပါတဲ့ စကားလုံးအနက်ကို ကောက်ရင် … ငါ့စာဖတ်၍ မမြတ်သည့်တိုင် အရှုံးမရှိ စေရလို့ အာမခံထားတာတွေ့ရပါတယ်။ ဒါဟာ စာရေးဆရာဟာ သူရေးတဲ့စာပေအပေါ် ထားတဲ့ သူ့ရဲ့ ယုံကြည်ချက် ဒီဂရီကို ပြနေပါတယ်။ မရှုံးစေရဘူး…ဆိုတဲ့ အာမခံချက်ဟာ၊ စာရေးဆရာရဲ့ ပညာဝမ်းစာနဲ့ အနုပညာ ဖန်တီးမှုအပေါ် ကိုယ့်ကိုယ်ကို ယုံကြည်ချက်ကို ဖော်ပြထားသလို ဖြစ်ပါတယ်။ နောက်ပြီး စာရေးဆရာက သူ့တာဝန်ကို သူ ဖော်ပြထားပါတယ်။ စာရေးဆရာဟာ တွေးစရာကိုလည်း ရေးတတ်တယ်၊ နှစ်လိုဖွယ်ရာဖြစ်အောင်လည်း ရေးသားတတ်တယ်၊ အသိတစ်စုံတစ်ရာ ပေးဖို့လည်း ရေးသားတတ်ပါတယ်။ ဒီတော့ စာရေးဆရာက အခုလို…၊ အပျင်းပြေပဲ ဖြစ်ဖြစ် ဖတ်လို့ သဘောကျ နှစ်ခြိုက်ရင်သော်လည်းကောင်း၊ ဖတ်လိုက်တဲ့ စာတစ်ပိုဒ်တစ်လေမှာ တွေးစရာလေး တစ်ခုခု ရရင်သော်လည်းကောင်း သူ့တာဝန် ကျေပါပြီတဲ့။ ဆိုလိုချင်တာက တွေးချင်လိုပဲဖတ်ဖတ်၊ အပျင်းပြေပဲ ဖတ်ဖတ် ဘယ်လိုဖတ်ဖတ် ဖတ်နိုင်ပါတယ်ဆိုတဲ့သဘော။ ဖတ်လို့ စိတ်အာသာပြေလိုက်တယ်ဆိုရင်ပဲ၊ သူ့ရေးသားရကျိုးနပ်ပါတယ်။ သိပ်ကြီးကြီးမားမားကြီး မျှော်လင့် မထားတဲ့သဘော။ ကြိုးစားမှုမှာ ယုံကြည်ချက် တောင့်တင်းပြီး၊ ကြိုးစားမှုက ထွက်လာမယ့် ရလဒ်ကိုတော့ ရောင့်ရဲ တဲ့သဘောကို တွေ့ရပါတယ်။ ဒါဟာ စာရေးဆရာ တစ်ယောက်ရဲ့ အစ္စတ အမှန်ဖြစ်နိုင်ပါတယ်။

နောက်ဆုံးတစ်ခုက… စာရေးဆရာဟာ သူ့ကိုယ်သူ နှိမ့်ချထားတာဖြစ်ပါတယ်။ စာရေးဆရာဟာ ပညာတတ်တစ် ယောက်ဖြစ်ပေမယ့်၊ ပညာမာန မထား။ စာရေးဆရာက ရာထူးဌာနန္တရနဲ့ တာဝန်ကြီးကြီး ထမ်းရသူဖြစ်ပေမယ့် ဗြူရိုကရက်စရိုက် မရှိ။ ကိုယ့်ကိုယ်ကို နှိမ့်ချထားတာတွေ့ရပြန်ပါတယ်။ စာဖတ်သူက စာရေးဆရာရေးတဲ့စာကို ဖတ်နေရသော်ငြားလည်း၊ စာရေးဆရာဟာ ငါ သိ ငါတတ် မလုပ်ပါ၊ စာဖတ်သူကို နှိမ့်ချ၊ သူ့ကိုယ်သူ မြှင့်တင်တာမျိုးလည်း မလုပ်ပါ။ အထူးသဖြင့် စာရေးဆရာဟာ စာဖတ်သူကို ဆရာ မလုပ်ပါ။ ဒါဟာ တကယ့် စာရေးဆရာရဲ့ စရိုက်လို့ ယူဆပါတယ်။

စာရေးဆရာနဲ့ ပညာရှင် တူ ၊ မတူ။

မြန်မာပြည်မှာ ပညာရှင် စစ်စစ်ဆိုတာ အတော်ရှားသွားပြီ။ စာရေးဆရာ စစ်စစ်တွေကတော့ ရှိသင့်သလောက် ရှိနေပါသေးတယ်။ သို့သော်လည်း စာရေးဆရာနဲ့ ပညာရှင်သဘောဟာ ပူးတုံ့ခွာတုံ့။ အကယ်ဒမစ်မှာ ပေါက်မြောက်သူတွေ စာရေးလာကြတဲ့အခါ၊ ပညာရပ်ဆိုင်ရာ လေ့လာမှု အကျိုးက စာပေမှာ လာထင်ဟပ်လို့ သိပ် အကျိုးရှိတယ်လို့ ထင်ပါတယ်။ သို့သော်လည်း ပညာရပ်ဆိုင်ရာ ရေးသားရာမှာ စာရေးဆရာ ခံတတ်ခံနဲ့ ခံစားချက်ကို ထည့်သွင်းလိုက်တဲ့အခါ၊ ဂတိကို မပယ်နိုင်ဖြစ်ပြီး ပညာရပ်တန်ဖိုး လျော့ကျတာတွေ့ရပါတယ်။ ဒီတော့ တခါတရံ စာရေးဆရာနဲ့ ပညာရှင်သည် တူ ၊ မတူ။

ဒေါက်တာသန်းထွန်း

ပညာရှင်စစ်စစ်ညဉ် အပြည့်ရှိသူလို့ ပြောမယ်ဆိုရင် ကျနော်ဟာ ဒေါက်တာသန်းထွန်းကို ဥပမာထားချင်ပါတယ်၊ စံနမူနာထားချင်ပါတယ်။ တကယ်တော့ ဒေါက်တာသန်းထွန်းဟာ လူငယ်အရွယ်မှာ နိုင်ငံရေးလှုပ်ရှားမှုနဲ့ ကင်းခဲ့သူ မဟုတ်ပါ။ သူ့မွေးရပ်ဇာတိ ငါးသိုင်းချောင်းမှာ အာရှလူငယ်အစည်းအရုံး အတွင်းရေးမှူး လုပ်ခဲ့ဖူးတယ်။ ဖက်ဆစ်တော်လှန်ရေးမှာ ငါးသိုင်းချောင်းနယ် နိုင်ငံရေးခေါင်းဆောင် လုပ်ခဲ့ဖူးတယ်။ စစ်ပြီးစ ငါးသိုင်းချောင်း ဖဆပလ ဥက္ကဋ္ဌ၊ ၁၉၄၇ ခုနှစ် ဗကသညီလာခံမှာ ဗကသ ဥက္ကဋ္ဌ အဖြစ် ရွေးချယ်ခံရ၊ ဒီတော့ ဒေါက်တာသန်းထွန်း ဟာ ခေတ်က ပေးတဲ့တာဝန်ဖြစ်တဲ့ အမျိုးသားရေးတာဝန်ကို နိုင်ငံရေးဘက်မှာ ဝင်ထမ်းခဲ့ဖူးသူပဲ။ ဒါပေမယ့် နောက်တော့ သူ နိုင်ငံရေးကို စွန့်ခွာတယ်။ ကျောင်းဆရာ လုပ်တယ်၊ သုတေသီဖြစ်လာတယ်။ နောက်တော့ သမိုင်းစာတမ်းတွေ ရေး၊ သမိုင်းသုတေသနတွေ တစိုက်မတ်မတ်လုပ်ရင်း အကယ်ဒမစ်မှာ ပေါက်မြောက်လာပြီး ပညာရှင်တစ်ယောက်ဖြစ်လာတော့တာပဲ။ ဒေါက်တာသန်းထွန်းမှာ သုတေသီဓာတ်ခံ အပြည့်အဝ ရှိတယ်လို့ ထင်ပါတယ်။ ဒေါက်တာသန်းထွန်း နိုင်ငံရေးနယ်ထဲ မသွားဘဲ၊ မရောက်ဘဲ၊ ပညာရပ်ဆိုင်ရာနယ်ပယ်ကို ရောက်လာတာဟာ နိုင်ငံ့အတွက် သိပ်ကို အဖိုးတန်တယ်၊ တန်ဖိုးရှိတယ်လို့ ထင်ပါတယ်။

ရဲဘော်ချမ်းအေး

ဒေါက်တာသန်းထွန်း ဇာတ်ကြောင်းနဲ့ နည်းနည်း မတူတာကတော့၊ မောင်စူးစမ်း (ခေါ်) ရဲဘော်ချမ်းအေး။ တကယ်တော့ မောင်စူးစမ်းဟာ ကွန်မြူနစ်တစ်ယောက်။ နိုင်ငံရေးဖြတ်သန်းမှု အဟုန်ကြီးခဲ့သူ။ မောင်စူးစမ်းဟာ ဘောဂဗေဒမှာ သိပ်ထူးချွန်တယ်။ ဘယ်သူမှ ဘာသာမပြန်နိုင်တဲ့ မာ့(က်)စ်ဘောဂဗေဒကို ဘာသာပြန်နိုင်ခဲ့တဲ့သူ။ ရန်ကုန်တက္ကသိုလ်မှာ ဘောဂဗေဒနဲ့ပတ်သက်ပြီး သင်ရိုးပြဋ္ဌာန်းစာအုပ်တချို့ကို ရေးပေးခဲ့သူက မောင်စူးစမ်း။ သို့ပေမယ့် မောင်စူးစမ်းဟာ ဘောဂဗေဒမှာ ပြည်ပပညာတော်သင် အခွင့်အရေးကို ငြင်းခဲ့ပြီး တောခို လက်နက်ကိုင် ခဲ့သူ။ တောခိုလက်နက်ကိုင်ပြီး တော်လှန်ရေးသမား၊ နိုင်ငံရေးသမားဖြစ်ခဲ့ပေမယ့် ပညာရှင်စိတ်အခံ မပျောက်ခဲ့သူ။ မောင်စူးစမ်းဟာ ပညာရှင်တစ်ယောက်ဖြစ်မလာ၊ သုတေသီတစ်ယောက်ဖြစ်မလာ။ နိုင်ငံရေးဘောဂဗေဒဆိုင်ရာ ဆန်းစစ်ချက်တွေ လုပ်နိုင်စွမ်း ရှိတဲ့ ပညာရှင်လိုတော်သော နိုင်ငံရေးသမားသာ ဖြစ်ခဲ့တယ်။ ပညာရှင်လိုတော်သော စာရေးဆရာ သာ ဖြစ်ခဲ့တယ်။ ဒေါက်တာသန်းထွန်းလို မောင်စူးစမ်းသာ နိုင်ငံရေးနဲ့ တောခိုခြင်းကို မရွေးချယ်ဘဲ၊ ဘောဂဗေဒ အကယ်ဒမစ်နယ်ကိုရွေးချယ်ခဲ့ရင် ဘယ်လောက် အကျိုးများလိုက်မလဲ။ မောင်စူးစမ်းရဲ့ စာပေတွေက အကျိုးများသင့်သလောက် များခဲ့ပါတယ်။ သို့သော် ကျနော့်သဘောအရ ဒီ့ထက် ပိုသင့်တယ်။ မောင်စူးစမ်း (ခေါ်) ရဲဘော်ချမ်းအေးဟာ သုတေသီအဖြစ် အကယ်ဒမစ်နယ်ကို ရွေးချယ်ခဲ့ရမှာ။

ဒေါက်တာသန်းထွန်းရဲ့ ပညာရှင်စိတ်ဓာတ်၊ သုတေသီစစ်စစ် တစ်ယောက်ရဲ့ ကျင့်ဝတ်၊ သဘောထားအမြင်တွေကို ထပ်ပြောချင်ပါတယ်။ အထူးသဖြင့် ဒေါက်တာသန်းထွန်းကိုယ်တိုင် ရေးတဲ့ ငါပြောချင်သမျှ ငါ့အကြောင်း စာအုပ် မှာ ဒေါက်တာသန်းထွန်းရဲ့ ပွင့်လင်းတဲ့ ဒိုးဒိုးဒေါက်ဒေါက် အရေးအသားတွေကြောင့်၊ ဒေါက်တာသန်းထွန်းရဲ့ အရှုတဟာ ထင်ရှားနေပါတယ်။ တချို့သော ကောက်ချက်သဘောထားတွေက အခုလို....။

- ငါ စာရေးဆရာ မဟုတ်။
- "…စာရေးဆရာလို့ နာမည်မခံပါ၊ ငါ့ကို စာရေးဆရာ စာရင်းထဲ ထည့်ထားတာလည်း မှားတယ်"
- နယ်လှဲ့ရာဇဝင် စာအုပ် အဖုံးမှာ - ဒီစာအုပ် ဖတ်ကောင်းရမယ်လို့ အာမ မခံ…။ တဲ့
- "… ကျွန်တော် အတိုအထွာ မရေးဘူး…."
- ငါ ရေးတဲ့ ခေတ်ဟောင်း မြန်မာရာဇဝင်ကို မွန်ဘိုကေက "ခင်ဗျားစာအုပ် ပြည်သူလူထုလက်ထဲ မရောက်" လို့ ပြောတဲ့အခါ "အဲဒါက လူထုလက်စွဲ မဟုတ်"လို့ ငါဖြေခဲ့တယ်။
- မိမိကိုယ်ကို မိမိ မိတ်ဆက်တဲ့အခါ ကျွန်တော် ဦးသန်းထွန်းလို့ မပြောပါ။ သန်းထွန်းလို့ပဲ ပြောတယ်။ သန်းထွန်းရေးတယ်ဆိုပြီး ရှေ့က ဂုဏ်ထူးတွေ မပါဘဲ ပြောတယ်၊ ရေးတယ်။ အဲဒါကို အယ်ဒီတာတွေက ရေးသူ ပါမောက္ခ ဒေါက်တာဦးသန်းထွန်းလို့ ပြင်ဆင်ဖြည့်စွက်နေကြတာဖြစ်ပါတယ်။ တကယ်တော့ ပြောသလို မရေးဝံ့တဲ့လူက များတယ်။
- စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်က - အနော်ရထာ စာအုပ်ကို ရေးတယ်။ ဒေါက်တာသန်းထွန်းနဲ့ ဗိုလ်မှူး ဘရှင်ကို တိုင်ပင်တယ်လို့ နိဒါန်းမှာ ရေးတယ်။ ဒေါက်တာသန်းထွန်းပေးတဲ့ မှတ်ချက်ကို ကြည့်ပါ။
- "… အဲဒါတွေဟာ ပုံပြင်၊ အထောက်အထား မရှိ ၊ မရေးပါနဲ့ …" ဆိုတာကို နားမထောင်ပါ။ "စိတ်ကူးများရင် သမိုင်းမဟုတ်၊ သမိုင်းဟုတ်ရင် စိတ်ကူး မပါ"၊ မှန်နန်းထဲမှာပဲ ရုပ်ရှင်ရိုက်ဖို့ ဇာတ်ညွှန်းက ရေးပြီးသား ပါနေတယ်။ ဒါမျိုး ငါတို့ မသုံး….တဲ့။
- စာကို မပြတ်ရေးနေတယ်၊ သုတေသနလုပ်လို့ အသစ်တွေ့တဲ့အချက်ကို မပြောခဲ့ မရေးခဲ့ရင် ကိုယ်ရှာဖွေ တွေ့ရှိထားတဲ့အသိသစ်ကို ကိုယ်သေတဲ့အခါ ဘယ်သူမှ ဆက်မသုံးနိုင်ဘဲ ဖြစ်မယ်။ အသိသစ် ရှာတဲ့အခါ နောင်လူနောင်သားတွေအတွက် စေတနာထားပြီး လုပ်တာ မဟုတ်ပါ။ သူများ မသိသေးတာ ငါသိတယ်.. ဆိုတဲ့ ကျေနပ်ချက်က ရှေ့ဆောင်တယ်။ တစ်ကိုယ်ကောင်းစိတ်ဓာတ်ထားတယ်လို့ ဆိုရပါမယ်။
- ရေးပြီးတဲ့ စာအရေအတွက်အပေါ်မှာ ဂုဏ်မယူပါ။ ကိုယ်အထူးပြုလေ့လာတဲ့ ဘာသာရပ်မှာ တစ်ကမ္ဘာလုံးက အရင် ဘယ်သူမှ မပြောသေးတာ၊ မသိသေးတာကို ရှာပြဖို့ ကြိုးစားပါတယ်။ ရှာရတဲ့အခါ ကျန်ရစ်အောင် စာနဲ့ ရေးခဲ့ပါတယ်။
- အသိသစ် အတွေးသစ် ပေးစရာ မရှိရင် စာအုပ်သစ် မရေးနဲ့…။ တဲ့
- "… အချုပ်ကတော့ ငါ စာရေးဆရာ မဟုတ်၊ ကျောင်းဆရာလား မေးရင်လဲ အဲဒါက ကာဗာစတိုရီ (Cover story) ပါ၊ ကျောင်းဆရာက ဗန်းပြ၊ တကယ်လုပ်တာက သုတေသန"

ဒေါက်တာသန်းထွန်းက ဟန်မဆောင်ပါ။ သူများတကာ အထင်သေးခြင်း၊ အထင်ကြီးခြင်းကိုလည်း အလိုမရှိပါ။ ဒီတော့ ရှင်းရှင်းနဲ့ ဘွင်းဘွင်းပဲ ပြောပါတယ်။ လုပ်နေတာ တက္ကသိုလ်ကျောင်းဆရာ ဖြစ်ပေမယ့်၊ ကျောင်းဆရာကို ဟန်ပြလို့ ပြောတယ်၊ ဗန်းပြထားတာလို့ ပြောတယ်။ တကယ်လုပ်ချင်လို့ လုပ်နေတာက သုတေသန။ စာသင်တာကိုလည်း အချိန်ကုန်တယ်လို့ ပြောဖူးတယ်။ စာသင်ချင်တဲ့လူမျိုး မဟုတ်ဘူး။ သုတေသနပဲ အမြဲတမ်း လုပ်ချင်နေတဲ့ သမိုင်းသုတေသီ။ သမိုင်းပညာရှာ။ သုတေသနကိုလည်း အဖြစ်လုပ်တာ မဟုတ်။ တွေ့ရှိချက် အသစ် (new findings) ကို ရှာတယ်။ အသစ်ကို ရှာလို့ တွေ့ရင် စာရေးတယ်။ နောက်လူ ဆက်သုံးနိုင်အောင် ပုံနှိပ်ဖော်ပြဖို့

ကြိုးစားတယ်။ ဂျာနယ် မဂ္ဂဇင်း စာစောင်တွေမှာ သူတို့ အာဘော်နဲ့ ကိုက်ကိုက် မကိုက်ကိုက် ဒေါက်တာသန်းထွန်း သုတေသန တွေ့ရှိချက် ဆောင်းပါး စာတမ်းတွေ ဖော်ပြတာတွေ့ရတယ်။ လူအများ ဖတ်ဖို့ မရည်ရွယ်။ သုတေသန တွေ့ရှိချက် ဆောင်းပါး၊ စာတမ်းဟာ လူထု အပျင်းပြေဖတ်ရတဲ့စာမျိုးလို့ မယူဆ။ ဒါ့ကြောင့် သိချင်သူ ကြိုးစားဖတ် လိမ့်မယ်။ ငါကတော့ တွေ့ရှိချက်ကို အထောက်အထား ခိုင်ခိုင်လုံလုံလို့ အဖြစ်အပျက် အကြောင်းအကျိုး ဆက်စပ် တင်ပြဖို့ တာဝန်သာ ရှိတယ်။ အရေးအသား ချောခြင်း မချောခြင်း၊ ဖတ်ကောင်းခြင်း မကောင်းခြင်းကို အာမ မခံ။ ပညာရပ်ဆိုင်ရာစာဟာ ဖြေဖျော်ရေးစာမဟုတ်... ဆိုတဲ့ သဘောထားတွေကို ဒေါက်တာသန်းထွန်းဆီမှာ တွေ့ရတယ်။

ဒေါက်တာသန်းထွန်းစာအုပ် အများစုမှာ သန်းထွန်းရေးတယ်၊ သန်းထွန်း - မြန်မာပြန်တယ် ဆိုတာတွေပဲ ဖော်ပြ တယ်။ ဒေါက်တာသန်းထွန်း၊ ပါမောက္ခ ဒေါက်တာသန်းထွန်း ဆိုတာတွေ မတွေ့ရ။ တွေ့ရင်လည်း ဒေါက်တာ သန်းထွန်း အလိုကျ မဟုတ်။ စာအုပ်ထုတ်သူတွေက သူ့ဘာသာသူ ဖြည့်စွက် ထည့်တာ။ နောက်ဆုံးတစ်ချက်က... သမိုင်း သုတေသနအပေါ်မှာ သစ္စာ ရှိတာ။ သုတေသီစစ်စစ်တစ်ယောက်ရဲ့ ကျင့်ဝတ် အပြည့်ရှိတာ။ ဂုဏ်မလိုက် တာ။ ဒေါ်ခင်မျိုးချစ်ရဲ့ အနော်ရထာစာအုပ်မှာ အထောက်အထားမဲ့ ပုံပြင်လို အကြောင်းအချက်တွေ ပါနေလို့ မှတ်ချက်ခပ်ကြမ်းကြမ်းပေးတာကို ကြည့်ပြီး သိနိုင်တယ်။ အသိသစ် ရှာတဲ့အခါ နောင်လူနောင်သားတွေအတွက် စေတနာထားပြီး လုပ်တာ မဟုတ်ပါ။ သူများ မသိသေးတာ ငါသိတယ်.. ဆိုတဲ့ ကျေနပ်ချက်က ရှေ့ဆောင်တယ်။ တစ်ကိုယ်ကောင်းစိတ်ဓာတ်ထားတယ်လို့ ဆိုရပါမယ်.... ဆိုတဲ့ စကားကို ထောက်ကြည့်ရင်၊ ငါ လုပ်ချင်လို့ လုပ်နေတဲ့ သုတေသန။ ငါ့ဘာသာ ကြိုးစားလုပ်တယ်။ လုပ်တဲ့အခါမှာလည်း အသိသစ်ကို ရှာတယ်။ အသိသစ်ကို ရှာတဲ့အခါမှာလည်း ငါ မရှိလို့ နောက်မျိုးဆက်အတွက် ဘာညာဆိုတဲ့ ကြားကောင်းတဲ့ ဂုဏ်ရည်သွေးမှုမျိုး မရှိ။ ငါ ရှာထားတယ်၊ ငါတွေ့ထားတယ်၊ ငါ ဖော်ပြခဲ့တယ်၊ လိုချင်တဲ့သူ ရှာဖတ်လိမ့်မယ်၊ ငါကတော့ ငါ့အလုပ် ငါ ကောင်းကောင်း လုပ်ခဲ့တယ်၊ ငါလုပ်သလို လုပ်ချင်ရင်လည်း လုပ်ခဲ့ကြ၊ မလုပ်ရင်လည်း နေကြ....ဆိုတဲ့ ကင်းပြတ်ပြတ် စိတ်ဓာတ်ကို တွေ့ရတယ်။

အလုပ်နဲ့ပတ်သက်ပြီး သံယောဇဉ် အရှည်ကြီး နှောင်ကြိုးထားခဲ့တာမျိုး၊ ကြီးကြီးကျယ်ကျယ် နောက်မျိုးဆက် အတွက် ဘာအတွက်ဆိုပြီး အလုပ်တွေ သဲကြီးမဲကြီးလုပ်နေတာကို ဂုဏ်ဆာနေတဲ့စရိုက်မျိုး ဒေါက်တာသန်းထွန်း မှာ လုံးဝ မတွေ့ရ။ ငါ့အလုပ်ငါ လုပ်တယ်။ ငါ့လုပ်တဲ့အလုပ်အတွက် ကျေးဇူးတင်ခံချင်စိတ်လည်း မရှိ၊ ကျေးဇူးတင်စရာလည်း မလို။ လိုရင် ယူသုံးကြ... ဆိုတာမျိုး။ တစ်ကိုယ်ကောင်းစိတ်ရှိတယ်လို့ ရိုးရိုးသားသား ဝန်ခံတယ်။ ကဲ... ဒီလို ပညာရှင်မျိုး ဘယ်မှာ တွေ့နိုင်အုံးမလဲ။ သို့ကြောင့်.... စာရေးဆရာနဲ့ ပညာရှင် တူ၊ မတူ.... ဘယ်လို ဘယ်ကဲ့သို့...ဆိုတာတွေ ဆက်စပ်တွေးခေါ်ကြပါကုန်....။

ညနေ ၄း၅၇

၁၉၊ စက်တင်ဘာလ၊ ၂၀၂၁။

လူမိုက်တို့မင်းမူနည်း

၁၄ စက်တင်ဘာ ၂၀၂၁

"ဗိုက်ဝမှ ယဉ်ကျေးတာ"ဆိုတဲ့ စကားကို သတိရမိပါတယ်။ ဒီနေရာမှာ ယဉ်ကျေးတယ်ဆိုတာ၊ ယဉ်ကျေးမှုအနုသုခုမတွေ ထွန်းကားဖွံ့ဖြိုးတာလို့ မဆိုလိုပါ။ ဗိုက်ဝတဲ့လူတွေဟာ မရိုင်းဘူး၊ ထိန်းရတာ လွယ်တယ်။ ဗိုက်ဝလို့ အရိုင်းစိတ်နည်းတယ်။ ဒီတော့ ယဉ်ကျေးတယ်ပေါ့။ တော်လှန်တာ၊ ပုန်ကန်တာ၊ အာခံတာ၊ လုတာ ယက်တာ၊ ခိုးတာ ဝှက်တာ မရှိဘူးဆိုတဲ့သဘော။ ဒီတော့ ယဉ်ကျေးတယ် ဆိုတာ ဒါကို ပြောတာ။ ဒါပေမယ့် ဒါက စားဖို့အတွက် အသက်ရှင်နေရတဲ့လူတန်းစားနဲ့သာ သက်ဆိုင်တယ်။ တခြားသောသူတွေအတွက်ဟုတ်ချင်မှ ဟုတ်မယ်။

နောက်တစ်ခု ရှိတယ်။ "လူတွေ ထမင်းဝရင် လွတ်လွတ်လပ်လပ် တွေးခေါ်လေ့ရှိတယ်" "တွေးခေါ်တတ်တဲ့ လူတွေကို အချိန်ကြာကြာ ဖိနှိပ်ထားလို့ မရဘူး" ဒီတော့ ကြာကြာဖိနှိပ်ထားနိုင်ဖို့အတွက်၊ သူတို့ကို လွတ်လပ်စွာ တွေးခေါ်ခွင့် မပေးမှ ဖြစ်မယ်။ မရစေမှ ဖြစ်မယ်။ လူတွေ တွေးခေါ်တတ်လာရင် လူတွေဟာ ကောင်းမှုနဲ့ မကောင်းမှုကို ခွဲခြားသိလာမယ်။ ဓမ္မနဲ့ အဓမ္မကို ခွဲခြားသိလာမယ်။

ဒါဆိုရင် လူတွေဟာ ....

- ခေါင်းပုံဖြတ်ခံရတာကို နားလည်လာမယ်၊
- ဖိနှိပ်တာကို နားလည်လာမယ်၊
- အနိုင်ကျင့်တာကို နားလည်လာမယ်၊
- မတရားမှုဆိုတာကို နားလည်လာမယ်၊
- အမှန် နဲ့ အမှားဆိုတာကို နားလည်လာမယ်၊
- ဖြစ်သင့်၏ မဖြစ်သင့်၏ ဆိုတာကို နားလည်လာမယ်၊

ဒီလို ဒီလိုတွေ နားလည်လာပြီဆိုရင် လူတွေကို အလွယ်တကူ အုပ်စိုးဖို့ ခက်မယ်။ အထူးသဖြင့် လူမိုက် လူ့ဗာလတွေဟာ သူတို့ အထက်စီးမှာ နေလို့ မရတော့ဘူး။ ကိုယ်ကျင့်တရားမရှိဘဲ လက်နက်အားကိုးတဲ့ အုပ်စိုးမှု မျိုးကို လူတွေ လက်မခံကြတော့ဘူး။

- လူတွေ အာခံလာကြတော့မယ်၊
- လူတွေ တော်လှန်လာကြတော့မယ်၊

- လူတွေ ပုန်ကန်လာကြတော့မယ်၊
- လူတွေ ရုန်းထွက်လာကြတော့မယ်။

ဒီလိုဆိုရင် လူတွေအပေါ် ခေါင်းပုံဖြတ်ဖို့ ခက်သွားပြီ။ အလွယ်တကူ မိစ္ဆာအာဇီဝနဲ့ ရှာဖွေဖို့ ခက်သွားပြီ။ လူတွေကို ဖိနှိပ်ဖို့၊ တစ်ဆင့် နိမ့်ဖို့ ခက်သွားပြီ။ ဒီတော့ လူမိုက်နဲ့ လူ့ဗာလတွေဟာ သူတို့ ဩဇာ အမြဲတမ်း သက်ဆိုးရှည်အောင် အမှောင်ကမ္ဘာကို ဖန်တီးတယ်၊ လွတ်လပ်မှုကို ရုတ်သိမ်းတယ်။ လူတွေကို မငတ်ရုံတမယ် ထားတယ်။ လူတွေဟာ နေ့စဉ်လိုလို စားဝတ်နေရေးအတွက် နေဝင် မိုးချုပ် ရုန်းကန်နေမှ ဖြစ်မယ်။

သို့မဟုတ်ရင် လူတွေဟာ....

- လေ့လာဖို့ အတွက် အချိန်ရလာမယ်။
- သင်ယူဖို့အတွက် အချိန်ရလာမယ်။
- တွေးခေါ်ဖို့ အတွက် အချိန်ရလာမယ်။
- စဉ်းစားဖို့အတွက် အချိန်ရလာမယ်။
- ဆင်ခြင်ဖို့ အတွက် အချိန်ရလာမယ်။

ဒီလိုတွေ ဖြစ်ရင် အမှောင်ဟာ အလင်းဖြစ်လာမယ့်အတွက် ဘီလူးသဘက်တွေ နေဝင်ချိန်ရောက်လာမယ်။ မဖြစ်ချေဘူး။ မဖြစ်ချေဘူး။

လွတ်လပ်မှုကို ရုပ်သိမ်းမှ၊ မဝရေစာ လောက်ပဲ ထားမှ၊ တွေးခေါ်စဉ်းစားနိုင်မှုတွေ ဆုတ်ယုတ်လာမယ်။ ဒါဆိုရင် အလွယ်တကူ လူမိုက် လူရမ်းကား လူ့ဗာလတွေ သက်ဆိုးရှည်စွာ မင်းမူနိုင်မယ်။

ည ၉း၅၆

၁၄၊ စက်တင်ဘာ၊ ၂၀၂၁။

သိပ္ပံပညာအတွက် ရေခံမြေခံ

၁၄ စက်တင်ဘာ ၂၀၂၁

အတိတ်က မြန်မာပြည်ကိုပဲ ကြည့်ကြည့်၊ လက်ရှိပစ္စုပ္ပန် မြန်မာပြည်ကိုပဲ ကြည့်ကြည့် မြန်မာ့လူ့အဖွဲ့အစည်းဟာ နိုင်ငံရေးကဲတဲ့ လူ့အဖွဲ့အစည်းဖြစ်နေပါတယ်။ နေရာတိုင်းလိုလိုမှာ နိုင်ငံရေးပါတယ်။ ခေတ်အဆက်ဆက်က လူငယ်တွေကို ကြည့်ရင်လည်း နိုင်ငံရေးစိတ်နဲ့ နှိုးထခဲ့ကြတာတွေ့ရတယ်။ နိုင်ငံရေးလှုပ်ရှားမှုတွေမှာပါတော့၊ တစ်ဖက်မှာ ဆိုးဆိုးသွမ်းသွမ်း လူငယ်မဖြစ်အောင် ထိန်းပြီးသား ဖြစ်လို့၊ နိုင်ငံရေးလှုပ်ရှားမှုတွေဟာ လူ့အဖွဲ့အစည်းရဲ့ အရည်အသွေးဒီဂရီကို ထိန်းပေးသလို ဖြစ်နေပါတယ်။ တစ်ဖက်မှာလည်း နိုင်ငံဟာ မတည်ငြိမ်လို့ လူထုဟာ ကိုယ့်အလုပ်ကို ကောင်းကောင်း မလုပ်ရဘဲ၊ နိုင်ငံရေးမှာ တနည်းနည်းနဲ့ ပါဝင်ပတ်သက်နေရတာကို တွေ့ရပါတယ်။

ခေတ်ဝန်ကို ထမ်းကြရင်း...

မြန်မာပြည်မှာ နိုင်ငံရေးနွှယ်တဲ့လူအုပ်စုတွေ များနေတာဟာ၊ တိုင်းပြည် မတည်ငြိမ်ခြင်းရဲ့ အကျိုး ဆက်ဖြစ်သလို၊ တိုင်းပြည်မှာ အာဏာမျှခြေမညီလို့ လွန်ဆွဲအားပြိုင်ကြရင်း အုပ်စုတိုက်ပွဲတွေ ပြင်းထန်လာခဲ့ခြင်း အကျိုးဆက်တွေလည်း ဖြစ်ပါတယ်။ ခေတ်ဝန်က ထမ်းတင်ပေးလိုက်တဲ့ တာဝန်ကို ကျေပွန်ဖို့ နိုင်ငံရေးလုပ်ကြရတယ်။ နိုင်ငံအတွင်းမှာ နိုင်ငံရေးလှုပ်ရှားမှုတွေ အားကြီးလို့၊ နိုင်ငံရေးပတ်ဝန်းကျင်ထဲမှာ ပုံသွင်းခံရပြီး နိုင်ငံရေးပိုး ထလာကြတယ်။ မြန်မာပြည်မှာ ဝေဖန် ပိုင်းခြား စိစစ် စဉ်းစားခြင်းကို အားပေးတဲ့ ပညာရေး မဖြစ်ထွန်းပါ။ နိုင်ငံရေးအရ ကသောင်းကနင်း ဖြစ်တာများလို့ အမြဲတမ်း အာဏာရှင်လက်အောက်မှာ နေနေရတယ်။ ဒီလိုနဲ့ ပညာရေးဟာ အာဏာရှင်အစိုးရတွေရဲ့ အပြဋ္ဌာန်းခံဖြစ်လာခဲ့တယ်။ ဒါကို နားလည်တဲ့ လူအုပ်စုက အာဏာရှင်ကို တွန်းလှန်ဖို့ အမြဲတမ်း အသင့်ဖြစ်နေကြတယ်။

အခြေအနေနဲ့ အချိန်အခါကို လိုက်ပြီး နိုင်ငံရေး အချိုးအကွေ့တွေ ကြုံတာကြောင့် - နိုင်ငံ့အရေး ပေါက်နှင့် ကျေးလို့တောင် ဆိုစမှတ်ပြုကြတယ်။ ခန့်မှန်းရခက်တယ်၊ နောင် ဘာဖြစ်လာမယ်ဆိုတာ ကြိုတင်မှန်းဆရ သိပ်ခက်တယ်ဆိုတဲ့သဘော။ တကယ်တော့ မြန်မာလူထုဟာ စာဖတ် ပေဖတ် နည်းကောင်း နည်းမယ်။ ဒါပေမယ့် ဘဝ ဖြတ်သန်းမှုအတွေ့အကြုံအရ တိုင်းပြည်မှာ မင်းစိုးမင်းညစ်ဒဏ် တွေကို အလူးအလဲ ခံ့ဖူးတော့၊ ဘယ်သူ ဘာဆိုတာ မလေ့လာရဘဲနဲ့ သိနေတယ်။ တက်လာတဲ့ အစိုးရဖြစ်ဖြစ်၊ နိုင်ငံရေးသမားတွေရဲ့ စကားတစ်ခွန်းပဲ ဖြစ်ဖြစ်၊ အုပ်စုသူရဲ့ ပါးစပ်တစ်ချက် ဟလိုက်တာနဲ့ ချေးခါးအူမက အစ သိနေတယ်။ မြန်မာတွေဟာ ဘဝဖြတ်သန်းမှုနဲ့ ရင်းပြီး နိုင်ငံရေးအသိရှိခဲ့တဲ့လူထု ဖြစ်ပါတယ်။

သိပ္ပံပညာနဲ့ ဝေးကွာသွားခဲ့

ဒီလိုဖြတ်သန်းမှု သမိုင်းနောက်ခံတွေကြောင့်၊ မြန်မာပြည်မှာ သိပ္ပံပညာ ကောင်းကောင်း မထွန်းကားခဲ့တာတွေ့ရပါတယ်။ မြန်မာလူငယ်တော်တော်များများဟာ သိပ္ပံပညာထက် နိုင်ငံရေးကို ပိုခံတွင်းတွေ့လာကြပါတယ်။ သိပ္ပံပညာကောင်းကောင်း မဖြစ်ထွန်းတာဟာ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာ နိုင်ငံရေးပယောဂနဲ့ ဘာသာရေးပယောဂတို့ အလွယ်တကူ ဝင်ရောက်ပူးကပ်နိုင်ခြင်းရဲ့ အကြောင်းရင်းကို အားပေးပါတယ်။ မြန်မာပြည်ကနေ ထွက်ခွာသွားပြီး နိုင်ငံတကာကို ပညာသွားရောက်သင်ယူတဲ့လူငယ်၊ လူလတ်ပိုင်း အမြောက်အမြား ရှိလာပါတယ်။ အဲသည့်အထဲမှာ ထင်ထင်ပေါ်ပေါ် ပေါက်ပေါက်မြောက်မြောက် ကျော်ကျော်ကြားကြား ဖြစ်လာခဲ့တဲ့ ပညာတတ်လူငယ်တွေထဲမှာ သိပ္ပံနယ်ကနဲ့ လူမှုနိုင်ငံရေးနယ်ကယှဉ်ရင် ဘယ်က ပိုများတယ် ထင်ပါသလဲ။ သိပ္ပံနယ်က ပညာရပ်တွေကို နိုင်ငံရပ်ခြားသွားရောက် သင်ကြားချင်တဲ့သူတွေ နည်းပါးနေပါတယ်။ နိုင်ငံရေးနဲ့ လူမှုသိပ္ပံနယ်က ဘာသာရပ်တွေကိုပဲ သင်ကြားဖို့ စိတ်သန်ကြတာများပါတယ်။ ဒါဟာ ဘာ့ကြောင့်လဲ။

ပညာသင်ဆုပေးအပ်တဲ့ ပေါ်လစီတွေက တစ်ခြမ်းစောင်း ဖြစ်နေလို့လား။ သို့တည်းမဟုတ်… humanity နဲ့ပတ်သက်တဲ့ ဘာသာရပ်တွေကို က မြန်မာလူငယ်တွေကို ပိုများ ဆွဲဆောင်နိုင်လို့လား။ များသောအားဖြင့်တော့ သိပ္ပံဘက်မှာ ထူးချွန်တဲ့ မြန်မာတွေ အတော်နည်းခဲ့ပါတယ်။ အခုလည်း နည်းပါးနေဆဲပါပဲ။ ပြည်တွင်းမှာဆို ပိုလို့ဆိုးပါတယ်။ မြန်မာပြည်မှာ သိပ္ပံ ပညာကောင်းကောင်း မထွန်းကားဘူးလို့တောင် ပြောနိုင်ပါတယ်။ သိပ္ပံနဲ့ပတ်သက်ရင် ရှင်သန်ကြီးထွားနိုင်စရာ ရေခံမြေခံလည်း ခေါင်းပါးလွန်းတယ်။ မြန်မာပြည်မှာ အတိတ်နဲ့ ပစ္စုပ္ပန် တိုင်းပြည်အခြေအနေတွေက နိုင်ငံရေးကဲအောင် တွန်းပို့နေသလို၊ တည်ငြိမ်အေးချမ်းတဲ့တိုင်းပြည်အဖြစ် မရှိခဲ့တာကြောင့်လည်း သိပ္ပံပညာရပ်တွေကို လူငယ်တွေ ကောင်းကောင်းလေ့လာလိုက်စားနိုင်ခဲ့ဟန် မတူဘူး။

ပယောဂတွေကနေ ရုန်းထွက်

သိပ္ပံဟာ ဘာသာရေးကို စိန်ခေါ်နိုင်ပါတယ်။ ခရစ်ယာန်သာသနာမှာ ဘုရားသခင်က လူကို ဖန်ဆင်းတယ်ဆိုတဲ့ အယူအဆကို တော်လှန်ခဲ့တာ ဒါဝင်သီအိုရီဖြစ်ပါ တယ်။ ဒါဝင်ရဲ့ လူ၏ မူလ - အစ သုတေသန တွေ့ရှိချက်တွေဟာ သိပ္ပံပညာက ဘာသာရေးကို စိန်ခေါ်လိုက်တာ ဖြစ်ပါတယ်။ ခရစ်ယာန်သာသနာ ဘယ်လောက်ဖြစ်ထွန်းတဲ့ အနေအထားကို ရောက်နေပါစေ၊ သာသနာကို ကိုင်လှုပ်တဲ့ ဒါဝင်သီအိုရီကို ဘုန်းကြီးနဲ့ ပညာရှင်တွေ အကြား ဆွေးနွေးငြင်းခုန်မှုတွေ လုပ်တယ်။ သတင်းစာဆရာ တွေက ဒါဝင်ကို the man who killed God လို့ ရေးကြတယ်။ ဘုရားသခင်ကို သတ်သူ…ပေါ့။ အနောက်နိုင်ငံတွေ ရဲ့ နိုင်ငံရေးစနစ်ကို ကြည့်ရင် ဘာလို့ ဘာသာရေးကနေ ရုန်းထွက်နိုင်ခဲ့တာလဲ။ အဖြေကတော့ သိပ္ပံပညာ ထွန်းကားခဲ့လို့ ဖြစ်ပါတယ်။

သမိုင်းပညာရှင် ဒေါက်တာအောင်ခင် က အခုလို ပြောဖူးတယ်။

- အင်္ဂလန်နဲ့ အနောက်ဥရောပဟာ Science ကိုလက်ခံတာကြောင့် ဘာသာရေး အကျဉ်းထောင်ကနေ ရုန်းထွက်နိုင်ခဲ့တယ်။ ရောမအင်ပါယာပျက်စီးလို့ ဥရောပ အမှောင်ဖုံးချိန်မှာ Science ကို မွတ်ဆလင်က ထိန်းသိမ်းထားတယ်။ ခေတ်ဆန်းချိန်မှာ ဥရောပက Science ကို လက်ခံပြီး ကက်သလစ်နှောင်ကြိုးက

> ရုန်းထွက်နိုင်လို့ Protestant နိုင်ငံတွေပေါ်လာပြီး ဒီမိုကရေစီ ရှင်သန်လာတာဖြစ်တယ်။ မွတ်ဆလင်လောကမှာတော့ Science နိဂုံးချုပ်ပြီး ဘာသာရေးကြီးစိုးသွားတယ်…တဲ့။

အနောက်နိုင်ငံတွေမှာ ဉာဏ်အလင်းပြန်သစ်တော့မယ့် အချိန်မှာ ဘာသာရေးဂိုဏ်းတွေနဲ့ သိပ္ပံဂိုဏ်းတွေ အားပြိုင်လွန်ဆွဲကြတာ၊ ပဋိပက္ခတွေ ဖြစ်ပါတယ်။ သိပ္ပံပညာရဲ့ အကျိုးကျေးဇူးဟာ ကမ္ဘာကြီးနဲ့ လူ့အဖွဲ့အစည်းအပေါ် ကြီးစွာသော သက်ရောက်မှု ရှိပါတယ်။

မြန်မာပညာရေး

သိပ္ပံဟာ မညှာမတာ ဆန်းစစ်လေ့လာ ဝေဖန်မှုကို ပြုလုပ်တာဖြစ်ခြင်း ကြောင့် မြန်မာပညာရေးမှာ ဘာသာရေး၊ လူမျိုးရေးနဲ့ နိုင်ငံရေးမှိုင်း သွတ်သွင်းမှုတွေကို ချေဖျက်နိုင်စွမ်း ရှိနေပါတယ်။ ဒါ့ကြောင့် အတန်းကျောင်းပညာရေးမှာ သိပ္ပံဘာသာရပ်ကို ထည့်သွင်းသင်ကြားပေမယ့်၊ စစ်မှန်တဲ့ သိပ္ပံလေ့လာဆန်းစစ်မှုမျိုး လုပ်နိုင်ချင်တဲ့စိတ်အခံကို ထည့်မပေးလိုက်ပါတယ်။ နောက်ပိုင်းမှာ ဒီလို ထည့်သွင်းရကောင်းမှန်းတောင် မသိတော့ပါဘူး။ ပြဋ္ဌာန်းစာအုပ်မှာပဲ သင်ရိုးပြတ်အောင် ချာချာလည် ပတ်ချာရိုက်နေပါတယ်။ မြန်မာပြည်မှာ သိပ္ပံပညာရပ်တွေကို လေ့လာလိုက်စားချင်တဲ့ လူငယ်တွေ လိုပါတယ်။ သိပ္ပံပညာရပ်တွေအပေါ်မှာ ရူးသွပ်တဲ့လူငယ်တွေ လိုပါတယ်။ ဒီလိုဖြစ်ဖို့ ကလေးဘဝကတည်းက အထိအစပ်ရှိအောင် ဝန်းကျင်ကောင်း ဖန်တီးပေးနိုင်ရမှာ ဖြစ်ပါတယ်။

ပေါက်ဖွားခွင့် မရကြ

မြန်မာပညာရေးလောကကနေမွေးထုတ်လိုက်တဲ့ လူငယ်ကျောင်းသားတွေထဲမှာ သိပ္ပံဘက်ကို ရူးသွပ်တဲ့လူငယ်ကျောင်းသားတွေ ရှိနိုင်ပါတယ်။ ရှိတယ်လို့လည်း ထင်ပါတယ်။ ဒါပေမယ့် သူတို့ဟာ ဆက်လက်လေ့လာဖို့၊ ဆက်လက်သင်ယူဆည်းပူးဖို့ ရေခံမြေခံကောင်း မရပါဘူး။ သူတို့အားလုံးမှာ အကန့်အသတ်တွေနဲ့ ရှိနေပါတယ်။ မိဘတွေက ပညာရေးကို လူမှုရေးဂုဏ်အင်တစ်ခုလို သတ်မှတ်တာကြောင့်၊ လူငယ်ကျောင်း သားတွေရဲ့ ရူးသွပ်မှုကို ပဓာန မထားပါဘူး။ သူတို့ အတ္တကိုသာ ပဓာနထားပါတယ်။ ဒီတော့လူငယ်ကျောင်းသား တွေဟာ မိဘအတ္တတွေရဲ့ အဖြည့်ခံသာ ဖြစ်လိုက်ရတယ်။ သူတို့ အိပ်မက်တွေ ဆက်မက်ခွင့် မရှိတော့ဘူး။ အကယ်၍ သားသမီး စိတ်ဝင်စားတာကို ပြည်ပတက္ကသိုလ်တွေမှာ သင်ယူနိုင်အောင်ပံ့ပိုးနိုင်တဲ့ မိဘတွေ ဖြစ်ရင်တောင် သားသမီးရဲ့ စိတ်ဆန္ဒကို ဦးစားပေး အားပေးအားမြှောက်လုပ်တဲ့ မိဘဆိုတာ အတော်ရှားပါလိမ့်မယ်။

အထောက်အပံ့ကောင်း လို

သိပ္ပံ ပညာရပ်တွေကို အတန်းကျောင်း ပညာရေးမှာ ဖြစ်ဖြစ်၊ တက္ကသိုလ်ပညာရပ်မှာ ဖြစ်ဖြစ် ဆည်းပူးလေ့လာဖို့ဆိုတာ အထောက်အပံ့ကောင်း ရှိဖို့ လိုပါတယ်။ ပညာရေးဘတ်ဂျက် အသုံးစရိတ် လောက်လောက်ငင ဖူလုံအောင် မရှိ။ ပညာရေးနဲ့ ကျန်းမာရေးဟာ အစိုးရအသုံးစရိတ်ရဲ့ အနိမ့်ဆုံးရာခိုင်နှုန်းမှာ ရှိပြီး၊ စစ်ရေးအသုံးစရိတ်ဟာ ရာခိုင်နှုန်း အများဆုံး၊ အမြင့်ဆုံးဖြစ်ပါတယ်။ မိဘက သားသမီးရဲ့ ပညာရေးကို ကောင်းကောင်း အားပေးအားမြှောက်လုပ်နိုင်ဖို့အတွက် ငွေကြေးအားဖြင့် ဖူလုံဖို့၊ မကြောင့်ကြရဖို့ လိုနေပါသေးတယ်။ ဆင်းရဲတွင်းက မတက်နိုင်လို့ မြန်မာပြည်ဟာ သိပ္ပံဘာသာရပ်တွေကို ကျယ်ကျယ်ပြန့်ပြန့် သင်ယူနိုင်ဖို့ အခက်အခဲ ရှိနေပါအုံးမယ်။

ဒါပေမယ့် မြန်မာပြည်မှာ နည်းပညာတက္ကသိုလ်နဲ့ စက်မှုကျောင်းတွေ မှိုလိုပေါက်နေပါတယ်။ သို့သော် သိပ္ပံနည်းပညာကို ပေါက်မြောက်အောင် လေ့ကျင့်မပေးနိုင်ပါ။ တက္ကသိုလ်တွေမှာ ရူပဗေဒ၊ ဓာတုဗေဒ၊ ရက္ခဗေဒ၊ သတ္တဗေဒ၊ မနုဿဗေဒ...ဆိုတဲ့ ဘာသာရပ်တွေဟာ လူရာဝင် အရေးစိုက်ခံရတဲ့ဘာသာရပ်တွေ မဟုတ်ပါ။

သိပ္ပံစာပေ မထွန်းကား

မြန်မာစာပေမှာလည်း သိပ္ပံစာပေ မထွန်းကားပါ။ သိပ္ပံဘာသာရပ်တွေကို ခြေခြေမြစ်မြစ် ရေးသားနိုင်တဲ့ စာရေးဆရာ၊ ပညာရှင် အနည်းငယ်သာ ရှိပါတယ်။ အကယ်၍ သူတို့ ရေးရင်လည်း မြန်မာစာဖတ်ပရိသတ်က သိပ်မလိုက်နိုင်ပါ။ သိပ်မဖတ်ကြပါ။ ဒီတော့ သိပ္ပံနဲ့ပတ်သက်ပြီး စာပေမှာ ဝယ်လိုအား ဈေးကွက် (demand market) မရှိတာ မဆန်းပါဘူး။ မြန်မာစာဖတ်ပရိသတ်က သိပ္ပံကို စိတ်ဝင်စားမှုနည်းတယ်။ အာကာသသိပ္ပံလို ဘာသာရပ်မျိုးဆိုရင် ပိုလို့တောင် စိတ်ဝင်စားမှု နည်းကြပါတယ်။ ကိုယ်နဲ့ မဆိုင်ဘူးလို့လည်း ထင်ဟန်တူပါတယ်။ တကယ်လည်း ဟုတ်ပါတယ်။

မိုးပေါ်က လကမ္ဘာ ကြယ်တာရာ ဂလက်ဆီ တွင်းမည်းကြီး တွေက ဘာအရေးလဲ။ လက်ရှိ ထမင်း တစ်လုပ်စားရဖို့ အရေး နဲ့ မင်းစိုးမင်းညစ်ဒဏ်အောက် အဖိနှိပ် မခံရရေးဟာ လတ်တလော အရေးပေါ်ကိစ္စဖြစ်နေတဲ့ ဥစ္စာ။ ဒီတော့ နောက်အနာဂတ်မှာလည်း မြန်မာ့လူ့အဖွဲ့အစည်းတွင်းမှာ သိပ္ပံပညာ ထွန်းကားဖို့ သိပ် မမျှော်လင့်နိုင် သေးပါ။ သိပ္ပံနည်းကျ တွေးခေါ် ဆန်းစစ် လေ့လာမှုတွေဟာ လူ့အဖွဲ့အစည်းအတွင်းမှာ စိမ့်ဝင်နိုင်မှုဟာ မမျှော်လင့်နိုင်သေး လို့ ဘာသာရေးနဲ့ နိုင်ငံရေးပယောဂတွေဟာ ပိုလို့ ပူးဝင်နေပါလိမ့်အုံးမယ်။

နေ့လယ် ၃း၁၈

၂၄၊ စက်တင်ဘာ၊ ၂၀၂၁။

ဦးဘဟိန်း မှတ်ချက်။ ။

As you said, at present, there is much room left to developed a wide verity of science/technology areas and to generate scientists/technicians in Myanmar. As for me, there is a way that could contribute towards the development of science/technology in Myanmar. I mean introduction of science/technology based enterprises through foreign direct investment could pave the way to fulfill Myanmar's demand. There are certain numbers of Gen-Z who are likely competent in the areas such as electronic, computer science, mechanics engineering, etc.. They tend to be ready to be engaged in those pertinent enterprises. They can learn more. They can gain much more insight in to the knowledge of what they are dealing with. They can transfer what they acquired among the youth community. By this way science/technology could get developed and improved in Myanmar. But it will take a lengthy period.

ပါရမီစက်ဝန်း

❸ ⓿ အောက်တိုဘာ ❷ ⓿ ❷ ❶

အခုဖော်ပြထားတဲ့စက်ဝန်းကို - **ပါရမီစက်ဝန်း** လို့ နာမည်ပေးချင်တယ်။ စက်ဝန်းရဲ့ အလယ်တည့်တည့်မှာ - **တစိုက်မတ်မတ်** ဆိုတဲ့ စကားလုံးကို တွေ့ပါလိမ့်မယ်။ တစိုက်မတ်မတ် လုပ်ခြင်း ဆိုတာ ပါရမီဖြစ်ခြင်းရဲ့ အခြေခံအကြောင်းရင်းဖြစ်တယ်။ တစိုက်မတ်မတ် လုပ်ခြင်းဆိုတာ ဖွဲနပဲနဲ့ ထပ်ခါထပ်ခါ လုပ်ခြင်း၊ ကြိမ်ဖန်များစွာ လုပ်ခြင်း၊ ထပ်ဖန်တလဲလဲ ဖြည့်ကျင့်နေခြင်း၊ ဆည်းပူးနေခြင်း၊ လေ့ကျင့်နေခြင်း စတဲ့အနက်သဘောတွေ ပါဝင်ပါတယ်။ တစိုက်မတ်မတ် လုပ်တာ၊ စိုက်လိုက်မတ်တပ်လုပ်တာ၊ ငုပ်မိရင်လည်း သဲတိုင်အထိ၊ တက်ရင်လည်း အဖျားအထိ မလျှော့တဲ့ဖွဲနဲ့ ရှူးရှူးသွပ်သွပ် စွဲစွဲမြဲမြဲ တစ်ချောင်းတည်းသောစိတ်နဲ့ လုပ်ကိုင်တဲ့အလေ့အကျင့်ကို ခေါ်တာပါ။ ဒါဟာ ပါရမီဖြစ်ခြင်းအကြောင်းတရားဖြစ်တယ်။ အထူးသဖြင့် စာပေနဲ့ အနုပညာရပ်တွေမှာ ပါရမီဆိုတဲ့စကားကို ပိုလို့ ပြောကြတယ်။ စာပေအနုပညာနယ်ဆိုတာ သိပ်ပြီး ကျယ်ပြောတယ်။ ကဗျာတွေ၊ ဝတ္ထုတွေ၊ သီချင်းတွေ၊ ဂီတ၊ ပန်းချီ၊ ပန်းပု စတဲ့အရာတွေ အများအပြား ပါဝင်တယ်။

ဘာ့ကြောင့် ဒီလောက်တော်နေပါလိမ့်နော်

တချို့ ပြောကြတယ်။ ဒီလူက တကယ့် ပါရမီရှင်ပဲ။ ဒီလူက ဒီအလုပ်မှာ တကယ်ပါရမီပါတာပဲ… စတဲ့စကားတွေကို ရပ်ထဲရွာထဲ၊ သူငယ်ချင်းမိတ်ဆွေတွေနဲ့ ပြောရင်း ဆိုရင်း ပြောဖြစ်ဖူးကြလိမ့်မယ်။ အဲသည့် ပါရမီကို ညွှန်းပါတယ်။ ကျနော်တို့ ငယ်ငယ်တုန်းက တကယ်ပါရမီပါတယ်ဆိုတဲ့ စကား၊ ပါရမီရှင်ဆိုတဲ့ စကားဟာ ကိုယ်နဲ့ ခပ်ဝေးဝေးမှာ ရှိနေတယ်။ အဝေးကြီးမှာ ရှိနေတယ်။ ငါနဲ့ မဆိုင်ပါဘူး။ ဒီလူတွေ ဘာ့ကြောင့် ဒီလောက် တော်နေပါလိမ့်နော်….လို့ တွေးကြည့်ဖူးတယ်။ အဖြေ မထွက်ပါဘူး။ အသက်ကြီးမှ တဖြည်းဖြည်း သိနားလည်လာတယ်။ ဥပမာ - ဒီလူဟာ စာရေးတဲ့နေရာမှာ တကယ့် ပါရမီပါတယ်။ ဒီလူက ကဗျာမှော်ဝင်နေတဲ့ ကလောင်ပဲ။ ဒီလူက သီချင်းဆိုတဲ့နေရာမှာ တကယ့်ပါရမီရှင်ပဲကွာ။ သီချင်းရေးတဲ့နေရာမှာ တကယ်ပါရမီပါတယ်။ ဒီလူက ပန်းချီမှာတော့ တကယ့်ဂရိတ်ပဲ၊ သူ့ပါရမီတွေကို လိုက်လို့ မမီနိုင်ဘူး။ ဒီလိုလူမျိုးက နှစ်တစ်ရာလောက်မှ တစ်ယောက်ပဲ ပေါ်တဲ့သူ၊ သူလိုလူ နောက်တစ်ယောက်ထပ်ရဖို့ နှစ်တစ်ရာ စောင့်ရမယ်…. စတဲ့စကားမျိုးတွေ။

- တို့ကနန်းဆိတ်ကနန်းလုပ်ရုံနဲ့ ပါရမီဆိုတာ ဖြစ်မလာဘူး။
- ဟိုစပ်စပ် ဒီစပ်စပ် လုပ်ရုံနဲ့ ပါရမီဆိုတာ ဖြစ်မလာဘူး။
- အုတ်ရောရော ကျောက်ရောရောလုပ်နေရင်လည်း ပါရမီဆိုတာ ဖြစ်မလာဘူး။
- ပါရမီဆိုတာ တစိုက်မတ်မတ် လုပ်ရတာ။
- ပါရမီဆိုတာ စူးစူးစိုက်စိုက် လုပ်ရတာ။
- ပါရမီဆိုတာ အထူးပြုလေ့ကျင့်ရတာ။

ထပ်ခါတလဲလဲ လုပ်ခြင်း၊ ကြိမ်ဖန်များစွာ လေ့ကျင့်ခြင်းတွေ ကနေ ပါရမီဆိုတာ ဖြစ်လာရတာဖြစ်ပါတယ်။ ဒီဘက်ခေတ်မှာ တစ်ခုခုကို ရှူးရှူးသွပ်သွပ် လုပ်နေတဲ့သူ ရှားသွားပြီ။ ရှူးသွပ်တယ်ဆိုတဲ့ နောက်မှာ ဝီရိယလိုက်မလာတဲ့သူတွေလည်း ခပ်များများတွေ့ရတယ်။ ပါရမီဆိုတာ မမြင်ရတဲ့နောက်ဘဝတုန်းက ပုံ့ပိုးတဲ့အထောက်အပံ့ကောင်းလို့ ထင်ချင် ထင်ကြမယ်။ လူတစ်သိန်းမှာ တစ်ယောက်၊ လူတစ်သန်းမှာ တစ်ယောက် … သိပ်များများစားစား အားမထုတ်ရပဲနဲ့ အလွယ်တကူ အောင်မြင်တာမျိုးကို ပါရမီရှင်လို့ ပြောကြတယ်။ ဘယ်လောက်ပဲ ပါရမီရှင်ဖြစ်ပါစေ… လက်တွေ့ အားထုတ်မှုကို တစိုက်မတ်မတ် မလုပ်ရင် ပါလာတဲ့ပါရမီတောင် ကန်းသွားတယ်။ ပါရမီဆိုတာ ဝီရိယနဲ့ လုံ့လနဲ့ ဖွဲ့နပဲနဲ့ ယှဉ်တွဲပြီးဖြစ်လာတာမျိုး။ အလကားနေရင်း ဖြစ်လာတာ မဟုတ်ဘူး။

ဖြည့်ကျင့်မှုဆိုတာ

ပါရမီဖြစ်ခြင်းအကြောင်းတရားမှာ ပထမဆုံးအရေးကြီးတဲ့အချက်က - ဖြည့်ဆည်းမှု ဖြစ်ပါတယ်။ ဒါကို ဝမ်းစာလို့ သုံးနှုန်းတယ်။ ဖြည့်ကျင့်မှုဆိုပြီး ဝမ်းစာပြည့်အောင် လေ့လာဆည်းပူးတာနဲ့ သိနားလည်ထားတဲ့အရာကို အလေ့အကျင့်လုပ်နေတာကို ပူးတွဲပြီး ပြောနိုင်ပါတယ်။ လေ့လာဆည်းပူးမှုနဲ့ လေ့ကျင့်မှုကို ပေါင်းပြီး ပြောမယ်။ ဖြည့်ကျင့်မှု။ ဖြည့်ကျင့်မှုကို တစိုက်မတ်မတ် လုပ်နေမှ ပါရမီဆိုတာ ဖြစ်တယ်။ တကယ့်ပါရမီရှင်တွေကို

ကြည့်လိုက်ရင် သူတို့ ကိုယ်သူ သူတို့ အမြဲတမ်း ဖြည့်နေတယ်။ ဝမ်းစာကို ထောက်လိုက်ရင်လည်း အမြဲတမ်း ပြည့်နေတယ်။

- သူတို့ဟာ သူတို့ စိတ်ဝင်စားတဲ့ အလုပ်ကို ဝါသနာပါအောင် မွေးယူတယ်။
- ဝါသနာဆိုတာ မွေးယူရတာ။
- ဝါသနာပါတဲ့အရာကို ရှူးသွပ်မှုဆီကို ဆွဲခေါ်တယ်။
- ရှူးသွပ်မှုနောက်မှာ ဇွဲနဲ့ ဝီရိယနဲ့ ပံ့ပိုးတယ်။
- ဒီလိုနဲ့ သူတို့ရဲ့ စာပေ အနုပညာတွေကို ဖန်တီးတယ်။
- လက်တွေ့ လုပ်ဆောင်တယ်။
- သူတို့ ဖန်တီးပြီးသား၊ သူတို့ လုပ်ဆောင်ပြီးသား အလုပ်တွေ၊ အနုပညာလက်ရာတွေကို ပြန်ပြန်ကြည့်ပြီး သုံးသပ်တယ်။ ဘယ်နေရာက မှားနေသလဲ။ ဘယ်နေရာ လိုသေးသလဲ။ ဘယ်နေရာက ပေါ့နေသလဲ။ ဘယ်နေရာက ဟာသွားသလဲ။
- ဒီလို အမြဲတမ်း ကိုယ်လုပ်ခဲ့တဲ့အလုပ်၊ ကိုယ်ဖန်တီးတဲ့ စာပေအနုပညာကို ပြန်ပြန်ကြည့်ပြီး နောက်တစ်ခါလုပ်ရင် ဒီ့ထက် ပိုကောင်းအောင် အမြဲတမ်း ကြံစည်တွေးတောနေတယ်။

တကယ်ရှူးတဲ့ကောင်

ပန်းချီဆွဲတဲ့သူ ဆိုရင်လည်း သူဆွဲထားတဲ့ပန်းချီလေးကို တစိမ့်စိမ့်နဲ့ ကြည့်ပြီး စဉ်းစားတွေးခေါ်နေတယ်။ ကဗျာရေးတဲ့သူဆိုရင်လည်း သူရေးတဲ့ကဗျာလေးကို တစိမ့်စိမ့်ဖတ်ပြီး စဉ်းစားတွေးခေါ်နေတယ်။ စာရေးတဲ့သူ ဆိုရင်လည်း သူရေးခဲ့တဲ့စာလေးကို တစိမ့်စိမ့်ဖတ်ပြီး စဉ်းစားတွေးခေါ်နေတယ်။ သီချင်းရေးတဲ့သူ၊ သီချင်းဆိုတဲ့သူ ဆိုရင်လည်း သူရေး၊ သူဆိုထားတဲ့သီချင်းလေးကို တစိမ့်စိမ့်နားထောင်ပြီး စဉ်းစားတွေးခေါ်နေတယ်။

ရွှာစား စိန်ဗေဒါ ပြောခဲ့ဖူးတယ် မဟုတ်လား။ မနေ့က စိန်ဗေဒါထက် ဒီနေ့ စိန်ဗေဒါက သာအောင်၊ ဒီနေ့ စိန်ဗေဒါထက် မနက်ဖြန် စိန်ဗေဒါက သာအောင် ကြိုးစားနေတယ်။ သူ့လက်သံကို အမြဲတမ်းသွေးနေတယ်။

- ဂစ်တာရှူး တစ်ယောက်ကိုကြည့်လိုက်ရင်၊ သူ့လက်ထဲမှာ အမြဲတမ်း ဂစ်တာတစ်လက်။ အိပ်ရင်တောင် ခြင်ထောင်နံဘေးမှာ ဂစ်တာထားအိပ်တဲ့သူ။
- စာရှူးပေရှူးတစ်ယောက်ကြည့်လိုက်ရင်၊ အမြဲတမ်း သူ့လက်ထဲမှာ စာအုပ်တစ်အုပ်ရှိနေတယ်။ အိမ်သာ သွားရင်တောင် လက်က စာအုပ်တစ်အုပ်စွဲသွားသေးတယ်။
- ဒါဟာ ပါရမီရှင်ဖြစ်မယ့်သူတွေရဲ့ အမူအကျင့်တချို့ပဲ။

စက်ဝန်းကို ကြိမ်ဖန်များစွာ လှည့်

ကိုယ်စိတ်ဝင်စားတဲ့အရာကို ဝါသနာဖြစ်အောင် မွေးမယူရင် ပါရမီရှင် ဖြစ်မလာဘူး။ ကိုယ်ဝါသနာပါတဲ့အရာကို ရှူးသွပ်တဲ့သူအဖြစ် ဆွဲမခေါ်နိုင်ရင် ပါရမီရှင် ဖြစ်မလာဘူး။ ရှူးသွပ်မှုနောက်မှာ ဝီရိယနဲ့ မပံ့ပိုးရင်လည်း ပါရမီရှင် ဖြစ်မလာဘူး။ ဝီရိယထားပြီး ဝမ်းစာကို မပြတ်ဖြည့်တင်းနေရမယ်။ ဝီရိယထားပြီး မပြတ်လေ့ကျင့်နေရမယ်။

တစိုက်မတ်မတ် လေ့ကျင့်နေရမယ်။ လေ့ကျင့်ပြီးရင် လက်တွေ့လုပ်မယ်၊ လက်တွေ့အကောင်အထည်ဖော်မယ်၊ လက်တွေ့ ဖန်တီးမယ်။

လက်တွေ့လုပ်ပြီး၊ လက်တွေ့အကောင်အထည်ဖော်ပြီး၊ လက်တွေ့ ဖန်တီးပြီးရင်လည်း ဒီအတိုင်း ပစ်မထားဘူး။ ဘာလိုသေးလဲ။ ဘာမှားနေလဲ ထပ်ကြည့်မယ်။ ထပ်သုံးသပ်မယ်။ လိုသေးတာတွေ့ရင် ထပ်ဖြည့်မယ်။ ဒီတော့ ထပ်လေ့လာမယ်၊ ထပ်ဆည်းပူးမယ်။ ဒီတော့ အသိသစ်၊ အတွေးသစ်တွေ ရလာတယ်။ အသိသစ်အတွေးသစ်နဲ့ ထပ်ပြီး လေ့ကျင့် ဖန်တီးကြည့်မယ်။ ဖန်တီးပြီးဖြစ်ပေါ်လာတဲ့အရာကို ပြန်သုံးသပ်မယ်။ လိုတာတွေ ထပ်ရှာမယ်။ ဒီလိုနဲ့ တစ်ခုထက် တစ်ခု၊ တစ်နေ့ထက် တစ်နေ့ ပိုကောင်းအောင်၊ အကောင်းဆုံးဖြစ်လာအောင် အမြဲတမ်း သွေးနေတယ်၊ သနေတယ်။

ဒီလို သွေးခြင်း သခြင်းအလုပ်ကိုလည်း တစိုက်မတ်မတ် လုပ်နေမယ်၊ စဉ်ဆက်မပြတ် လုပ်နေမယ်၊ စိုက်လိုက်မတ်တပ်လုပ်နေမယ်။ ထပ်ခါ ထပ်ခါ လုပ်နေမယ်။ ဒီလိုလုပ်နေတာဟာ တစ်လလည်း မဟုတ်ဘူး၊ တစ်နှစ်လည်း မဟုတ်ဘူး၊ သုံးလေးနှစ်လည်း မဟုတ်ဘူး၊ လေးငါး ခြောက်နှစ်လည်း မကဘူး။ နှစ်ပေါင်းများစွာ - အမြဲတမ်း၊ အသက်ရှင်နေသရွေ့၊ အချိန်ရှိသရွေ့၊ စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ်၊ အိပ်လည်း အိပ်မက်ထဲမှာ ဒီစိတ်။

မှော်ဝင်နေတဲ့ကောင်

ဒီလိုလူဟာ ဒီလိုနဲ့ပဲ ပါရမီရှင် အဆင့်ကို သူ့ဘာသာသူ ရောက်လာတာပဲ။ ဒါကို သူကိုယ်တိုင် သိချင်မှ သိမယ်။ သူကိုယ်တိုင်တောင် သတိထားမိချင်မှ ထားမိတယ်။ ဒါပေမယ့် တကယ် တတ်သိနားလည်သူက သူ့လက်ရာတွေနဲ့ သူ့စာပေအနုပညာ ဖြစ်စဉ်ကို ကြည့်ပြီး၊ ချက်ကျလက်ကျ မှတ်ချက်ပြုလိမ့်မယ်။

ဒီလူဟာ တကယ့်ပါရမီရှင်ပဲ။ တကယ်မှော်ဝင်နေတဲ့သူပဲ။

တချို့က ပြောကြလိမ့်မယ်။ မင်းရဲ့ လေ့လာမှု၊ ဆည်းပူးမှု၊ လေ့ကျင့်မှုဟာ နာရီပေါင်း တစ်သောင်း ပြည့်တဲ့နေ့မှာ တကယ်ပါရမီရှင်လို ပေါက်မြောက်လိမ့်မတဲ့…။

နေ့လယ် ၂း၄၆

၃၀၊ အောက်တိုဘာ၊ ၂၀၂၁။

သမိုင်းကိုဆစ်ပိုင်းလေ့လာခြင်း

၃၁ အောက်တိုဘာ ၂၀၂၁

မြန်မာ့နိုင်ငံရေးသမိုင်းကို လေ့လာတဲ့အခါမှာ၊ ဆစ်ပိုင်းလေ့လာရမယ့် နည်းနာလိုပါတယ်။ အချက် (၃) ခုကို တင်ပြချင်ပါတယ်။

- (၁) လူကို လေ့လာတာ။
- (၂) ကာလအပိုင်းအခြားကို လေ့လာတာ။
- (၃) အကြောင်းအရာကို လေ့လာတာ။



လူကို လေ့လာတာ

မြန်မာ့နိုင်ငံရေးသမိုင်းကို ဂဃနဏနားလည်ဖို့အတွက်ဆိုရင် လူတွေကို လေ့လာခြင်းဟာ အဓိကအချက်အနေနဲ့ ပါဝင်ပါတယ်။ အထူးသဖြင့် key stakeholders (actors) လို့ ခေါ်တဲ့ အဓိကပါဝင်ဆက်နွယ်နေသူတွေ (ဇာတ်ကောင်တွေ) ကို လေ့လာတာဖြစ်ပါတယ်။ ဒါကို လူကိုလေ့လာခြင်းလို့ အနက်ဖွင့်နိုင်ပါတယ်။ လူကို လေ့လာတဲ့အခါမှာ၊ လူ့ရဲ့ လုပ်ဆောင်ချက်တွေကို လေ့လာတာနဲ့ လူ့ရဲ့စိတ်နေသဘောထား၊ ဝိညာဉ်ကို လေ့လာတာဆိုပြီး အကြမ်းဖျင်း ခွဲခြားနိုင်ပါတယ်။ များသောအားဖြင့်တော့ - သမိုင်းရေးသားချက်တွေမှာ လူတွေရဲ့ ထင်ရှားမြင်ရတဲ့ အချက်အလက်တွေကို ဦးစားပေးဖော်ပြကြပါတယ်။ လူကို လေ့လာခြင်းမှာ လူ့ရဲ့လုပ်ရပ်တွေနဲ့ သူတို့ ပြုမူချက်တွေကိုသာ လေ့လာရာမှာ ရပ်နေသင့်တယ်လို့ မထင်ပါ။ လူ့ရဲ့ စိတ်နေသဘောထားနဲ့ သူ့ရဲ့ အဇ္ဈတ္တကိုလည်း မြင်အောင်ကြည့်နိုင်ဖို့ သူ့ဝိညာဉ်နဲ့ ထိတွေ့နိုင်ဖို့ ကြိုးစားသင့်တယ်လို့ ထင်ပါတယ်။ အဲဒါတွေကို တော့ သမိုင်းစာအုပ်တွေမှာ တွေ့နိုင်မယ် မထင်ပါ။ သူရေးသားခဲ့စာ၊ စာအုပ်တွေ၊ သူ ဖန်တီးခဲ့တဲ့ အနုပညာတွေ။ တနည်းအားဖြင့် သူနဲ့ ခေတ်ပြိုင်တွေက သူ့အပေါ် ထင်မြင်ယူဆထားတာ၊ သူ့အပေါ် ဘယ်လို ခံစားမိသလဲဆိုတာ ကို ဖော်ပြထားတဲ့ မှတ်တမ်းတွေမှာ တွေ့နိုင်ပါတယ်။ လူကို လေ့လာတဲ့နေရာမှာ မြင်သာထင်သာတဲ့အပိုင်းနဲ့ ထိတွေ့ကိုင်တွယ်လို့ မရတဲ့ အဇ္ဈတ္တပိုင်းကို ချည်းကပ်လေ့လာနိုင်မှ အတော်အတန် ရှုထောင့်စုံနိုင်မယ်လို့ ယူဆပါတယ်။ ဒါပေမယ့် လူကို လေ့လာခြင်းမှာ အဇ္ဈတ္တကို တွေ့ထိနိုင်ဖို့အတွက် အကန့်အသတ်တွေ ရှိနေပါလိမ့်မယ်။ ဒါပေမယ့် တတ်နိုင်သရွေ့ လူကို လေ့လာတဲ့နေရာမှာ၊ သူ့ရဲ့ လုပ်ရပ်နဲ့ ပြုမူချက်တွေကို လေ့လာရုံနဲ့တင် အပြီးမသပ်ဘဲနဲ့ သူ့ရဲ့ အဇ္ဈတ္တနဲ့ ဝိညာဉ်ကို ဖော်ပြနိုင်မယ့် မှတ်တမ်းမှတ်ရာတွေကိုလည်း အထူးပြု ရှာဖွေလေ့လာပြီး ချည်းကပ်လေ့လာဖို့ လိုကြောင်း တင်ပြချင်ပါတယ်။ ချုပ်လိုက်ရင် လူကို လေ့လာခြင်းမှာ ...

- လူ့ရဲ့ လုပ်ရပ်နဲ့ ပြုမူ၊ ပြောဆိုချက်တွေကို လေ့လာတာနဲ့
- လူရဲ့ အဇ္ဈတ္တအတွင်း သဏ္ဌာန်ဝိညာဉ်ကို ချည်းကပ်လေ့လာတာဆိုပြီး အကြမ်းဖျင်း နှစ်မျိုး ခွဲနိုင်ပါတယ်။

ဥပမာ - ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း၊ အိုးဝေမဂ္ဂဇင်း အယ်ဒီတာ ကိုအောင်ဆန်း၊ တို့ဗမာအစည်းအရုံး ဝင် သခင်အောင်ဆန်း၊ ဗမာပြည်ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး သခင်အောင်ဆန်း၊ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တေဇ၊ မြန်မာ့လွတ်လပ်ရေးခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း ဆိုတာတွေဟာ လုပ်ရပ်နဲ့ ပြုမူချက်တွေကို လေ့လာတာဖြစ်ပြီး - ကြည်ရေ.... ပဲပြုတ်နဲ့ နံပြားရရင် စားချင်တယ် နဲ့ အောင်ဆန်း (သို့မဟုတ်) အရိုင်း ဆိုတာတွေကတော့ လူ့ရဲ့ အဇ္ဈတ္တ အတွင်းသဏ္ဌာန် ဝိညာဉ်ကို ချည်းကပ်လေ့လာကြည့်တာဖြစ်ပါတယ်။

ကာလအပိုင်းအခြားကို လေ့လာတာ

ကာလအပိုင်းအခြားကို ဆစ်ပိုင်းပြီးတော့ လေ့လာခြင်းနည်းဟာ သမိုင်းလေ့လာခြင်းနည်းမှာ အသုံးများပါတယ်။ ခုနှစ် သက္ကရာဇ်တစ်ခုကို တိတိကျကျ ဆစ်ပိုင်းလိုက်ပြီးတော့ ဘယ်ခုနှစ်ကနေ ဘယ်ခုနှစ်ကြားကာလကို လေ့လာမယ်ဆိုပြီး အထူးပြုလိုက်တာဖြစ်ပါတယ်။ သမိုင်းကို လေ့လာတယ်ဆိုတာ အတိတ်ကို လေ့လာတာဖြစ်ပါ တယ်။ အတိတ်မှာ ဖြစ်ပျက်ခဲ့ပြီးသောဖြစ်ရပ်တွေကို အချိန်ကာလအားဖြင့် ပိုင်းဖြတ်ပြီး လေ့လာဖို့လိုပါတယ်။

လူ့ရဲ့လေ့လာမှုဟာ အကန့်အသတ်အားဖြင့် ရှိနေလို့ သမိုင်းကို တွေ့သမျှ လိုက်ဖတ်နေတဲ့အခါ၊ သမိုင်းအသိဟာ ခေါင်းထဲမှာ အချက်အလက်တွေ ဖြုတ်စဗျင်းတောင်းနဲ့ ရောသပြွမ်းဖြစ်နေတတ်ပါတယ်။ သမိုင်းလေ့လာမှုမှာ၊ စနစ်တကျ ဖြစ်စေဖို့ ကာလအပိုင်းအခြားအားဖြင့် ဆစ်ပိုင်းပြီးတော့ လေ့လာဖို့ လိုပါတယ်။ ကာလအပိုင်းအခြားကို ဆစ်ပိုင်းလေ့လာဖို့အတွက် အရေးအကြီးဆုံးကတော့ - ခရိုနိုလော်ဂျီ (Chronology) လို့ခေါ်တဲ့ သမိုင်းစဉ်ဇယားကို ကြေညက်ရမှာ ဖြစ်ပါတယ်။ ကာလအပိုင်းအခြားကို ဆစ်ပိုင်းလေ့လာခြင်းဟာ ခေတ်ကို လေ့လာခြင်းလည်း ဖြစ်တယ်။

ဥပမာ - ကိုလိုနီခေတ် မြန်မာနိုင်ငံသမိုင်း (၁၈၂၆ - ၁၉၄၈) ၊ ပါလီမန်ဒီမိုကရေစီခေတ် မြန်မာနိုင်ငံ (၁၉၄၈ - ၁၉၆၂) ၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ (၂၀၁၁ - ၂၀၂၁) စသည်ဖြင့် ခေတ်နဲ့ ကာလကို ပိုင်းဆစ်လေ့လာတာ ဖြစ်ပါတယ်။

ဒီနေရာမှာ ခေတ်ကို အကျယ်ချဲ့ပြီး လေ့လာနိုင်သေးတယ်။ ဥပမာ - ခေတ်ဟောင်းသမိုင်း၊ ခေတ်လယ်သမိုင်း၊ ခေတ်သစ်သမိုင်း စသည်ဖြင့် ခေတ်ကို အကျယ်ချဲ့ပြီး ဖြန့်ကားလေ့လာတာဖြစ်ပါတယ်။ ကာလအပိုင်းအခြား အားဖြင့် တိတိကျကျ ဆစ်ပိုင်းလေ့လာခြင်းကတော့ သမိုင်းမှာ ပိုလို့ အသေးစိတ်ကျတဲ့ အချက်အလက်တွေကို အာရုံစိုက်လေ့လာရတယ်။ စေ့စပ်သေချာချင်ရင်၊ စူးစမ်းရှာဖွေမယ့်ကာလကိုလည်း တိုတိုပဲ သတ်မှတ်ရမယ်။

အကြောင်းအရာကို လေ့လာတာ

အကြောင်းအရာကို လေ့လာခြင်းမှာ၊ သီးခြားဝိသေသတွေ ရှိပါတယ်။ ဥပမာ - ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုတွေ အကြောင်းလေ့လာတာ။ စစ်အာဏာသိမ်းမှုတွေအကြောင်း လေ့လာတာ။ ရွေးကောက်ပွဲ ဖြစ်ရပ်တွေကို လေ့လာတာ။ နိုင်ငံခြားဆက်ဆံရေးကိစ္စတွေ လေ့လာတာ။ အကျိုးစီးပွားပဋိပက္ခတွေအကြောင်း လေ့လာတာ။ ဘာသာရေးအဓိကရုဏ်း၊ လူမျိုးရေးအဓိကရုဏ်းတွေ အကြောင်းလေ့လာတာ။ နိုင်ငံရေးသမိုင်း၊ စီးပွားရေးသမိုင်း၊ လူမှုရေးသမိုင်း၊ စာပေသမိုင်းကို လေ့လာတာ။ ဓလေ့သမိုင်းကိုလေ့လာတာ။ စစ်ပွဲတွေ အကြောင်း လေ့လာတာ။ ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်၊ ပြည်တွင်းစစ် စသည်ဖြင့်။ အကြောင်းအရာလိုက် အမျိုးအစားတွေကို ခွဲခြမ်းစိတ်ဖြာပြီး အထူးပြုလေ့လာလို့ ရပါတယ်။ အကြောင်းအရာတွေကို အသေးစိတ်နိုင်ရင် အသေးစိတ်နိုင်သလောက် ခွဲဖြန့်လေ့လာလို့ ရတယ်။ စေ့စပ်သေချာချင်ရင်၊ စူးစမ်းရှာဖွေတဲ့ နယ်ကို ကျဉ်းရမယ်။

@@@

သမိုင်းကို လေ့လာတာ အတိတ်ကို လေ့လာတာဖြစ်တယ်။ အတိတ်ကို လေ့လာပေမယ့်၊ အတိတ်မှာနေထိုင်ဖို့ မဟုတ်။ အနာဂတ်ကို ရှေ့ရှုဖို့ ဖြစ်တယ်။ လူအတော်များများဟာ သမိုင်းစာအုပ်တွေဖတ်ရင်း အတိတ်ရဲ့ အကျဉ်းသားဖြစ်ကုန်တယ်။ ဒါက မကောင်းဘူး။ သမိုင်းကို လေ့လာတာ အနာဂတ်အတွက် ဖြစ်တယ်။ သမိုင်းလေ့လာရခြင်း ရည်ရွယ်ချက်ဟာ ပိုကောင်းတဲ့ လူ့အဖွဲ့အစည်းဖြစ်အောင် တည်ဆောက်ဖို့ ဖြစ်တယ်။ တနည်းအားဖြင့် quality of society အဆင့်မြင့်မားလာဖို့ ဖြစ်တယ်။ အတိတ်က အခြင်းအရာတွေကို ပြန်လည် စားမြုံ့ပြန်ပြီး မြည်တွန်တောက်တီးဖို့ မဟုတ်ဘူး။ အတိတ်က ရွှေထီးဆောင်းခဲ့တာတွေကို တသသ လွမ်းဆွတ်ပြီး

ပြန်လည် သာယာနေဖို့လည်း မဟုတ်ဘူး။ သမိုင်းဆိုတာ ဘယ်လို ဖြစ်ခဲ့တယ်ဆိုတာ နားလည်အောင် လုပ်ပြီး လူ့ရဲ့သဘော၊ လူ့လောကရဲ့ သဘာဝနဲ့ လူ့အဖွဲ့အစည်းရဲ့ ဓလေ့ စရိုက်တွေကို မြင်အောင် ကြည့်ရတာ။ အဲသည်လို မြင်အောင် ကြည့်ပြီးရင်လည်း ဒီအတိုင်း ထိုင်နေဖို့ မဟုတ်ဘူး။ ပစ္စုပ္ပန်မှာ ပိုကောင်းတဲ့ လူသားလုပ်ရပ်တွေ၊ လူသားကိုယ်ကျင့်တွေ ဖြစ်ထွန်းဖို့ ကျေးဇူးပြုရမှာဖြစ်တယ်။ အနာဂတ်ကောင်းကို ရဖို့ ပစ္စုပ္ပန်မှာ စနစ်တကျ အမြော်အမြင်ရှိရှိ မြင်ကွင်းကျယ်ကျယ်နဲ့ သဘောထားကြီးကြီး လုပ်ကြကိုင်ကြဖို့ သမိုင်းကို လေ့လာရတာ ဖြစ်တယ်။

- အတိတ်ကို လေ့လာရတာ အနာဂတ်အတွက် ဖြစ်တယ်။
- အတိတ်မှာ အကျဉ်းကျ နေထိုင်ဖို့ မဟုတ်ဘူး။

နံနက် ၅း၁၁

၃၁၊ အောက်တိုဘာ၊ ၂၀၂၁။

သုတေသန

၃၁ အောက်တိုဘာ ၂၀၂၁

သုတေသနဆိုတာ -

- သုတ = အကြားအမြင် + ဧသနာ = ရှာမှီးခြင်း ဆိုတဲ့အနက်သဘောဖြစ်ပါတယ်။
- တနည်းအားဖြင့်၊ တိမ်မြုပ်နေတာကို ပြန်ရှာတယ်ဆိုတဲ့ အနက်ထွက်ပါတယ်။ အသစ်ကို ရှာတာ၊ အဟောင်းကို ပြန်ဖော်တာတွေဟာ သုတေသနနဲ့သဘောဖြစ်ပါတယ်။

သုတေသနမှာ အရေးကြီးတာက အထောက်အထားဖြစ်ပါတယ်။ အထောက်အထားကို နှစ်မျိုးခွဲကြည့်နိုင်တယ်။ မူလအထောက်အထား (primary sources) နဲ့ တဆင့်ခံအထောက်အထား (secondary sources) ဆိုပြီးတော့၊ နှစ်မျိုးခွဲနိုင်တယ်။ မူလအထောက်အထား၊ မူရင်းအထောက်အထားကတော့ အခိုင်မာဆုံးဒေါက်ဖြစ်ပါတယ်။ တဆင့်ခံအထောက်အထားကို သုံးရင်၊ ခိုင် မခိုင် ပြန်ကြည့်ရတယ်။ သုံးလို့ ရ မရ ပြန်ဆန်းစစ်ရတယ်။ တစ်ဆင့်ခံ အထောက်အထားကို ဒီအတိုင်း ပစ်သုံးဖို့ မသင့်ဘူး။



အထောက်အထားကို အကဲဖြတ်ပါ

သုတေသနလုပ်သူဟာ အထောက်အထားကိုတန်ဖိုးဖြတ်ရမယ်။ မသုံးသင့်ရင် မသုံးဘူး။ သုံးသင့်မှ သုံးမယ်။ အထောက်အထားကို တန်ဖိုးဖြတ်ရာမှာ အားမနာရဘူး။ ဂတိနဲ့ အကဲဖြတ်တာမျိုးမလုပ်ရဘူး။ စိတ်ကူးနဲ့ ရေးထားတဲ့ မှတ်တမ်းတွေ ရှိတယ်။ စိတ်ကူးများရင် သမိုင်းမဟုတ်ဘူးလို့ ဒေါက်တာသန်းထွန်းက ခပ်ပြတ်ပြတ် ပြောတာ ဖတ်ဖူးတယ်။ ဘယ်လိုလူက ဘယ်လို ပုံစံနဲ့ ဘာတွေကို သုံးပြီးတော့ မှတ်တမ်းတင်ထားတာလဲလို့ လေ့လာရမယ်။ အထောက်အထားမှာ ပုံစံအမျိုးမျိုး ရှိနိုင်တယ်။ အထောက်အထားကို ကြည့်ပြီးတော့ ယုတ္တိရှိ မရှိ အကဲဖြတ်ရတယ်။ အမှားကို အမှန်ထင်အောင် ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား သေသေသပ်သပ် မှတ်တမ်း တင်ထားတာတွေ တွေ့လိမ့်မယ်။

အထူးသဖြင့် နိုင်ငံရေးသမိုင်းစာအုပ်တွေကို အထောက်အထားအားဖြင့် သုံးရင် ဝေဖန်ပိုင်းခြားစိတ်ဖြာနိုင်စွမ်း ရှိခြင်းဟာ အရေးကြီးတယ်။ အလွန်အမင်း နှိမ်ရေးထားရင်လည်း ယုတ္တိမတန်ဘူး။ အလွန်အခင်း ချီးမြှောက် ရေးထားရင်လည်း ယုတ္တိ မတန်ဘူး။ သဘာဝကျရဲ့လားဆိုတာကို အမြဲ မေးခွန်းထုတ်နေရမှာ သုတေသနသမား အလုပ်ရဲ့ တာဝန်လို့ ထင်ပါတယ်။ တခါတရံ မှတ်တမ်းတင်သူက ပါးနပ်လွန်းရင် အလိမ္မာသုံးပြီး မယုတ်မလွန် ရေးသားထားတွေ ရှိတယ်။ ဒါတွေကိုလည်း မြင်အောင်၊ ပေါ်အောင် ကြည့်ရပါလိမ့်မယ်။ အပေါ်ယံကြည့်ပြီး အထောက်အထား ခိုင် မခိုင် ဆုံးဖြတ်လို့ မရပါ။ ကိုယ်ပိုင်ဉာဏ်ကိုပဲ အားကိုးရတယ်။ အဲသည့်အတွက် လေ့လာဆည်းပူးမှု ဝမ်းစာနဲ့ သုတေသနသဘောကို နားလည်ကျွမ်းကျင်မှု လိုအပ်တယ်။ အကြောင်းအကျိုး ဆက်စပ်ကြည့်ပြီး ဒီအထောက်အထားက သုံးသင့် မသုံးသင့် ဆိုတာကို အကဲဖြတ်ရတယ်။ သုတေသနမှာ အထောက်အထားက အရေးကြီးတယ်။ အချက်အလက်က အရေးကြီးတယ်။

ဘယ်လိုထောက်မှာလဲ

အထောက်အထားဆိုတာမှာ အချက်အလက်၊ မှတ်တမ်းမှတ်ရာ၊ သက်သေတွေ ရှိလိမ့်မယ်။ စာအုပ်ရယ်လို့ဖြစ်မှ အထောက်အထား မဟုတ်ပါ။ အထောက်အထားကို ဒေါက်လို့ ယူဆထားလို့ရတယ်။ အရပ်သုံးစကားမှာ - တစ်ချောင်းထောက်၊ နှစ်ချောင်းထောက်လို့ ရှိတယ်။ တစ်ချောင်းတည်းနဲ့ ထောက်ထားရင် မခိုင်ပါ။ နှစ်ချောင်းတည်းနဲ့ ထောက်ရင်လည်း မခိုင်သေးပါ။ သုံးချောင်းထောက်မှ ရပ်လို့ ရပါတယ်။ လေးချောင်းထောက်က ပိုလို့ ကြာကြာရပ်လို့ ရတယ်။ ထောက်တယ် ထားတယ်ဆိုတာ ရပ်နိုင်အောင်လို့ ဖြစ်ပါတယ်။ သုတေသနမှာ ဒေါက်တွေကို ရှာရတာ ဒါ့ကြောင့် ဖြစ်ပါတယ်။

ဒေါက်တွေဆိုတာ အထောက်အထားပါပဲ။ ခိုင်မာတဲ့ အချက်အလက်၊ အသုံးဝင်တဲ့ အချက်အလက်ပဲဖြစ်ပါတယ်။ ကိုယ်သုံးတဲ့ အချက်အလက်၊ ကိုယ်သုံးတဲ့အထောက်အထားဟာ ခိုင်မာလေလေ ကိုယ်ဖော်ထုတ်တဲ့ သီအိုရီ (သို့မဟုတ်) အယူအဆ (သို့မဟုတ်) တွေ့ရှိချက်ဟာ ခိုင်မာလေလေဖြစ်ပါတယ်။ အထောက်အထားပေါ် မူတည်ပြီး သုတေသနမှာ တင်ပြထားတဲ့ သီအိုရီနဲ့ အယူအဆ၊ တွေ့ရှိချက်ကို သုံးလို့ ရ မရ အကဲဖြတ်နိုင်ပါတယ်။ ကိုယ့်တင်ပြချက်ကို ခိုင်ချင်လွန်းလို့ အချက်အလက်တွေ အများကြီး စုပြုံထည့်ထားတတ်တယ်။ အချက်အလက်

တွေ များတိုင်း တန်ဖိုး မပဟုတ်ပါ။ စီတတ်မှ လှတယ်၊ သီတတ်မှ ရပါတယ်။ ဒါပေမယ့် အချက်အလက် အထောက်အထားတွေကို သုံးပြီး ရေးတဲ့အခါ သီရုံနဲ့ မရဘူး။ ခိုင်အောင် ဆက်ရပါတယ်။ အားလုံး စုပေါင်း ဆက်ပေါင်း လုပ်ရင်လည်း စပ်ထမီဘဲ ဖြစ်ပါလိမ့်မယ်။ ဒေါက်တာသန်းထွန်းကတော့ သုတေသနစာတမ်းမှာ စာပိုဒ်တစ်ပိုဒ်နဲ့ တစ်ပိုဒ်ကို ပုတီးလို မသီနဲ့ ၊ သံကွင်းလို ဆက်လို့ ပြောပါတယ်။ ရှေ့စာပိုဒ်ရဲ့နောက်ဆုံး စာကြောင်းဟာ နောက်စာပိုဒ်ရဲ့ ရှေ့ဆုံးစာကြောင်းကို ခေါ်လာပေးတဲ့အရေးအသားဖြစ်ရမယ်။

ထောက်တတ်မှ ဒေါက်က ခိုင်တယ်

အချက်အလက်များတိုင်း ခိုင်အောင် မထောက်နိုင်ပါ။ သူ့နေရာနဲ့ သူ ထောက်နိုင်မှ ခိုင်ပါတယ်။ ဒီတော့ ဘယ်လို အချက်အလက်မျိုး၊ ဘယ်လို အထောက်အထားမျိုးဟာ ကိုယ် ဖော်ထုတ်တဲ့သီအိုရီကို ထောက်နိုင်မယ့်အရာလဲ ဆိုတာ သုံးသပ်ရပါတယ်။ ကိုယ်တင်ပြတဲ့ တွေ့ရှိချက်ကို ထောက်နိုင်မှ ကိုယ်ထောက်တဲ့ဒေါက်က ခိုင်တယ်။ ဒါမှ သုတေသနကောင်းဖြစ်မယ်။ အထူးသဖြင့် စာရေးတဲ့သူတွေဟာ တဆင့်ခံအထောက်အထားတွေကို သုံးကြရတာ များလို့၊ တဆင့်ခံအထောက်အထားတွေကို မှတ်တမ်းတင်တဲ့သူကို အကဲဖြတ်ရမယ်။ ဒီစာအုပ်ကို တကယ်သိလို့ တတ်လို့ ရေးတာလား။ တကယ်လေ့လာပြီးမှ ရေးတာလား။ တကယ်သိလို့ တကယ်နားလည်လို့ ရေးတာ ဟုတ် မဟုတ်ကို ဖတ်ကြည့်ရင် သိနိုင်ပါတယ်။ ရောကြိတ်ထားတာတွေ၊ သံယောင်လိုက်ပြီး ရေးထားတာတွေ တွေ့နိုင်ပါတယ်။ ဘာသာပြန် အမှီးလို အထောက်အထားမျိုးလား။ မှတ်တမ်းတင်တဲ့သူက ဂတိ ဒီဂရီဘယ်လောက် ရှိသလဲ။ ဒေါက်တာသန်းထွန်းက အခုလို ပြောတယ်။

- စာရေးသူကို အမှတ်အဆင့်ပေးတဲ့အခါ ဒါတွေ ပါရမယ်။ တစ်ဆင့်ခံ အထောက်အထားအဖြစ်နဲ့ သုံးချင်တဲ့ မှတ်တမ်းကိုလည်း ဘယ်သူရေးသလဲ။ ဒီလူဟာ စေ့စပ်သေချာတယ်လို့ ကျော်ကြားသူလား၊ စာအုပ်ဖြစ် လျှင် ပြီးရောဆိုပြီး ထိုးထိုးကြိတ်ကြိတ်ရေးတဲ့လူလားဆိုတာ စုံးစမ်းရမယ်။ ဘာသာရပ် အကြောင်းအရာကို ကောင်းကောင်း သိပြီးမှ ရေးတာနဲ့ ရေးသူကိုယ်တိုင် ကောင်းကောင်း နားမလည်ဘဲနဲ့ ရေးတာ ဖတ်ကြည့်တဲ့အခါ သိလောက်ပါတယ်။ စာရေးသူတချို့ဟာ ငွေရပေါက် ချောင်တယ်ဆိုပြီး အကြောင်း အရာ တစ်ခုကို မပိုင်ဘဲနဲ့ ဝင်ရေးတာ ရှိတယ်။ တချို့က ပြင်းထန်တဲ့ မျိုးချစ်စိတ်နဲ့ တစ်ဖက်စီးနင်း ရေးတာမျိုး၊ တချို့က ပြင်းထန်တဲ့ ယုံကြည်မှုဝါဒစွဲနဲ့ တစ်ဖက်စီးနင်းရေးတာမျိုး ဖြစ်နေရင်လည်း အဖြစ်အပျက် အမှန် မပေါ်ဘဲ ရှိတတ်တယ်။ (ဒေါက်တာသန်းထွန်း၊ သုတေသနထုံး၊ ၂၀၀၃၊ စာ - ၄၂)

ဒီနေ့ခေတ်ကတော့ ၊ ငွေရပေါက်ချောင်လို့ စာရေးတယ်ဆိုတာထက် ပေါ်ပြူလာဖြစ်ချင်လို့ စာအုပ်ထုတ်ရေးတာ တွေ များတယ်။ ဘာသာရပ်ကို ပိုင်ပိုင်နိုင်နိုင် မရှိဘဲ၊ လေဖမ်းဒါန်းစီးပြီး ရေးတာတွေ တွေ့ရတယ်။ ဒီလို စာအုပ်မျိုးတွေကို သုံးမယ်၊ ကိုးကားမယ်ဆိုရင် အတော်ကြီး ချင့်ချိန်ပြီးမှ သုံးရမယ်။ ဘာသာစကားကျွမ်းကျင်မှုနဲ့ ဘာသာရပ် ကျွမ်းကျင်မှုက မတူ။ တချို့ ဘာသာစကားကျွမ်းကျင်ရုံနဲ့ ကိုယ်မနိုင်နဲ့ ဘာသာရပ်စာအုပ်ကို ကိုင်တာ သိပ်ဆိုးတယ်။ ဒီလိုမျိုးကို သုံးလို့ မသင့်တော်ဘူး။

အခြေခံစဉ်းစားချက် (၃) ချက်

သုတေသနပဲ ဖြစ်ဖြစ်၊ သုတေသနအခြေခံပြီး ရေးတဲ့စာပဲ ဖြစ်ဖြစ် အဓိက အချက် သုံးချက်ကို သေသေချာချာ စဉ်းစားရတယ်။

- (၁) နယ်နိမိတ်၊ အကြောင်းအရာ။
- (၂) ရည်ရွယ်ချက်။
- (၃) ပရိသတ်။

ဘယ်အကြောင်းအရာကို ဘယ်လောက်ဘောင်အကန့်အသတ်ထားပြီးတော့ ရေးမှာလဲ။ ဒါကို သေချာ ဆုံးဖြတ်ရတယ်။ သုတေသနမှာတော့ တတ်နိုင်သမျှ ခပ်ကျဉ်းကျဉ်း စဉ်းစားလေ့ရှိတယ်။ ဘောင်ကို ကျုံ့နိုင်လေ၊ ပိုပြီး စေ့စေ့စပ်စပ် နှိုက်နှိုက်ချွတ်ချွတ်ရေးနိုင်လေလို့ ယူဆတယ်။ နောက် - ရည်ရွယ်ချက်။ ဘယ်သီအိုရီ၊ ဘယ်ရှုထောင့်၊ ဘယ်ရပ်ခံချက်၊ ဘယ်အမြင်အယူအဆကနေ ချဉ်းကပ်ပြီး ရေးမှာလဲ။ ဒါက အရေးကြီးတယ်။ နောက်ဆုံး စဉ်းစားရတာက - ပရိသတ်။ ဘယ်သူ့အတွက်ရေးတာလဲ။ ဘယ်သူ ဖတ်မှာလဲ။ ဘယ်သူ ဖတ်ဖို့ ရေးတာလဲ။ ပညာရှင်ဖတ်ဖို့လား၊ စိတ်ဝင်စားသူ ဖတ်ဖို့လား၊ သာမန် လူထုပရိသတ် ဖတ်ဖို့လား။ တစ်ခုနဲ့ တစ်ခု မတူပါ။ ကိုယ်ဦးတည်တဲ့ ပရိသတ်အပေါ်မှာ မူတည်ပြီးတော့ ကိုယ့်ရဲ့ ရေးဟန်ကို ပြန်လည်ချင့်ချိန်ရတယ်။ ပညာရှင်ဖတ်ဖို့ ဆိုရင်တော့ - ပညာရှင်နဲ့တန်တဲ့ အဆင့်မှီအောင်ရေးဖို့ လိုတယ်။

အရေးကြီးတာကတော့ - ကိုယ့်မှာ အခြေခံ မရှိရင် မကိုင်နဲ့။ သုတေသနမှာ အရေးအကြီးတာက မေးခွန်းထုတ်တတ်ဖို့ ဖြစ်တယ်။ မေးခွန်းထုတ်ပြီး လေ့လာစူးစမ်းတာတောင် မလုပ်နိုင်ရင်၊ အဲသည့်အကြောင်းအရာကို သွားမကိုင်နဲ့။ သုတေသနမှာ သူများနှာခေါင်းပေါက်နဲ့ အသက်ရှုလို့ မရဘူး။

သုတေသနဆိုတာ အသစ်ကို ရှာတာဖြစ်တယ်။ တိမ်မြုပ်နေတာကို ဖော်ထုတ်တာဖြစ်တယ်။ ဒီတော့ အသစ်ပေးနိုင်ဖို့ လိုတယ်။ ဖော်ထုတ်မှုဟာ စနစ်တကျ ထင်ရှားရမယ်။

ည ၇း၂၂

၃၁၊ အောက်တိုဘာ၊ ၂၀၂၁။

စာဖတ်သမားသုံးမျိုး

❼ စက်တင်ဘာ ❷⓿❷❶

စာဖတ်ခြင်းမှာ ပုံစံ (၃) မျိုး ရှိနိုင်တယ်လို့ အကြမ်းဖျင်း ယူဆမယ်။

၁။ ခံစားဖို့ အတွက် ဖတ်တာ။

၂။ သိဖို့ အတွက် လေ့လာတာ။

၃။ ခံစားဖို့ရော၊ သိနားလည်ဖို့ရော… ဖတ်ကြတာ။

စာဖတ်သူ သုံးမျိုးလို့လည်း နားလည်နိုင်ပါတယ်။

ဒီအထဲမှာ၊ နံပါတ် (၃) ဖြစ်တဲ့ စာဖတ်သူ အမျိုးအစားဟာ အတော်များများ ရှိလိမ့်မယ်လို့ ထင်တယ်။ နောက်ထပ် များနိုင်တာကတော့ နံပါတ် (၁) စာဖတ်သူ အမျိုးအစား။ နံပါတ် (၂) အမျိုးအစားကတော့ ရာခိုင်နှုန်းအားဖြင့် နည်းနိုင်ပါတယ်။

သာမန် စာဖတ်သူ ဆိုတာ

လူတော်တော်များများက စာဖတ်တယ်ဆိုရင် စိတ်ကို လွတ်လွတ်လပ်လပ် ထားပြီး ဖတ်ကြပါတယ်။ သာမန် စာဖတ်သူ ဆိုတာကို အနက်ဖွင့်ချင်ပါတယ်။ ဘာရည်ရွယ်ချက်မှ သီးသီးသန့်သန့် ထားပြီး စာဖတ်တာ မဟုတ်ဘဲနဲ့ စိတ်လိုလက်ရ စာဖတ်ရတာကို ပျော်မွေ့လို့ ၊ စာကောင်းတွေ့ရင် ဖတ်လိုက်တာ။ စာအုပ်ကောင်းလို့ ယူဆမိတာ ရှိရင် ဝယ်ဖတ်လိုက်တာမျိုးကို သာမန် စာဖတ်သမားလို့ သုံးနှုန်းချင်ပါတယ်။ ဒီတော့ သာမန် စာဖတ်သူအများစုကတော့၊ စာထဲမှာ ခံစားစရာရှိရင် ခံစားလိုက်မယ်။ သူနဲ့ နှီးနွှယ်ဆက်စပ်တာ ရှိလို့ သိမှတ်စရာတွေ့ရင် မှတ်ထားလိုက်မယ်။ ဒီလိုလူမျိုးဟာ သာမန် စာဖတ်သူပါပဲ။ သူနဲ့ နှီးနွှယ်တယ်ဆိုတာကို တမင်တကာ လိုက်မရှာဘူး။ သူနဲ့ ပတ်သက်တယ်ဆိုတဲ့အရာကို တကူးတက လိုက် မရှာဘူး။ သူ့မှာ ထူးထူးခြားခြား သိချင်တယ်ဆိုတာလည်း သိပ်မရှိလှဘူး။ သူနဲ့ ကြုံဆုံရာ စာအုပ် စာပေ စာစောင်… စတာကို တွေ့လို့ ကောက်ဖတ်တယ်၊ သတိထားမိလို့ ကောက်ဖတ်တယ်၊ ဖတ်ကြည့်လိုက်အုံးမှ… ဆိုပြီး ကောက်ဖတ်တယ်။ တခါတရံလည်း စာအုပ်ဆိုင်သွားမှဆိုပြီး စာအုပ်ဆိုင်မှာ ကောင်းနိုးရာရာ စာအုပ် ရှာဝယ်လာခဲ့တယ်။ ဒီနေ့ခေတ် အင်တာနက် အွန်လိုင်းပေါ်မှာလည်း ဒီလူ့စာတွေ မဆိုးဘူး၊ ဒီအကြောင်းအရာက မဆိုးဘူး…ဆိုပြီး တွေ့လို့ ဖတ်လိုက်တယ်။ ဖတ်လိုက်တော့လည်း သူ့မှ ရစရာ ရှိတာ ရလိုက်တယ်။ ဒါကို သာမန်စာဖတ်သူလို့ ခေါ်နိုင်ပါတယ်။ သူ့မှာ ဇွဲဇွဲလမ်းလမ်း ဖြစ်တာ၊ ရှုးရှုးမှုးမှုးဖြစ်တာ သိပ်မရှိတဲ့သူလို့ မှတ်ယူနိုင်ပါတယ်။ ဒီလိုစာဖတ်သမား တွေက များနိုင်ပါတယ်။ ထားတော့။

သာမန် စာဖတ်သူမှာ၊ ခံစားမှုကို ပိုတောင့်တတာ။ အသိအချက်အလက်ကို ပိုလိုလားတာ ရာခိုင်နှုန်းအားဖြင့် အပြင်းအပျော့ ရှိနိုင်ပါတယ်။ ဒါပေမယ့် သူ့မှာ နည်းနည်းလေး ပိုတောင့်တတာပဲ ရှိတယ်။ ကာယကံမြောက် တစ်ခုခုကိုမှ အကောင်အထည် မဖော်ဖြစ်ရင် သူဟာ သာမန် စာဖတ်သူ တစ်ယောက်ပါပဲ။

စာဖတ်သမားတစ်ယောက်ရဲ့ ဝိသေသ

ဒီနေရာမှာ သာမန် စာဖတ်သူအဆင့်ကနေ တက်လာတဲ့ စာဖတ်သမားအကြောင်း ပြောချင်ပါတယ်။ သာမန် စာဖတ်သူအဆင့်ကနေ ကျော်လွန်လာတဲ့ စာဖတ်သမား တစ်ယောက်မှာတော့၊ သူ့မှာ သီးသီးသန့်သန့် ရည်ရွယ်ချက် ရှိလာပြီ။ ပြီးတော့ စာတွေဖတ်လာရင်း သူ့ကိုယ်သူ သိနေတယ်။ ငါဟာ ရသကို ပိုကြိုက်တာလား။ ငါဟာ အတွေးအခေါ်၊ ဒဿန၊ အကြောင်းဖြစ်ရပ်တွေကို လေ့လာဖတ်ရှုရတာ ပိုသဘောကျတာလားဆိုတာကို သူ့ကိုယ်သူ ခွဲမြင်လာပြီ။ ဒါဟာ သာမန်စာဖတ်သူအဆင့်ထက် ကျော်လွန်လာတဲ့ စာဖတ်သမားတစ်ယောက်ရဲ့ စရိုက်လက္ခဏာလို့လည်း ပြောလို့ ရပါတယ်။

စာဖတ်သမားတွေမှာ အမျိုးမျိုး ရှိပါတယ်။ ရသဝတ္ထုတွေကိုပဲ သဘောကျတာ။ ရသဝတ္ထုမှာလည်း ဂန္ထဝင်ကို နှစ်ခြိုက်တာနဲ့ မော်ဒန်၊ ပို့စ်မော်ဒန် ဝတ္ထုတွေကို သဘောကျတာ ရှိနိုင်သေးတယ်။ အားလုံးကို ခံတွင်းတွေ့နေတာ လည်း ဖြစ်ကောင်းဖြစ်နိုင်သေးတယ်။ တချို့ကျတော့လည်း ရသသက်သက်ကြီးက မကောင်းဘူး။ အကြောင်းဖြစ်ရပ်၊ အချက်အလက်နဲ့ ရောနှောထားတဲ့ သမိုင်းနောက်ခံဝတ္ထုတွေ သဘောကျပြန်ရော။ ဘယ်လို ဝတ္ထုအမျိုးအစားပဲဖြစ်ဖြစ်၊ လူ့စရိုက်တွေကို စိတ်ဝင်စားလို့ ဇာတ်ကောင်တွေရဲ့ သရုပ်ကို ကောင်းကောင်း ဖော်ညွှန်း နိုင်တဲ့ ဘယ်ဝတ္ထုကို မဆို ကြိုက်တယ်ဆိုတဲ့ စာဖတ်သမားတွေလည်း ရှိပြန်တယ်။ တစ်ခုခုကို ခံစားရမှ၊ ပျော်တာဖြစ်ဖြစ်၊ ကြည်နူးတာဖြစ်ဖြစ်၊ ဒေါသဖြစ်တာဖြစ်ဖြစ်၊ ကြေကွဲတာဖြစ်ဖြစ် ဘယ်လိုဖြစ်ဖြစ် ခံစားရရင် ဝတ္ထုပဲ။ ဒီလိုမျိုးဆိုရင် ဘယ်ဝတ္ထုကိုမဆို ဖတ်တယ်ဆိုတဲ့ စာဖတ်သမားတွေလည်း ရှိနိုင်တာပဲ။ စာဖတ်သမား ဆိုတဲ့အဆင့်ဟာ အပျင်းပြေ၊ အပျော်ဖတ်အဆင့်ကနေ ကျော်လွန်လာတဲ့သူကို ခေါ်တာဖြစ်ပါတယ်။ သာမန် စိတ်ဖြေဖျော်မှုအတွက် အချစ်ဝတ္ထုလေး ကောက်ဖတ်တာ၊ သိုင်းဝတ္ထုလေး ကောက်ဖတ်တာ၊ ဂမ္ဘီရဆန်ဆန် ဝတ္ထု လေးကောက်ဖတ်တာ၊ ကိုယ့်ရှေ့တွေ့တဲ့ ဂျာနယ်၊ မဂ္ဂဇင်းလေး ကောက်လှန်တာမျိုးကို စာဖတ်သမားတစ်ယောက် လို့ မခေါ်နိုင်ပါဘူး။

ခံစားမှုဘက် ပိုတိမ်းညွတ်ကြတယ်

ဒီနေရာမှာ သိမြင်တွေးခေါ်နားလည်နိုင်ဖို့အတွက် ဖတ်တဲ့ သုတတွေရော၊ ခံစားဖို့အတွက် ဖတ်တဲ့ ရသတွေရော။ အားလုံးကို မျှမျှတတ ဖတ်တဲ့ စာဖတ်သမားတွေလည်း ရှိပါတယ်။ ဒါပေမယ့် ဘယ်လောက် မျှမျှတတ ဖတ်တယ်ပဲ ပြောပြော သူတို့ဟာ တစ်ဖက်ဖက်တော့ ပိုညွတ်ကြတာများတယ်။ ရာခိုင်နှုန်း အချိုးနဲ့ ကြည့်ရင်၊ ၈၀ / ၂၀ အချိုး။ ၇၀ / ၃၀ အချိုး။ ၄၀ / ၆၀ အချိုး။ ၅၀ / ၅၀ အချိုးလို့ တွက်နိုင်တယ်။ မြန်မာပြည်မှာတော့ ပညာရပ်ဆိုင်ရာတွေ၊ ဘာသာရပ်ဆိုင်ရာတွေချည်း ရာခိုင်နှုန်းအများဆုံး လေ့လာဖြစ်တဲ့သူ နည်းမယ် ထင်တယ်။ အထူးသဖြင့် လူငယ်တွေထဲ မှာ နည်းနိုင်တယ်။ လူငယ်ဆိုတာ စိတ်အားဖြင့်လည်း နုးညံ့လတ်ဆတ်နေသေးတော့ ခံစားမှုပိုင်းမှာ

ပိုသာနေတာ သိပ်မဆန်းဘူး ထင်ပါတယ်။ ဒီနေရာမှာ ဖတ်တာနဲ့ လေ့လာတာကို ကျနော် ခွဲပြီး သုံးခဲ့ပါတယ်။ စာဖတ်သူ သုံးမျိုးမှာ ….

၁။ ခံစားဖို့ အတွက် ဖတ်တာ။

၂။ သိဖို့ အတွက် လေ့လာတာ။

၃။ ခံစားဖို့ရော၊ သိနားလည်ဖို့ရော… ဖတ်ကြတာ… လို့ ပြောခဲ့တယ်။

ဖတ်တဲ့အဆင့်ကို ကျော်၍

စာဖတ်သမားတွေထဲမှာ၊ အနည်းစုသော စာဖတ်သမားတွေကတော့ ဖတ်တဲ့အဆင့်ကို ကျော်သွားတာ တွေ့ရတယ်။ သူတို့ကိုကြည့်ရင် စာအုပ်တစ်အုပ်ကို လှန်ပြီး စာဖတ်နေတာလို့ မြင်နေရတယ်။ အင်တာနက်အွန်လိုင်း စခရင်ပေါ်မှာ စာဖတ်နေတယ်လို့ မြင်ကောင်းမြင်နေရမယ်။ ဒါပေမယ့် သူတို့ထဲက တချို့ဟာ ဖတ်တာ မဟုတ်တော့ဘူး။ လေ့လာတာဖြစ်သွားပြီ။ သူတို့ သိချင်တဲ့အကြောင်းအရာ တစ်ခုခု၊ အဖြစ်အပျက် တစ်ခု၊ ဖြစ်စဉ် တစ်ခုခု၊ သဘောတရားတစ်ခုခု၊ သီအိုရီတစ်ခုခု၊ ပြဿနာ တစ်ခုခု၊ သမိုင်းတစ်ခုခုကို သေချာ ဂဃနဏ သိအောင် လေ့လာနေတာ။ လူကြီးသူမ မိဘတွေဟာ အော်… ဒီကောင်လေး၊ ဒီကောင်မလေး စာဖတ်နေတာပဲ လို့ ထင်ကောင်းထင်မယ်။ တကယ်တော့ ဒီလူငယ်ဟာ စာဖတ်နေတာ မဟုတ်ဘူး။ လေ့လာနေတာ၊ ဆည်းပူးနေတာ၊ စူးစမ်းနေတာ၊ ရှာဖွေနေတာ။ သူ့မှာ ဦးတည်ချက် တစ်ခုခု ရှိနေတယ်။ သူ့မှာ ရည်ရွယ်ချက် တစ်ခုခု ရှိနေတယ်။ သူ့မှာ လုပ်စရာ တစ်ခုခု ရှိနေတယ်။ အဲသည့်အတွက် သူဟာ ဒီစာအုပ်ထဲက၊ ဒီအင်တာနက်ထဲက အရာကို လေ့လာနေတာ။ တမင်တကာ တကူးတက ရှာဖွေနေတာ။ ဒီလိုလူကျတော့၊ စာဖတ်သမားထဲမှာ အတော်အဆင့်မြင့်သွားပြီလို့ ခေါ်တယ်။ ဒီလို စာဖတ်သမားဟာ စာပေကနေ သူ့ရဲ့ အသိနဲ့ ခံစားချက်ကို စနစ်တကျ တည်ဆောက်နေပြီ။ စာအုပ်တွေကနေ သူ့ရဲ့ ဦးနှောက်ထဲက အတွေးအခေါ်ကို ချဲ့ထွင်နေပြီ။ ပညာရပ်ဆိုင်ရာတွေ ဘာသာရပ်ဆိုင်ရာတွေထဲကနေ သူ့ အသိဉာဏ်ကို နက်နဲအောင် လုပ်နေပြီ၊ ကျယ်ပြန့်အောင် ချဲ့နေပြီလို့ နားလည်နိုင်တယ်။ စာပေကနေ၊ စာအုပ်ကနေ ဘဝကို အကျိုးပြုအောင် မဖြစ်မနေ လုပ်ဆောင်နေပြီလို့ ပြောလို့ရတဲ့အဆင့်ကို ရောက်သွားပြီ။ မြန်မာပြည်မှာ ဒီလို စာဖတ်သမားတွေ လိုတယ်။ သာမန်ကာလျှံကာ ဖတ်တဲ့ ဝါသနာပါတယ်ဆိုတဲ့အဆင့်ကနေ အများကြီး ကျော်လွန်သွားပြီ။ ဒီလို စာဖတ်သမားတွေ များလာမှ၊ တိုင်းပြည်ရဲ့ လူ့အဖွဲ့အစည်းတွင်းမှာ အသိဉာဏ် ထုထည်ကြီးမားတဲ့ လူ့စွမ်းအားတွေ များလာမယ်လို့ ကျနော် ထင်တယ်။ သို့မဟုတ်ရင်တော့ စာဖတ်ပြီး လေဖောင်တဲ့သူတွေပဲ များမှာပဲ။ တကယ်တတ်သိနားလည်သူတွေ နည်းနေလိမ့်အုံးမယ် ထင်တယ်။

ည ၁၁း ၀၂

၇ ၊ စက်တင်ဘာလ၊ ၂၀၂၁

စာပေ အနုသုခုမ ၊ ပညာ

❺ စက်တင်ဘာ ❷❶❷❶

ဒီနေရာမှာ ဝေါဟာရ သုံးလုံးကို တွေ့နိုင်ပါတယ်။ ၁။ စာပေ၊ ၂။ အနုသုခုမ၊ ၃။ ပညာ ဖြစ်ပါတယ်။

လောကသည် မိုက်၏၊ ကန်း၏။..တဲ့။ ဗုဒ္ဓသွန်သင်ချက်ဖြစ်တဲ့ “အန္ဓီဘူတော အယံလောကော…” ဆိုတဲ့ ပါဠိအနက်ကို ယူလိုက်ခြင်းဖြစ်ပါတယ်။ မိုက်တဲ့လောက၊ ကန်းတဲ့လောကကို မမိုက်အောင်၊ မကန်းအောင် တစ်စုံတစ်ရာ ကွက်လပ်ဖြည့်ပေးနေတဲ့ လူ့အဖွဲ့အစည်းအတွင်းက အရာ သုံးခုဟာ စာပေ၊ အနုသုခုမ နဲ့ ပညာတို့သာ ဖြစ်ပါတယ်။

၁။ ပညာရပ်ဝန်း

ပညာရပ်ဝန်းဆိုတာမှာ တက္ကသိုလ်တွေ၊ ကျောင်းတွေ၊ သုတေသန အဖွဲ့အစည်းတွေ၊ ပညာအင်စတီကျူးရှင်းတွေ၊ စာကြည့်တိုက်တွေ၊ ပညာအဝန်းအဝိုင်းကို ဖွံ့ထွားအောင် ကြိုးစားလုပ်ကိုင်နေတဲ့ ဒေသအခြေပြု အဖွဲ့ငယ်လေးတွေ… စသည်ဖြင့် ပါဝင်နေပါတယ်။ လောကတွင်းမှာ နေထိုင်တဲ့ လူတွေမှာ မိုက်သော၊ ကန်းသော၊ မလိမ္မာသော၊ အကြောင်းကို မသိသော၊ ဆင်ခြင်တုံတရား ကင်းမဲ့သော၊ ပညာမဲ့သော သူတွေ မြောက်မြားစွာ ရှိနေပါတယ်။ မူလဓာတ်ခံ ဗီဇကြောင့်သော်လည်းကောင်း၊ ဝန်းကျင်အထောက်အပံ့ ညံ့ဖျင်းခြင်းကြောင့်သော်လည်းကောင်း မိုက်သော သူတွေ၊ ကန်းသောသူတွေဟာ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေကြပါတယ်။ ဒီလိုလူတွေကို ပညာအားဖြင့် ချွန်းအုပ်နိုင်ဖို့၊ ဆင်ခြင်တုံတရားအားဖြင့် ဦးစီးနိုင်ဖို့ ပညာရပ်ဝန်း အသိုင်းအဝိုင်းက လုံ့လထုတ်တယ်၊ ကြိုးစားကြပါတယ်။

ပညာရပ်ဝန်းထဲမှာ ပါမောက္ခတွေ၊ ကထိကတွေ၊ ကျောင်းဆရာတွေ၊ ပညာရှင်တွေ၊ တတ်သိနားလည်သူတွေ၊ လေ့လာဆန်းစစ် သုံးသပ်သူတွေ၊ သုတေသီတွေ စသည်ဖြင့် ပါဝင်ကြပါတယ်။ သူတို့ဟာ ပညာ ရပ်ဝန်းမှာ နေထိုင်ပြီး ကိုယ်နေထိုင် တဲ့ တိုင်းပြည်တွင်းက လူ့အဖွဲ့အစည်းကို ယဉ်ကျေးအောင်၊ မမိုက်အောင်၊ မကန်းအောင် ကြိုးစားအားထုတ်နေသူတွေ ဖြစ်ပါတယ်။ လောကဟာ မိုက်သော၊ ကန်းသော သူတွေ များလာခြင်းဟာ လောကအကျိုး ဆုတ်ယုတ်တယ်။ လူ့အဖွဲ့အစည်းရဲ့ အကျိုးလည်း ဆုတ်ယုတ်တယ်။ မိုက်တဲ့သူတွေ များလာရင်၊ လူ့ပတ်ဝန်းကျင်ဟာ မနေပျော်ဘူး၊ မနေသာဘူး။ လူ့လောကဟာ နေပျော်စရာကောင်းတဲ့ လူ့ပတ်ဝန်းကျင်မျိုး ဖြစ်မလာဘူး။

၂။ အနုသုခုမ

အနုပညာရဲ့ တန်ဖိုးကို ဖော်ပေးမှ လူတွေ သတိရတတ်ကြပါတယ်။ နေ့စဉ်လိုလို ဂီတနဲ့ မွေ့လျော်တဲ့သူတွေ ရှိပါတယ်။ နေ့စဉ်လိုလို ဂီတကို နားဆင်တယ်၊ သီချင်းကို နားထောင်တယ်၊ သီချင်းကို ညည်းဆိုတယ်။ သီချင်းလေး တအေးအေးနဲ့ အလုပ်လုပ်သူတွေ၊ အိမ်မှုကိစ္စ လုပ်နေသူတွေ မြောက်မြားစွာ ရှိပါတယ်။ သီချင်း၊ ဂီတဟာ စိတ်ကို ပျော့ပျောင်းစေတယ်၊ နူးညံ့စေတယ်၊ ကြည်မွေ့စေတယ်။ ထိုနည်းလည်းကောင်းပဲ အနုသုခုမ ပညာရပ်တွေမှာ၊ ပန်းချီ၊ ပန်းပုဆိုတာတွေ ပါဝင်တယ်။ လက်မှုအားဖြင့် တီထွင်ဖန်တီးထားတဲ့အရာတွေ ပါဝင်တယ်။ ရုပ်ရှင်တွေ၊ ဓာတ်ပုံပညာတွေ အားလုံးပါဝင်နေပါတယ်။ နှလုံးသားအားဖြင့် ခံစားပြီး စိတ်အားဖြင့် ဈာန်ဝင်စားကာ လက်တွေနဲ့ တီထွင်ဖန်တီးထားတဲ့ အရာတွေဟာ အနုသုခုမ အဖြစ် ထင်ကျန်ရစ်နေပါတယ်။ အမြင်အာရုံ၊ အကြားအာရုံနဲ့ အထိအတွေ့အားဖြင့် နူးညံ့အောင်၊ နားဝင်ချိုအောင်၊ အမြင်တင့်တယ်အောင် ကြံဆောင် အားထုတ်ထားတဲ့ အရာ မှန်သမျှဟာ အနုသုခုမ စာရင်းဝင်မယ်လို့ ယူဆပါတယ်။ အနုပညာဟာ၊ အနုသုခုမကို ဖော်ဆောင်တတ်တဲ့ပညာ ဟာ လူ့အဖွဲ့အစည်းရဲ့ ရိုင်းစိုင်းမှုကို ယုတ်လျော့စေပြီး၊ လူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှုကို တိုးတက်စေပါတယ်။ လူတွေမှာ အရိုင်းစိတ်ရှိတယ်။ လူတွေမှာ မိုက်တဲ့ဉာဉ်ရှိတယ်။ လူတွေမှာ အကြည့်တိမ်သလ္လာဖုံးပြီး တိမ်းပါးတတ်တဲ့ အမြင်တွေလည်း ရှိတယ်။ ဒီလို မိုက်တတ်သော၊ ရိုင်းတတ်သော၊ ကန်းတတ်သော စရိုက်တွေကို လူ့အဖွဲ့အစည်းအတွင်းမှာ ပါးလျသထက် ပါးလျအောင် ကျေးဇူးပြုတာ အနုပညာဖြစ်ပါတယ်၊ အနုသုခုမ ဖြစ်ပါတယ်။

အနုပညာကို ဖန်တီးတဲ့သူတွေ အမြောက်အမြား ရှိတယ်။ သီချင်းရေး ဆရာတွေ၊ တေးသီဆိုတဲ့သူတွေ၊ ဂီတသံကို တီထွင် ဖန်တီးတဲ့သူတွေ၊ တီးမှုတ်သူ၊ ကခုန်သူ၊ ဇာတ်လမ်း ဇာတ်ညွှန်းတွေ ဖန်တီးတဲ့သူ၊ ရုပ်ရှင်တွေ ထုတ်လုပ် ရိုက်ကူးသူတွေ၊ ပန်းချီဆရာတွေ၊ ပန်းပုဆရာတွေ၊ ပန်းပွတ်ဆရာတွေ၊ ပန်းတည်းဆရာတွေ၊ ပန်းရံဆရာတွေ၊ လက်သမားဆရာတွေ၊ လက်မှုပညာသည်တွေ… သူတို့ဟာ အနုပညာနဲ့ အနုသုခုမကို ဖန်တီးသူတွေ ဖြစ်ပါတယ်။ ကျန်ရှိနေပါလိမ့်အုံးမယ်။ စိတ်အားဖြင့် နူးညံ့နက်နဲပြီး နှလုံးသားအားဖြင့် နက်ရှိုင်းစွာ ခံစားတတ်သူတွေဟာ အမြင် နဲ့ အကြား အာရုံ တင့်တယ်အောင် ကြိုးစား ထုဆစ်ပုံဖော်ရင်း လူ့အဖွဲ့အစည်းအတွင်းက အနုသုခုမ ဓာတ်ခံကို မြင့်မားလာအောင် ကျေးဇူးပြုကြတယ်။ ဒီလို ကျေးဇူးပြုမှု မြင့်မားတဲ့၊ နက်နဲတဲ့ လူ့အဖွဲ့အစည်းဟာ ယဉ်ကျေးတယ်၊ မရိုင်းဘူး၊ မမိုက်ဘူး။ နက်နဲသော အတွေးအခေါ်ရှိတယ်၊ တိမ်သော သဘောထားကင်းတယ်၊ အကန်းသဘော မတွေ့ရဘူး။

၃။ စာပေ

စာပေထဲမှာ စာနယ်ဇင်းကိုပါ ထည့်လိုက်ချင်ပါတယ်။ ဒီဘက်ခေတ်မှာဆိုရင် စာနယ်ဇင်းဆိုတာထက် မီဒီယာလို့ ထည့် ပြောမှာ ပိုပြည့်စုံမယ်။

- စာပေဟာ အနုပညာနဲ့ တွဲနေတယ်။
- စာပေဟာ ကဗျာနဲ့ တွဲနေတယ်။

- စာပေဟာ ပညာနဲ့ တွဲနေတယ်။
- စာပေဟာ ဒဿနနဲ့တွဲနေတယ်။
- စာပေဟာ သမိုင်းနဲ့ တွဲနေတယ်။
- စာပေဟာ နိုင်ငံရေးနဲ့ တွဲနေတယ်။
- စာပေဟာ ကိုယ်ကျင့်တရားနဲ့ တွဲနေတယ်။
- စာပေဟာ ကိုးကွယ်ယုံကြည်မှုနဲ့ တွဲနေတယ်။
- စာပေမှာ တွဲဖက်နေတာတွေ အများကြီး ရှိပါတယ်။

စာပေကို လေ့လာလိုက်စားရင် အရိုင်းစိတ် ပါးလာတယ်၊ မိုက်တဲ့စိတ် လျော့ချင်လာတယ်။ အကန်းကမ္ဘာကို ခွင်းနိုင်နိုင်တာကတော့ အမှန်ပဲ။ စာပေကို တစိုက်မတ်မတ် လေ့လာလိုက်စားတဲ့သူဟာ တစ်မြို့ တစ်ရွာမှာ တစ်ယောက်တော့ အနည်းဆုံး ရှိနိုင်တာပဲ။ လူ့ပတ်ဝန်းကျင်မှာ စာပေကို တစိုက်မတ်မတ် လေ့လာဆည်းပူးသူဟာ သိပ်ရှားတယ်လို့ ကွန်ဖြူးရှပ်က ပြောဖူးတယ်။ သူပြောတာ အခုလို။

- မြို့တစ်မြို့၊ ရွာ တစ်ရွာမှာ ရိုးသားဖြောင့်မတ်တဲ့သူ တစ်ယောက်ကို ရှာတွေ့ဖို့ မခက်ပါဘူး။ သို့ပေမယ့် အဖိုးတန်တဲ့ ဂန္ထဝင်စာပေတွေကို တစိုက်မတ်မတ် လေ့လာလိုက်စားတဲ့သူကိုတော့ တွေ့ဖို့ ခဲယဉ်းလိမ့်မယ်...တဲ့။

ရိုးသားဖြောင့်မတ်သူဟာ ရှားပါတယ်။ သို့ပေမယ့် စာပေကို တစိုက်မတ်မတ် လေ့လာဆည်းပူးသူနဲ့ နှိုင်းယှဉ်ရင်တော့၊ စာပေကို တစိုက်မတ်မတ် လေ့လာလိုက်စားသူဟာ တစ်မြို့ တစ်ရွာမှာ တစ်ယောက်လောက်တောင် တွေ့ဖို့ ခဲယဉ်းတယ်လို့ ဆိုလိုရင်းဖြစ်တယ်။ ဒီဘက်ခေတ်မှာလည်း မှန်ကောင်း မှန်နေလိမ့်မယ့် ကောက်ချက် ဖြစ်ပါတယ်။

စာပေဟာ တတ်နိုင်သရွေ့ လောကကို မမိုက်အောင်၊ မကန်းအောင် ကျေးဇူးပြုတယ်။ စာပေကို ကျေးဇူးပြုတဲ့သူတွေဟာ အများအပြား ရှိတယ်။ ကဗျာဆရာတွေဟာ လူ့နှလုံးသားတွေ ကြည်မွေ့အောင် လုပ်နိုင်သလို၊ လူ့အတွေးအခေါ်တွေ ထက်ရှအောင်လည်း လုပ်နိုင်ကြတယ်။ စာရေးဆရာတွေဟာ အတွေးအခေါ် ရင့်သန်အောင် လုပ်ပေးနိုင်ကြသလို၊ ဗဟုသုတကိုလည်း ဖြန့်ဝေကြတယ်၊ အကောင်းအဆိုး အမှားအမှန်နဲ့ အကြောင်းအကျိုး ကိုလည်း ဝေဖန်ပိုင်းခြားနိုင်အောင် အားထုတ်ကြပြန်တယ်။ ကျမ်းပြုပညာရှင်တွေဟာ နက်နဲတဲ့ အကြောင်းအရာတွေကို အသေးစိတ် ဖော်ထုတ်သလို၊ တိမ်မြုပ်နေတာတွေကို တူးဖော်တယ်၊ အမှားတွေကို အမှန်ပြင်ဖို့ ကြိုးစားကြတယ်။ အသိပညာ ဖြန့်ဖြူးရေး၊ အသိပညာ ဖြန့်ဝေရေးနဲ့ အသိပညာ ထုတ်လုပ်ရေးကို လုပ်တဲ့သူတွေဟာ စာပေသမားတွေ များပါတယ်။

အချုပ်

နှလုံးသားနဲ့ ဦးနှောက်ကို ရည်ရွယ်ပြီး ကျေးဇူးပြုတဲ့သူတွေဟာ စာပေသမားတွေ၊ ပညာသမားတွေ၊ အနုပညာသမားတွေ ဖြစ်ပါတယ်။ သူတို့ဟာ လောကကို မမိုက်အောင်၊ မကန်းအောင် လုံ့လထုတ်ကြိုးစား

ထောက်ပံ့ကြတယ်။ သူတို့ရဲ့ ကျေးဇူးတရားကို သိမြင်သူလည်း ရှိတယ်၊ မသိမြင်သူလည်း ရှိတယ်၊ မေ့လျော့နေသူတွေလည်း ရှိတယ်။ ဒါပေမယ့် သူတို့ရဲ့ စေတနာကို ခံစားဖူးသူတိုင်း နားလည်ကြတယ်။ မှောင်သော လောက၊ မိုက်သော လောက၊ ကန်းသောလောကကို တတ်နိုင်သရွေ့ လင်းအောင်၊ လိမ္မာအောင်၊ အမြင်အာရုံ ကြည်လင်အောင် လုပ်ပေးဖို့ လိုနေပါတယ်။

လူ့အဖွဲ့အစည်းဟာ မှောင်လိုက် လင်းလိုက်။ တခါတရံလည်း ကွက်ကြား မှောင်ပြီး ကွက်ကြား လင်းတာတွေလည်း ရှိရဲ့။ လူ့အဖွဲ့အစည်းဟာ နေရာဌာနအလိုက်လည်း မိုက်တယ်၊ ကန်းတယ်။ ဒေသပထဝီအလိုက်လည်း မိုက်တယ်၊ ကန်းတယ်။ လူအုပ်စု သဘောအရလည်း မိုက်တယ်၊ ကန်းတယ်။ အလွှာအဆင့်အတန်းအလိုက်လည်း မိုက်တယ်၊ ကန်းတယ်။ အလုပ်အကိုင် အပြုအမူအားဖြင့်လည်း မိုက်တယ်၊ ကန်းတယ်။ ဒီလို မိုက်တဲ့ ကန်းတဲ့ အလွှာ၊ အဆင့်အတန်း၊ ဒေသ၊ နေရာဌာနနဲ့ လူအုပ်စုတွေကို သတိပေးဖို့၊ သွန်သင်ဖို့၊ ဖြောင်းဖြဖို့၊ နားချဖို့၊ တည့်မတ်ဖို့၊ ပဲ့ပြင်ဖို့၊ ပြုပြင်ဖို့၊ ပြောင်းလဲဖို့ သူတို့ရဲ့ ဦးနှောက်နဲ့ နှလုံးသားကို ကျေးဇူးပြု ထောက်ပံ့ချက်တွေ ကြီးကြီးကျယ်ကျယ်၊ နက်နက်နဲနဲ၊ ရိုးရိုးသားသား၊ စေတနာပါပါ လုပ်ဆောင်ဖို့ အမြဲ လိုနေမယ် လို့ ယူဆပါတယ်။

နေ့လယ် ၁၁း၅၀

၅၊ စက်တင်ဘာလ၊ ၂၀၂၁။

စာပေရေးရာဆွေးနွေးချက်

၁၁ စက်တင်ဘာ ၂၀၂၁

လူငယ်တွေ ဘယ်လို စာမျိုးဖတ်ဖို့ လိုတယ်လို့ ခင်ဗျား ထင်သလဲ ။

ဘယ်လိုစာမျိုးဖတ်ဖို့ လိုသလဲဆိုတာ မပြောချင်ဘူး။ စာအမျိုးအစားတွေက မျိုးစုံရှိတာပဲ။ အကြောင်းရာတွေကလည်း မျိုးစုံရှိတာပဲ။ ကိုယ်နှစ်သက်ရာ ကိုယ်ရွေးဖတ်နိုင်ပါတယ်။ ကိုယ်ကြိုက်ရာ ကိုယ်ရွေး နိုင်ပါတယ်။ စာဆိုတာ ဖတ်ပါများလာရင် ကိုယ်သဘောကျတာကို ကိုယ်တွေ့သွားတာ။ ကိုယ်သဘောကျတာကို ကိုယ်ဖတ်။ ကိုယ်သဘောမကျရင် မဖတ်နဲ့။ လွှင့်ပစ်လိုက်ပေါ့။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်။ စာဖတ်ရင် ကိုယ့်ဉာဏ်ကို ဆွတဲ့ စာအုပ်ကို ဖတ်ရင် ပိုပြီး အကျိုးများတယ်။ စာအုပ်တွေမှာ ဖျော်ဖြေတဲ့စာတွေလည်း ရှိတယ်။ ဒါတွေကို လူတွေက စိတ်ကျေနပ်မှုအရ ဖတ်ကြတယ်။ ဉာဏ်ကို ဆွတဲ့စာကျတော့ စိတ်ကျေနပ်မှုရချင်မှရမယ်။ ဒါပေမယ့် စိတ်ဝင်စားမှုကိုတော့ ရလိမ့်မယ်။ စာဖတ်ရင် တမင်မှတ်မိဖို့ မကြိုးစားနဲ့။ သူ့ဘာသာသူ လူက တကယ်စိတ်ဝင်စားရိုးမှန်ရင်၊ အလိုလို မှတ်မိနေလိမ့်မယ်။ တကယ်စိတ်ဝင်စားရင် တကယ်မှတ်မိနေပါတယ်။ တမင်တကာ တကူးတက မှတ်နေရတာက ဦးနှောက်ပင်ပန်းစေတယ်။ ဦးနှောက်ပင်ပန်းမှုကို မှတ်သားတဲ့နေရာမှာ မသုံးစေချင်ဘူး။ ဉာဏ်ကို ဆွတဲ့နေရာမှာ သုံးစေချင်တယ်။ စဉ်းစားတဲ့နေရာမှာ သုံးစေချင်တယ်။ မှတ်မိဖို့ထက် သိဖို့ ဖတ်ပါ။ နားလည်ဖို့ ဖတ်ပါ။ ဒါဆိုရင် ပိုကောင်းမယ်။

မှတ်မိတာနဲ့ သိတာ ဘာကွာသလဲဗျ။

ကွာတာပေါ့ဗျ။ ကွာတာပေါ့။ တကယ်တော့ ဒီမေးခွန်းကို ပိုပြီး အသေးစိတ် ပိုင်းခြားဖြေဖို့ ကျနော့်ထက် ဒဿနသမား တစ်ယောက်က ပိုစွမ်းလိမ့်မယ် ထင်တယ်။ ကျနော်ကတော့ ယေဘုယျအကြမ်းဖျင်းပဲ ပြောနိုင်တယ်။ သိတာနဲ့ မှတ်မိတာ မတူဘူး။ တကယ်တော့ သိတာနဲ့ နားလည်တာတောင် မတူဘူး။ လူတွေတော်တော်များများက နေ့စဉ် ပြောနေ၊ ဆိုနေ၊ လုပ်နေကိုင်နေတာတွေကို ကျင့်သားရလို့ နားယဉ်နေပေမယ့် တကယ် ဂဃနဏ မေးကြည့်လိုက်တဲ့အခါမှာ သိမနေဘူး၊ တကယ်နားလည်မနေဘူး။ ဥပမာဗျာ။ မြန်မာတွေ နေ့စဉ် ဘုရားစင်ရှေ့မှာ ဂါထာပေါင်းစုံ၊ ပရိတ်တွေ သုတ်တွေ ရွတ်ဆိုကြတယ်။ အဲသည့်ရွတ်သမျှ ဂါထာတွေ၊ ပရိတ်တွေရဲ့ တစ်လုံးချင်းစီ အနက်အဓိပ္ပာယ်ကို အားလုံးနားလည်နေတဲ့သူ ဘယ်နှယောက်ရှိလို့လဲ။ တစ်ရာမှာ တစ်ယောက်တောင် ရှိမယ် မထင်ဘူးနော်။ လူတော်တော်များများက အဲသည်လိုပဲဗျ။ ကိုယ်ပြောတဲ့စကားတိုင်းကို ကိုယ်နားမလည်ဘူး။ မှတ်မိတယ်ဆိုတာ တကယ်သိတာ၊ တကယ်နားလည်တာနဲ့ မတူဘူး။ တကယ်တော့ စာဖတ်ရင် သိအောင် ဖတ်ရတာ။ နားလည်အောင် ဖတ်ရတာ။ အထူးသဖြင့် ပညာရပ်ဆိုင်ရာ စာအုပ်တွေ၊ ဘာသာရပ်ဆိုင်ရာ

စာအုပ်တွေကို နားလည်အောင် ဖတ်ဖို့လိုတယ်။ ကိုယ့်ဉာဏ်ကို ကွန့်မြူးစေတဲ့စာအုပ်တွေကို ပိုဖတ်တာကောင်းတယ်။ မဟာမြိုင်တောရ ဆရာတော် ဦးဇောတိကကတော့၊ to have more knowledge ထက် to know more deeply လို့ ပြောတယ်။ အချက်အလက်တွေကို များများမှတ်မိဖို့ထက် ပိုပြီး နက်နက်နဲနဲသိဖို့၊ ပိုပြီး ထိုးထိုးထွင်းထွင်း သိဖို့၊ ပိုပြီး ပိုင်းပိုင်းခြားခြားသိဖို့၊ ပိုပြီး ကွဲကွဲပြားပြား သိဖို့ကို ဦးစားပေးတယ်ဆိုတဲ့သဘောဗျ။

စာအုပ်ဆိုတာ စာရေးဆရာရဲ့ တမန်တော်ပဲ…လို့ ခင်ဗျားရေးဖူးတယ်။ အဲဒါ ဘာကို ဆိုလိုတာလဲဗျ။

ဒါကတော့ ရှင်းပါတယ်။ စာရေးဆရာဆိုတာ လူသား။ ဒီတော့ အကန့်အသတ်တွေ ရှိတယ်။ သူ့မှာ တန်ခိုးတွေ ဘာတွေ မရှိဘူး။ ဒီတော့ စာရေးဆရာဟာ သူ့ရဲ့အတွေးအခေါ်၊ အယူအဆတွေနဲ့ သူ ရှာဖွေတွေ့ရှိထားတဲ့ အကြောင်းအရာတွေကို တင်ပြဖို့အတွက် စာအုပ်ကို အားကိုးရတယ်။ သူရေးသားထားတဲ့ ရေးသားချက်တွေကို စာအုပ်ဖြစ်အောင် ရေးသားပုံနှိပ် ရိုက်နှိပ်ချုပ်လုပ်ပြီးတော့ ဖြန့်ချိရတယ်။ အဲသည့်အခါ စာအုပ်တွေက စာဖတ်သူကို စာရေးဆရာ ကိုယ်စား ပြောပြပေးတယ်။ စာရေးဆရာ ထုတ်လုပ်လိုက်တဲ့ အတွေးတွေကို စာအုပ်တွေက စာရေးဆရာကိုယ်စား လူထုကို ပြောပြပေးတယ်။ စာအုပ်တွေဟာ စာရေးဆရာ ကိုယ်စား လူတွေကို စကားပြောပြပေးနေတယ်။ ရှင်းပြပေးနေတယ်။ တင်ပြပေးနေတယ်။ စာရေးဆရာဟာ လူတစ်ယောက်တည်း။ ဒါပေမယ့် စာအုပ်တွေကို ထောင်ချီ သောင်းချီ ပွားလိုက်တဲ့အခါမှာ စာရေးဆရာဟာ ကိုယ်ပွားတွေ အမြောက်အမြားရှိသွားသလိုပဲ။ စာရေးဆရာဟာ စာအုပ်တစ်အုပ်ကို ရေးပြီးလို့ နောက်စာအုပ်တစ်အုပ်ကို ရေးဖို့ ကြိုးစားနေလိမ့်မယ်။ ဒါမှမဟုတ် စာရေးဆရာဟာ ကမ်းခြေတစ်ခုမှာ အပန်းဖြေကောင်းဖြေနေလိမ့်မယ်။ ဒါမှမဟုတ် စာရေးဆရာဟာ သေဆုံးသွားတာလည်းဖြစ်နိုင်တယ်။ စာရေးဆရာ အပန်းဖြေနေချိန်မှာ စာရေးဆရာ အလုပ်မလုပ်ဘူးလို့ ခင်ဗျား ထင်သလား။ မဟုတ်ဘူး ။ စာရေးဆရာ အလုပ်လုပ်နေတယ်။ စာရေးဆရာ သေဆုံးသွားပေမယ့် စာရေးဆရာမှာ ဘာလုပ်အားမှ မရှိတော့ဘူးလို့ ခင်ဗျား ထင်သလား။ မဟုတ်ဘူး။ စာရေးဆရာမှာ လုပ်အားရှိတယ်။ စာရေးဆရာရေးသား ထုတ်ဝေခဲ့တဲ့ စာအုပ်တစ်အုပ်ကို လူတစ်ယောက်ဟာ တစ်နေရာရာမှာ စိတ်ဝင်တစား ဖတ်မနေဘူးလို့ မပြောနိုင်ဘူး။ စာရေးဆရာ သေဆုံးသွားပေမယ့် စာရေးဆရာဟာ အလုပ်လုပ်နေတယ်။ စာရေးဆရာ အပန်းဖြေနေပေမယ့် စာရေးဆရာဟာ အလုပ်လုပ်နေတယ်။ ဘာလို့လဲဆိုတော့ စာအုပ်တွေဟာ သူ့ကိုယ်စား အလုပ်လုပ်ပေးနေတယ်လေ။ စာရေးဆရာဟာ သန်းခေါင်ရောက်လို့ အိပ်နေကောင်း အိပ်နေလိမ့်မယ်။ ဒါပေမယ့် သန်းခေါင်ဉာဉ့်ယံမှာ လူတစ်ယောက်ဟာ မျက်စိတွေကြောင်ပြီး သည်းကြီးမဲကြီး ဖတ်မနေဘူးလို့ မပြောနိုင်ဘူး။ စာရေးဆရာ အိပ်နေပေမယ့် စာရေးဆရာဟာ အလုပ်လုပ်နေတယ်။ စာအုပ်တွေဟာ သူ့ကိုယ်စား အလုပ်လုပ်နေတယ်။ ဒါ့ကြောင့် စာအုပ်ဆိုတာ စာရေးဆရာရဲ့တမန်တော်ပဲလို့ ကျနော် ပြောတာ။

ခင်ဗျား စာရေးရင် ဘာနဲ့ ရေးသလဲ။

မြသန်းတင့်က နဂိုက စာကို လက်နဲ့ စက္ကူပေါ်မှာ ရေးတယ်။ ဒါပေမယ့် နောက်တော့ လက်နှိပ်စက်ကလေး တစ်လုံး ရတယ်။ အဲသည့်ကတည်းက မြသန်းတင့်ဟာ စာတွေ တစ်ဂျောင်းဂျောင်းနဲ့ စက်နဲ့ လှိမ့်ရိုက်သလို လုံးခနဲ ခဲခနဲ ထွက်လာတော့တာပဲ။ ဆရာ မြသန်းတင့်လို့ စာပေဝမ်းစာလည်း ပြည့်ဝ၊ အင်္ဂလိပ်စာကလည်း ကောင်း၊ ဘဝဖြတ်သန်းမှု၊ နိုင်ငံရေးဖြတ်သန်းမှုလည်း များပြား၊ စာပေစိတ်ဓာတ်လည်း ပြင်းထန်။ နောက်….

စာရေးခြင်းအလုပ် တစ်ခုတည်း ပေါ်မှာ အာရုံစိုက်ထားတဲ့ လူတစ်ယောက်အဖို့ စာတွေ အုံလိုက်ကျင်းလိုက်ရေးနိုင်တာ မဆန်းပါဘူး။ ဒီလိုလူဟာ စာတွေ ဒီလောက် ရေးနိုင်မှာပေါ့။ သူဟာ တကယ့်အာဂ လူပဲ။ ကျနော်က မြသန်းတင့်ကို အားကျတယ်။ ဒါပေမယ့် မြသန်းတင့်လို အင်္ဂလိပ်စာ မကောင်းဘူး။ မြသန်းတင့် ရေးခဲ့သမျှအတော်များများဟာ ပင်ကိုယ်ရေးထက်၊ ဘာသာပြန်တွေက ပိုများတယ် မဟုတ်လား။ ပြီးတော့ ဆရာ မြသန်းတင့်က နိုင်ငံရေးခရီးကြမ်းကို ဖြတ်ခဲ့ဖူးသူ။ ကိုကိုးကျွန်းပြန်တစ်ယောက်။ သူ့ဘဝမှာ စာရေးဆရာတစ်ယောက်ဖြစ်ဖို့ ကုန်ကြမ်းတွေ အမြောက်အမြား ရှိမှာပဲ။ မြသန်းတင့်ရဲ့ကျေးဇူးဟာ မြန်မာစာပေ လောကအပေါ်မှာ အများကြီး ရှိတယ်။ ကျနော်ကတော့ မြသန်းတင့်ထက်သာတာ၊ ကွန်ပြူတာနဲ့ ရေးနိုင်တာပဲ သာတာဖြစ်မယ်။ ကျနော့်လက်က ကွန်ပြူတာ ကီးဘုတ်ခံနဲ့ အသားကျနေတယ်။ ခေါင်းထဲက အတွေးကို ချက်ချင်း ချရေးနိုင်ဖို့အတွက် ကွန်ပြူတာက လိုက်နိုင်တယ်။ ဒီတော့ ကျနော်ဟာ အတွေးတွေကို အလကား မထားတတ်ဘူး။ ရေးစရာ အတွေးစထွက်လာရင် ဆောင်းပါးတစ်ပုဒ် ချက်ချင်းကောက်ရေးဖို့ကြိုးစားတယ်။ ဒီလိုနဲ့ ကျနော် ဆောင်းပါးတွေ အရေးများလာတယ်။ ကျနော် ခံစားနေရတာ၊ ဖီးလ်နေရတာကို သိပ်မကြိုက်ဘူး။ တွေးနေရာ၊ စဉ်းစားနေရတာ၊ ဆက်စပ်သိမြင်အောင်ကြိုးစားနေရတာကို သဘောကျတယ်။ ဒါ့ကြောင့် ကျနော် လူမှုဝေဖန်ချက် ဆောင်းပါးနဲ့ နိုင်ငံရေးဆောင်းပါး၊ စာပေဆောင်းပါးတွေ အများစုရေးဖြစ်တယ်။ ကျနော်ဟာ ဦးနှောက်ရယ်၊ လက်ရယ်၊ ကွန်ပြူတာကီးဘုတ်ခ်ရယ် ။ ဒီသုံးမျိုးရဲ့ ဆက်သွယ်မှုကို အသားကျအောင် လေ့ကျင့်ထားနိုင်ခဲ့တယ်။ ဒါဟာ ခေတ်သစ်စာရေးဆရာတစ်ယောက်အနေနဲ့ သိပ်အရေးကြီးတယ်လို့ ထင်တယ်။ ဒီခေတ်မှာ ကွန်ပြူတာနဲ့ စာရေးကျင့်ရှိအောင် လေ့ကျင့်ထားဖို့ လိုလိမ့်မယ်။ အဲသည်လိုမှ မဟုတ်ရင် ခရီးမတွင်ဘူး။ ဝမ်းစာဖြည့်တင်းမှုကတော့ နေ့တိုင်းလုပ်နေရတာပါပဲ။

စာရေးနိုင်ဖို့အတွက် စာကို ဘယ်လိုဖတ်သင့်တယ်လို့ ခင်ဗျား ထင်သလဲ။

စာရေးဆရာ အမြောက်အမြား ရှိပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် စာဖတ်ပုံတွေ မတူပါဘူး။ ကျနော်နဲ့လည်း တူမယ် မထင်ပါဘူး။ ဒါပေမယ့် စာရေးဆရာလုပ်သူတွေမှာ ယေဘုယျအားဖြင့် စာဖတ်ပုံတွေ တူတာတွေ ရှိတယ်။ ဘယ်လို စာရေးဆရာမျိုးပဲဖြစ်ဖြစ် ယေဘုယျအားဖြင့် တူတဲ့အချက်တွေ ရှိနိုင်တယ်။ ကျနော့်မှာ ရှိတဲ့အဓိက အချက်တစ်ခုကို ပြောချင်တယ်။ ကျနော်ဟာ စာကို မြန်မြန်ဖတ်တာထက်၊ ဖြည်းဖြည်းဖတ်တယ်။ သေချာ ဖြည်းဖြည်းဖတ်တယ်လို့ ကျနော် မပြောချင်ဘူး။ ကျနော့် စာဖတ်အကျင့်ကိုက စာကို ဖြည်းဖြည်းပဲဖတ်တတ်တယ်။ ကျနော်က ဖျော်ဖြေရေးစာပေတွေ မဖတ်တာလည်းဖြစ်ကောင်းဖြစ်မယ်။ ကျနော် စာကို မြန်မြန်ဖတ်လို့ မရဘူး။ ကျနော် စာကို ဖြည်းဖြည်းဖတ်တယ်။ ဖတ်ရင်လည်း လိုင်းတားပြီး ဖတ်တယ်။ တစ်မျက်နှာ တစ်မျက်နှာကို ကျနော် သေချာဂရုတစိုက် အချိန်ပေးပြီး ဖတ်တဲ့အကျင့်ရှိတယ်။ စာများများဖတ်၊ စာအုပ်အများကြီး မဖတ်နဲ့ ဆိုတဲ့ စာဖတ် ဒဿနကို ကျနော် သဘောကျတယ်။ ကျနော် စာအုပ်အများကြီး မဖတ်နိုင်ပါဘူး။ စာအုပ်တွေ အများကြီး စုတယ်။ ဒါပေမယ့် ကျနော် ဖတ်ပြီးသွားတယ်ဆိုတဲ့စာအုပ်ဆိုတာ ရှားတယ်။ ဒါပေမယ့် ကျနော် အချိန်တိုင်း စာအုပ် တစ်အုပ် မဟုတ် တစ်အုပ်နဲ့ မျက်နှာချင်းအပ်နေတာများတယ်။ ကျနော်က စာတစ်ကြောင်းချင်းစီတိုင်း၊ စာတစ်မျက်နှာချင်းစီတိုင်းကို သေချာ ဂရုတစိုက်ဖတ်တတ်တယ်။ စာအုပ်ကိုလည်း ကျနော် အတော်ရွေးတယ်။

တော်ရိရော်ရိစာအုပ်မျိုးကို ကျနော် ရှောင်တယ်။ ဒီ့နောက်ပိုင်းဆိုရင် စာရေးတဲ့သူကို ကျနော် ပိုရွေးတယ်။ စာရေးတဲ့သူဟာ ဘာကောင်လဲဆိုတာကို ကျနော် အမြဲတမ်းကြည့်တယ်။ ကိုယ်ကသာ ဘာကောင်မှ မဖြစ်သေးတာ။ စာရေးတဲ့သူ ဘာကောင်လဲဆိုတာကိုတော့ ကျနော် အထူးစိတ်ဝင်စားတယ်ဗျ။ ကျနော်က ဒီလူ တကယ့်အကောင်ပဲ....လို့ စိတ်ထဲမှာ မှတ်ချက်ချလိုက်ပြီး အဲသည့်စာအုပ်ကို တကယ်သဲကြီးမဲကြီးဖတ်တော့တာပဲ။ ကျနော် ဖတ်တဲ့စာအုပ်က ဖတ်ပြီးသွားတယ်ဆိုတာလည်း မရှိဘူး။ ကျနော့် စိတ်နဲ့ ခံတွင်းတွေ့တိုင်း ကျနော် အမြဲကောက်ကောက်ဖတ်ဖြစ်တော့တာပဲ။ ပြီးတော့ ကျနော်ဟာ စာအုပ်တွေကို စီးရီးလိုက်ဖတ်တယ်။ ကျနော် ဒေါက်တာသန်းထွန်းကို ကြိုက်တယ်။ ကျနော် ဒေါက်တာသန်းထွန်းကို အကုန်ဝယ်ပြီး ဖတ်တော့တာပဲ။ ကျနော် မြသန်းတင့်ရဲ့ ဝတ္ထုမဟုတ်တဲ့ ဘာသာပြန်စာအုပ်တွေ အကုန်ကြိုက်တယ်။ ကျနော် မြသန်းတင့်ကို အကုန် စီးရီးလိုက် ဝယ်ဖတ်တော့တာပဲ။ နောက် ကျော်ဝင်းရဲ့ စာအုပ်တွေ။ ကျော်ဝင်းရေးသမျှ စာအုပ်တွေ ကျနော် အကုန်ဝယ်ဖတ်တာပဲ။ ဒါ ကျနော့် အကျင့်။ ကျနော် .... ဆယ်ကျော်သက် အရွယ်ဘဝက တက်ကျမ်းတွေ ကြိုက်ခဲ့တယ်။ ဒီတော့ ပီမိုးနင်းတို့၊ ဖေမြင့်တို့ အကုန် ကျနော် စီးရီးလိုက် ဝယ်ဖတ်တာပဲ။ စာရေးဆရာဆိုလည်း ကြိုက်ရင် အကုန် စီးရီးလိုက် ဝယ်ဖတ်လေ့ရှိတယ်။ တခါတရံလည်း တရစပ်တည်း ကြိုက်လာပြီးမှ နောက်ပိုင်း အဖျားရှူးသွားလို့ လုံးဝ မကြိုက်တော့တဲ့ စာရေးဆရာတွေလည်း ရှိတာပေါ့ဗျာ။ တက္ကသိုလ်ကျောင်းသားဘဝက နေဇင်လတ်တဲ့ ဆောင်းပါးတွေ အကုန်နီးပါး ကြိုက်ခဲ့ဖူးတယ်။ ဒါပေမယ့် နောက်ပိုင်း သူ့ကလောင် ချော်သွားလား မသိဘူး။ ကျနော် ဖတ်လို့ မရတော့ဘူး။ ဒါတွေလည်း ရှိတတ်တယ်။ နောက်... အကြောင်းအရာအလိုက် ကျနော် စုပြီး ဖတ်တယ်။ ကျနော် ဂျူးရဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာအုပ်တွေ အကုန်ဖတ်တယ်။ လူမှုသဘောတရားသီအိုရီတွေပါတဲ့ မောင်မြင့်ဇော်ရဲ့ စာအုပ်တွေ အကုန်စီးရီးလိုက်ဖတ်တယ်။ ကျနော် ကမ္ဘာ့သမိုင်းကို စိတ်ဝင်စားတယ်။ ကမ္ဘာ့သမိုင်းနဲ့ပတ်သက်တဲ့ စာအုပ်တွေ စီးရီးလိုက် ဝယ်စုပြီး ဖတ်တာပဲ။ မြန်မာ့နိုင်ငံရေးအကြောင်းဆိုလည်း ထိုနည်းလည်းကောင်းပဲ။ ပါလီမန်ခေတ် အကြောင်း သိချင်တယ်။ ပါလီမန်ခေတ်နဲ့ပတ်သက်ပြီးရေးထားသမျှ စာအုပ်အကုန် ကျနော် စုတာပဲ။ ဒီလို အကြောင်းအရာအလိုက် ကျနော် စီးရီးလုပ်ပြီး ဖတ်တယ်။ စာပေပိုင်း၊ အတွေးအခေါ်ပိုင်း၊ စိတ်ပညာပိုင်း၊ သမိုင်းဆိုင်ရာ၊ ဘောဂဗေဒ၊ နိုင်ငံရေး၊ ဘာသာရေး၊ အတ္ထုပ္ပတ္တိ... စတဲ့ အကြောင်းအရာတွေကို ကျနော် စီးရီးလိုက် စုပြီး ဖတ်လေ့ရှိတယ်။ ဒါတွေက ပညာရပ်ဆိုင်ရာတွေ၊ ဘာသာရပ်ဆိုင်ရာတွေ ဖြစ်တာမို့၊ ဘယ်တော့မှ ဖတ်ပြီးသွားတယ်ဆိုတာ မရှိဘူး။ အမြဲတမ်း ဖတ်နေရတာပဲ။

စာရေးဆရာတွေ ဘာ့ကြောင့် စာရေးတာလဲ။

စာရေးဆရာဆိုတာ ဖြန့်ချိသူပဲ။ ဖြန့်ဖြူးသူပဲ။ သူတို့ သိထားတာ၊ သူတို့မြင်ထားတာ၊ သူတို့တွေးမိတာ၊ သူတို့ ခံစားမိတာ၊ သူတို့ ပြောချင်တာကို အောင့်မထားတတ်လို့ စာရေးတာပဲ။ လူဟာ သူတို့သိထားတာကို ပြန်ပြောပြချင်တာ သဘာဝဗီဇပဲ မဟုတ်လား။ ဒီအခြေခံစိတ်ကြောင့် စာရေးဆရာတွေ စာရေးနေတာလို့ပဲ ကျနော် ထင်တယ်။ ဒါပေမယ့် ဒီလိုမျိုးကနေ စတင်တတ်ပေမယ့်၊ နောက်များမှာတော့ စာရေးဆရာတွေဟာ သူတို့ ရေးစရာ ရဖို့ သိအောင်၊ မြင်အောင် တမင်အားထုတ်လာတဲ့သဘောတွေ့ရတယ်။ စာရေးဆရာအများစုကတော့ သာမန်လူထက်

ခံစားမှုအားဖြင့် ပိုတယ်ဆိုတာ သိသာပါတယ်။ လောကကြီးနဲ့ လူတွေအပေါ် သာမန်ထက် ခံစားချက် မပိုတဲ့လူဟာ ဘယ်တော့မှ စာရေးဆရာဖြစ်လာမယ်လို့ မထင်ဘူး။ သူဟာ စာရေးကောင်း ကောင်းလိမ့်မယ်။ ဒါပေမယ့် စာရေးဆရာဖြစ်မလာဘူး။ စာရေးသူတိုင်းက စာရေးဆရာဖြစ်မှ မလာတာ။

စာရေးဆရာဆိုတာကို ခင်ဗျားက ဘယ်လို သတ်မှတ်ချင်လို့လဲ။

ကျနော့်ရဲ့ စာပေအယူအဆမှာ၊ စာရေးဆရာဆိုတာ အရေအတွက်အားဖြင့် အနည်းငယ် ရေးသားခဲ့စေအုံးတော့၊ သူရေးသားခဲ့တဲ့ စာအုပ်ဟာ သူ့ပတ်ဝန်းကျင် (သို့မဟုတ်) သူဦးတည်ရာ နယ်ပယ်၊ ကဏ္ဍ (သို့မဟုတ်) သူနေထိုင်ရာ တိုင်းပြည်နဲ့ လူ့အဖွဲ့အစည်းကို ဇီးရွက်လောက် အကျိုးပြုခဲ့စေအုံးတော့၊ အဲသည့်ဇီးရွက်လောက်ပမာဏဟာ လောက်လောက်လားလား ကျကျနန ပီပီပြင်ပြင် နဲ့ စနစ်တကျ ကျေးဇူးပြုခဲ့ခြင်း ဖြစ်ခဲ့ရပါမယ်…လို့ ပြောခဲ့ဖူးတယ်။ အဲသည့်နေရာမှာ ထပ်ဖြည့်ချင်တာက စာဖတ်သူရဲ့ရင်ထဲ ငြိတဲ့ အနုပညာထည့်ရေးနိုင်ရမယ်။ ဒါဆိုရင် စာရေးဆရာ ပီပီပြင်ပြင်ဖြစ်ပြီလို့ ကျနော် ထင်တယ်။ ဒီနေရာမှာ အချက်သုံးချက်ကို တွေ့ရတယ်။ နံပါတ်တစ် - စာရေးသူရေးတဲ့စာဟာ လူ့အဖွဲ့အစည်းကို တနည်းနည်းနဲ့ တစ်ဖက်ဖက်မှာ အကျိုးပြုရမယ်။ နံပါတ်နှစ် - စာရေးတဲ့သူဟာ ကိုယ်ရေးတဲ့စာကို ပြီးစလွယ် အပျင်းပြေ ရေးထုတ်လိုက်တာမျိုး မဖြစ်ရဘူး။ ပီပီပြင်ပြင် ကျကျနန လောက်လောက်လားလား စနစ်တကျ ရေးသားခဲ့ခြင်းဖြစ်ရမယ်။ နံပါတ် သုံး - စာအရေးအသားမှာ စာဖတ်သူကို ငြိနိုင်တဲ့ အနုပညာ ထည့်ပေါင်းနိုင်ရမယ်။ ဒီသုံးချက်နဲ့ လုံလောက်ရင် စာရေးဆရာလို့ သတ်မှတ်နိုင်တယ်။

စာရေးဆရာတိုင်းလိုလိုမှ ရှိနိုင်တဲ့ အတ္တစိတ်ဆိုတာကို ခင်ဗျား နည်းနည်းလောက် ပြောနိုင်မလား။

ဂျော့ချ်အော်ဝဲလ်ပြောခဲ့ဖူးတဲ့ စကားလေး ထည့်ပြောချင်တယ်။ စာရေးဆရာတွေမှာ… တော်တယ်လို့ အထင်ခံချင်တဲ့ ဆန္ဒ၊ ကိုယ့်အကြောင်းကို အများက ပြောစေချင်တဲ့ ဆန္ဒ၊ သေပြီးတဲ့နောက် သတိရနေစေချင်တဲ့ ဆန္ဒနဲ့ ကလေးဘဝတုန်းက ကိုယ့်ကို နှပ်ပစ်ခဲ့တဲ့လူကြီးတွေကို ကိုယ့်အကြောင်းပြလိုက်ချင်တဲ့ ဆန္ဒတွေ ရှိတယ်လို့ ပြောတယ်။ ဒါတွေ မရှိပါဘူးလို့ ငြင်းရင်လည်း အဲဒါ လိမ်တာတဲ့။ ကျနော် ဒီစာကို ဖတ်ရတော့ ကျနော်လည်း အဲသည်လို ရှိသလားဆိုတော့၊ ရှိတယ်။ တော်တယ်လို့ အထင်ခံချင်တဲ့စိတ်လည်း ကျနော့်မှာ ရှိတယ်။ ကိုယ့် အကြောင်းကို အများက ပြောစေချင်တဲ့ ဆန္ဒလည်း ကျနော့်မှာ ရှိတယ်။ သေပြီးတဲ့နောက် ကျနော့်ကို သတိရနေစေချင်တဲ့စိတ်ဆန္ဒကတော့ ခပ်ကြီးကြီးကို ရှိတယ်။ နောက်ပြီးတော့ ကိုယ်ငယ်ငယ်တုန်းက ကိုယ့်ကို မလောက်လေး မလောက်စားကောင်လို့ ထင်ခဲ့တဲ့လူကြီးတွေနဲ့ ပတ်ဝန်းကျင်က လူတွေကို ကိုယ့်အကြောင်း ပြလိုက်ချင်တဲ့ စိတ်လည်း အတော်ရှိတယ်။ ဒါတွေကို ဝန်ခံရမှာ မရှက်ပါဘူး။ ဂျော့ချ်အော်ဝဲလ် ရေးတဲ့စာလေးကို ဖတ်မိပြီးတော့ ကိုယ့်ကိုယ်ကို မညာတမ်း ဝန်ခံတာပါ။ စာရေးဆရာတွေဆိုတာ ပရဟိတသက်သက်သမားတွေ မဟုတ်ဘူးဗျ။ အတ္တဟိတတွေလည်း ရှိတယ်။ ဒါပေမယ့် သူတို့ရဲ့ အတ္တဟိတက အပြစ်ကင်းပါတယ်။ သူတို့ရဲ့ အတ္တကြောင့် ဘယ်သူ့ကိုမှ ဒုက္ခ မရောက်စေဘူးလေ။ သူတို့ အတ္တက ဘယ်သူ့ကိုမှ ဒုက္ခ မပေးဘူးလေ။ စာရေးဆရာလည်း ပုထုဇဉ်သဘောဆိုတော့ ဒီလို ရှိရမှာပဲ မဟုတ်လား။ ဂျော့ချ်အော်ဝဲလ် ဖော်ကောင်လုပ်လိုက်တာနဲ့ ကျနော်လည်း ကိုယ့်အကြောင်းကို ကိုယ်ဖော်လိုက်တယ်ဗျာ။

စာရေးဆရာတစ်ယောက်ဟာ သာမန်လူနဲ့ ဘာကွာလို့လဲ။

စာရေးဆရာတစ်ယောက်ကို သာမန်လူတစ်ယောက်လို့ မြင်နိုင်ပါတယ်။ စာရေးဆရာလည်း သာမန်ထက် ထူးပြီး ဂျိုပေါက်နေတဲ့သူ မဟုတ်ဘူး။ ဒါပေမယ့် တက္ကသိုလ်ဘုန်းနိုင်ရဲ့ စကားနဲ့ ပြောရင်၊ သာမန်လူနဲ့ စာရေးဆရာဖြစ်မယ့်သူရဲ့ အကြား သိသာသောကွာခြားချက် တစ်ခုတော့ ရှိတယ်။ အဲဒါကတော့ အင်္ဂလိပ်လို sensitivity ခေါ်တယ်။ စာရေးဆရာဖြစ်မယ့်သူဟာ very sensitive ဖြစ်တယ်လို့ ဆရာ တက္ကသိုလ်ဘုန်းနိုင်က ပြောတယ်။ မြန်မာလို ပြောရင်တော့ စာရေးဆရာဖြစ်မယ့်သူရဲ့ အာရုံတရားတွေက တခြားသာမန်လူတွေထက် ထက်မြက်တယ်၊ ထူးခြားတယ်လို့ ဆိုတယ်။ စာရေးဆရာဟာ သူများ မကြားမိတာကို ကြားတယ်။ သူများ မခံစားမိတာကို ခံစားမိတယ်။ သူများ မမြင်မိတာကို မြင်တယ်။ သူများ မတွေးမိတာကို တွေးမိတယ်။ ဒါဟာ စာရေးဆရာတစ်ယောက်ရဲ့ ထူးခြားချက်လို့ နားလည်တယ်။ ဆရာ တက္ကသိုလ် ဘုန်းနိုင်က ပြောသေးတယ်။ စာရေးဆရာဖြစ်မယ့်သူဟာ တခြားသူထက် ထူးပြီး ဉာဏ်ကောင်းသူလည်း မဟုတ်ဘူး။ သာမန်လူတွေရဲ့ အထက်မှာ ရှိတဲ့သူလည်း မဟုတ်ဘူး။ စာရေးဆရာဟာ လူတွေထဲက လူပါပဲ… လို့ ပြောတယ်။ ဒါကို ကျနော် သဘောကျတယ်။ လက်ခံတယ်။

စာရေးဆရာဟာ စာတွေ မပြတ်ရေးနိုင်ဖို့ ဘာလိုသလဲ။

စာရေးဆရာဟာ သာမန်လူတစ်ယောက်ဖြစ်ပါတယ်၊ လူထဲက လူတစ်ယောက်ဖြစ်တယ်လို့ ကျနော် ပြောခဲ့ပြီးပြီ။ ဒါ့ကြောင့် စာရေးဆရာဟာ ဘယ်လောက်ပဲ ပါရမီရှင်ဖြစ်တယ်ပြောပြော သူ့မှာလည်း ဖြည့်ကျင့်ရတဲ့ အရာတွေ ရှိတယ်။ အထူးသဖြင့် ဝမ်းစာ။ အခုနက ပြောတဲ့ အာရုံထိရှမှုအားဖြင့် ပြင်းထန်တယ်၊ ပြင်းပြတယ်၊ ထူးခြားတယ်ဆိုတာကတော့ အမြဲလိုနေတာပဲ။ ဒါဟာ ဗီဇခေတ်ခံ၊ စရိုက်လို့ ပြောမယ်။ ဝမ်းစာဖြည့်တင်းမှုကျတော့ အားထုတ်မှုဖြစ်သွားပြီ။ ကျင့်ကြံမှုဖြစ်သွားပြီ။ လုံ့လဖြစ်သွားပြီ။ ဖွဲနပဲဖြစ်သွားပြီ။ ဆရာ မောင်သာရ ပြောဖူးတာလေး မှတ်မိတယ်။ စာရေးဆရာဆိုတာ ဂျီးနီးယပ်စ် မဟုတ်ဘူးဗျ…တဲ့။ သောက်ရေအိုးများလို ခပ်သောက်ရင် လျော့သွားတာပဲတဲ့ ။ ဒီလို လျော့သွားတာကို ပြန်ဖြည့်ရမယ်။ ဒါမှ နောက်ထပ် ခပ်သောက်လို့ ရမယ်၊ အဲသည်လို လုပ်ဖို့အတွက်လည်း စာရေးဆရာဟာ အချိန်ပေးရမယ်တဲ့။ အဲသည်လို ဝမ်းစာဖြည့်တဲ့အချိန် မပေးဘဲ စွတ်ရေးနေရင် စာရေးဆရာရဲ့ ကျဆုံးခန်းရောက်ချိန် မြန်သွားမှာပဲလို့ ပြောခဲ့ဖူးတာ မှတ်မိတယ်။ စာရေးဆရာဟာ ရေးစရာ ရနေဖို့ မပြတ် ဝမ်းစာဖြည့်တင်းရတယ်။ ဝမ်းစာဖြည့်တင်းတဲ့ကိစ္စဟာ ကျနော့် အမြင်မှာတော့ အကြမ်းဖျင်း အားဖြင့် နှစ်ပိုင်း ရှိတယ်။ စာရေးဆရာဟာ စာအုပ်တွေထဲမှာ ရေးသားထားတဲ့ စာပေတွေကို ဖတ်ရှုရမယ်။ ဘယ်လို စာပေမျိုးကို ရွေးချယ်တယ်ဆိုတာကတော့ တစ်ပိုင်း၊ ထားလိုက်တော့။ နောက်တစ်ပိုင်းကတော့ ခေတ်အခြေအနေနဲ့ စနစ်အခြေအနေ၊ လူ့အဖွဲ့အစည်းရဲ့ အရှိပကတိကို နေ့စဉ်နေ့တိုင်း ဖော်ပြနေတဲ့ သတင်းအချက်အလက်တွေကို စားသုံးရမယ်။ တစ်ခုက စာအုပ်ကို စားသုံးတာ။ တစ်ခုက သတင်းကို စားသုံးတာ။ ဒီနှစ်ချက်ကတော့ အနည်းဆုံး လိုတယ်လို့ ထင်တယ်။ စာအုပ်ကိုလည်း စွဲစွဲမြဲမြဲ မဖတ်ဘဲနဲ့ သတင်းပလင်းတွေပဲ လျှောက်ဖတ်ပြီးရေးမယ်ဆိုရင်တော့ အနှစ်မပါတဲ့ အချက်အလက်တွေ စုစည်းထားတဲ့ မှတ်တမ်းသက်သက်ပဲ ဖြစ်မှာပေါ့။ စာရေးဆရာဆိုတာ စာထဲမှာ အချက်အလက်နဲ့ သဘောတရား အမြင်၊ အယူအဆ၊ အတွေးအခေါ်

ဒဿနကိုလည်း ပေါင်းထည့်ပေးရတယ် မဟုတ်လား။ တစ်ဖက်မှာလည်း လူအများ စိတ်နဲ့ နှလုံးသားထဲ၊ ဦးနှောက်ထဲ စွဲအောင် ရေးနိုင်ဖို့ အနုပညာပါ ပေါင်းထည့်နိုင်ရတယ်။ စာအုပ်ကို လေးလေးနက်နက် မဖတ်ရှု၊ မလေ့လာဘဲနဲ့တော့ သတင်းနဲ့ အချက်အလက်တွေထဲကနေ လူတွေအတွက် အကျိုးဖြစ်ထွန်းတဲ့ အတွေးအခေါ် ဒဿနကို မပေးနိုင်ဘူးလို့ ကျနော် ထင်တယ်။

ခင်ဗျား ဘာဝတ္ထုတွေ ဖတ်ရတာ ကြိုက်သလဲ။

ကျနော် ဝတ္ထုတွေ မဖတ်ဘူးလို့ ပြောရတာထက်၊ ကျနော် ဝတ္ထုတွေ သိပ်မဖတ်နိုင်ဘူးလို့ ပြောရင် ပိုမှန်လိမ့်မယ်။ အကြောင်းကတော့၊ ကျနော့် ဗီဇစရိုက်နဲ့ သက်ဆိုင်လိမ့်မယ် ထင်တယ်။ ဝတ္ထုတွေ ဖတ်ပြီး ခံစားချက်တွေ စီးမျောနေရင် ကျနော် ဘာအလုပ်မှတောင် လုပ်နိုင်မယ် မထင်ဘူး။ ဘာလို့လဲဆိုတော့ ကျနော်က သိပ်ခံစားတတ် လွယ်လွန်းလို့။ အရင်တုန်းက ကျနော့်ကို ကျနော် intellectual type လို့ ထင်နေခဲ့တာ။ ကျနော် ဒီနောက်ပိုင်း စာတွေ အများကြီးရေးလာပြီးမှ ကိုယ့်ကိုယ်ကို ပြန်သိလာတာက…. ငါ့ type က emotional type ကြီးပါ့လားလို့ တွေ့လိုက်ရတာ။ ကိုယ့်ကိုယ်ကို သိပ်အံ့ဩတယ်။ ကျနော် လူငယ်ဆယ်ကျော်သက်ဘဝ တစ်လျှောက်လုံးမှာ ကိုယ့်ကိုယ်ကို ကြောင်းကျိုးဆင်ခြင်ရေးသမားလို့ ထင်နေခဲ့တာ။ ခံစားချက်ထက် စဉ်းစားတွေးခေါ်မှုကို ဦးစားပေးတဲ့ ကောင်လို့ ထင်နေခဲ့တာ။ နှလုံးသားထက် ဦးနှောက် စရိုက်သာတဲ့ကောင်လို့ ထင်နေခဲ့တာ။ အခုအချိန်ကျမှ ငါဟာ တကယ့် ခံစားချက်သမားပါ့လားလို့ သိလိုက်ရတာ။ ဒီလို emotional type ဖြစ်တာကြောင့်လည်း စာရေးဆရာတစ်ယောက်ဖြစ်လာဟန်တူပါတယ်။ ဒါပေမယ့် ကျနော်ရေးတာ ရသဝတ္ထုတွေ မဟုတ်ဘူး။ ကျနော် တမင်တကာ၊ တကူးတက လုပ်ယူပြီးတည်ဆောက်ထားတဲ့ အချက်အလက်အဆောက်အအုံနဲ့ သဘောတရားရေး အဆောက်အအုံတွေကို အသုံးချပြီး ကျနော် ဝေဖန်ရေးစာပေတွေ ရေးသားခဲ့တာ။ ဒါပေမယ့် ကျနော်နဲ့ နီးစပ်တဲ့ စာရေးဆရာကြီးတွေက ကိုမင်းသေ့က အနုပညာဓာတ်ရှိတယ်လို့ မှတ်ချက်ပေးတော့မှ၊ ကိုယ့်ကိုယ်ကို သေချာ ပြန်ကြည့်မိတယ်။ အစတုန်းက ကိုယ့်ကိုယ်ကို ဘယ်တော့ကမှ အနုပညာနဲ့ မနီးစပ်ဘူး၊ မအပ်စပ်ဘူးလို့ စိတ်ကြီးက ထင်နေခဲ့တာ။ အဲသည်လို ပြောတော့မှ၊ တဖြည်းဖြည်း ကိုယ့်ရဲ့စရိုက်ဗီဇ အပြုအမူတွေကို အသေးစိတ် သတိထားပြန်ကြည့်မှ၊ ဟုတ်ပေသားကိုး….။ ငါက တကယ့် emotional type ဖြစ်နေပါ့လားဆိုတာကို သိတာ။ တကယ်လည်း ဟုတ်တယ်။ ဒီလို လူမျိုးက ရသဝတ္ထုတွေ ချည်းပဲ အာရုံကျပြီး သဲကြီးမဲကြီး ဖတ်ရှုခံစား စီးမျောနေရင်…. ခင်ဗျား စဉ်းစားကြည့်။ ဘာအလုပ်မှတောင် လုပ်နိုင်မယ် မထင်ဘူး။ ဒါ့ကြောင့် ကျနော် ဝတ္ထုတွေ သိပ်ဖတ်လို့ မရတာဖြစ်မယ်။ တနည်းအားဖြင့် ကျနော် ဝတ္ထုတွေ သိပ်မဖတ်နိုင်တာ ဖြစ်မယ်။

ဒါပေမယ့် ဝတ္ထုတွေနဲ့ပတ်သက်ရင် ခင်ဗျားအတွက် ပြောစရာ တစ်ခုခုတော့ ရှိလိမ့်မယ် ထင်တယ်။

ကျနော် ဝတ္ထုတချို့တော့ ဖတ်ပါတယ်။ ကျနော် နားလည်မိသလောက် တချို့ ပြောချင်ပါတယ်။ အစတုန်းက ကျနော် ဝတ္ထုရေးဆရာတွေကို နည်းနည်း အထင်သေးမိတယ်။ ဒါပေမယ့် ကျနော် ဒီနောက်ပိုင်းမှ ကျနော့် အယူအဆ မှားခဲ့တာကို ပြန်မြင်တယ်။ တကယ်တော့ တကယ့်ရသဝတ္ထုရေးဆရာတွေကမှ၊ တကယ့် စာရေးဆရာ စစ်စစ်တွေလို့တောင် ကျနော် ပြောချင်တယ်။ သူတို့ရဲ့ ခံစားသက်ဝင်နိုင်မှုဟာ သိပ်ဆန်းကြယ်တာပဲ။ အဲဒါ ကျနော်

မလိုက်နိုင်ဘူး။ ကျနော် ဝတ္ထုရေးကြည့်ဖို့ ကြိုးစားတယ်။ ကျနော် မရဘူး။ ဝတ္ထုရေးဆရာတစ်ယောက်ဟာ ဦးနှောက်တစ်ခုတည်း ရှိရုံနဲ့ မရဘူး။ နှလုံးသားလည်း ရှိရတယ်။ သူတို့ရဲ့နှလုံးသားသက်ဝင်ခံစားမှုကလည်း သာမန်လူနဲ့ လုံးဝ ခြားနားတယ်။ ကွာခြားတယ်။ ပြောရရင် သိပ်ကို နူးညံ့လွန်းတယ်။ သူတို့ရဲ့ နှလုံးသားက သိပ်ကို ခံစားနိုင်မှု မြင့်မားတယ်။ ဒီလိုလူမှသာ ဝတ္ထုရေးဆရာဖြစ်နိုင်တယ်။ နောက်ထပ် ရှိသေးတယ်။ ဝတ္ထုရေးဆရာဟာ သူ့ဝတ္ထုထဲမှ ဇာတ်ကောင်စရိုက်တွေကို ဖန်တီးရတယ်။ ကျနော် ဝတ္ထု တချို့ကို လေ့လာကြည့်တဲ့အခါမှာ၊ ဝတ္ထုရဲ့ အရသာကို ခံစားမိတယ်။ ဒါနဲ့တင် မရပ်သေးဘူး။ အဲသည့်ဝတ္ထုထဲက ဇာတ်ကောင်တွေကို စာရေးဆရာက ဘယ်လို ဖန်တီးသလဲဆိုတာကိုလည်း ထပ်လေ့လာစစ်ထုတ်ကြည့်တယ်။ အဲသည့်အခါမှာ တချို့ သွားတွေ့တယ်။ ဝတ္ထုရေး ဆရာတစ်ယောက်ရဲ့ ဖန်တီးမှု အများအပြားမှာ၊ ဇာတ်ကောင်တွေကို ဖန်တီးတဲ့ ကိစ္စဟာ သိပ်အရေးကြီးတယ်။ ဝတ္ထုတစ်ခုမှာ၊ ဇာတ်ကောင်ကို ဖန်တီးတာ။ ဇာတ်လမ်းကို ဖန်တီးတာနဲ့ ဒိုင်ယာလော့ခ် (ပြောစကား) တွေကို ဖန်တီးမှုတွေက အခြေခံအားဖြင့် ပါဝင်ပြီးသားပဲ။ အဲသည့်ထဲက ဇာတ်ကောင်တွေကို ဝတ္ထုရေးဆရာ ဘယ်လို ဖန်တီးသလဲဆိုတာ သိပ်စိတ်ဝင်စားဖို့ ကောင်းတယ်။ တကယ့် ဝတ္ထုကောင်း တစ်ပုဒ်မှာ၊ ဇာတ်ကောင် စရိုက်တွေဟာ ကွဲနေတာကို တွေ့ရတယ်။ အသက်ဝင်နေတာကို တွေ့ရတယ်။ ဘာလို့ အဲသည်လို ဖြစ်နေရသလဲ။ ရှင်းပါတယ်။ အဲသည့်ဇာတ်ကောင်စရိုက်တွေထဲမှာ လူ့သဘာဝကို ထည့်ထားတယ်။ လူ့စရိုက်တွေကို ထည့်ထားတယ်။ လူတွေရဲ့ character လို့ခေါ်လို့ရမယ် ထင်တယ်။ လူတွေရဲ့ အပြုအမူ စရိုက်တွေကို ရုပ်လုံးကြွ အောင် ဖော်ရတယ်။ ပြရတယ်။ ခြယ်မှုန်းရတယ်။ ဒါ့ကြောင့် ဝတ္ထုကောင်း တစ်အုပ်ကို ဖတ်ရင် အဲသည့်ထဲမှာ human character တွေ ပါနေတယ်။ human psychology တွေ ပါနေတယ်။ behavior science လို့ခေါ်တဲ့ အပြုအမူဆိုင်ရာ သဘောတရားတွေ ပါနေတယ်။ နောက်ပြီးတော့ ဖီလိုဆိုဖီလို့ခေါ်တဲ့ အတွေးအခေါ် ဒဿနတွေ လည်း ထည့်သွင်းပေါင်းဝင်နေတာကို တွေ့ရတယ်။ ဒီလို ပညာရပ်ဆိုင်ရာ ဘာသာရပ်တွေကို ဝတ္ထုရေးဆရာ တစ်ယောက်ဟာ စနစ်တကျ သင်ယူတတ်မြောက်ထားတာ ဖြစ်ချင်မှ ဖြစ်မယ်။ ဒါပေမယ့် သူဟာ ဘဝထဲကနေ ဒါတွေကို သိနေတယ်။ လူတွေထဲကနေ ဒါကို သိနေတယ်။ သူ့အမြင်၊ သူ့အကြား၊ သူ့ဖြတ်သန်းမှုအတွေ့အကြုံ တွေထဲကနေ ဒါတွေကို ခံစားမိနေတယ်။ ဝတ္ထုရေးဆရာဟာ သူသဘောကျတဲ့ ရသဝတ္ထုတွေကို အဖတ်များလာရင်း ဖြစ်ဖြစ်၊ သူကြုံတွေ့ခဲ့ဖူးတဲ့ သိမှု ခံစားချက် အတွေ့အကြုံကို ပြင်းပြင်းပြပြ ထိရှမှု များလာတာပဲဖြစ်ဖြစ်… သူဟာ ဝတ္ထုတွေ စမ်းရေးကြည့်လာရင်း ဝတ္ထုရေးဆရာ တစ်ယောက်ဖြစ်လာခဲ့တာပဲ။ သူဟာ သူဖတ်ခဲ့တဲ့ ဝတ္ထုတွေထဲက ဇာတ်ကောင်စရိုက်တွေရဲ့ အပြုအမူတွေ၊ စိတ်နေစိတ်ထားတွေ၊ အတွေးအခေါ်တွေ၊ အယူအဆတွေ၊ ဘဝဖြတ်သန်းမှုတွေကို သူ့သိစိတ်က ဖြစ်ဖြစ်၊ သူ့မသိစိတ်က ဖြစ်ဖြစ် တဖြည်းဖြည်း စိမ့်ဝင်ပျံ့နှံ့နေခဲ့တာဖြစ်မယ်။ ဒါ့ကြောင့် တကယ့်ဝတ္ထုကောင်း တစ်ပုဒ် (သို့မဟုတ်) တစ်အုပ်မှာ ဇာတ်ကောင်တွေကို ဝတ္ထုရေးဆရာက ဘယ်လို အတတ်ပညာ၊ ဘယ်လို အနုပညာနဲ့ ခြယ်မှုန်းသလဲဆိုတာ ကျနော့်အတွက် သိပ်ဆန်းကြယ်နေတယ်။

ဒါဆို လူမှုဗေဒ ဘာသာရပ်တွေကို နှံ့စပ်တဲ့သူက ဝတ္ထုရေးဆရာ ဖြစ်နိုင်တယ်ပေါ့။

မဆိုင်ဘူး။ မဆိုင်ဘူး။ အဲသည်လို မဆိုလိုဘူး။ ဘာလို့လဲဆိုတော့ ရသဝတ္ထုကောင်း တစ်ပုဒ်ကို ဖန်တီးတယ်ဆိုတာ သိမြင်နားလည်မှုဆိုတာထက် ခံစားမှုနဲ့ ပိုဆိုင်တယ်။ အဲသည့် ဝတ္ထုရေးဆရာရဲ့ နှလုံးသား အရည်အသွေးနဲ့

ပိုဆိုင်တယ်။ အဲသည့် ဝတ္ထုရေးဆရာရဲ့ အာရုံခံစားမှု အရည်အသွေးနဲ့ ပိုဆိုင်တယ်။ အခုန ကျနော် ပြောခဲ့တဲ့ စိတ်ပညာတို့၊ ဒဿနိကဗေဒတို့၊ အပြုအမူဆိုင်ရာသိပ္ပံတို့.... စတာတွေကို နားလည်ကျွမ်းကျင်ထားတဲ့ အကယ်ဒမစ် အဝန်းအဝိုင်းက ပညာရှင်တစ်ယောက်ဟာ ဝတ္ထုရေးဆရာဖြစ်နိုင်ချင်မှ ဖြစ်မယ်။ သူက သိမှုအရ သိမြင်ထားတာ။ သူက သင်ကြားမှုအရ နားလည်ထားတာ။ သူ့ရဲ့ သိနားလည်မှုကို လုပ်ယူပြီးမှ ရလာတာ။ သင်ယူပြီးမှ ရလာတာ။ ဝတ္ထုရေးဆရာ တစ်ယောက်ဟာ အဲသည်လို မဟုတ်ဘူး။ သူ့ကို ဘယ်သူမှ သင်မပေးဘူး။ သူ့ဟာ ဘယ်သူ့ဆီကမှ တကူးတက သင်ယူထားတာ မဟုတ်ဘူး။ ဒါပေမယ့် ဝတ္ထုရေးဆရာတစ်ယောက်ဟာ ပညာရပ်ဆိုင်ရာလေ့လာမှု အားသန်လို့ အဲသည်လို စိတ်ပညာတို့၊ ဒဿနိကဘာသာရပ်တို့၊ အပြုအမူသိပ္ပံတို့၊ လူမှုဗေဒတို့၊ ဖွံ့ဖြိုးမှုသိပ္ပံတို့ကို လေ့လာထားကောင်း လေ့လာလိမ့်မယ်။ လေ့လာချင်ရင် လေ့လာလိမ့်မယ်။ ဒါတွေက သူ့အနုပညာ ဖန်တီးမှုမှာ၊ ပံ့ပိုးမှု ဖြစ်ကောင်းဖြစ်လိမ့်မယ်။ ဒီလို သိမြင်နားလည်မှု ကျယ်ပြန့်ထားလို့ သူ့ရဲ့ ဇာတ်အိမ်ဖွဲ့ပုံ၊ ဇာတ်လမ်းဆင်ပုံ၊ ဇာတ်ကောင်ဖန်တီးပုံတွေဟာ ပိုပြီး မတူကွဲပြားစွာ ဖြစ်ကောင်းဖြစ်နိုင်မယ်။ ဒါပေမယ့် စာဖတ်ပရိသတ်ကို ဆွဲဆောင်နိုင်မှုမှာတော့၊ သူ့ရဲ့ ခံစားသက်ဝင်မှု အာရုံအပြင်းအရှနဲ့သာ ပိုဆိုင်လိမ့်မယ်။ သူ့ရဲ့ ကလောင်ကို အနုပညာမှော် ဘယ်လောက် သွင်း ထားနိုင် သွင်းမထားနိုင်ဆိုတာနဲ့သာ ပိုဆိုင်လိမ့်မယ်။ ဒီလို ပညာရပ်တွေကို လေ့လာထားမှုဟာ မရှိမဖြစ်လိုတယ်လို့တော့ မပြောချင်ဘူး။ လေ့လာထားရင် ကောင်းတယ်။ မလေ့လာထားရင်လည်း ဝတ္ထုရေးဆရာဟာ သူ့ရဲ့ အနုပညာစျာန်ကို သုံးပြီးတော့ လူထုအတွက် ဝတ္ထုကောင်းတွေ ဖန်တီးနိုင်တယ်လို့ ကျနော် ယုံကြည်တယ်။

ဝတ္ထုရေးဆရာတွေထက် တိုင်းပြည်မှာ ပညာရှင်တွေ ပိုလိုတာ မဟုတ်ဘူးလားဗျ။

တိုင်းပြည်မှာ ဆိုင်ရာ ဆိုင်ရာ ပညာရှင်တွေ အများကြီး လိုအပ်ပါတယ်။ ဒါပေမယ့် တစ်နေရာတည်းမှာ သိပ်အုံလိုက် ကျင်းလိုက် များပြားနေတာမျိုးတော့ မကောင်းဘူး ထင်တယ်။ နယ်ပယ်တစ်ခုထဲမှာ ပညာရှင်တွေချည်း သိပ်များနေရင် အလုပ်လုပ်ဖို့ ဆိုတာထက် စကားတွေ သိပ်များနေတာပဲ အဖတ်တင်မယ် ထင်တယ်။ နယ်ပယ် ကိုယ်စီမှာ ပညာရှင်တွေ ရှိသင့်သလောက် ရှိတာတော့ ကောင်းပါတယ်။ ဒါပေမယ့် ကျနော်တို့ တိုင်းပြည်မှာ ပညာရှင်တွေ လိုအပ်နေဆဲပဲ။ တိုင်းပြည်ရဲ့ ရေခံမြေခံသဘာဝဓာတ်ကို ကောင်းကောင်း နှံ့စပ်နားလည်ခံစားနိုင်တဲ့ ပညာရှင်တွေ နယ်ပယ်အသီးသီးမှာ လိုအပ်နေဆဲပဲ။ ပေါ်လစီရေးရာ ပညာရှင်တွေချည်းပဲ ရှိနေလို့ မရဘူး။ နိုင်ငံရေး လည်း လိုတယ်။ နိုင်ငံရေးသိပ္ပံပညာရှင်တွေချည်းပဲလည်း မရဘူး။ ဘောဂဗေဒသမားလည်း လိုတယ်။ သဘာဝ ပတ်ဝန်းကျင်သမားလည်း လိုတယ်။ လူမှုဗေဒပညာရှင်လည်း လိုတယ်။ ပထဝီဝင်ပညာရှင်လည်း လိုတယ်။ မနုဿဗေဒ ပညာရှင်လည်း လိုတယ်။ စာပေပညာရှင်လည်း လိုတယ်။ သမိုင်းပညာရှင်လည်း လိုတယ်။ သိပ္ပံနယ်မှာ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဓာတု... စသည်ဖြင့် အကုန်လိုတယ်။ စစ်ရေးကျွမ်းကျင်သူ၊ ကွန်ပြူတာ ပညာရှင်၊ ဘဏ္ဍာရေးနဲ့ ငွေကြေးဆိုင်ရာ ပညာရှင်တွေ.... စသည်ဖြင့် အများအပြား လိုအပ်နေတာပါပဲ။ နည်းနည်း သတိထားဖို့က အိုင်ဒီယာအငြင်းအခုန်လုပ်ရင်းနဲ့ ဘာအလုပ်မှ မတွင်မကျယ်ဖြစ်နေမယ့်အရာကို ရှောင်ရှားနိုင်ဖို့လို့ ထင်ပါတယ်။ ပညာရှင်ဆိုတာလည်း အိုင်ဒီယာအချင်းချင်း တွန်းတိုက်ကန်ကျောက်မှ အိုင်ဒီယာအသစ်တွေ ထွက်ပေါ်လာတတ်တာ မဟုတ်လား။ ထားတော့။ ခင်ဗျား မေးတာကို ဖြေမယ်။

တကယ်တော့ ဝတ္ထုရေးဆရာနဲ့ ပညာရှင်တွေဆိုတာကို ဘယ်သူ ပိုလိုသလဲဆိုတာ နှိုင်းစရာ မဟုတ်ဘူးလို့ ကျနော် ထင်တယ်။ တစ်ယောက်နဲ့ တစ်ယောက် လူ့အဖွဲ့အစည်းအပေါ် အကျိုးပြုပုံချင်း မတူဘူး။ ဒါပေမယ့် ဒီနေ့ခေတ်ဟာ အွန်လိုင်းစခရင်ပေါ်မှာ ရှိတဲ့ ရုပ်တွေ အသံတွေကိုပဲ ခံစားပြီး ဘဝဖြတ်သန်းကြတာ။ ပုံနှိပ်စက္ကူသားပေါ်က ရသဝတ္ထုတွေကို ဖတ်ဖို့ကျတော့ သိပ်အားမထုတ်ကြတော့ဘူး။ လူတွေဟာ ဝတ္ထုတွေကို ရုပ်ရှင်အဖြစ် အသွင်ပြောင်းပြီး ခံစားချင်စိတ်က ပိုမယ် ထင်တယ်။ ဒါပေမယ့် တစ်ခုတော့ ကောင်းပါသေးတယ်။ မြန်မာ့လူ့အဖွဲ့အစည်းက မူလအကျင့်ဟောင်းလေးတွေကို တော်တော်နဲ့ မဖျောက်နိုင်ကြသေးတော့၊ စာအုပ်နဲ့ ရသဝတ္ထုဖတ်ရှုတဲ့ အရေအတွက်က အရမ်းကြီးလျော့ပါးလာတယ်လို့ မဆိုနိုင်သေးဘူး။ အတော်အသင့် ရှိနေသေးတယ်။ ငယ်ရွယ်တဲ့ မျိုးဆက်သစ်ထဲမှာတောင် (တနည်း) အိုင်တီနဲ့ နီးစပ်တဲ့ မျိုးဆက်သစ်တွေထဲမှာတောင် စာအုပ်နဲ့ ဖတ်ရမှ တကယ့်ဝတ္ထုခံစားမှုလို့ယူဆနေသေးတဲ့လူတွေ ရှိနေတဲ့အတွက် ဝမ်းသာရပါတယ်။

တကယ်တော့ ဝတ္ထုရေးဆရာဆိုတာ လူ့အသွေးအသားထဲကို လူသားဆန်မှုတွေ စိမ့်ဝင်ခံစားသက်ဝင်နိုင်အောင် အနုပညာနဲ့ ထုံကူးပေးတဲ့ မှော်ကလောင် ပိုင်ရှင်တွေလို့ ကျနော် မြင်တယ်။ လူသားသဘာဝတွေထဲမှာ ချစ်ခြင်းတွေ ပါတယ်၊ မုန်းခြင်းတွေ ပါတယ်၊ အာဃာတတွေ ပါတယ်၊ လောဘတွေ ၊ တဏှာတွေ ပါတယ်။ ကြင်နာမှုတွေ ပါတယ်၊ နွေးထွေးမှုတွေပါဝင်တယ်၊ ဘဝရပ်တည်မှုတွေ ပါဝင်တယ်၊ အငြိုးအတေးတွေ ပါဝင်တယ်။ ဆာလောင်မှုတွေ၊ ငတ်မွတ်မှုတွေ၊ ခေါင်းပါးမှုတွေ၊ စော်ကားရက်စက်ခံရမှုတွေ၊ ကိုယ်ချင်းစာနာမှုတွေ ပါဝင်နေတယ်။ မကျေနပ်မှုတွေ၊ ဝမ်းသာပီတိဖြစ်မှုတွေ၊ အားမာန်တွေ၊ အရှုံးတွေ၊ အောင်မြင်မှုတွေ ကျဆုံးမှုတွေ၊ ပဋိပက္ခတွေ၊ ရတ်ရင်းကြမ်းတမ်းမှုတွေ၊ နူးညံ့သိမ်မွေ့မှုတွေ၊ မြင့်မြတ်ခြင်းတွေ၊ ကြီးမြတ်မှုတွေ၊ သိမ်ဖျင်းမှုတွေ၊ ညံ့ဖျင်းမှုတွေ အားလုံး ပါဝင်နေတယ်။ ဒါတွေကို ဝတ္ထုရေးဆရာဟာ အက္ခရာ သင်္ကေတတွေကနေ တစ်ဆင့် နှလုံးသားနဲ့ အသွေးအသားဆီကို အသွင်ပြောင်း ကူးလူးပြသပေးသူဖြစ်ပါတယ်။ လူသားတွေဟာ ဝတ္ထုတွေထဲကနေ ဒီလို စိတ္တဇနောမ်တွေကို ခံစားရတာ ကြိုက်တယ်နဲ့ တူတယ်။ လူတွေထဲမှာ နေတဲ့ လူတွေကို လူတွေအကြောင်း အကျယ်ပြန့်ဆုံး သိအောင် လုပ်ပေးနိုင်တာ ဝတ္ထုရေးဆရာတွေပဲ။ ပညာရှင်တွေက တစ်ကဏ္ဍ။ ဒါပေမယ့် လူသားတွေရဲ့ဘဝကို နားမလည်တဲ့ ပညာရှင်တွေ အသောင်းအချီ ရှိလာလည်း လူ့လောကကို ကောင်းကျိုးပြုဖို့ထက် ဆိုးကျိုးပြုဖို့သာ ပိုများပါတယ်။ လူသားဆန်တဲ့စိတ်တွေ ကျယ်ပြန့်အောင် ဝတ္ထုရေးဆရာတွေကပဲ လုပ်နိုင်တယ်။ ပညာရှင်တွေက မလုပ်နိုင်ဘူး။

လူတွေ ဝတ္ထုစာပေ အဖတ်များအောင် ဘယ်လို လုပ်ပေးလို့ ရသလဲ။

ဆရာ မြသန်းတင့် ရေးခဲ့ဖူးတဲ့ စာတစ်ပုဒ်ကို သတိရတယ်။ မြင်းကို အတင်းရေသောက်ခိုင်း၍ မရနိုင်…တဲ့။ မြင်းတစ်ကောင်ကို ရေစပ်ကို ခေါ်သွားလို့ ရတယ်။ ဒါပေမယ့် မြင်းကို အတင်းရေသောက်ခိုင်း၍ မရနိုင်ဘူးတဲ့။ ဒီလိုပဲ ပြန်ဖြေရမှာပဲ။ လူတွေကို ဝတ္ထုစာပေ အဖတ်များအောင် အတင်းလုပ်ခိုင်းလို့ မရဘူး။

ဒါပေမယ့် စဉ်းစားစရာတွေ ရှိတယ်။ လူတွေ ဖတ်ချင်တဲ့ ဝတ္ထုကောင်းတွေကို စာရေးဆရာတွေက ဘယ်လောက် ရေးသားနိုင်သလဲဆိုတာ ကြည့်လို့ရတယ်။ လူတွေဟာ သူတို့ရဲ့ ခံစားမှု၊ ဖြေဖျော်မှုနဲ့ သူတို့ စိတ်နှလုံးကြည်မွေ့ဖို့ အတွက် ဘယ်လို entertainment tools တွေကို သုံးပြီး နေထိုင်ကြသလဲဆိုတာကို ကြည့်ရမယ်။ ဒါကတော့ ခေတ်

အခြေအနေ။ ခေတ်က သိပ်မြန်ပြီး အာရုံခံစရာတွေ များနေလို့ ရှိရင်၊ ဘယ်လောက်ဝတ္ထုကောင်းတွေ ရေးရေး ဖတ်မယ့်သူ နည်းနိုင်တယ်။ ခေတ်အခြေအနေနဲ့ လူ့အဖွဲ့အစည်းရဲ့ စရိုက်ပြောင်းလဲပုံတွေနဲ့လည်း သက်ဆိုင်တာပေါ့ဗျာ။ တကယ်တမ်းပြောရရင်၊ လူတွေဟာ အနှစ်ထက် အကာမှာ ပိုခံတွင်းတွေ့ကြတာ မဟုတ်လား။ အစစ်နဲ့ အတုမှာ အတုကို ပိုတန်ဖိုးထားကြတယ် မဟုတ်လား။ လူတွေဟာ အားထုတ်ပြီးမှ စိတ်ကျေနပ်မှု ရတာထက်၊ လွယ်လွယ် အားမထုတ်ဘဲ ခံစားသက်ဝင်နိုင်မှုကို ပိုမက်မောကြတာ မဟုတ်လား။ ဝတ္ထုတစ်ပုဒ်၊ ဝတ္ထုတစ်အုပ်ကို ဖတ်ရတာ အားထုတ်ရတယ်လေ၊ အားစိုက်ရတယ်လေ၊ အချိန်ပေးရတယ်၊ စိတ်စူးစိုက်မှု ပေးရတယ်လေ၊ နှလုံးသားနဲ့ ကြည့်မြင်ပြီး ဦးနှောက်ကနေ မြင်ကွင်း အပြုအမူတွေကို ပုံဖော်ရတယ်လေ။ လူ့ကိုယ်တွင်းမှာ အားထုတ်ရတာတွေ များလာတော့၊ လူတွေဟာ အားထုတ်ရမှာ သိပ်ကြောက်လာလို့၊ ဝတ္ထုတွေကို တကူးတက ဖတ်ဖို့ မလုပ်တော့တာလည်းဖြစ်နိုင်တာပဲ။

တရုတ်က ဒဿနဆရာ တစ်ယောက်ပြောတာ ဖတ်ဖူးတယ်။ ကဗျာဆရာ တစ်ထောင်ရှိငြားသော်လည်း တိုင်းပြည် တည်ဆောက်လို့ မရနိုင်တဲ့။ အဲဒါကို ခင်ဗျား ဘယ်လို သဘောရသလဲ။

ကျနော့်အထင်၊ အဲဒါ ကွန်ဖြူးရှပ်ပြောခဲ့တာဖြစ်မယ်။ ဒါကတော့ ခံစားချက်တွေ ဖွဲ့သီနေတဲ့ လူတစ်ထောင်ထက် စဉ်းစားဆင်ခြင်တဲ့ ပညာရှိ၊ ပညာတတ်တစ်ယောက်ကို တိုင်းပြည်က ပိုလိုအပ်တယ်လို့ ပြောတာလို့ နားလည်လို့ ရတယ်။ ဒါက လက်ခံချင်စရာ ကောင်းပါတယ်။ ဒါပေမယ့် တစ်ဖက်ကကြည့်ရင်၊ ကဗျာတွေဟာ လူ့စိတ်နှလုံးကြည် မွေ့အောင် လုပ်ပေးနိုင်တယ်လေ။ ကဗျာနဲ့ လူ့စိတ်နေစရိုက်ဆိုးတွေကို ဖယ်ရှားလို့ရတယ်။ လူတွေရဲ့ ညဥ့်ဆိုးတွေ၊ အကျင့်ဆိုးတွေ၊ စိတ်နေအကျင့် ပျက်ယွင်းတာတွေကို ကဗျာနဲ့ ပွဲပြင်နိုင်တယ်၊ ကဗျာနဲ့ တည့်မတ်နိုင်တယ်၊ ကဗျာနဲ့ ပြုပြင်နိုင်တယ်။ စိတ်နေတည့်မတ်ရေး၊ စိတ်နေပြုပြင်ရေးတို့ကို ကဗျာဟာ သိပ်စွမ်းနိုင်တာပဲ။ တိုင်းပြည်တည်ဆောက်ရေးမှာ ဒါတွေ မလိုဘူးလား။ လိုတာပဲဗျ။ လိုတာပဲ။ ကဗျာစာဆို ဆရာ တင်မိုး ရေးစပ်ခဲ့တဲ့ ကဗျာတစ်ပုဒ်လို။ လူတိုင်းမှာ အလှကိုယ်စီ ရှိတယ်လေ။ အလှကိုယ်စီပေါ့ဗျာ။ ကဗျာဆရာတွေ လည်း တိုင်းပြည်မှာ လိုတာပါပဲ။ စဉ်းစားဆင်ခြင်ဉာဏ်ထက်သန်တဲ့ ပညာရှိ၊ ပညာတတ်တွေလည်း တိုင်းပြည်မှာ လိုတာပဲ။ ကဗျာဆရာတွေနဲ့ ပညာတတ်တွေ ရန်ဖြစ်စရာ လိုမယ် မထင်ပါဘူးဗျာ။ ကိုယ့်အလုပ်ကို ကိုယ် ပီပီပြင်ပြင်လုပ်နေကြရင် လူ့အဖွဲ့အစည်းဟာ ပိုကောင်းလာမယ် မဟုတ်လား။

ခင်ဗျား စာရေးတဲ့အခါ အခြေခံမူအားဖြင့် ဘာတွေ ထားသလဲ။

ကျနော့် အခြေခံမူတွေ ရှိပါတယ်။ ဒါပေမယ့် အဲဒါကို အကုန်ပြောဖို့ဆိုတာထက် အချိန်ကာလတွေ ပြောင်းလဲသွားရင်တောင် ပြောင်းလဲဖို့ ခက်တဲ့ အခြေခံမူတချို့ကို ပြောချင်တယ်။ နံပါတ် တစ် - ပညာရှိသူတော်ကောင်း ကဲ့ရဲ့အောင်တော့ ကျနော် မရေးဘူး။ ကျနော့် ရေးသားချက်အများစုက နိုင်ငံရေးနဲ့ လူမှုဝေဖန်ချက်တွေ များပါတယ်။ စာပေရေးရာ တချို့လည်း ကျနော်ရေးပါတယ်။ စာပေရေးရာမှာတော့ ဝေဖန်ရေး ဆိုတာထက် နည်းနာ၊ သဘောတရားနဲ့ အမြင်အယူအဆပိုင်းကို ကျနော် အားပြုရေးတယ်။ နိုင်ငံရေးနဲ့ လူမှုရေး (တနည်း) လူမှုနိုင်ငံရေးဆောင်းပါးတွေကိုတော့ ဝေဖန်မှု အားပြုပြီးရေးတယ်။ ဝေဖန်တယ်ဆိုတာလည်း အပြုသဘော ဝေဖန်ခြင်းကို ကျနော် လုပ်ဆောင်တယ်။ လူ့အဖွဲ့အစည်းအတွက် မလိုလားအပ်ဘူးလို့ ကျနော်

ယုံကြည်ယူဆထားတဲ့ကိစ္စတွေကို တော်လှန်၊ တွန်းထုတ်ပစ်ရမယ်လို့ ကျနော် မြင်တယ်။ ဖြစ်သင့်တာတွေကို ဖွဲ့နှပဲ နဲ့ အမြော်အမြင်ရှိရှိ တည်ဆောက်ကြဖို့ ကျနော် ဆော်ဩတိုက်တွန်းတယ်။ ဒီနေရာမှာ၊ ကျနော်ဟာ လူမှုနိုင်ငံရေး ဝေဖန်ချက် ဆောင်းပါးတွေ ရေးတာမို့၊ အယူအဆအားဖြင့်၊ အမြင်အားဖြင့်၊ သဘောထားအားဖြင့် ကွဲပြားနိုင်တယ်။ ကွဲလွဲနိုင်တယ်။ မတူနိုင်ဘူး။ ဒါက ကိစ္စ မရှိဘူး။ လွတ်လပ်စွာ သဘောကွဲလွဲခွင့် အပြည့်ရှိတယ်။ လူတွေကို စဉ်းစားဉာဏ်ကျယ်ပြန့်အောင်၊ ထိုးထွင်းဉာဏ်စူးရှအောင် ကျနော် ဂရုစိုက်ပြီးရေးတယ်။ ဒါ့ကြောင့် လူတွေ ဝေဖန်တာ၊ ပိုင်းခြားတာ၊ ထိုးထွင်းသိမြင်တာ၊ စဉ်းစားပြီး သဘောအမြင် မတူကွဲပြားတာကို ကျနော် နားလည် လက်ခံတယ်။ ဒါပေမယ့် ကျနော် အထူးဂရုစိုက်တာကတော့၊ ပညာရှိသူတော်ကောင်း ကဲ့ရဲ့မှာကိုတော့ ကျနော် သိပ်ကြောက်တယ်။ သိပ်စိုးရိမ်တယ်။ နိုင်ငံရေးနဲ့ လူမှုရေးကိစ္စတွေဟာ ပရမတ္ထတရားတွေ မဟုတ်လို့ အမြင် အမျိုး မျိုး ရှိနိုင်တာပဲ။ သူ့ဘက်ကကြည့်ရင် သူရဲကောင်း၊ ကိုယ့်ဘက်က ကြည့်ရင် သစ္စာဖောက်။ ဒါမျိုးတွေက အများကြီး ရှိနိုင်တာပဲ။ သူ့ဘက်က ကြည့်ရင် လက်ဖမိုး၊ ကိုယ့်ဘက်က ကြည့်ရင် လက်ဖဝါး ။ ဒါတွေလည်း ရှိနိုင်တာပဲ။ အောင်မြင်ရင်တော့ သူရဲကောင်း။ ကျရှုံးရင်တော့ သူပုန်...။ ဒါတွေလည်း ရှိနိုင်တာပဲ။ လောကအမြင်၊ လောက အယူအဆ၊ ထောင့်အမျိုးမျိုး၊ အယူအဆချည်းကပ်ပုံ အသွယ်သွယ်ဆိုတော့ အမြင်သဘောထား မတူတာတွေဟာ ပြဿနာ မဟုတ်ပါ။ ကျနော် နားလည်ပါတယ်။ ဒါပေမယ့် ပညာရှိ သူတော်ကောင်း ကဲ့ရဲ့တဲ့အလုပ်မျိုး၊ အရေးအသားမျိုး၊ တင်ပြချက်မျိုး၊ အကြောင်းအရာမျိုး၊ အတွေးအခေါ်မျိုးတွေကိုတော့ ကျနော် အထူး ရှောင်ကြဉ် ပါတယ်။ ဒါဟာ နံပါတ်တစ် ကျနော့်ရဲ့ စာရေးခြင်း အခြေခံမှုဖြစ်ပါတယ်။ နောက် နံပါတ်နှစ် အချက်ကတော့၊ ဆရာ ဒေါက်တာသန်းထွန်းရဲ့ သုတေသနမူကနေ လာပါတယ်။ ဆရာကြီးက ပြောခဲ့ဖူးတယ်။ အသိသစ်၊ အမြင်သစ်၊ အယူအဆသစ် မပါရင် စာအုပ်သစ် မရေးနဲ့တဲ့။ ဆရာ ဒေါက်တာသန်းထွန်းဟာ သုတေသီစစ်စစ် တစ်ယောက်ဖြစ် တာမို့၊ new interpretation ပါဖို့ကို အားသာတယ်။ ကျနော် ဒါကို လက်ခံတယ်။ ကျနော် စာတစ်အုပ်၊ ဆောင်းပါး တစ်ပုဒ်ဖြစ်ဖြစ်ရေးရင် ဒါကို အမြဲတမ်း ဂရုစိုက်တယ်။ ဒါဟာ ကျနော့်ရဲ့ အခြေခံမှုပဲ။ တစ်ခါလာလည်း မဲပြာပုဆိုး၊ တစ်ခါလာလည်း မဲပြာပုဆိုး ဖြစ်မှာ ကျနော် စိုးရိမ်တယ်။ ဒါ့ကြောင့် တစ်ခုခုတော့ ကျနော် သစ်ချင်တယ်။ စာရေးချင်ဇောနဲ့ မသစ်တာကို အတင်းသစ်တာမျိုးတော့ ကျနော် မလုပ်ဘူး။ အထူးသဖြင့် အရေးအသားသစ်လား၊ တင်ပြပုံအသစ်လား၊ ချည်းကပ်နည်းအသစ်လား၊ ရှုထောင့်သစ်လား၊ အမြင်သစ်လား၊ အတွေးအခေါ်သစ်လား၊ အချက်အလက်သစ်လား၊ ခံစားမှုအသစ်လား၊ စကားလုံးဝေါဟာရ အသစ်လား၊ အကြောင်းအရာသစ်လား၊ အယူအဆသစ်လား... စသည်ဖြင့် ကျနော် ပေးနိုင်အောင် ကြိုးစားတယ်။ စာရေးဆရာမှာလည်း အကန့်အသတ်တွေ ရှိတာကြောင့် အမြဲတမ်းတော့ မသစ်နိုင်ဘူးပေါ့ဗျာ။ အပုဒ်တိုင်းတော့ မသစ်နိုင်ဘူးပေါ့ဗျာ။ ဒါပေမယ့် ဒီလို ဖြစ်အောင် အမြဲတမ်း အားထုတ်တယ်လို့ ကျနော် ဆိုလိုတာဖြစ်ပါတယ်။ ဒါပေမယ့် ဒီနေရာမှာ အငြင်းပွားစရာ တစ်ခု ရှိသေးတယ်။ ကမ္ဘာကြီးမှာ အသစ်ဆိုတာရော ရှိသေးရဲ့လား။ တကယ်တမ်းက အားလုံး လိုလိုဟာ အရင်ကဖြစ်ခဲ့ဖူး၊ ကြုံခဲ့ဖူး၊ ရှိခဲ့ဖူး၊ တွေ့ခဲ့ဖူးတာတွေချည်းပဲ မဟုတ်လား။ ဟုတ်ပါတယ်။ ကမ္ဘာကြီးမှာ မဖြစ်ဘူး၊ မတွေးဘူး၊ မကြုံဖူး၊ မရှိခဲ့ဖူးတာဟာ အခုအချိန်မှာ ပြောဖို့ သိပ်ရှားသွားပြီ။ ဒါ့ကြောင့် ကျနော့်ဆိုလိုချက်ကို ထပ်ဖြည့်ချင်တယ်။ ယခင်က သိဖူး၊ ကြားဖူး၊ ကြုံဖူး၊ တွေ့ဖူးပေမယ့် ယခုအချိန်ကာလမျိုးမှာ သိပ်ရေပန်းမစားတော့တာ၊ တိမ်မြုပ်နေတာ၊ ဖုံးနေတာ၊ ကွယ်နေတာ.... စတာတွေကို ဖော်ပေးရင်လည်း အဲဒါ

အသစ်စာရင်းဝင်တယ်လို့ ကျနော် ထင်တယ်။ သုတေသနဆိုတာမှာ တိမ်မြုပ်နေတာတွေ၊ ဖုံးနေတာတွေကို ပြန်လည် တူးဖော်၊ ဖော်ထုတ်ပေးတာဟာ အဓိက အချက်တစ်ခု မဟုတ်လား။ ဒီအချက် နှစ်ချက်ဟာ ကျနော့်ရဲ့ စာရေးခြင်း အခြေခံမူတွေပဲဖြစ်ပါတယ်။

ဒီခေတ်က လူ့အဖွဲ့အစည်းက သိပ်ကြမ်းတမ်းလာတယ်လို့ မထင်ဘူးလား။ အဲဒါကို စာပေနဲ့ ဘယ်လို ချိတ်ဆက် တွေးလို့ရသလဲ။

ဒီမေးခွန်းကို အဘိဓမ္မာနဲ့ ဝိပဿနာထောင့်ကနေ ဖြေမှ ကောင်းမယ် ထင်တယ်။ ခေတ်က သိပ်မြန်လာတယ်။ နည်းပညာတွေကလည်း သိပ်တိုးတက်လာတယ်။ စက်မှုနည်းပညာ၊ အိုင်တီနည်းပညာ၊ Biogenetic တဲ့၊ AI တဲ့.... အရင်ခေတ်မှာ မကြားဖူးတဲ့စကားလုံးအသစ်တွေ ပွထလာတယ်။ နည်းပညာတွေကလည်း တိုးတက်လိုက်တာ။ စခရင်တွေကလည်း မြန်လိုက်တာ။ တလှပ်လှပ်ပဲ။ ဒီနေရာမှာ စာပေရဲ့ အခန်းကဏ္ဍက ပြောင်းလာတယ်။ စာပေရဲ့ အခန်းကဏ္ဍ သိမ်မွေ့လာတယ်။ စာပေရဲ့တည်ရှိပုံက အစ ပြောင်းလာတယ်။ စာပေဆိုတာအပေါ် အနက်အဓိပ္ပာယ် ဖွင့်မှုပါ ပြောင်းလာမယ် ထင်တယ်။ အဲသည့်ကနေ စာပေရဲ့တန်ဖိုး အပြောင်းအလဲ ရှိနိုင်တာပေါ့ဗျာ။ ခေတ်က သိပ်တိုးတက်လာတဲ့အခါမှာ၊ အာရုံတွေကလည်း သိပ်များလာတယ်။ အာရုံတွေ များသလို၊ အာရုံတွေအပေါ်မှာ ကျက်စားတဲ့စိတ်ဟာလည်း သိပ်ဆန်းကြယ်လာတယ်။ အာရုံတွေကြောင့် ဖြစ်တဲ့စိတ်တွေဟာ သိပ်ပြီး အပြောင်းအလဲ မြန်လာတယ်။ စိတ်ဟာ လိုအပ်တာထက် မြန်လာတဲ့အခါမှာ၊ တည်ဖို့ ငြိမ်ဖို့ ခက်လာတယ်။ တည်ဖို့ ငြိမ်ဖို့ ခက်လာတဲ့စိတ်ကြောင့် ပြုမူလိုက်တဲ့ အပြုအမူတွေဟာ တည်တည်ငြိမ်ငြိမ် သိမ်သိမ်မွေ့မွေ့ဖြစ်ဖို့ သိပ်ခက်တယ်။ ဒီတော့ အပြုအမူတွေဟာ ကြမ်းလာတယ်။ အပြောအဆိုတွေဟာ ကြမ်းလာတယ်။ အာရုံတွေနဲ့ စိတ်ဟာ ဆက်စပ်နေတယ်။ စိတ်နဲ့ အပြုအမူ၊ အပြောအဆိုတွေဟာ ဆက်စပ်နေတယ်။ လူတစ်ယောက်ချင်းစီက ကြည့်မြင်ခံစားတဲ့ ကွင်းပြင်ဟာ နည်းပညာပလက်ဖောင်းကြောင့် ကျယ်လာတယ်၊ မြန်လာတယ်၊ သွက်လာတယ် ဆိုပေမယ့် တစ်ဖက်မှာလည်း အာရုံတွေအပေါ် တပ်မက်တဲ့စိတ်၊ အာရုံတွေကို စားသုံးတဲ့စရိုက်နဲ့ အာရုံတွေအပေါ် တုံ့ပြန်တဲ့ အပြုအမူတွေဟာ စိတ်ရဲ့ အခြေအနေတွေကို အများကြီး ပြောင်းလဲပြုပြင်နေတယ်။ ဒါတွေကို လူတော်တော်များများက သတိမထားမိတာများတယ်။ ဒါ့ကြောင့် ခေတ်ကြီးဟာ သိပ်ကြမ်းတမ်းတယ်၊ လူ့အဖွဲ့အစည်းဟာ သိပ်ရိုင်းလာတယ်လို့ ထင်စရာ ရှိတယ်။

ယခင်ကတော့ အဲသည်လို မဟုတ်ဘူးလေ။ စက္ကူနဲ့ ဆက်သွယ်ရေးတွေကို လုပ်ရတာ။ အသံနဲ့ အဆက်အသွယ်လုပ် ရာမှာလည်း အကန့်အသတ်နဲ့ ချည်းပဲ။ ယခင်က ကျေးစေတမန်၊ နောက်.... မြင်းသည်တော်၊ နောက်.... ကြေးနန်း၊ နောက်တော့.... စာတိုက်စနစ်၊ နောက်တော့ ဖုန်း။ ဖုန်းတောင်မှ အိတ်ချိန်းရုံးကနေ တစ်ဆင့် လိုချင်တဲ့ နံပါတ်ကို ပြောင်းချိတ်ပြီး ဆက်လို့ရတဲ့ခေတ်နဲ့ လမ်းဘေးပီစီအိုဖုန်းဆိုင်မှာ သွားဆက်ရတဲ့ခေတ် အတော်ကြာတယ်။ အခုလို လူတစ်ယောက်မှာ ဖုန်းတစ်လုံးရှိပြီး ကြိုက်သလို ဆက်သွယ်နိုင်တဲ့ခေတ်က အတော်ကြာသွားပြီ။ အခု ဖုန်းတောင် မဟုတ်တော့ဘူး။ အင်တာနက် အွန်လိုင်းနဲ့ ကမ္ဘာကြီးရဲ့ ဘယ်နေရာကနေ ရုပ်ရော၊ အသံရော ဗီဒီယိုရိုက်သလို တပြိုင်နက်တည်း လူလုံးပြပြီး ဆက်သွယ်လို့တောင် ရနေပြီ။ ခေတ်က သိပ်ဆန်းကြယ်လာတယ်လေ။ ဒီလို ဆန်းကြယ်လာတဲ့ ခေတ်မှာ၊ စိတ်တွေ ဆန်းကြယ်တာ မဆန်းဘူး။ စိတ်တွေ ဆန်းကြယ်ရင် ရုပ်တွေ

ဆန်းကြယ်တယ်။ စိတ်တွေ ဆန်းကြယ်ရင် အပြုအမူတွေ ဆန်းကြယ်တယ်။ စိတ်တွေ ဆန်းကြယ်ရင် အပြောအဆို တွေ ဆန်းကြယ်တယ်။ စိတ်တွေ ဆန်းကြယ်ရင် အတွေးအခေါ် အယူအဆတွေ ဆန်းကြယ်တယ်။ စိတ်တွေ ဆန်းကြယ်ရင်၊ ဘဝတွေ ဆန်းကြယ်တယ်။ ဘဝတွေ ဆန်းကြယ်မှတော့ လူ့အဖွဲ့အစည်းကလည်း ဆန်းကြယ်တာ ဘာဆန်းလို့လဲ။ လူ့အဖွဲ့အစည်းရဲ့ ပုံပြောင်းဖြစ်တည်မှုတွေ မြန်ဆန်ပြောင်းလဲလာတာ သိပ်တော့ မဆန်းပါဘူး။

စာကောင်းဟာ ဘယ်ကနေ ဖြစ်တည်လာသလဲ။

စေတနာကောင်းရင် စာကောင်းထွက်တယ်လို့ ကျနော် မြင်တယ်။ စေတနာညံ့ရင် စာညံ့တယ်။ စေတနာကောင်းရင် စာကောင်းတယ်။ စာကောင်းဟာ စိတ်ကောင်းက လာတယ်တဲ့။ ဒီစကားကို ဆရာဇော်ဂျီ ပြောခဲ့ဖူးတယ်။ စိတ်ကို ကောင်းအောင် ထားတဲ့သူဟာ စာကောင်းရေးနိုင်တဲ့သူပါပဲ။ စာနဲ့ စိတ်ဟာ ဆက်စပ်နေတယ်။ စေတနာနဲ့ စိတ်ဟာ ဆက်စပ်နေတယ်။ စာရေးဆရာဟာ သူ ဖန်တီးတဲ့ စာပေအနုပညာအပေါ် စေတနာ ချို့တဲ့ခြင်း၊ မချို့တဲ့ခြင်းဆိုတာကို စာဖတ်သူက ဖတ်ရင် သိတယ်။ စာဖတ်နာတဲ့ စာဖတ်သမားဆိုရင် ပိုပြီး သိတယ်၊ ပိုပြီး ခံစားလို့ရတယ်။ စာဖတ်သူကို စာရေးဆရာဟာ လိမ်လို့ မရဘူး။ ညာလို့ မရဘူး။ စာရေးဆရာဟာ အသိနဲ့ ဘဝဖြတ်သန်းမှုအတွေ့အကြုံအားဖြင့် ချို့တဲ့ကောင်း ချို့တဲ့မယ်။ ဒါကို စာဖတ်သူက နားလည်ပေးနိုင်တယ်။ ဒါပေမယ့် စေတနာချို့တဲ့တာကိုတော့ နားလည်ပေးလို့ မရဘူး။ ဒီခေတ်စကားနဲ့ ပြောရင်၊ စာဖတ်သူဟာ အချဉ် မဟုတ်ဘူး။ စာရေးဆရာတွေဟာ စာဖတ်သူကို အချဉ်ရိုက်လို့ မရတော့ဘူး။

စာရေးဆရာ တစ်ယောက် စာရေးနိုင်ဖို့ ဘာလိုသလဲ။

လိုတာတွေက အများကြီး ရှိမှာပေါ့ဗျာ။ စာရေးဆရာဟာ လူသားထဲက လူသားတစ်ယောက်ဖြစ်လို့ သူ့မှာ လူ့အခြေခံလိုအပ်ချက်တွေ လိုကောင်းလိုမှာပေါ့။ ဒါတွေကို မပြောချင်ပါဘူး။ ခင်ဗျားကလည်း ဒါကို မေးတယ်လို့ မထင်ပါဘူး။ စာရေးဆရာတစ်ယောက် စာရေးနိုင်ဖို့အတွက် လိုတာတွေ အများကြီး ရှိတယ်။ ရေးနိုင်ဖို့ လိုတယ်၊ ရေးတတ်ဖို့ လိုတယ်၊ ရေးချင်ဖို့ လိုတယ်၊ လက်တွေ့ချရေးဖို့လိုတယ်၊ ရေးစရာ ရှိဖို့လိုတယ်။ ဒါတွေထက် ပိုအရင်းခံကျတဲ့ အချက်တစ်ချက်ကို ပြောချင်ပါတယ်။ စိတ်ဝင်စားဖို့ လိုကြောင်း ပြောချင်တာပါ။ စာရေးဆရာဟာ လောကကြီးကို စိတ်ဝင်စားဖို့ လိုတယ်။ လူတွေကို စိတ်ဝင်စားဖို့ လိုတယ်။ လူ့သဘာဝတွေ၊ လူ့စိတ်တွေ၊ လူ့စရိုက်တွေ၊ လူ့အပြုအမူတွေကို စိတ်ဝင်စားဖို့ လိုတယ်။ လူတွေအကြောင်း သိဖို့ လိုတယ်။ ဒါဟာ အရေးအကြီးဆုံးပဲ။ စာရေးဆရာဟာ ဘယ်သူတွေ ဖတ်ဖို့ စာရေးတာလဲ။ လူတွေ ဖတ်ဖို့ စာရေးတာလေ။ စာရေးဆရာရဲ့ စာကို လူတွေကလွဲလို့ ဘယ်သူက ဖတ်နိုင်လို့လဲ။ လူတွေ ဖတ်ဖို့ စာရေးတဲ့သူဟာ လူတွေ အကြောင်း စိတ်ဝင်စားရမှာပေါ့။ လူတွေနေတဲ့လောကကြီး အကြောင်း စိတ်ဝင်စားရမှာပေါ့။ လူတွေနေတဲ့ တိုင်း၊ နိုင်ငံတွေ အကြောင်း စိတ်ဝင်စားရမှာပေါ့။ ဒါဟာ သိပ်အရေးကြီးတယ်လို့ ထင်တယ်။ စိတ်ဝင်စားမှု ပြင်းပြဖို့ဟာ စာရေး ဆရာတစ်ယောက်အဖို့ သိပ်အရေးကြီးတယ်။ စာရေးဆရာဆိုတာ စာအုပ်တွေချည်းပဲ ဖတ်နေလို့ မရဘူး။ လူမျက်နှာတွေကို ဖတ်ရမယ်၊ လူ့စိတ်တွေကို ဖတ်ရတယ်၊ လူ့သဘာဝ စရိုက်တွေ၊ လူ့အပြုအမူတွေကို ဖတ်ရတယ်။ စာမျက်နှာတွေထဲမှာချည်း လမ်းဆုံးနေတဲ့စာရေးဆရာရဲ့ ရေးသားဖန်တီးချက်တွေဟာ လက်တွေ့ လူ့လောကကို အကျိုးများဖို့ အကန့်အသတ်ရှိနိုင်တယ်။ စာရေးဆရာဟာ လူတွေထဲ တိုးဝင်ရသလို၊ စာအုပ်တွေထဲ

တိုးဝင်ရတယ်။ ဒါမှ ကောင်းမယ်။ စိတ်ဝင်စားမှုကို အထူးတလည် ပြောနေရတာ အကြောင်း ရှိပါတယ်။ လူတွေမှာ များသောအားဖြင့် အမှုမဲ့ အမှတ်မဲ့နေတတ်တဲ့ဉာဉ်လေးတွေ ရှိတယ်။ ဖာသိဖာသာနေတတ်တယ်၊ ဘာသိဘာသာ နေတတ်ကြတယ်။ စာရေးဆရာဟာ အဲသည်လို နေလို့ မရဘူး။ တကယ့်စာရေးဆရာ စိတ်ရှိတဲ့သူ၊ တကယ့် စာရေးဆရာ ဗီဇရှိတဲ့သူဟာလည်း အဲသည်လို မနေပါဘူး။ သူဟာ သူ့ပတ်ဝန်းကျင်ကို အမြဲ စူးစမ်းနေတယ်။ တမင်တကာ သူကိုယ်တိုင် မလုပ်ပါဘဲနဲ့ကို သူ့စိတ်ဟာ သူ့ပတ်ဝန်းကျင်ကို စူးစမ်းနေတယ်၊ လေ့လာနေတတ်တယ်။ ဒါဟာ စာရေးဆရာရဲ့ ဗီဇသတ္တိဖြစ်တယ်။ ဒါ့ကြောင့်လည်း စာရေးဆရာဟာ လူတွေရဲ့ စိတ်ကို ညှို့နိုင်တာလို့ မြင်တယ်။

စာပေမှာ ကေရာဇ်ရှိသလား။

စာပေမှာ ကေရာဇ် မရှိဘူး။ ကေရာဇ် ဆိုတဲ့ စကားလုံးဝေါဟာရကို အနက်ခွဲကြည့်လိုက်ရင်၊ ကေ - ရာဇ လို့ တွင်တယ်။ ကေ ဆိုတာ တစ်ခု၊ တစ်ယောက်၊ တစ်ဦးကို ဆိုလိုတာ။ ရာဇ ဆိုတာ ဘုရင်၊ မင်းစိုးရာဇာ....။ ဒီလို အနက်ထွက်တယ်။ တနည်းအားဖြင့် တစ်ဦးတည်းသော စာပေဘုရင် ဆိုတဲ့သဘော။ စာပေကို ဘယ်သူက ချုပ်ကိုင်မှာလဲ။ စာပေမှာ ချုပ်ကိုင်လို့ရော ရသလား။ စာပေမှာက ဖက်ဒရယ်ဒီမိုကရေစီ အပြည့်အဝ ရှိပြီးသားပဲ။ ကိုယ့်နယ်မှာ ကိုယ်စွမ်းရင်၊ ကိုယ့်ဘာသာ မင်းမူ။ ဒါပဲ။ စာပေမှာ ကေရာဇ် မရှိဘူး။ စာပေမှာ ဗဟုရာဇ်ပဲ ရှိတယ်။ ဗဟုဆိုတာ အများ။ ဒါဆို လုံလောက်မယ် ထင်တယ်။

လေ့ကျင့်မှု မပါဘဲ ပါရမီ တစ်ခုတည်းနဲ့ စာရေးဆရာကောင်း ဖြစ်နိုင်သလား။

ပါရမီဆိုတဲ့ အနက်အဓိပ္ပာယ်ကိုက ကြိမ်ဖန်များစွာ လေ့ကျင့်ခြင်း၊ ထပ်ဖန်တလဲလဲ လေ့ကျင့်ခြင်းကနေ ရလာတဲ့ စွမ်းရည်သတ္တိ တစ်ခုလေ။ ဒီတော့ ပါရမီဆိုတဲ့သဘောမှာကိုက လေ့ကျင့်ခြင်းအနက်သဘောဟာ ပါပြီးဖြစ်တယ်လို့ ကျနော် ထင်တယ်။ ဒါပေမယ့် အဲသည်မှာ ထပ်ပြီး ခွဲခြားကြည့်မယ်။ လူ့သဘာဝအရ သံသရာမှာ ထပ်ဖန်တလဲလဲ ကျင်လည်နေကြတယ်လို့ ဆိုတယ်။ ဒီသဘောအရ ပြောရင် လူတစ်ယောက်ဟာ ဘယ်ဘဝမှာ ဘယ်လို ထပ်ဖန်တလဲလဲ၊ ကြိမ်ဖန်များစွာ လေ့ကျင့်ခဲ့ဖူးတဲ့ အထုံမျိုး ရှိလာခဲ့တယ်လို့ ဘယ်သူမှ မသိနိုင်ဘူး။ ဒါ့ကြောင့် ရှေ့ရှေ့ဘဝတွေက ပြုခဲ့ဖူးသော လေ့ကျင့်မှုအထူး ရှိခဲ့တာကို မပြောချင်ဘူး။ မပြောနိုင်ဘူး။ ပြောဖို့လည်း မလွယ်ဘူး။ ပြောနိုင်တာက အခု လောလောဆယ် ပစ္စုပ္ပန်ကာလ အကြောင်းကိုပဲ ပြောနိုင်မယ်။ လက်ရှိ ဒီဘဝ အကြောင်းပဲ ပြောနိုင်တယ်။ အထုံပါရမီ ရှိခဲ့ဖူးသူဟာ အနည်းငယ် သင်ယူလေ့ကျင့်လိုက်ရုံနဲ့ ကျွမ်းကျင်နိုင်သူ ဖြစ်နိုင်တယ်။ အထုံပါရမီ မရှိပေမယ့်၊ စိတ်ဆန္ဒဇော ပြင်းထန်တာ၊ စိတ်အာရုံစူးစိုက်ပြီး တစိုက်မတ်မတ် သဲကြီးမဲကြီး ကျားကုတ်ကျားခဲ စဉ်ဆက်မပြတ် လေ့ကျင့်တည်ဆောက်နေတဲ့သူဟာလည်း ပါရမီရှင်လို ပေါက်မြောက်နိုင်တယ်။ ထပ်ချဲ့ပြောရရင် ဒီလိုလူဟာ ပါရမီပါလာတယ်လို့ ပြောတဲ့ လူထက်တောင် ပေါက်မြောက်ကြီးမြင့်နိုင်တယ်။ ပါရမီအထုံ ပါလာခဲ့ပေမယ့်၊ ဘာလေ့ကျင့်မှုမှ မလုပ်ဘဲ အနည်းငယ်လေးသော အသိအတတ်မျိုးနဲ့ လုပ်ရင် ခဏပဲ ရမယ်။ ရေရှည်မှာ မရဘူး။ အဆုံးစွန်ဆုံးထိ ပေါက်မြောက်ခြင်းဆိုတာလည်း ဖြစ်မလာနိုင်ဘူး။ ပါရမီမှာ ဝီရိယ ထပ်ပိုးမှပဲ ရမယ်။ ဒီဘဝမှာ ဆန္ဒဓိပတိနဲ့ ဝီရိယ ဇွဲနပဲကို ပေါင်းပြီး လေ့ကျင့်တည် ဆောက်ရင်လည်း တချိန်မှာ ပါရမီရှင်လို့ ပြောရလောက်အောင် ပေါက်မြောက်လာသူ ဖြစ်လာမှာပဲ။

ကျနော်ကတော့ လက်ရှိ ပစ္စုပ္ပန်ကိုပဲ ယုံတယ်။ ယခင့် ယခင် ဘဝတွေက အထုံပါရမီဆိုတာကို အသိနိုင်၊ မမြင်နိုင်လို့ အာရုံ မပြုဘူး။ လက်ရှိ ကြိုးစားအားထုတ်မှုကိုပဲ စိတ်ဝင်စားတယ်။ ထပ်ဖန်တလဲလဲ လေ့ကျင့်မှုဟာ ပါရမီဖြစ်လာ တာပဲ။ ကြိမ်ဖန်များစွာ လေ့ကျင့်ခြင်းဟာ ပါရမီဖြစ်လာတာပဲ။ လေ့ကျင့်မှုကို နာနာလုပ်ထားသူသာ စာရေးဆရာ ကောင်းဖြစ်နိုင်တယ်လို့ ကျနော် ပြောချင်တယ်။

စာများများ ဖတ်ထားသူဟာ စာရေးဆရာ ကောင်းဖြစ်နိုင်သလား။

စာရေးဆရာ တစ်ယောက်ဖြစ်ဖို့အတွက် စာများများ ဖတ်ဖို့လိုတယ်။ ဒါက အခြေခံအချက်တွေထဲက တစ်ချက်ပဲ။ ဒါပေမယ့် စာများများဖတ်ထားရုံနဲ့ စာရေးဆရာ ဖြစ်ပြီလား ဆိုတော့ မဖြစ်ဘူး။ တချို့ စာဖတ်သမားတွေဟာ စာရေးဆရာတစ်ယောက်ထက်တောင် စာများများဖတ်ကြပါတယ်။ သူတို့ စာရေးဆရာ ဖြစ်မလာပါဘူး၊ သူတို့ စာရေးဆရာလည်း မလုပ်ကြပါဘူး။ စာရေးနိုင်ဖို့အတွက် ရေးစရာ ရှိဖို့လိုတယ်။ စာများများဖတ်ခြင်းဟာ ရေးစရာ များများ ရသော အကြောင်းတရားဖြစ်နိုင်တယ်။ စာများများဖတ်ရင်း စာရေးဆရာပေါင်းများစွာဆီက စာရေးသားခြင်း ပုံစံအမျိုးမျိုးကို လေ့လာနိုင်တယ်။ စာများများဖတ်တဲ့သူဟာ စာရေးနိုင်ဖို့အတွက် ဒီလို အထောက်အပံ့မျိုးတွေ ရနိုင်တယ်။ ဒါပေမယ့် စာမရေးနိုင်သေးဘူး။ စာရေးဆရာ မဖြစ်သေးဘူး။ စာရေးနိုင်ဖို့အတွက်ကတော့ လက်တွေ့ ချရေးကြည့်ဖို့ပါပဲ။ လက်တွေ့ချရေးကြည့်တဲ့အခါမှာ၊ စာများများဖတ်ထား တဲ့အတွက် သိတာတွေက များနေတယ်၊ ပြောစရာတွေက များနေတယ်၊ ပြောချင်တာတွေကလည်း များနေတယ်။ ရေးချင်တာတွေကလည်း များနေတယ်။ အဲသည့်မှာ စာရေးတဲ့ အရည်အချင်းဟာ လိုလာပြီ။ မလေ့ကျင့်ဘဲနဲ့ စာရေးကောင်းသူ မဖြစ်နိုင်ဘူး။ အတွေးရှင်းရင် အရေးရှင်းတယ်။ စေတနာကောင်းရင် စာကောင်းတယ်။ စိတ်ကောင်းကနေ စာကောင်းထွက်တယ်။ စာရေးတာဟာ သူများ ဖတ်ဖို့ပဲ။ ကိုယ်ဖတ်ဖို့မှ မဟုတ်တာ။ သူများ ဖတ်စေချင်လို့ စာရေးတာပဲ။ ကိုယ့်ဘာသာ ဖတ်ဖို့အတွက်ဆိုရင် ဒိုင်ယာရီရေးပေါ့။ ကိုယ်ရေးတဲ့ ဒိုင်ယာရီက ကိုယ်ပဲ ဖတ်ဖို့ ဥစ္စာ။ စာရေးတာကတော့ သူများဖတ်ဖို့၊ အများဖတ်ဖို့။ ဒါ့ကြောင့် သူများနားလည်အောင် ရေးတတ်မှ စာရေးကောင်းတယ်လို့ ခေါ်တယ်။ ကိုယ့်ရေးတဲ့စာနဲ့ ကိုယ့်စာကို ဖတ်တဲ့သူရဲ့ နား၊ မျက်စိနဲ့ ကိုက်ရမယ်။ အဲသည်လိုမှ မဟုတ်ရင် ကန့်လန့်နေလို့ စာရေးကောင်းတယ်လို့ မဆိုနိုင်ဘူး။ ဒီတော့ စာများများဖတ်တိုင်း စာရေး ကောင်းတယ်လို့တော့ ဆိုလို့ မရဘူး။ ဒါပေမယ့် စာများများဖတ်ခြင်းဟာ စာရေးကောင်းဖို့အတွက် အထောက်အကူ ပြုတယ်။ တနည်းအားဖြင့် ရေးစရာ ရှိဖို့ အပံ့အပိုးဖြစ်စေတယ်။ ဒါပေမယ့် စာရေးကောင်းဖို့အတွက်၊ နံပါတ် တစ် - ရေးစရာ ရှိရမယ်။ နံပါတ် နှစ် - အရေးလေ့ကျင့်မှု လိုအပ်တယ်။ နံပါတ်သုံး - အတွေးရှင်းဖို့ လိုတယ်။ နံပါတ်လေး - ဆရာမင်းသုဝဏ်ပြောသလို စု၊ တု၊ ပြုပြီး ရေးတော့ပေါ့။ ဒီလိုနဲ့ နောက်ဆုံးမှာ ရေးပါများလာရင်း၊ ကိုယ့်အရေးအသားကို ထိန်းသိမ်း ပြုပြင်ရင်းနဲ့ ကိုယ်ပိုင်ဟန်ရလာမှာပဲ။ နာနာ အရေးမကျင့်ဘဲနဲ့ ကိုယ်ပိုင်ဟန် လုံးဝ ရမလာဘူး။ ကိုယ်ရေးခဲ့ပြီးသား စာကို ပြန်လည် သုံးသပ်ဆင်ခြင်မှု မလုပ်ဘဲနဲ့လည်း ကိုယ်ပိုင်ဟန် ဘယ်တော့မှ ရမလာဘူး။ ကိုယ့်ကလောင်ကို မမြင်ဘဲ၊ ကိုယ့်ရေးတဲ့စာကို ဖတ်မိပြီး - ဒါ... ဘယ်သူရေးတာပဲလို့ စာဖတ်သူက သိတဲ့အချိန်၊ အဲဒါ ကိုယ်စာရေးဆရာဖြစ်တဲ့အချိန်ပဲ။

လူ့အဖွဲ့အစည်းရဲ့ အဆင့်အတန်းနဲ့ စာပေကို ဘယ်လို ဆက်စပ်မြင်ကြည့်လို့ ရပါသလဲ။

စာပေ အနုပညာဟာ လူ့အဖွဲ့အစည်းရဲ့ အဆင့်အတန်းကို ပြတယ်။ အနုပညာတွေထဲမှာ စာပေဟာ အကျုံးဝင်တယ်။ အနုပညာထဲမှာ သဘင်၊ ဂီတ၊ ပန်းချီ၊ ရုပ်ရှင်…. စသည်ဖြင့် အများကြီး ပါဝင်ပါတယ်။ အဲသည့်ထဲမှာ စာပေဆိုတာကို သီးခြားပြောချင်ပါတယ်။ အနုပညာ အုပ်စုဝင် စာပေရဲ့ အခန်းကဏ္ဍဟာ တိုင်းပြည်တစ်ခုရဲ့ အရည်အသွေးကို ပြဋ္ဌာန်းစီရင်ပါတယ်။ စာပေအဆင့်အတန်းကို ကြည့်ပြီးတော့ အဲသည့်စာပေ ပေါ်ခဲ့ဖူးတဲ့ ခေတ်ရဲ့ အဆင့်အတန်းကို တိုင်းတာ တွက်ချက်နိုင်တယ်။ စာပေရဲ့ အဆင့်အတန်းကို ကြည့်ပြီးတော့ တိုင်းပြည်နဲ့ လူ့အဖွဲ့အစည်းရဲ့ အဆင့်အတန်းကို တွက်ချက်နိုင်တယ်။ စာပေဟာ ညွှန်းကိန်း တစ်ခုပဲ။ စာပေဟာ ညွှန်တံ တစ်ခုပဲ။ လက်ရှိ လူ့အဖွဲ့အစည်းရဲ့ အဆင့်အတန်းကို ကြည့်ချင်ရင်၊ လက်ရှိ အဲသည့်လူ့အဖွဲ့အစည်းထဲက ပေါ်ထွက် လာတဲ့ စာပေရဲ့ အရည်အသွေး၊ အဆင့်အတန်းကို ကြည့်ပြီး သိနိုင်တယ်၊ မြင်နိုင်တယ်။ တိုင်းပြည် တစ်ခုအတွင်းက ထိပ်သီးစာရေးဆရာတွေဆိုတာကို ဆွဲထုတ်ကြည့်လိုက်ပါ။ ပြီးတော့ နှိုင်းယှဉ်သုံးသပ်ကြည့်ပါ။ ကိုယ့်တိုင်းပြည်က စာရေးဆရာလို့ ခေါ်ဆိုသတ်မှတ်နေတဲ့လူတွေဟာ ဘယ်လောက် စမတ်ကျသလဲ၊ ဘယ်လောက် ဩဇာကြီးသလဲ၊ ဘယ်လောက်အမြော်အမြင် ရှိခဲ့သလဲ၊ ဘယ်လောက်ထိ စာပေအားထုတ်မှု ပေါက်မြောက်ခဲ့သလဲဆိုတာကို ကြည့်ပြီး အဲသည့်လူ့အဖွဲ့အစည်းရဲ့ အဆင့်အတန်းနဲ့ အရည်အသွေးကို တိုင်းတာလို့ ရတယ်။ တခြားသော ယဉ်ကျေးမှု အနုပညာနယ်တွေမှာလည်း ထိုနည်းတူစွာ အလားတူ သတ်မှတ် သိမြင်နိုင်ပါတယ်။

မြန်မာစာပေအပေါ် ကျေးဇူးပြုခဲ့သူတွေက ဘယ်သူတွေလဲ။

မြန်မာစာပေကို လူပုဂ္ဂိုလ်အားဖြင့် ကျေးဇူးပြုခဲ့သူတွေက မြောက်မြားစွာ ရှိပါတယ်။ သူတို့တတွေကို မပြောချင်ပါဘူး။ စာပေသမိုင်းနဲ့ ကောက်ချင့်ပြီးတော့၊ ပြောချင်ပါတယ်။ ဆရာဒေါက်တာသန်းထွန်း ပြောခဲ့ဖူးတဲ့ သုတေသနအချက်အလက်တွေထဲကနေ ကောက်နုတ်ပြောချင်ပါတယ်။ မြန်မာစာပေဟာ ပျူနဲ့ မွန်တို့ရဲ့ ကျေးဇူးနဲ့ ဖွံ့ဖြိုးလာခဲ့တာ အားလုံးလိုလို သတိထားမိတယ်။ ပျူတွေဟာ ဗြဟ္မဏနဲ့ ဗုဒ္ဓဘာသာကို ကိုးကွယ်တယ်။ ပျူဘာသာစကားဟာ အိန္ဒိယယဉ်ကျေးမှုကို အခြေခံအနေနဲ့ ရလာတယ်။ အထူးသဖြင့် ဗုဒ္ဓဘာသာ။ ပျူဘာသာ စကားကို အိန္ဒိယအက္ခရာတွေ သုံးပြီး ပျူတွေဟာ စာရေးနည်းကို တတ်မြောက်လာကြတယ်လို့ ဒေါက်တာသန်းထွန်းက ရေးတယ်။ နောက်တစ်ခုက မွန်။ မွန်က ဗမာတွေထက် စာရေးနည်းကို အရင်တတ်မြောက်ကြတယ်လို့ ဆိုတယ်။ ပျူဟာ ဗမာနဲ့ ရောသွားပြီ။ မွန်ယဉ်ကျေးမှုရဲ့ ကျေးဇူးတွေက ဗမာတွေ အပေါ်မှာ အများကြီး ရှိခဲ့တာပဲ။ ဗမာတွေဟာ မွန်တွေဆီကနေ ယဉ်ကျေးမှုအတော်များများကို သင်ယူနိုင်ခဲ့တယ်။ အဲသည့်အထဲမှာ ဘာသာစာပေလည်း ပါဝင်တယ်။ ဒါ့ကြောင့် ချုံ့ပြီး ပြောရင် မြန်မာစာပေကို ကျေးဇူးပြုခဲ့သူ တွေဟာ အိန္ဒိယက ရတဲ့ ပါဠိနဲ့ သက္ကတ အမွေ၊ မွန်တွေ ဆီကရတဲ့ အမွေ၊ နောက်ပြီးတော့ ကိုလိုနီခေတ်ကာလမှာ မြန်မာစာပေ ခေတ်သစ်ကို ပွံ့ပို့ပေးစေခဲ့တဲ့ အနောက်တိုင်း စာပေ။ ဒါကို အင်္ဂလိပ်တွေ ဆီက ရတဲ့ အမွေလို့လည်း ဆိုနိုင်တယ်။ ဒီလိုနဲ့ မြန်မာစာပေဟာ တဖြည်းဖြည်း ဖွံ့ဖြိုးလာတာပဲ။ ဆရာ မောင်ခင်မင် (ဓနုဖြူ) ဟာ၊ မြန်မာစာပေရဲ့ ခေတ်စမ်းစာပေကို ဦးဆောင်ခဲ့တဲ့ ဆရာဇော်ဂျီအကြောင်းကို ရေးဖူးတယ်။ အဲသည့်အထဲမှာ

ခေတ်စမ်းစာပေရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဆရာဇော်ဂျီဟာ အိန္ဒိယရဲ့ ဘင်္ဂါလီစာဆိုကြီး ရာဗင်နတ်တဂိုးရဲ့ စာပေတွေရဲ့ ဩဇာလွှမ်းမိုးမှုနဲ့ ခေတ်စမ်းစာပေကို ရေးသားခဲ့ပုံတွေ တင်ပြခဲ့ဖူးတယ်။ ဒါဟာ ခေတ်သစ် အခြေအနေအထိ မြန်မာစာပေဟာ အသစ်အသစ်သော အယူအဆတွေကို စမ်းသပ်တီထွင်လာနိုင်တယ်ဆိုတာ ပြတယ်။ နောက်ပြီးတော့ ရှေ့ယခင်က အိန္ဒိယရဲ့ ပါဠိစာပေကိုပါ အမွေခံတာမဟုတ်ဘူး၊ ခေတ်သစ်အပိုင်းမှာ အိန္ဒိယ စာဆိုကြီးတွေရဲ့ စာပေထွင်းဖောက်မှုကို အမွေခံယူခဲ့တယ်လို့ ပြောနိုင်တယ်။ မြန်မာတွေဟာ အနောက်တိုင်းကပဲ ဖြစ်ဖြစ်၊ အရှေ့တိုင်းကပဲဖြစ်ဖြစ် ကိုယ့်လူမျိုး ကိုယ့်တိုင်းပြည် ကိုယ့်စာပေအတွက် အသုံးဝင်မယ်၊ တန်ဖိုးရှိတယ်ဆိုရင် မြန်မာမှု မြန်မာဟန် ပြုပြီး သွတ်သွင်းမွေးစားယူကြတာပဲ။ အဲဒါ မြန်မာတွေဆီမှာ ရှိတဲ့ ဗီဇစိတ်လို့ ကျနော် ထင်တယ်။ ဒီလို မြန်မာမှုပြုနိုင်တဲ့ စွမ်းပကားနဲ့ မြန်မာတွေအတွက် သိပ်ကောင်းတယ်လို့ ကျနော် ထင်တယ်။ စာပေကို ထပ်ချဲ့ပြီး ယဉ်ကျေးမှုနဲ့ပတ်သက်ပြီး ကျေးဇူးပြုခဲ့သူတွေ စာရင်းမှာတော့ ဗုဒ္ဓဘာသာယဉ်ကျေးမှုအပါအဝင် ရခိုင်တွေရဲ့ ကျေးဇူး၊ မွန်တွေရဲ့ ကျေးဇူး၊ ယိုးဒယားထိုင်းတို့ရဲ့ ကျေးဇူးလည်း မြန်မာတွေအပေါ်မှာ ဩဇာကြီးတယ်။ ပျူနဲ့ မွန်မြို့ပြနိုင်ငံတွေကို နန်ကျောင် (တရုတ်) တွေ သိမ်းပိုက်ခဲ့ဖူးတာမို့၊ တရုတ်တွေဆီက ယဉ်ကျေးမှုအမွေပါ မြန်မာတွေ ရထားတယ်လို့ ဆိုချင် ဆိုနိုင်တယ်။ ဒ့ီနောက်ပိုင်း ၂၀ ရာစု စစ်အေးခေတ်မှာတော့ ကွန်မြူနစ် ဗကပတွေ ယူလာလို့ မြန်မာတွေဟာ တရုတ်တွေဆီက တော်လှန်ရေးယဉ်ကျေးမှု အမွေရတယ်လို့တောင် ပြောနိုင်တယ်။

မြန်မာ့စာပေ တိုးတက်ရေးခရီးကို တစ်ဆစ်ချိုး ပြောင်းလဲအောင် တွန်းတင်နိုင်ခဲ့တဲ့ စာပေအသင်းအဖွဲ့မျိုး ရှိခဲ့ပါသလား။

ရှိခဲ့ပါတယ်။ အဲသည့်အထဲမှာ လူသိများ ထင်ရှားတဲ့ အသင်းတစ်ခုကို ပြောချင်ပါတယ်။ နဂါးနီ စာပေအသင်းပါ။ နဂါးနီစာပေအသင်းဟာ - တစ်လလျှင် ၁၀ ပဲတန်သော့နှင့် ကမ္ဘာ့ဘဏ်တိုက်ကြီးကို ဖွင့်လော့....လို့ ကြော်ငြာတယ်။ လက်ဝဲစာပေတွေကို ဘာသာပြန်ပြီး ထုတ်ဝေဖြန့်ချိတယ်။ လက်ဝဲစာပေတွေမှ မဟုတ်ဘူး၊ တခြားသော တိုင်းနိုင်ငံ အသီးသီးက လွတ်မြောက်ရေးလှုပ်ရှားမှု သမိုင်းဇာတ်ကြောင်း ဝတ္ထုစာအုပ်တွေကိုပါ ဘာသာပြန်ပြီး ထုတ်ဝေဖြန့်ချိတယ်။ တော်လှန်ရေးသူရဲကောင်းတွေရဲ့ အတ္ထုပ္ပတ္တိတွေကိုလည်း ဘာသာပြန်တယ်။ နဂါးနီ အသင်းဟာ နိုင်ငံရေးရည်ရွယ်ချက်နဲ့ တည်ထောင်ထားတဲ့ စာပေအသင်းဖြစ်ပေမယ့် မြန်မာစာပေ အလှည့်အပြောင်း အတွက် တစ်ဆစ်ချိုး အပြောင်းအလဲဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့တယ်။ ကိုလိုနီနယ်ချဲ့ကို တော်လှန်ဖို့ လူထုကြားထဲကို ဝါဒဖြန့်ချိရေးလက်နက်တစ်ခုအနေနဲ့ စာပေကို အသုံးချခဲ့တယ်။ ဒါပေမယ့် နဂါးနီ စာပေအသင်းရဲ့ ကျေးဇူးကြောင့် ကမ္ဘာ့နိုင်ငံရေးအသိအမြင်တွေကို ပြည်သူတွေ နားလည်ခွင့်ရခဲ့တယ်။ လေ့လာဖတ်ရှုခွင့်ရခဲ့တယ်။ ကမ္ဘာကြီးမှာ ပေါ်ထွန်းနေတဲ့ အိုင်ဒီယာတွေနဲ့ ချိတ်ဆက်ခွင့်ရခဲ့တယ်။ နဂါးနီစာပေအသင်းရဲ့ အကျိုးကျေးဇူးဟာ မြန်မာစာပေဖြစ်ထွန်းတိုးတက်မှုအတွက် တစ်ဆစ်ချိုး အပြောင်းအလဲတွေ ဖြစ်အောင် လုပ်ပေးနိုင်ခဲ့တယ်။ ထို့နောက် မြန်မာဘာသာပြန်စာပေအသင်းတို့ ပေါ်လာပြီး မြန်မာစာပေကို ပညာရပ်ဆိုင်ရာ အသိအမြင်တွေ ဖြည့်တင်းမှု ပြုပေးနိုင်ခဲ့တာပဲ။ မန္တလေးမှာဆိုရင် အထက်ဗမာနိုင်ငံစာရေးဆရာများအသင်းဆိုတာ ရှိတယ်။ လူထုဦးလှတို့ ဒေါက်တာသန်းထွန်းတို့ ရှိစဉ်တုန်းက စာပေစာတမ်းဖတ်ပွဲတွေ လုပ်ပြီး

မြန်မာစာပေတိုးတက်ရေးအတွက် လုပ်ခဲ့တာတွေ အများကြီး ရှိတယ်။ စာကို စကားပြောသလို ရေးရမယ်ဆိုတဲ့ မှုကို အဲသည်က စခဲ့တာပဲ။ ပါမောက္ခ ဦးကျော်ရင်၊ ဒေါက်တာသန်းထွန်းနဲ့ လူထုဦးလှတို့က စကားပြောနဲ့ ရေးဖို့ကောင်းတယ်ဆိုတာမျိုး သူတို့စလို့၊ အခု စာအရေးအသားတော်တော်များများကို ကြည့်ရင် စကားပြောနဲ့ ရေးနေကြပြီ။ ဒီအိုင်ဒီယာရဲ့ အဦးအစကတော့ ကွန်မြူနစ် ပညာတတ်တစ်ယောက်ဖြစ်တဲ့ မင်းလတ်ရဲခေါင်ပေါ့။ စကားပြောနဲ့ ရေးတဲ့ပုံစံ ဆင်သွားရင် လမ်းဖြစ်တယ်လို့ ပြောခဲ့ကြတယ် မဟုတ်လား။ ဆင်သွားရင် လမ်းဖြစ်လို့ အခု ဒီလမ်းတောင် အတော်ချောင်းပေါက်နေပေါ့။ မြန်မာစာပေဖွံ့ဖြိုးမှုကို တွန်းတင်ခဲ့တဲ့သူတွေထဲမှာ အသင်းအဖွဲ့တွေ အားဖြင့် တိုးတက်စေခဲ့သလို၊ လူပုဂ္ဂိုလ်အားဖြင့် ကျေးဇူးပြုခဲ့တာတွေလည်း ရှိတယ်။ အဲသည့်အထဲမှာ နိုင်ငံရေးသမား စာရေးဆရာတွေ ပါဝင်သလို၊ ပညာတတ်/ပညာရှင် စာရေးဆရာတွေလည်း အမြောက်အမြားပါဝင်နေတယ်ဆိုတာ တွေ့ရတယ်။

စာရေးဆရာ တစ်ယောက်ဟာ သူနေထိုင်ဖြတ်သန်းတဲ့ခေတ်ကို အကျိုးပြုဖို့အတွက် ဘာလုပ်ဖို့ လိုသလဲ။

ဒီနေရာမှာ ခေတ်ဆိုတဲ့ စကားလုံးထက်၊ လူ့အဖွဲ့အစည်းဆိုတဲ့ စကားလုံးကို အစားထိုးနိုင်ရင် ပိုကောင်းတယ်။ စာရေးဆရာဟာ သူနေထိုင်ဖြတ်သန်းတဲ့ လူ့အဖွဲ့အစည်းကို အကျိုးပြုဖို့ အတွက်ဆိုတာကို ကျနော် ပိုညွှန်းချင်တယ်။ ကျနော့် အယူအဆမှာ၊ စာပေဆိုတာ ခေတ်ရဲ့ ကြေးမုံပြင်ပဲလို့ ခံယူတယ်။ ဒါ့ကြောင့် စာရေးသားနေတဲ့ စာရေးဆရာတစ်ယောက်ဟာ သူဖြတ်သန်းတဲ့ခေတ်ကို ထင်ဟပ်တဲ့ စာပေတွေ ဖန်တီးဖို့ လိုတယ်။ ဒါမှ စာရေးဆရာ တာဝန်ကျေမယ်လို့ ထင်တယ်။ နောက်တစ်ခုက စာရေးဆရာရဲ့ ရှိထားရမယ့် အပြုအမူ။ စာရေးဆရာဟာ မျက်စိကိုဖွင့်၊ နားကိုစွင့်ထားရလိမ့်မယ်။ မျက်စိကို ဖွင့်တဲ့နေရာမှာလည်း တစ်ဖက်တည်း မဖွင့်ရဘူး။ နှစ်ဖက်စလုံး ဖွင့်ရတယ်။ နားကို စွင့်ထားတဲ့နေရာမှာလည်း နှစ်စုံသော နားနှစ်ဖက်စလုံး စွင့်ထားဖို့ လိုလိမ့်မယ်။ ဒါနဲ့ ပတ်သက်ပြီး ဖတ်ဖူးတာလေး ရှိတယ်။ လူတစ်ယောက်အတွက် နားတစ်ဖက်ကို မြေကြီးမှာ ကပ်ထားလိုက်မယ်ဆိုရင် ကျန်တစ်ဖက်က တခြားသူအတွက် ပစ်မှတ်ဖြစ်သွားနိုင်တယ် တဲ့။ စာရေးဆရာဟာ လူတွေထဲက အယူအဆတွေနဲ့ လူ့အမြင် ခံစားမှုတွေကို ရေးသားနေသူဖြစ်တာမို့၊ လူတွေရဲ့ ပစ်မှတ်ထား တိုက်ခိုက်ခြင်းကိုလည်း ခံရနိုင်တယ်။ စာရေးဆရာ တစ်ယောက်ဟာ နိုင်ငံရေးသမားတစ်ယောက်လို ပဲ အရေထူထားမှ ဖြစ်မယ်။ အရေမထူရင် စာရေးဆရာအတွက် ဆက်လျှောက်ရခက်မယ်။ ယခင်ခေတ်စနစ်တွေ တုန်းကတော့၊ ကိုယ်ရေးတဲ့စာကို ဝေဖန်ထိုးနှက်ချင်ရင် တကူးတက စာတွေ ရေးသားပြီး ဝေဖန်ရတယ်။ ဒီလို ဝေဖန်ချက်တွေကိုလည်း ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ ထည့်သွင်းဝေဖန်ရတယ်။ ဒီလိုနဲ့ စာနယ်ဇင်းပလက်ဖောင်း ပေါ်မှာ စာရေးဆရာ အချင်းချင်း စာပေတိုက်ပွဲတွေ ဖြစ်ခဲ့တာတွေ့ဖူးတယ်။ အခုခေတ်ကျတော့ ပြောင်းသွားပြီ။ စာဖတ်ပရိသတ်က စာရေးဆရာကို တိုက်ရိုက်ဝေဖန်လို့ ရသွားပြီ။ စာရေးဆရာတွေက လူအများမြင်နိုင်တဲ့ အွန်လိုင်းပလက်ဖောင်းပေါ်မှာ စာရေးနေကြပြီလေ။ ဒီတော့ စာရေးဆရာနဲ့ စာဖတ်ပရိသတ်ဟာ တိုက်ရိုက် ချိတ်ဆက်ခွင့်ရသွားပြီ။ တိုက်ရိုက် ထိတွေ့ခွင့်ရသွားပြီ။ ဒီတော့ စာပေဝေဖန်ရေးကို ယခင်က ဆရာ့ ဆရာကြီးတွေ ထဲက စာရေးဆရာတွေက လုပ်တယ်။ အခုတော့ စာဖတ်သူက လုပ်တယ်။ စာရေးဆရာတွေတောင် စာရေးဆရာ အချင်းချင်း စာပေဝေဖန်ရေးလုပ်တာ သိပ်မတွေ့ရသလောက်ဖြစ်သွားပြီ။ ဒီတော့ စာရေးဆရာ အချင်းချင်း

စာပေတိုက်ပွဲဆိုတာထက် စာရေးဆရာနဲ့ စာဖတ်သူအရာ ပဋိပက္ခက ရှိလာပြီ။ စာဖတ်သူတွေထဲမှာလည်း ဉာဏ် အတိမ်အနက်အလိုက် ဝေဖန်ချက် အတိမ်အနက်ကွဲပြားမှာပေါ့။ ဒါက ကွင်းပြင်ပဲ ဥစ္စာ။ လူတိုင်းလာကန်နိုင်တာပဲ လေ။ ဒီတော့ စာရေးဆရာလုပ်သူဟာ အရေထူမှကိုဖြစ်မယ်။ အရေမထူရင် ကြာရှည်ရပ်တည်ဖို့ ခက်မယ်။ အဝေဖန်ခံနိုင်အောင်လည်း လေ့ကျင့်ထားမှ ကောင်းမယ်။ စာရေးဆရာဟာ စာဖတ်ပရိသတ်ရဲ့ ဝေဖန်မှုကို လုံးဝ ဂရုမစိုက်လို့လည်း မရဘူး။ အားလုံး လိုက်ပြီး ဂရုစိုက်နေလို့လည်း မဖြစ်ချေသေးဘူး။ ယထာဘူတကျတဲ့ ဝေဖန်မှုနဲ့ အပြုသဘောဆောင်တဲ့ ဝေဖန်မှုတွေကို အမြဲလက်ကမ်း ကြိုဆိုနေဖို့ လိုတယ်။ ဒီလို ဝေဖန်ချက်တွေဟာ စာရေးဆရာကို ပိုပြီး ပြောင်လက်အောင် သ,ပေးနေတာနဲ့ တူတယ်။ ဝေဖန်ချက် မဟုတ်ဘဲ၊ ပုဂ္ဂိုလ်ရေး ဆဲဆိုချက် တွေကိုတော့ တုံ့ပြန်နေဖို့ကို မလိုဘူး။ လျစ်လျူရှုထားနိုင်လေလေ ကောင်းလေလေပါပဲ။ ဒီလိုနဲ့ စာရေးဆရာဟာ လူထုကို အကျိုးပြုတဲ့ စာပေတွေကို ရေးသားဖန်တီးနေရမယ်။

စာပေဟာ စာပေအတွက်လား။ စာပေဟာ လူထုအတွက်လား။ အနုပညာသည် အနုပညာအတွက်လား။ အနုပညာသည် လူထုအတွက်လား။

ဒီမေးခွန်းနဲ့ပတ်သက်ပြီး အတော်အငြင်းပွားခဲ့ဖူးတဲ့ ခေတ်ကာလတစ်ခု ရှိခဲ့တယ်။ အနောက်တိုင်းမှာတော့၊ ဖြစ်တည်မှုပဓာနဝါဒ ခေါင်းထောင်လာတဲ့ စစ်အေးခေတ်ကနဦးပိုင်းတွေ ဖြစ်မယ် ထင်တယ်။ ကာလအားဖြင့် ၂၀ ရာစု အလယ်ပိုင်းလောက်ပေါ့။ အဲသည့်ရှေ့ပိုင်းကာလတွေကို ကြည့်ရင် ကမ္ဘာကြီးဟာ စစ်ပွဲတွေ၊ တော်လှန်ရေးတွေ၊ လူတန်းစားပဋိပက္ခတွေနဲ့ လက်နက်အင်အားပြိုင်ဆိုင်မှုတွေ၊ လူမျိုးချင်း ပဋိပက္ခတွေ၊ လူတန်းစားချင်း ပဋိပက္ခတွေ၊ နိုင်ငံချင်း ပဋိပက္ခတွေနဲ့ ဒင်းကြမ်းပြည့်တင်းနေတဲ့ကာလတွေပေါ့။ ဒီလိုကာလတွေ မှာ စာပေအနုပညာဟာ နိုင်ငံရေးရဲ့လက်အောက်ခံဆိုတဲ့ အယူအဆမျိုးတွေ အားကောင်းလာတယ်။ စာပေဟာ တိုင်းပြည်နဲ့ လူမျိုးကို အကျိုးပြုရမယ်ပေါ့။ ဒီလိုနဲ့ တိုင်းပြည်နဲ့ လူမျိုးအကျိုးကို ဗန်းပြပြီးတော့ စာပေနဲ့ အနုပညာ မှာ နိုင်ငံရေးပယောဂတွေ ပူးဝင်လာခဲ့တယ်။ အထူးသဖြင့် လက်ဝဲဝါဒ အတွေးအခေါ်တွေမှာ ပိုပြီးတော့ ဖြစ်တယ်။ ကွန်မြူနစ်တွေ ကိုယ်တိုင်ကလည်း စာပေအနုပညာဆိုတာကို ဝါဒဖြန့်ချိရေးတစ်ရပ်လို အသုံးချခဲ့တာကိုး။ သူတို့ရဲ့ အသုံးချမှုကလည်း အောင်မြင်တယ်၊ ထိရောက်တယ်လေ။ လူထုကြားထဲကို သိပ်ပျံ့တာပဲ။ ဒီတော့ အိုင်ဒီယော်လိုဂျီ တိုက်ပွဲ သိပ်ပြင်းထန်တဲ့ စစ်အေးခေတ်ကာလအတွင်းမှာ ဖြစ်တည်မှုပဓာနဝါဒက အကြီးအကျယ်ဂယက်ရိုက်ခဲ့ တာ မဆန်းဘူး။ လွတ်လပ်မှုအတွက် ရုန်းကန်ကြတဲ့ အယူအဆတွေက ပေါ်ထွက်လာတာကိုး။ အနုပညာ ဖန်တီးမှု လွတ်လပ်ရေး၊ စာပေဖန်တီးမှု လွတ်လပ်ရေး။ ဒီလို လွှမ်းမိုးချုပ်ကိုင်မှုကနေ ကင်းလတ်တဲ့ လူသားလွတ်လပ်ခွင့်တွေအတွက် ဒဿနအယူအဆတွေပေါ်လာတယ်။ အနုပညာသည် အနုပညာအတွက်သာ ဖြစ်ရမယ်၊ စာပေသည် စာပေအတွက်ဖြစ်ရမယ်ဆိုတဲ့ အယူအဆတွေဟာ ဒီကနေ ဆင်းသက်လာတာဖြစ်နိုင်မယ်။ ကျနော်ကတော့ ဒဿနိကဗေဒကို တက္ကသိုလ်ကျောင်း မှာ စနစ်တကျ သင်ကြားခဲ့သူ မဟုတ်တော့၊ ဒီဖြစ်စဉ်ကို ဒီလောက်ပဲ ပြောနိုင်မယ်။ ဒဿနိက ကျောင်းသားဟောင်းက ဒီကိစ္စကို ပိုပြောနိုင်လိမ့်မယ်။ ဒီတော့ တစ်ဖက်ကပြန်ကြည့်ရင်လည်း ဟုတ်တယ်။ တစ်ချိန်လုံး စာပေနဲ့ အနုပညာဟာ နိုင်ငံရေးရဲ့ အပြဋ္ဌာန်းခံဖြစ်နေရင်၊ သို့တည်းမဟုတ် နိုင်ငံရေးပယောဂဝင်ပူးနေတဲ့ နှုန်းစံကြီး စွဲမြဲနေရင်၊ ဒါမှမဟုတ် တိုင်းပြည်နဲ့ လူမျိုးအတွက်

အကျိုးမဖြစ်ဘူးဆိုတဲ့ စံနဲ့ ပယ်ချလိုက်ရင် အညွန့်တုံးသွားနိုင်တဲ့ အနုပညာဗီဇတွေ အများကြီး ရှိနိုင်တယ်။ အညွန့်ချိုးခံရတဲ့ စာပေ ဖန်တီးမှုတွေ အများကြီးဖြစ်လာနိုင်တယ်။ ဒါ့ကြောင့် ဒီဒသသနက ဒါကို ကာကွယ်လိုက်တာပဲလို့ ယူဆတယ်။ တနည်းအားဖြင့် နားလည်ရရင်၊ စာပေအနုပညာ ဖန်တီးချက်မှာ ရည်ရွယ်ချက် ရှိချင်လည်း ရှိမယ်၊ မရှိချင်လည်း မရှိဘူး။ လူထုကို အကျိုးပြုချင်လည်း ပြုမယ်၊ မပြုချင်လည်း မပြုဘူး။ လူထုအတွက်ဆိုတဲ့ စံပေတံကြီးနဲ့ အမြဲတမ်းလာတိုင်းပြီးတော့ စာပေအနုပညာကို လာ မရိုက်ချိုးနဲ့။ အနုပညာသည် အနုပညာအတွက်သာ ဖြစ်တယ်၊ စာပေသည် စာပေ အတွက်သာ ဖြစ်တယ်။ တခြားဘာအတွက်မှ မဟုတ်ဘူးဆိုတာတွေနဲ့ ငြင်းခုန်ကြတော့တာပဲ။ ဒီ အငြင်းအခုန်တွေ နဲ့ ပတ်သက်ပြီး စာရေးဆရာ ဟိန်းလတ်က စာပေအင်တာဗျူးများ ဆိုပြီး စာအုပ် (၁) နဲ့ (၂) ဆိုပြီး ရိုက်နှိပ်ပုံနှိပ်ထုတ်ဝေဖူးတဲ့ စာအုပ်မှာ၊ စာရေးဆရာတွေကို ဒီမေးခွန်းထည့်မေးတာ ဖတ်ဖူးတယ်။ ဝင်းငြိမ်းကလည်း စာရေးဆရာများ ဆိုပြီးတော့ ပေဖူးလွှာမှာ စာပေအင်တာဗျူးတွေ အမြောက်အမြား ထည့်ခဲ့ဖူးတယ်။ ဟိန်းလတ်ရွေးဗျူးတဲ့ စာရေးဆရာတွေကတော့ အငယ်တွေ။ ဒါပေမယ့် အခုတော့ သူတို့က အကြီးတွေ ဖြစ်ကုန်ပြီ။ မြင့်သန်းတို့၊ ဂျူးတို့ ပါတယ်။ ဆရာမောင်မောင်ဇေယျတို့ဆိုရင် ကွယ်တောင် ကွယ်လွန် သွားကြပြီ။ ကျနော့်အထက် ၁၉၉၀ နောက်ပိုင်းလောက်က ဆရာဟိန်းလတ်ရဲ့ အင်တာဗျူးတွေ။ အဲသည့် အင်တာဗျူး မေးခွန်းတွေမှာ အခုမေးတဲ့ အနုပညာသည် အနုပညာအတွက် ....ဆိုတဲ့ မေးခွန်းတွေကို အတော် ထည့်သွင်းမေးတာ ဖတ်ဖူးတယ်။ ဒါပေမယ့် ဒီနေ့ခေတ် စာပေအသိုင်းအဝိုင်းမှာတော့၊ စာပေအယူအဆတွေကို ဆွေးနွေးငြင်းခုန်ကြတာမျိုး သိပ်မတွေ့ရတော့ဘူး။ လူတွေဟာ ကိုယ့်နယ်မှာ ကိုယ်ဘုရင်လုပ်ပြီး စိုးမိုးအုပ်ချုပ်နေကြတော့တယ်။ စာပေဝေဖန်ရေးလည်း မရှိတော့ဘူး။ ကိုယ့်နယ်နဲ့ ကိုယ်၊ ကိုယ့်အလှနဲ့ ကိုယ်ဖြစ်နေကြပြီ။ ဆက်သွယ်ရေးတွေ လွယ်ကူလာပေမယ့်၊ သီးခြားနေထိုင်တဲ့စာပေရပ်ဝန်းလို ဖြစ်သွားပြီ။ ဒီတော့ အယူအဆတစ်ခုကို တည်ပြီး စာရေးဆရာတွေ ဝိုင်းဝန်း ငြင်းခုန်ကြတာမျိုး မလုပ်ကြတော့ဘူး ထင်တယ်။ ထားတော့။ ကျနော့် အယူအဆကတော့....၊ စာရေးဆရာတစ်ယောက် ရေးလိုက်တဲ့ စာဟာ စာပေအတွက်လည်း ဖြစ်ချင်ဖြစ်မယ်။ စာပေအတွက် မဖြစ်ချင်ရင်လည်း မဖြစ်ဘူး။ လူထုအတွက် အကျိုးများတဲ့စာပေ ဖြစ်ချင်လည်း ဖြစ်မယ်။ မဖြစ်ချင်လည်း မဖြစ်ဘူး။ လွတ်လပ်စွာ ဖန်တီးခွင့် ရှိတယ်။ လွတ်လပ်စွာ ရေးသားခွင့် ရှိတယ်။ စာရေးဆရာဆီမှာ ပရိသတ်ရှိခြင်း မရှိခြင်းဆိုတာ သူ့အရပ်နဲ့ သူ့ဇာတ်က ပြဋ္ဌာန်းသွားလိမ့်မယ်။ ဒါပေမယ့် စာရေးဆရာဟာ ရိုးသားရမယ်။ စာပေရေးသားခြင်းအလုပ်အပေါ်မှာ ရိုးသားခြင်းခံတတ်ခံ အပြည့်ရှိရမယ်။ စာရေးဆရာဟာ ပရိသတ်ရလိုဇောနဲ့ သူရေးသားတဲ့စာပေတွေကို အတင်းကာရော လူထုအကျိုးအတွက် မရိုးဖြောင့်သော စိတ်နဲ့ ရေးသားနေရင်၊ သူ့အရေးအသားကို လူထုကြိုက်ကောင်း ကြိုက်မယ်၊ ဒါပေမယ့် ဒီစာရေးဆရာဟာ စာပေအပေါ်မှာ မရိုးဖြောင့်တဲ့သူ၊ စာပေကို သစ္စာဖောက်တဲ့သူပဲလို့ ကျနော် ထင်တယ်။ စာပေအတွက် ရေးသားဖန်တီးရင်လည်း ကောင်းတာပါပဲ။ စာပေအတွက် အကျိုးရှိတာ လူထုအတွက် အကျိုးရှိတာပဲပေါ့။ စာပေဟာ လူ့အဖွဲ့အစည်းကို နေ့ကွေးစွာပဲ အကျိုးပြုတတ်လို့၊ စာပေအတွက် ရည်ရွယ်ပြီး ရေးတဲ့စာဟာ လူထုအတွက် ချက်ချင်းလက်ငင်း အကျိုးပြုချင်မှ ပြုမှာပေါ့။ ဒီလိုချက်ချင်းလက်ငင်း အကျိုးမပြုလို့ ဒီစာ တန်ဖိုးမရှိဘူးလို့ မပြောထိုက်ဘူး။ ဒီတော့ စာရေးဆရာဟာ စာပေအတွက် စာပေကို ဖန်တီးနိုင်တယ်။ အဓိကကတော့ လွတ်လွတ်လပ်လပ် ဖန်တီးဖို့ပဲ။

တခါတရံ စာရေးဆရာဖန်တီးလိုက်တဲ့ စာဟာ ဘာအတွက်ရယ်လို့ ဖြစ်ချင်မှ ဖြစ်မယ်။ ကိစ္စ မရှိပါဘူး။ စာရေးဆရာဟာ သူမြတ်နိုးတဲ့ စာရေးခြင်းအလုပ်အပေါ်မှာ စေတနာမှန်ဖို့သာ လိုပါတယ်။ စေတနာမှန်မှန်၊ စိတ်ထားမှန်မှန်နဲ့ ရိုးရိုးသားသား လွတ်လွတ်လပ်လပ် ဖန်တီးလိုက်တဲ့ မည်သည့် စာပေ အနုပညာမဆို အဟောသိကံဖြစ်တယ်ဆိုတာ မရှိပါဘူး။ ဒါ့ကြောင့် ကျနော်ဟာ စာပေဖန်တီးရင် ဘာအတွက် ညာအတွက် ဆိုတာထက် စိတ်ကောင်း၊ စေတနာကောင်းနဲ့ ရိုးရိုးသားသား ဖြောင့်ဖြောင့်မတ်မတ် လွတ်လွတ်လပ်လပ် အာရုံစူးစိုက်ပြီး ဖန်တီးတဲ့ စာပေမျိုးကိုသာ အလိုရှိပါတယ်။ ဒါဟာ ကျနော့်အယူအဆဖြစ်ပါတယ်။

စာဖတ်ခြင်း အယူအဆမှာ စာကောင်းပေမွန်ကို ရွေးချယ် ဖတ်ရှုသင့်တယ်ဆိုတဲ့ အယူအဆမျိုး ရှိကြတယ်။ အဲဒါ ခင်ဗျား ဘယ်လို မြင်သလဲ။

ဟုတ်ပါတယ်။ အဲဒါက လူတွေတော်တော်များများ ယူဆထားကြတဲ့ ယေဘုယျယူဆချက်ပါပဲ။ ဒါပေမယ့် စာဖတ်ပေဖတ်သမားတစ်ယောက်အဖို့၊ စာဖတ်ခြင်း နက်နဲလာပြီဆိုရင် ဒီအယူအဆအပေါ်မှာ ခပ်များများ ဆွေးနွေးစရာတွေ ရှိပါလိမ့်မယ်။ သာမန် စာဖတ်သူတစ်ယောက်အဖိုတော့၊ စာဖတ်ရင် စာကောင်းပေကောင်းကို ရွေးဖတ်ရမယ် ဆိုတာ နားလည်ထားရင် ရပါပြီ။ ဒါပေမယ့် ပိုင်းခြားစိတ်ဖြာကြည့်လိုက်ရင်၊ စာအုပ်စာပေဆိုတာမှာ ကောင်းတာရော မကောင်းတာရော ရောပြီးတော့ ပါနေတာပဲ။ ကောင်းတယ် မကောင်းဘူးဆိုတဲ့ သတ်မှတ်ချက်မှာ ကိုက အမျိုးမျိုး ကွဲပြားနေတယ်လေ။ ပရမတ္ထသစ္စာတရားမှာ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတာ မပြောင်းလဲသော အမှန်တရား။ လောကီက ပညတ္တိနယ်ပယ်လေ။ ပညတ်တရားတွေ အမျိုးမျိုး အထွေထွေ ရှိခြင်းကြောင့်၊ အမှန် အမှား၊ အကောင်း အဆိုးဆိုတဲ့ သတ်မှတ်ချက်တွေမှာ အမျိုးမျိုးဖြစ်နိုင်တာပဲ။ ကိုယ့်ဘက်က ကြည့်ရင် သူရဲကောင်း၊ သူ့ဘက်က ကြည့်ရင် သစ္စာဖောက်။ သူ့ဘက်က ကြည့်ရင် လက်ဖမိုး။ ကိုယ့်ဘက်က ကြည့်ရင် လက်ဖဝါး.... စသည်ဖြင့်။ ဒါတွေ ရှိနိုင်တာပဲ။ ဒီလို သဘောတရားကို မမြင်ကြတော့၊ ဒါကတော့ စာကောင်းပေမွန်ဖြစ်တယ်။ ဒါကတော့ စာအညစ်အညမ်းဖြစ်တယ်လို့ သတ်မှတ်ကုန်ကြတာပေါ့။ ဒီစာအုပ်ကတော့ ဖတ်သင့်တယ်၊ ဒီစာအုပ်ကတော့ မဖတ်သင့်ဘူးဆိုတာတွေ ဖြစ်ကုန်ကြတာပေါ့။ တကယ်တော့ စာပေဆိုတာ အမျိုးမျိုး အဖုံဖုံ၊ ပုံစံပေါင်းစုံ၊ အသွေးအရောင်ပေါင်းစုံ ရှိလေလေ ကောင်းလေလေပါပဲ။ စာပေဖွံ့ဖြိုးမှုဟာ တခြမ်းစောင်းကြီး မဖြစ်သင့်ဘူး။ စာပေဖြစ်ထွန်းမှု တခြမ်းစောင်းကြီးဖြစ်ခဲ့လို့ ကျနော်တို့ တိုင်းပြည်ဟာ အခုအချိန်ထိ အဆိုးကျော့သံသရာထဲကနေ ရုန်းမထွက်နိုင်သေးတာလည်း အားလုံး သတိထားမိတာပဲ။ မြန်မာပြည်မှာ စာဖတ်သမားမှန်ရင် ကွန်မြူနစ်ဖြစ်သွားတတ်တာချည်းပါပဲ။ ဒါက ဟိုးယခင်က ပြောတာ။ အခုတော့ နည်းနည်းပါးသွားပါပြီ။ မြန်မာပြည်မှာ နဂါးနီစာပေအသင်းကနေ စလိုက်တာ၊ စာပေနယ်မှာ လက်ဝဲသြဇာ သိပ်ကြီးလာခဲ့တယ်။ မြန်မာ့လူ့အဖွဲ့အစည်းထဲမှာလည်း အခုအချိန်အထိ လက်ဝဲသြဇာကြီးမားနေကြောင်း တွေ့နေရသေးတယ်။ ဒါဟာ စာပေဖြစ်ထွန်းမှု တခြမ်းစောင်းဖြစ်ခဲ့လို့၊ စာပေထဲမှာ အိုင်ဒီယာအပြိုင်ဖြစ်ထွန်းမှု ကောင်းကောင်း မထွန်းကားခဲ့လို့ပဲ။ အခုလည်း ဒီသဘောပဲ။ ပညတ္တိနယ်ထဲမှာ ရှိနေတဲ့ စာပေကို အကောင်းအဆိုး ပေတံနဲ့ ခွဲခြားတာ သိပ်ပြီး တိုလွန်းပါတယ်။ ပေတံဆိုတာထက် ပေကြိုးနဲ့ တိုင်းရင် ပိုကောင်း မယ် ထင်တယ်။ ကျနော့် ကောက်ချက်ကတော့၊ မဖတ်သင့်တဲ့ စာအုပ်ဆိုတာ မရှိဘူး။ မဖတ်ချင်တဲ့ စာအုပ်တော့ ရှိမှာ

ပေါ့။ ကိုယ်မဖတ်ချင်တဲ့ စာအုပ်ကို အတင်း မဖတ်ခိုင်းနဲ့လေ။ အတင်းဖတ်ခိုင်းတာမျိုး ကျနော် သဘောမကျဘူး။ ပြီးတော့ အသက်ဘယ်လောက်မှာ ဘယ်စာအုပ်တွေ ဖတ်မထားဘူးရင် လူရာမဝင်ဘူး...ဆိုတာ ဘာတို့ ကျနော် မယုံကြည်ဘူး။ မသေခင် ဖတ်ကို ဖတ်သွားရမယ့် စာအုပ် ဘယ်နှအုပ်တို့၊ ဘာတို့.... ကျနော် မယုံကြည်ဘူး။ ဖတ်ချင်ရင် ဖတ်၊ မဖတ်ချင်ရင်နေ။ ဖတ်ရင်လည်း ကိုယ့်စိတ်က ဘာကို ဖတ်ချင်နေသလဲဆိုတာကြည့်။ အဲဒါ အဓိကပဲ။ ကိုယ့်စိတ်ကို ကိုယ်သေချာဖတ်။ တချို့ စာအုပ်တွေက အရင် ဖတ်မိမယ်။ တချို့စာအုပ်တွေက နောက်ကျမှ ဖတ်မိမယ်။ ကိစ္စ မရှိဘူး။ အဓိကက ဖတ်နေဖို့သာ လိုတယ်။ ဘယ်စာအုပ်တွေ ဘယ်အသက်အရွယ်မှာ ဖတ်ကို ဖတ်ဖြစ်ရမယ်တို့ ဘာတို့ ဆိုတာ စာအုပ်ရောင်းကောင်းအောင် စာအုပ်ပုံနှိပ်ထုတ်ဝေ ဖြန့်ချိရေးသမားတွေက အရင်စပြီး လှုံ့ဆော်တာ။ အဲဒါကို နောက်က ဘုမသိ ဘမသိနဲ့ လိုက်ပြီး သံယောင်လိုက် ဆော်ဩကြတာ။ နောက်ဆုံး အချုပ်က.... ဖတ်ချင်တာ ဖတ်။ မဖတ်ချင်တာ မဖတ်နဲ့။ ဘာစာမှ မဖတ်တာထက် စာရင် စာတစ်ခုခု ဖတ်နေတာက အရေးကြီးတယ်။ ဘာစာအုပ်ကို ဖတ်နေတာထက်၊ ဘယ်လိုဖတ်နေတယ်ဆိုတာ က ပိုအရေးကြီးတယ်။ ဘယ်လိုဖတ်တယ်ဆိုတာထက် ဘာစိတ်နဲ့ ဖတ်တယ်ဆိုတာက အရေးအကြီးဆုံးပဲ။ တခါတရံ ဝါဒဖြန့်ချိထားတဲ့စာအုပ်ကိုတောင် တမင်တကာ ရွေးဖတ်ရသေးတယ် မဟုတ်လား။ သူတို့တွေ ဘယ်လို ဝါဒဖြန့်ချိထားသလဲ၊ ဘယ်လို စာပေမှိုင်းတိုက်ထားသလဲဆိုတာကို သိအောင် လေ့လာရတာပဲ မဟုတ်လား။ အဓိကကတော့ ဘာစိတ်နဲ့ ဖတ်တယ်ဆိုတာ အရေးအကြီးဆုံးလို့ ကျနော် ထင်တယ်။

မြန်မာစာပေက တခြမ်းစောင်းကြီးဖြစ်ထွန်းခဲ့တယ်ဆိုတဲ့ကိစ္စကို ခင်ဗျား ပြောခဲ့တယ်။ အဲဒါကို ထပ်သိချင်တယ်။

မြန်မာစာပေ အပြောင်းအလဲ အချိုးအကွေ့တွေ အများကြီး ရှိခဲ့ပါတယ်။ ဝံသာနုလှုပ်ရှားမှုတွေ ခေတ်ထလာတဲ့ ဝိုင်အမ်ဘီအေပေါ်လာပြီးနောက်ပိုင်း သူရိယသတင်းစာ ထုတ်ဝေခြင်းကစလို့ အမျိုးသားရေးစာပေတွေ ဖြစ်ထွန်းလာပြီး တော်လှန်ရေးအသိအမြင်အတွက် နဂါးနီစာပေဖြစ်ထွန်းမှုအလယ်။ ၁၉၉၀ နောက်ပိုင်း ဖြစ်ထွန်းလာတဲ့ စာပေပုံစံက တစ်မျိုး။ ပွင့်လင်းလွတ်လပ်လာတဲ့ ခေတ်မှာ အုံလိုက်ကျင်းလိုက် ပေါ်ထွက်လာတဲ့ စာပေတွေကတစ်ဖုံ။ အမျိုးမျိုး အလှည့်အပြောင်းတွေ ဖြစ်ခဲ့တာပါပဲ။ ကျနော် ပြောခဲ့ဖူးတယ်။ မြန်မာပြည်မှာ လက်ဝဲသြဇာ သိပ်ကြီးတယ်။ ဒါကို နဂါးနီစာပေအသင်းက လူငယ်နိုင်ငံရေးသမားတွေက စလိုက်တာ။ ကိုနု၊ ကိုသန်းထွန်း၊ ကိုစိုး၊ ကိုဗဟိန်း၊ ကိုထွန်းအေး၊ ကိုဘသောင်း... စတဲ့ လူငယ်တွေ။ သူတို့ဟာ အဲသည့်အချိန်တုန်းက အသက် (၃၀) တစ်ဝိုက် လူငယ်တွေပဲ ရှိအုံးမယ်။ နဂိုမူလကတော့ မျိုးချစ်စိတ်ရှိတဲ့ စာဖတ်သမားတွေပေါ့ဗျာ။ နောက်ပိုင်းတော့ စာရေးဆရာတွေ ဖြစ်လာကြတယ်။ သူတို့ကိုယ်တိုင်လည်း နိုင်ငံရေးသမားတွေဖြစ်လာတယ်။ နိုင်ငံရေးခေါင်းဆောင်တွေ ဖြစ်လာတယ်လို့ ပြောရင် ပိုတိကျမယ်။ သူတို့တတွေက စလိုက်တဲ့ စာပေတွေဟာ ကမ္ဘာ့ နိုင်ငံအသီးသီးက နိုင်ငံရေးအတွေးအခေါ်တွေကို ပြည်သူတွေ နားလည်ခွင့်ရကြတယ်။ အထူးသဖြင့် လက်ဝဲဝါဒ ထွန်းကားတာပေါ့ဗျာ။ ကွန်မြူနစ် ဆိုရှယ်လစ်အတွေးအခေါ်တွေ သိပ်သန်ကြတယ်။ ဒီလို ကွန်မြူနစ် ဆိုရှယ်လစ် သဘောတရားတွေနဲ့ပတ်သက်ပြီး ဘာသာပြန်တွေ လုပ်တယ်။ အဲသည့်ကနေ စပြီးတော့ မြန်မာစာပေမှာ တဖြည်းဖြည်းနဲ့ လက်ဝဲသြဇာ သိပ်ကြီးလာတော့တာပဲ။ ဒါ့ကြောင့် မြန်မာစာပေမှာ သိပ်များများစားစား ရွေးစရာ ဆိုလို့ လက်ဝဲစာအုပ်တွေပဲ များတာမို့၊ စာဖတ်ဝါသနာပါသူဟာ အလိုလိုနေရင်း ကွန်မြူနစ်ဖြစ်သွားတာပဲ....ဆိုတဲ့

စကားတွေ ပေါ်ထွက်လာတော့တာပါပဲ။ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ၊ ခေတ်စမ်းစာပေလှုပ်ရှားမှု၊ အမျိုးသားရေးစာပေ ပေါ်ထွန်းမှုနဲ့ လက်ဝဲစာပေလွှမ်းမိုးမှု.... ဒီသုံးချက်ဟာ မြန်မာပြည်ရဲ့ စာပေလှိုင်းတွေဖြစ်ခဲ့တယ်။ ဒီသုံးခုရဲ့ရိုက်ခတ်ချက်က သိပ်ကြီးမားတယ်။ ခေတ်စမ်းစာပေလှုပ်ရှားမှုကနေ ရွေးချယ်စရာ အမြင်အယူအဆသစ်တွေ ပေါ်ထွန်းခဲ့ပါတယ်။ ဒါပေမယ့် အစွဲသိပ်ကြီးတဲ့ မြန်မာ့လူ့အဖွဲ့အစည်းကို စစ်ပြီးခေတ် နောက်ပိုင်းကာလတွေအထိ၊ လက်ဝဲစာပေနဲ့ အမျိုးသားရေးစာပေတွေကပဲ အတော်ကြီး လွှမ်းမိုးနိုင်တယ်လို့ ပြောနိုင်တယ်။ ခေတ်စမ်းစာပေလှုပ်ရှားမှုနောက် ထွက်ပေါ်လာတဲ့ စာပေဟီးရိုးတွေ ရှိပါတယ်။ သူတို့ရဲ့သြဇာကလည်း သိပ်ကြီးမားတယ်။ ဒါပေမယ့် လက်ဝဲစာပေလှိုင်းကနေ လူထုကို ဖယ်လုပ်နိုင်အောင် မလုပ်နိုင်ခဲ့ဘူး။ မလုပ်နိုင်ခဲ့ဘူးလို့ ပြောတာထက်.... မလုပ်ခဲ့ကြဘူးလို့ ပြောရင် ပိုမှန်မယ်။ ဘာလို့လဲဆိုတော့ သူတို့ကိုယ်တိုင်လည်း လက်ဝဲယိမ်းကြတာများတယ်။ လက်ဝဲဝါဒဖြစ်ထွန်းမှုဟာ ခေတ်လိုအပ်ချက်နဲ့လည်း သက်ဆိုင်တယ်။ ခေတ်အခြေအနေကြောင့်လည်း ပါတယ်။ ဒါ့ကြောင့် လက်ဝဲကို လွန်ဆန်ပြီးရေးတဲ့ စာပေဟာ မြန်မာပြည်မှာ မရှိသလောက် ရှားပါးခဲ့တယ်။ အဲသည့်အထဲမှာ ဆရာကြီးသခင်ဘသောင်းက ဂျော့ချ်အော်ဝဲလ်ရဲ့ ခြေလေးချောင်းတော်လှန်ရေး စာအုပ်ကြီးကို ဘာသာပြန်ပြီး ထုတ်ဝေတော့၊ ဘယ်လို ဖြစ်ခဲ့သလဲ မပြောတတ်ဘူး။ ကျနော့်အထင် လူထုမှာ စာဖတ်ဖို့ သိပ်များများစားစား ရွေးချယ်ခဲ့ရဟန် မတူဘူး။ အင်္ဂလိပ်စာ ဖတ်နိုင်တဲ့သူ အဖို့ တော့ များများရွေးစရာ ရှိလိမ့်မယ်။ ဒါပေမယ့် ၆၂ ခုနှစ်အာဏာသိမ်းလိုက်ပြီး ပြည်သူပိုင်သိမ်း၊ တံခါးပိတ်စနစ်ကို ကျင့်သုံးတော့ ကမ္ဘာ့အိုင်ဒီယာတွေ စီးဝင်မှု သိပ်ကျဉ်းသွားတယ်။ နောက်ပိုင်းမရှိသလောက်ဖြစ်သွားတယ်။ ဒါပေမယ့် ဆရာမြသန်းတင့်နဲ့ ဆရာ ဇန်းမော်တင်အောင်တို့လို လူတွေဟာ ဒီအထဲကနေဖောက်ထွက်ပြီးတော့၊ တကယ့်ကမ္ဘာ့ရေစီးကို နားလည်နိုင်တဲ့ စာပေမျိုးတွေ ဘာသာပြန်ရေးသားခဲ့ကြတယ်။ တစ်ဖက်ကလည်း ဇာတိသွေး၊ ဇာတိမာန်ဖြစ်ထွန်းဖို့ တိုင်းပြည်ချစ်စိတ်ကို နှိုးဆော်တဲ့စာပေတွေ ထွက်ပေါ်နေဆဲပါပဲ။ အဲသည့်အထဲမှာ စစ်ဆန့်ကျင်ရေး၊ စစ်အာဏာရှင်ဆန့်ကျင်ရေး စာအုပ်တွေလည်း ထွက်လာခဲ့တယ်။ စစ်အစိုးရ ခေတ်မှာ ဆင်ဆာရှိတော့၊ ခိုးကြောင်ခိုးဝှက်နဲ့ ဆန့်ကျင်ကြရတာပဲ။ ဒါ့ကြောင့် စာအုပ်တွေ ပိတ်ပင်ခံရတယ်။ ၂၀၁၂ နောက်ပိုင်းလောက်ကျမှ၊ ယခင်က ခိုးဖတ်ရတဲ့ စာအုပ်တွေနဲ့ ယခင်က ထုတ်ဝေခွင့် မပြုခဲ့တဲ့ စာအုပ်တွေ။ အထူးသဖြင့် စစ်အာဏာရှင်ဆန့်ကျင်ရေး စာအုပ်တွေ အပြိုင်းအရိုင်း ပြန်လည်ထုတ်ဝေကြတာမို့ အံ့လိုက်ကျင်းလိုက် ဖတ်ခဲ့ရတာပဲ။ ၂၀၀၀ ခုနှစ်တစ်ဝိုက်က သင့်ဘဝနဲ့ မုံရွေး အုပ်စုတို့ကကြီးမှူးတဲ့ မဂ္ဂဇင်းတွေ ထွက်လာလို့ ကမ္ဘာကြီးနဲ့ အဆက်မပြတ်နိုင်တဲ့ အော်တာနေးတစ်အိုင်ဒီယာတွေကို လူထုဟာ မြည်းစမ်းခွင့်ရလာ တယ်။ ဒီလိုအကျိုးကျေးဇူးတွေကလည်း အကန့်အသတ်ဘောင်ထဲမှာ၊ ကျင်လည်ရတာမို့ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ ဓလေ့ရိုင်းနဲ့ စရိုက်ဆိုး၊ ဉာဉ်ဆိုးကို တွန်းလှန်ပယ်ဖျက်နိုင်လောက်တဲ့အထိ သက်ရောက်မှု မကြီးမားခဲ့ဘူး။ လူအများကြီးထဲက လူအနည်းစုတွေရဲ့ စိတ်နေသဘောထားတွေကိုတော့ ကောင်းကောင်း တည့်မတ်ပေးနိုင်ခဲ့တယ်။ အသွင်ကူးပြောင်းရေးကာလမှာ အဲသည့်စိတ်နေသဘောထား သင့်တင့်မှုရှိတဲ့သူတွေရဲ့ ကြိုးပမ်းချက်တွေလည်း တွေ့ရပါတယ်။ ဒီဘက်ခေတ်မှာတော့၊ အိုင်ဒီယာအပြိုင်ဖြစ်ထွန်းမှုတွေ တစ်စတစ်စ ပိုများလာပါတယ်။ ဒါပေမယ့် ရေးတဲ့သူတွေက တို့ခနိဆိတ်ကနန်းနဲ့ပဲ ရေးတယ်။ မော်ဒန်နဲ့ ပို့စ်မော်ဒန် စာပေတွေလည်း ထွန်းကားပါတယ်။ ဒါပေမယ့် လူတော်တော်များများက မလိုက်နိုင်တာများတယ်။ ဒီနေ့ခေတ်

လူငယ်တွေတော့ အတော်အတန်လိုက်နိုင်ပြီ ထင်ပါတယ်။ မြန်မာပြည်မှာ ဒီမိုကရေစီ တောင်းဆိုမှုတွေကြောင့်၊ ဒီမိုကရေစီနဲ့ လစ်ဘရယ်ရေး စာအုပ်တွေ အများကြီးပေါ်ထွက်လာပါတယ်။ ဒါပေမယ့် အစွဲကို မချွတ်နိုင်သေးဘူး။ စာအုပ်ရေးသူတွေကို မဆိုပါဘူး။ လက်ဝဲသြဇာ သိပ်ကြီးပြီး စစ်ဓလေ့ကဲတဲ့ လူ့အဖွဲ့အစည်း၊ အစွန်းရောက်အယူ အဆတိမ်းညွတ်မှုကြီးမားတဲ့လူ့အဖွဲ့အစည်းဟာ….. ဒီမိုကရေစီကို လိုလား၊ ကျင့်သုံးကြပေမယ့် ဒီမိုကရေစီ ကျင့်သုံးမှုမှာ လက်ဝဲအရိပ်အယောင်နဲ့ လက်ဝဲအပြုအမူတွေ အများကြီးပါဝင်နေတာကို တွေ့ရတယ်။ ထိုနည်း လည်းကောင်းပဲ ဒီမိုကရေစီလိုလားတဲ့အုပ်စုမှာကိုက မြန်မာ့နိုင်ငံရေးဓလေ့ရဲ့ အစွဲတွေကနေ မရုန်းထွက်နိုင် တာတွေ့ရတယ်။ ဒါဟာ အိုင်ဒီယာအစုံ အပြိုင်မဖြစ်ထွန်းမှုရဲ့ အကျိုးဆက်လို့ ကျနော် ထင်တယ်။

စာရေးဆရာရဲ့ တာဝန်က ဘာလဲဗျ။

စာရေးဆရာရဲ့ တာဝန်က စကားလုံးတွေနဲ့ စာဖတ်သူရဲ့ ဦးနှောက်နဲ့ နှလုံးသားကို ဆွဖို့ဗျ။ ဦးနှောက်ဆွတာကို အင်္ဂလိပ်လို Brain Storming လုပ်တယ်လို့ ခေါ်တယ်။ နှလုံးသားကို ဆွတာကျတော့၊ ရင်ခုန်အောင် လုပ်တယ်လို့ ဆိုရမှာပေါ့။ ကျနော်ကတော့ စာဖတ်သူကို ရင်ခုန်အောင်လုပ်တာထက် သူ့ဦးနှောက်ကို ထိုးဆွပေးရတာကို ပို သဘောကျတယ်။ ဒါ့ကြောင့် ကျနော်ရေးတဲ့ စာတွေမှာ၊ ရင်ခုန်စရာ သိပ်မပါဘူး။ မပါသလောက်လို့ ပြောလို့ ရမယ်။ ဒါပေမယ့် ဦးနှောက်ကို ဆွပေးနိုင်မယ့် မေးခွန်းတွေ၊ စကားလုံးတွေ၊ ဝါကျတွေ၊ ဝေါဟာရတွေတော့ အတော်ပါလိမ့် မယ် ထင်တယ်။ ဒီတော့ ငြိမ်နေတဲ့ ဦးနှောက်ဟာ ကြွလာမယ်၊ လှုပ်လာမယ်။ လူတစ်ယောက်မှာ ဦးနှောက်အလုပ် လုပ်လာပြီဆိုရင် သူ့ဘဝက ပိုပြီး အသက်ဝင်လာပြီ။ ဦးနှောက်အလုပ်လုပ်တဲ့လူတွေ များလာလေလေ၊ လူ့အဖွဲ့ အစည်းမှာ ပိုလို့ အရည်အသွေးမြင့်လာလေလေ ဖြစ်လိမ့်မယ်။ ဒီတော့ ဒီအလုပ်ကို စာရေးခြင်းနဲ့ ကျနော် ကျေးဇူးပြု နိုင်အောင် ကြိုးစားတယ်။

ဦးနှောက်ဆွတဲ့ကိစ္စကို ထပ်ရှင်းပါအုံး။

စာဖတ်သမားဟာ စာအုပ်ကို တစ်အုပ်တည်း ဖတ်တာ မဟုတ်ဘူးဗျ။ အများအပြားဖတ်တယ်။ အမြောက်အမြား ဖတ်ကြတယ်။ အဲသည့်ထဲမှာ ကိုယ်ကြိုက်တဲ့စာတွေကို ပိုဖတ်ဖြစ်ကြမှာပေါ့။ ဒါက ဓမ္မတာပဲလေ။ ဒီတော့ ကြိုက်တယ်ဆိုတာက အစွဲတစ်ခု ပါသွားပြီ။ ကိုယ်သဘောကျတဲ့စာအုပ်တွေကို ဖတ်နေရင်း၊ ကိုယ်သဘောကျတဲ့ အယူအဆနဲ့ အမြင်တွေချည်းပဲ ထိတွေ့လာရတဲ့အခါ၊ လူဟာ အူလာတယ်။ ထုံလာတယ်။ တချို့လည်း အဲသည်လို ကိုယ်သဘောကျတာကိုချည်း ဖတ်နေရတာ သဘောကျမှာပေါ့။ ကျနော်ကတော့၊ ကိုယ်နဲ့ မတူတဲ့ အိုင်ဒီယာ၊ ကိုယ့်ကို ဆန့်ကျင်နေတဲ့သဘောထားအမြင်၊ ကိုယ်နဲ့ ဝိရောဓိဖြစ်နေတဲ့ အခြင်းအရာတွေကို လေ့လာရတာ ခုန်မင် တယ်။ ဒါဟာ လူကို ပိုပြီး အသက်ဝင်စေတယ်လေ။ အယူအဆနဲ့ အမြင်၊ ဝါဒတွေကို ယုံကြည်ဖို့ ကိုးကွယ်ဖို့ ကျနော် မကြိုးစားဘူး။ အဲသည်လို ဖြစ်နေတဲ့ စာဖတ်သမားတွေ တွေ့ရင်လည်း၊ အားမပေးဘူး။ ကျနော်တို့ လူ့အဖွဲ့အစည်း ဟာ ဆင်ခြင်တုံတရား ထွန်းကားရမှာ။ ဒီ့အတွက် သူ့ရှိရင်းစွဲ အယူအဆနဲ့ အမြင်တွေကို ဆွပေးဖို့ လိုတယ်။ လူတော်တော်များများဟာ အတ္တအကျဉ်းထောင်ထဲမှာ ပိတ်မိနေကြတာများတယ်။ အတိတ်ရဲ့ အကျဉ်းသားဖြစ်နေ တတ်ကြတယ်။ အာဃာတတွေရဲ့ သားကောင် ဖြစ်နေကြတာများတယ်။ ဒီတော့ ကျနော်ဟာ အစွဲအလမ်းတွေ၊ ယုံကြည်မှုတွေနဲ့ အသာ ခဏ ခွာထားပြီး၊ ဘေးထွက်ထိုင် ကြည့်နေရတာကို ရံဖန်ရံခါ သဘောကျတတ်သဗျ။

ပြီးတော့ ခွဲခြမ်းစိတ်ဖြာကြည့်မယ်၊ ဆက်စပ်သုံးသပ်ကြည့်မယ်။ တစ်ခုလုံး ခြုံငုံဆင်ခြင်မယ်။ ဒီလိုနဲ့ လောကရဲ့ သဘာဝကို သိနားလည်လာမယ်။ လူ့သဘော၊ စရိုက်ကို ပိုနားလည်လာမယ်။ ဘက်တော်တော်များများကို မြင်နိုင်ရင် ရန်မဖြစ်ကြတော့ဘူးဗျ။ ပဋိပက္ခတွေလည်း အတော်ငြိမ်းချမ်းသွားမယ်။ အခု ဖြစ်နေတဲ့ လူ့အဖွဲ့အစည်း တွင်းက ပြဿနာတွေက ဘက်တော်တော်များများကို ပြောင်းမကြည့်နိုင်လို့၊ ရှုထောင့်ပေါင်းစုံကို ပြောင်းမကြည့်နိုင် လို့ ဖြစ်ကြတဲ့ တိုးတိုက်မှုတွေလို့ ကျနော် ထင်တယ်။ ဒီတော့ ဦးနှောက်ကို ဖိခံထားရတဲ့ အယူအဆတွေရဲ့ ဒဏ်က ကင်းလွတ်အောင် ဦးနှောက်ကို ဆန့်ကျင်ဖက် ဝိရောဓိ အိုင်ဒီယာ၊ အမြင်တွေနဲ့ တွန်းတိုက် ထိုးဆွပေးဖို့ လိုတယ်။ ကိုယ်သဘောကျတဲ့စာတွေလည်း ဖတ်၊ ကိုယ့်ကို ဆန့်ကျင်နေတယ်လို့ ယူဆတဲ့စာတွေလည်း ဖတ်ရမှာပဲ။ ဒီလိုမှ မဟုတ်ရင် တခြမ်းပဲ့ ဦးနှောက်ကြီး ဖြစ်နေလိမ့်မယ်။

ခင်ဗျားမှာ ရေးစရာတွေ မကုန်သေးဘူးလားဗျ....။

ဘယ်ကုန်မလဲဗျ။ ကိစ္စ များမြောင် လူတို့ဘောင်လို့ ဆိုကြတယ် မဟုတ်လား။ လူ့အမှုကိစ္စတွေဆိုတာ အမြဲတမ်း အသစ် အသစ်ဆိုတာတွေက ပေါ်လာတယ်လေ။ ဒီတော့ ရေးစရာတွေကလည်း ထပ်ခါ ထပ်ခါ ရနေတာပေါ့။ မျက်စိကို ဖွင့်၊ နားကို စွင့်ထားတဲ့ စာရေးဆရာ တစ်ယောက်အဖို့၊ အမြီးအမောက်မတည့်တဲ့လူ့လောကကြီး အကြောင်း တစ်ခု မဟုတ် တစ်ခု ပြောစရာ ရှိနေမှာပဲ။ စာရေးဆရာ သေသွားတောင်၊ လူတွေ အကြောင်း ပြောလို့ ကုန်နိုင်ဖွယ် မထင်ဘူး။ အသေးစိတ် ပြောမလား၊ ခြုံငုံပြောမလား၊ အကွက်အကွင်းတစ်ခုကို ယူပြောမလား၊ အချိန် အပိုင်းအခြား တစ်ခုကို ဆွဲထုတ်ပြောမလား။ ဒါပဲ စာရေးဆရာက ဆုံးဖြတ်ရတယ်။

တခါတရံ အမှန်တရားကို ရှာဖွေရတာ သိပ်အထီးကျန် ဆန်ပါတယ်ဗျာ။ ဒါကို အင်္ဂလိပ် စာပေအနုပညာဝေဖန်ရေးဆရာ ဂျွန်ရပ်စကင်း ပြောခဲ့ဖူးတယ် ထင်တယ်။ ဒါပေမယ့် တန်တယ်...တဲ့။ ကျနော် စာရေးတယ်။ စာအရေးများလာတော့၊ စာရေးဆရာ ဖြစ်လာတယ်။ တခါတရံလည်း စာတွေရေးနေရတာ သိပ်အထီးကျန်ဆန်တယ်။ ဒါပေမယ့် တန်တယ်။ ကျနော်ဟာ စာတွေ ရေးနေရင်း စာဖတ်သူနဲ့ အတူ အမှန်တရားကို ရှာဖွေချင်တယ်။ အမှန်တရားကို ရှာဖွေရင်း ရလာတဲ့ အထီးကျန်မှုကို ပျောက်ချင်တာလည်း ပါတယ်။ ဒီတော့ စာဖတ်သူကို အဖော်ခေါ်တယ်။ ဒီခရီးက ဘယ်တော့ ဆုံးမယ် မသိဘူး။ ကျနော် သေမှ အဆုံးသတ်မယ် ထင်တယ်။

ည ၇း၃၂

၁၁ ၊ စက်တင်ဘာ၊ ၂၀၂၁။

စာအုပ် စာရေးဆရာ စာပေ

၂ ဇူလိုင် ၂၀၂၁

စာရေးဆရာ ဆိုတဲ့ စာအုပ်မှာ၊ ကျနော်ဟာ စာပေအယူအဆတစ်ခုကို တင်ပြထားပါတယ်။ ဒီကောက်ချက်ကို၊ အဲသည့်စာအုပ်ရဲ့ နောက်ကျောဖုံးမှာ၊ ကျနော် ကောက်နုတ်တင်ပြထားပါတယ်။



- စာအုပ်ဆိုတာ စာရေးဆရာရဲ့ တမန်တော်ဖြစ်ပါတယ်။
- စာရေးဆရာဆိုတာ လူထုရဲ့ပညာရေးမှူး ဖြစ်ပါတယ်။
- စာပေဆိုတာ တိုင်းပြည်ရဲ့ သင်ရိုးညွှန်းတမ်းကြီးဖြစ်ပါတယ်။

ဒီအယူအဆဖြစ်ပါတယ်။ ကျနော်ကိုယ်တိုင် စာတွေ ဖတ်ပါများလာရင်း၊ စာတွေ ရေးပါများလာရင်း၊ နိုင်ငံထဲကို လှည့်လည်သွားလာရင်း ကျနော်ရခဲ့တဲ့ ဒဿနအယူအဆတစ်ခုဖြစ်ပါတယ်။ ဒီနေရာမှာ စာရေးဆရာ ဆိုတာကို သုတရေးတဲ့ စာရေးဆရာ၊ ရသရေးတဲ့ စာရေးဆရာဆိုတာ မခွဲခြားပါဘူး။ ထိုနည်းတူစွာပဲ author နဲ့ writer ဆိုတာ ကိုလည်း ခွဲခြားမပြောချင်ပါဘူး။ စာရေးတဲ့သူ အားလုံးကို ညွှန်းဆိုပါတယ်။ ဒါပေမယ့် စာရေးတဲ့သူ အားလုံးဆိုတာ တို့ကနိဆိတ်ကနန်း ရေးတဲ့ စာတိုပေစသမားကို ညွှန်းဆိုတာ မဟုတ်ပါဘူး။ အယောင်ဆောင် စာရေးဆရာ အမည်ခံတွေကို ညွှန်းဆိုတာလည်း မဟုတ်ပါဘူး။ အရေအတွက်အားဖြင့် အနည်းငယ် ရေးသားခဲ့စေအုံးတော့၊ သူရေးသားခဲ့တဲ့ စာအုပ်ဟာ သူ့ပတ်ဝန်းကျင် (သို့မဟုတ်) သူဦးတည်ရာ နယ်ပယ်၊ ကဏ္ဍ (သို့မဟုတ်) သူနေထိုင်ရာ တိုင်းပြည်နဲ့ လူ့အဖွဲ့အစည်းကို ဇီးရွက်လောက် အကျိုးပြုခဲ့စေအုံးတော့၊ အဲသည့်ဇီးရွက်လောက်ပမာဏဟာ လောက်လောက်လားလား ကျကျနန ပီပီပြင်ပြင် နဲ့ စနစ်တကျ ကျေးဇူးပြုခဲ့ခြင်း ဖြစ်ခဲ့ရပါမယ်။ ဘယ်နယ်ပယ်က ဒီလိုစာရေးသူကိုမဆို ကျနော် ညွှန်းဆိုချက်မှာ ပါဝင်ပါတယ်။ ဒီလိုစာရေးသူအားလုံးကို စာရေးဆရာလို့ ကျနော် ညွှန်းပါတယ်။ စာကောင်းပေမွန်တွေကို ဘာသာပြန်ဖြန့်ချိပေးပြီး၊ စာရေးသားတဲ့သူတွေကိုလည်း စာရေးဆရာ စာရင်းမှာ ကျနော် ထည့်သွင်းပါတယ်။

စာပေဆိုတာ စာရေးဆရာရဲ့ တမန်တော်ဖြစ်ပါတယ်

သူတို့ ကွယ်လွန်သွားကြပြီ

လူထု ဦးလှက ကွယ်လွန်သွားပြီ။ လူထုဒေါ်အမာက ကွယ်လွန်သွားပါပြီ။ ဂျာနယ်ကျော်မမလေးက ကွယ်လွန်သွားပါပြီ။ ရွှေဥဒေါင်းက ကွယ်လွန်သွားပါပြီ။ မြသန်းတင့်က ကွယ်လွန်သွားပါပြီ။ နန္ဒာသိန်းဇံက ကွယ်လွန်သွားပါပြီ။ ကြည်အေးက ကွယ်လွန်သွားပါပြီ။ ပါရဂူက ကွယ်လွန်သွားပါပြီ။ စိန်ဝင်းစိန်က ကွယ်လွန်သွားပါပြီ။ ဒဂုန်တာရာက ကွယ်လွန်သွားပါပြီ။ ဒေါက်တာသန်းထွန်းက ကွယ်လွန်သွားပါပြီ။ မောင်စူးစမ်းက ကွယ်လွန်သွားပါပြီ။ မောင်ထွန်းသူက ကွယ်လွန်သွားပါပြီ။ ဦးနုက ကွယ်လွန်သွားပါပြီ။ ဦးဖိုးကျားက ကွယ်လွန်သွားပါပြီ။ သခင်ကိုယ်တော်မှိုင်းက ကွယ်လွန်သွားပါပြီ။ သိန်းဖေမြင့်က ကွယ်လွန်သွားပါပြီ။ မောင်ဝံသက ကွယ်လွန်သွားပါပြီ။ လူထုစိန်ဝင်းက ကွယ်လွန်သွားပါပြီ။ တက္ကသိုလ်ဘုန်းနိုင်က ကွယ်လွန်သွားပါပြီ။ မိုးမိုး (အင်းလျား) က ကွယ်လွန်သွားပါပြီ။ ဇော်ဂျီက ကွယ်လွန်သွားပါပြီ။ မင်းသုဝဏ်က ကွယ်လွန်သွားပါပြီ။ မောင်ထင်က ကွယ်လွန်သွားပါပြီ။ အောင်ဇံက ကွယ်လွန်သွားပါပြီ။ ဦးသန့်က ကွယ်လွန်သွားပါပြီ။ ညိုမြက ကွယ်လွန်သွားပါပြီ။

သူတို့ မသေဆုံးသေးပါဘူး

ဒါပေမယ့် ညိုမြ မသေသေးပါဘူး။ ဦးသန့် မသေသေးပါဘူး။ အောင်ဇံ မသေသေးပါဘူး။ မောင်ထင် မသေသေးပါဘူး။ မင်းသုဝဏ် မသေသေးပါဘူး။ ဇော်ဂျီ မသေသေးပါဘူး။ မိုးမိုး (အင်းလျား) မသေသေးပါဘူး။ တက္ကသိုလ်ဘုန်းနိုင် မသေသေးပါဘူး။ လူထုစိန်ဝင်း မသေသေးပါဘူး။ မောင်ဝံသ မသေသေးပါဘူး။ သိန်းဖေမြင့် မသေသေးပါဘူး။ သခင်ကိုယ်တော်မှိုင်း မသေသေးပါဘူး။ ဦးဖိုးကျား မသေသေးပါဘူး။ ဦးနု မသေသေးပါဘူး။

မောင်ထွန်းသူ မသေသေးပါဘူး။ မောင်စူးစမ်း မသေသေးပါဘူး။ ဒေါက်တာသန်းထွန်း မသေသေးပါဘူး။ ဒဂုန်တာရာ မသေသေးပါဘူး။ စိန်ဝင်းစိန် မသေသေးပါဘူး။ ပါရဂူ မသေသေးပါဘူး။ ကြည်အေး မသေသေးပါဘူး။ နန္ဒာသိန်းဇံ မသေသေးပါဘူး။ မြသန်းတင့် မသေသေးပါဘူး။ ရွှေဥဒေါင်း မသေသေးပါဘူး။ ဂျာနယ်ကျော်မမလေး မသေသေးပါဘူး။ လူထုဒေါ်အမာ မသေသေးပါဘူး။ လူထုဦးလှ မသေသေးပါဘူး။

တမန်တော်တွေရဲ့ ကျေးဇူးတော်

ဒီစာရေးဆရာတွေ ကွယ်လွန်သွားကြပေမယ့်၊ ဘာလို့ မသေသေးတာလဲ။ ရိုးရှင်းပါတယ်။ သူတို့ ရေးသားထုတ်ဝေ ပုံနှိပ်ခဲ့တဲ့ စာအုပ်တွေဟာ လူထုအကြားမှာ အခုအချိန်ထိ ဖတ်ရှုနေကြရဆဲမို့ ဖြစ်ပါတယ်။ ဒီစာရေးဆရာတွေဟာ ရုပ်ခန္ဓာအားဖြင့် ကွယ်လွန်သွားကြပေမယ့်၊ စာပေအားဖြင့် မသေဆုံးကြသေးပါဘူး။ လူ့အဖွဲ့အစည်းကို သူတို့ ရေးသားပြုစုခဲ့တဲ့ စာအုပ်တွေက ကျေးဇူးပြု ထောက်ပံ့နေပါတယ်။ သူတို့ ရေးသားပြုစုခဲ့တဲ့ စာအုပ်တွေဟာ လက်ရှိ လူ့အဖွဲ့အစည်းရဲ့ နယ်ပယ်တွေထဲမှာ ပျံ့နှံ့တည်ရှိနေပါတယ်။ ဒီစာအုပ်တွေကို အခုထိ ဖတ်နေကြရဆဲဖြစ်ပါတယ်။ ဒါ့ကြောင့် စာအုပ်ဆိုတာ စာရေးဆရာရဲ့ တမန်တော်လို့ ကျနော် ယူဆသတ်မှတ်ရတာဖြစ်ပါတယ်။ စာအုပ်တွေဟာ စာရေးဆရာ ကိုယ်စားအလုပ်လုပ်ပေးနေကြတယ်။ စာရေးဆရာ ပြောခဲ့တဲ့ စကား၊ စာရေးဆရာ ပြောချင်တဲ့ ဒဿန၊ စာရေးဆရာ တင်ပြချင်တဲ့အကြောင်းအရာ၊ စာရေးဆရာ သတိချပ်စေချင်တဲ့ အရာ၊ စာရေးဆရာ သတိရစေချင်တဲ့ အခြင်းအရာတွေကို စာအုပ်တွေဟာ စာရေးဆရာ ကိုယ်စား စာဖတ်သူလူထုကို စာရေးဆရာ ကိုယ်စား ပြောပြပေးနေပါတယ်။ ဒါ့ကြောင့် စာရေးဆရာတွေဟာ ထာဝရ ရှင်သန်နေတယ်။ သူတို့ တမန်တော်တွေရဲ့ ကျေးဇူးတော်နဲ့ဖြစ်ပါတယ်။

စာရေးဆရာဆိုတာ လူထုရဲ့ ပညာရေးမှူး ဖြစ်ပါတယ်

ဘယ်လိုလူဟာ ပညာရေးမှူးလဲ

ပညာရေးမှူးဆိုတဲ့ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုချင်ပါတယ်။ ပညာကို ကြီးမှူးတဲ့သူလို့ ဆိုလိုခြင်းဖြစ်ပါတယ်။ ပညာဆိုတာမှာ အသိအမြင် ဉာဏ်ပညာအားဖြင့် ပါဝင်သလို၊ ခံစားသက်ဝင်မှုအားဖြင့်လည်းပါဝင်နေပါတယ်။ ခံစားသက်ဝင်မှု ညှံ့ဖျင်းတဲ့ အသိပညာဓာတ်ဟာ လူ့အဖွဲ့အစည်းကို ကောင်းကျိုးထက် ဆိုးကျိုးပိုဖြစ်စေတယ်လို့ ယူဆပါတယ်။ ဒါ့ကြောင့် ရသအားဖြင့် ရေးသားသည်ဖြစ်စေ၊ သုတအားဖြင့် ရေးသားသည်ဖြစ်စေ၊ အတွေးအခေါ် ဒဿနအားဖြင့် ရေးသားသည်ဖြစ်စေ၊ အကြောင်းအချက် ဖြစ်စဉ် ဖြစ်ရပ်တွေကို မှတ်တမ်းတင် တင်ပြသုံးသပ်ပြီး ရေးသားသည်ဖြစ်စေ .... ဒီစာရေးသူ အားလုံးဟာ စာရေးဆရာပါပဲ။ ဒီလို စာရေးဆရာဟာ လူ့အဖွဲ့အစည်းရဲ့ ပညာဓာတ်ခံကို အားဖြည့် ကြီးမှူး ထောက်ပံ့သူဖြစ်ပါတယ်။ နယ်ပယ်အသီးသီး၊ အကြောင်းအရာအမျိုးမျိုး၊ ကဏ္ဍ အဖုံဖုံမှာ စာရေးသူ အများအပြား ရှိပါတယ်။ တစ်ယောက် တစ်လိုင်းစီ ရှိကြသလို၊ လိုင်းပေါင်းစုံလည်း ရှိနေကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် စာရေးသူအားလုံး၊ စာရေးဆရာအားလုံးဟာ လူ့အဖွဲ့အစည်းရဲ့ပညာ့ရပ်ဝန်းကို ကျေးဇူးပြု ထောက်ပံ့နေတဲ့ ပညာရေးမှူးတွေ ဖြစ်ပါတယ်။

လူထုရဲ့ ပညာရေးမှူး

လူထုဟာ စာရေးဆရာ အမျိုးမျိုး ပုံနှိပ်ဖြန့်ချိခဲ့တဲ့ စာအုပ်တွေကို ဖတ်ရှုလေ့လာပြီးတော့၊ ပညာအတွက် လမ်းညွှန်မှုတွေ ရရှိနိုင်ပါတယ်။ စာအုပ်တွေဟာ အမျိုးမျိုး ရှိပါတယ်။ စာရေးဆရာတွေကလည်း အမျိုးမျိုး ရှိပါတယ်။ နယ်ပယ်ပေါင်းစုံ ရှိနေကြပါတယ်။ လူထုဟာ ကိုယ်စိတ်ဝင်စားတဲ့ စာအုပ်ကို ရှာဖွေနိုင်တယ်။ ကိုယ်စိတ်ဝင်စားတဲ့ အကြောင်းအရာကို စာအုပ်တွေထဲကနေ လေ့လာနိုင်တယ်။ စာရေးဆရာ ရေးသားတဲ့ စာအုပ်တွေကို ဖတ်ရှုပြီးတော့ ကိုယ်လိုချင်တဲ့ ပညာရပ်ဝန်းကို သွားနိုင်တယ်။ တည်ဆောက်နိုင်တယ်။ စာရေးတဲ့သူဟာ သူရေးတဲ့ စာအုပ်မှာ ညွှန်ပြစရာရှိတာတွေကို ညွှန်ပြတယ်၊ တင်ပြသင့်တာတွေကို တင်ပြတယ်၊ သတိပေးသင့်တာတွေကို သတိပေးတယ်၊ ရှင်းပြသင့်တာတွေကို ရှင်းပြတယ်၊ သုံးသပ်သင့်တာတွေကို သုံးသပ်တယ်၊ မေးခွန်းထုတ်သင့်တာတွေကို မေးခွန်းထုတ်တယ်။ ဒီလို စာရေးဆရာ ညွှန်ပြတဲ့၊ တင်ပြတဲ့၊ သတိပေးတဲ့၊ ရှင်းပြတဲ့၊ သုံးသပ်တဲ့၊ မေးခွန်းထုတ်တဲ့… အရာတွေကို သေချာ ဂရုဓမ္မထား ဖတ်ရှုပြီး စာဖတ်သူ လူထုဟာ ကိုယ့်ရဲ့ ပညာစက်ဝန်းကို ချဲ့ထွင်နိုင်တယ်။ ကိုယ့်ရဲ့ပညာရပ်ဝန်းကို ချဲ့ထွင်နိုင်တယ်။

ဒါ့ကြောင့် စာရေးဆရာ ဆိုတာ လူထုရဲ့ ပညာရေးမှူးဖြစ်ပါတယ်။

စာပေဆိုတာ တိုင်းပြည်ရဲ့ သင်ရိုးညွှန်းတမ်းကြီးဖြစ်ပါတယ်

သင်ရိုးညွှန်းတမ်း ဆိုတာ ဘာလဲ

သင်ရိုးညွှန်းတမ်းဆိုတာ ပညာရပ်ဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာ (သို့မဟုတ်) နယ်ပယ် ၊ ကဏ္ဍတစ်ရပ်ရပ်အတွက် သေချာထုပ်ပိုးပြင်ဆင်ထားတဲ့ အသိပညာ စုဝေးချက်ကြီးဖြစ်ပါတယ်။ ပညာရပ်တစ်ခုကို နားလည်သဘောပေါက်ဖို့အတွက် ဆက်စပ်ဘာသာရပ်တွေကို လေ့လာရပါတယ်။ ဘာသာရပ်ဆိုင်ရာ တစ်ခုခု ကျွမ်းကျင်တတ်မြောက်ဖို့အတွက် အခြေခံသိထားရမယ့်၊ မဖြစ်မနေ သိထားရမယ့်၊ နားလည်ထားရမယ့် the set of subjects လို့ခေါ်တဲ့ ဘာသာရပ် အစုအဝေးကြီး ရှိနေပါတယ်။ ဒီဘာသာရပ်အစုအဝေးကြီးထဲမှာ ပါဝင်တဲ့ အကြောင်းအရာတွေကို သေချာ လေ့လာရပါတယ်။ ဆည်းပူးရပါတယ်။ ဒီလို လေ့လာဆည်းပူးမှုကို စနစ်တကျ သင်ယူတတ်မြောက်ထားမှသာ ကျွမ်းကျင်တတ်သိသူ အဆင့်ကို ရောက်လာပါတယ်။

လူတစ်ယောက်ဟာ ဘဝဆိုတဲ့ တက္ကသိုလ်၊ ဘဝဆိုတဲ့ ကျောင်းမှာ ကိုယ့်ဘာသာကိုယ် လေ့လာဆည်းပူးသင်ယူနိုင်ပါတယ်။ လူတစ်ယောက်ဟာ မသေမချင်း ကျောင်းသားဘဝကို ခံယူနိုင်တယ်။ လေ့လာသူအဖြစ် ခံယူနိုင်တယ်။ အမြဲ သင်ယူဆည်းပူးနေသူတစ်ယောက် အဖြစ် ခံယူနိုင်တယ်။ ဘဝဆိုတဲ့ ကျောင်းကြီးမှာ ဘယ်တော့မှ သင်ယူစရာတွေက မကုန်ခမ်းနိုင်ပါဘူး။ ဘဝဆိုတဲ့ ကျောင်းမှာ အမြဲတမ်း သင်ယူလေ့လာနေတဲ့လူတစ်ယောက်အဖို့ စာပေဆိုတာ သူ့ရဲ့ သင်ရိုးညွှန်းတမ်းကြီးတစ်ခုပါပဲ။

တိုင်းပြည်ရဲ့ သင်ရိုးညွှန်းတမ်း

စာပေဆိုတာ တိုင်းပြည်ရဲ့ သင်ရိုးညွှန်းတမ်းဖြစ်ပါတယ်။ စာပေထဲမှာ အကြောင်းအရာ ပေါင်းစုံ၊ နယ်ပယ်ပေါင်းစုံအတွက် ရေးသားပြုစုထားတဲ့ စာအုပ်တွေ ရှိပါတယ်။ စာပေထဲမှာ သမိုင်းရှိတယ်။။ စာပေထဲမှာ စီးပွားရေးရှိတယ်။

စာပေထဲမှာ စိတ်ပညာရှိတယ်။ စာပေထဲမှာ နိုင်ငံရေးရှိတယ်။ စာပေထဲမှာ ဒဿနရှိတယ်။ စာပေထဲမှာ ဘာသာရေး ရှိတယ်။ စာပေထဲမှာ လူတွေ ရှိတယ်။ စာပေထဲမှာ မနုဿဗေဒ ရှိတယ်။ စာပေထဲမှာ သဘောတရားတွေ၊ သီအိုရီတွေ ရှိတယ်။ စာပေထဲမှာ သိပ္ပံနည်းပညာတွေ ရှိတယ်။ စာပေထဲမှာ အနုပညာ ရှိတယ်။ စာပေထဲမှာ ယဉ်ကျေးမှုတွေ ရှိတယ်။ စာပေထဲမှာ ဂီတတွေ ရှိတယ်။ စာပေထဲမှာ ပန်းချီတွေ ရှိတယ်။ စာပေထဲမှာ ဆေးပညာရှိတယ်။ စာပေထဲမှာ ပန်းတွေ၊ သစ်ပင်တွေ ရှိတယ်။ စာပေထဲမှာ စာအုပ်တွေ ရှိတယ်။ စာပေထဲမှာ လူမှုဗေဒ ရှိတယ်။ စာပေထဲမှာ သဘာဝပတ်ဝန်းကျင် ရှိတယ်။ စာပေထဲမှာ စစ်ပွဲတွေ ရှိတယ်။ စာပေထဲမှာ အတိတ်တွေ ရှိတယ်။ စာပေထဲမှာ ပစ္စုပ္ပန်တွေ ရှိတယ်။ စာပေထဲမှာ နှလုံးသားတွေရှိတယ်။ စာပေထဲမှာ ဦးနှောက်တွေ ရှိတယ်။ စာပေထဲမှာ သွေးချွေးတွေ ရှိတယ်။ စာပေထဲမှာ နိုင်ငံတွေ ရှိတယ်။ စာပေထဲမှာ ကမ္ဘာကြီး ရှိတယ်။ စာပေထဲမှာ ဂြိုလ်နက္ခတ်တာရာတွေ ရှိတယ်။ စာပေထဲမှာ ဘဝတွေ ရှိတယ်။ စာပေထဲမှာ ဘာသာစကားတွေ ရှိတယ်။ စာပေထဲမှာ လူမျိုးတွေရှိနေတယ်။ စာပေထဲမှာ ဖွံ့ဖြိုးရေးတွေ ရှိတယ်။ စာပေထဲမှာ တော်လှန်ရေးတွေ ရှိတယ်။ စာပေထဲမှာ တည်ဆောက်ရေးတွေ ရှိတယ်။ စာပေထဲမှာ သဘာဝတရားကြီး ရှိတယ်။

ဖြစ်နိုင်ရင် လူတစ်ယောက်ဟာ သူ့ရဲ့ အသိစက်ဝန်းကို ချဲ့ထွင်ဖို့ ရပ်တန့်မနေသင့်ဘူး။ ဘာသာစကား အမျိုးမျိုးနဲ့ ရေးသားပြုစုထားတဲ့ စာအုပ်စာပေတွေဟာ ကမ္ဘာမှာ သိန်းနဲ့ ချီ၊ သန်းနဲ့ချီ။ စာပေတွေထဲကနေ ပညာနဲ့ အသိတွေကို လေ့လာလို့ မကုန်နိုင်ဘူး။ ဆည်းပူးလို့ မကုန်နိုင်ဘူး။ စူးစမ်းလို့ မကုန်နိုင်ဘူး။ စာပေဟာ တိုင်းပြည်ရဲ့ သင်ရိုးညွှန်းတမ်းကြီးဖြစ်ပါတယ်။

စာအုပ် ၊ စာရေးဆရာ ၊ စာပေ

စာပေကို ဖန်တီးတာ စာရေးသူတွေ၊ စာရေးဆရာတွေ ဖြစ်ပါတယ်။ စာရေးဆရာတွေ ညံ့ဖျင်းရင် စာအုပ်တွေ ညံ့ဖျင်းတယ်။ စာအုပ်တွေ ညံ့ဖျင်းရင် စာပေညံ့ဖျင်းတယ်။ စာပေဟာ တိုင်းပြည်ရဲ့ သင်ရိုးညွှန်းတမ်းဖြစ်တာမို့၊ စာပေ ညံ့ဖျင်းတဲ့အခါ တိုင်းပြည်တွင်းက လူ့အဖွဲ့အစည်းရဲ့ အသိဉာဏ်အဆင့်အတန်း နိမ့်ပါးတယ်။ တိုင်းပြည်ရဲ့ စာပေအဆင့်အတန်းနဲ့ လူ့အဖွဲ့အစည်းရဲ့ အသိပညာအဆင့်အတန်းဟာ တိုက်ရိုက်အချိုးကျနေပါတယ်။ စာပေကို ဖန်တီးတဲ့ စာရေးဆရာတွေ မညံ့ဖျင်းဖို့ လိုပါတယ်။ စာရေးဆရာတွေ ညံ့ဖျင်းရင် စာပေလည်း ညံ့ဖျင်းလို့ တိုင်းပြည်ရဲ့ သင်ရိုးညွှန်းတမ်းလည်း ညံ့ဖျင်းကုန်ပါတယ်။ နောက်ဆက်တွဲအနေနဲ့ လူ့အဖွဲ့အစည်းရဲ့ အသိဉာဏ် အဆင့်အတန်း ညံ့ဖျင်းကုန်ပါတယ်။ အသိဉာဏ် နိမ့်ပါးညံ့ဖျင်းတဲ့ တိုင်းပြည်ဟာ ပဋိပက္ခတွေနဲ့ ပြည့်နှက်နေတတ်ပြီး လူ့ဂုဏ်သိက္ခာမဲ့တဲ့ အပြုအမူတွေ ဒင်းကြမ်းပြည့်နေတတ်ပါတယ်။ ဒီလိုတိုင်းပြည်မျိုးဟာ ယဉ်ကျေးမှုအဆင့်အတန်း သိပ်နိမ့်တယ်လို့ ပြောနိုင်ပါတယ်။

ကျနော်တို့ နိုင်ငံရဲ့ အဆင့်အတန်းဟာ ဘယ်မှာဖြစ်ပါသလဲ။

ည ၉း၅၂

၂၊ ဇူလိုင်လ၊ ၂၀၂၃။

ရည်ညွှန်းဗဟုသုတ

❷ အောက်တိုဘာ ❷⓿❷❶

ဗျူပွတ်

ရသစာကိုပဲ ရေးရေး၊ သုတစာကိုပဲရေးရေး စာရေးမယ့်သူမှာ လိုအပ်တဲ့ အချက်တစ်ချက် ရှိပါတယ်။ အဲဒါကတော့ ရည်ညွှန်းဗဟုသုတပဲဖြစ်ပါတယ်။ ရည်ညွှန်းဗဟုသုတဆိုတာ ဘာလဲ။ reference knowledge လို့ နားလည်နိုင်ပါတယ်။ ယေဘုယျအားဖြင့်… ရည်ညွှန်းဗဟုသုတဆိုတာ ဘယ်အကြောင်းအရာဟာ ဘယ်စာအုပ်ထဲမှာ ရှိတယ်၊ ဘယ်အချက်အလက်ကို လိုချင်ရင် ဘယ်စာအုပ်ထဲမှာ ရှာ၊ ဘယ်လို အကြောင်းအရာမျိုးကိုတော့ ဘယ်စာရေးဆရာက အများဆုံးရေးလေ့ရှိတယ်၊ ဘယ်လိုအချက်အလက်မျိုး လိုချင်ရင် ဘယ်စာရေးဆရာ ရေးတဲ့ စာအုပ်တွေမှာ ဘယ်လိုရှာ….စတဲ့ အသိမျိုးဖြစ်ပါတယ်။ ဒါဟာ ရည်ညွှန်းဗဟုသုတဖြစ်ပါတယ်။

ကျယ်ကျယ်ပြန့်ပြန့် - ဂဃနဏ

စာရေးဆရာဆိုတာ စာများများဖတ်ဖို့ လိုတယ်ဆိုတာ ဒါကို ဆိုလိုတာဖြစ်ပါတယ်။ စာရေးမယ့်သူဟာ စာစုံဖတ်မှ ဖြစ်မယ်လို့ ပြောတာ၊ ဒါကို ဆိုလိုတာဖြစ်ပါတယ်။ ရသဟာ အချက်အလက်အားဖြင့် အနည်းဆုံးပဲ ပါရှိပြီး၊ သုတကတော့ အချက်အလက်အားဖြင့် အများဆုံးပါရှိတယ်လို့ ဆိုနိုင်တယ်။ သို့ပေမယ့် ခေတ်တစ်ခုကို နောက်ခံထားပြီး ရေးဖွဲ့တဲ့ ရသဝတ္ထုတွေမှာတောင်မှ အကြောင်းအရာ အချက်အလက်ကို တိတိကျကျ သိဖို့ ကိုးကားစာအုပ်တွေ၊ ရည်ညွှန်းစာအုပ် အများအပြားကို ရှာဖွေပြီး လေ့လာဖတ်ရှုရတာဖြစ်ပါတယ်။ သမိုင်းနောက်ခံ ဝတ္ထုလို စာအုပ်မျိုးမှာ ဆိုရင် အချက်အလက်အားဖြင့်၊ အကြောင်းအရာအားဖြင့် ပို၍ ဂဃနဏ နားလည်ဖို့ လိုတာကြောင့် ရည်ညွှန်းသုတက ပိုလို့ လိုအပ်ပါတယ်။

ဖြုတ်စဗျင်းတောင်းတွေ မဟုတ်

စာရေးဆရာဟာ generalist တစ်ယောက်ဖြစ်ပါတယ်။ generalist ဆိုတာ know it all လို့ ဆိုလိုတာ မဟုတ်ဘူး။ အားလုံးသိ၊ ဘာမဆိုသိ၊ တစ်ခုခုကို နှိုက်နှိုက်ချွတ်ချွတ်မေးလိုက်ရင်တော့ ဘာမှ မသိ… ဆိုတာမျိုး မဟုတ်ရပါဘူး။ အထွေထွေသိသမားဆိုတာ ဟိုစပ်စပ် ဒီစပ်စပ်နဲ့ ဒီအရာကိုလည်း တို့တိတို့တိ၊ ဟိုအရာကိုလည်း တို့တိတို့တိ သိထားတာမျိုးကို ဆိုလိုတာ မဟုတ်ပါဘူး။ သိထားတဲ့အသိတွေက ဖြုတ်စဗျင်းတောင်းတွေ စုပြုံထားတဲ့ အသိမျိုးလည်း မဟုတ်ပါဘူး။ တို့ကနန်းဆိတ်ကနန်းနဲ့ ဟိုဟာကိုလည်း နည်းနည်း၊ ဒီဟာကိုလည်း နည်းနည်းစီ ဖတ်ထားမှတ်ထားတဲ့ အုတ်ရောရောကျောက်ရောရော အသိသမားကိုလည်း ခေါ်တာ မဟုတ်ပါဘူး။

တကယ်တော့ generalist ဆိုတာ ဘာသာရပ် မျိုးစုံကို ဆည်းပူးလေ့လာထားပြီး၊ ဘာသာရပ်တစ်ခုချင်းစီရဲ့ သဘောသဘာဝကို ခြေခြေမြစ်မြစ် ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ထားတာဖြစ်ပါတယ်။ ဘာသာရပ်တစ်ခုဟာ ဘယ်လို ချည်းကပ်သလဲဆိုတဲ့နည်းနာကို ရထားပြီး ဖြစ်လို့ သူဟာ အကြောင်းအရာ တစ်ခု၊ အဖြစ်အပျက် တစ်ခု၊ ပြဿနာတစ်ခုကို ထောင့်ပေါင်းစုံကနေ ဘယ်လို ကြည့်ရမလဲဆိုတာကို သိတယ်။ တစ်ဖက်မှာလည်း how to think ကို နားလည်ထားတယ်။ ဆက်လက်ပြီး သူ မသိနားမလည်သေးတဲ့ အရာကို လုပ်ရကိုင်ရတော့မယ်ဆိုရင်လည်း how to learn ကို သဘောပေါက်ထားသူ ဖြစ်တယ်။ ဒီလိုဖြစ်အောင် ဖတ်မှတ်လေ့လာထားရမှာ ဖြစ်ပါတယ်။

တယူသန် တဇောက်ကန်း မဖြစ်တော့ဘူး

အနောက်တိုင်းပညာရေးမှာ liberal art education ဆိုတာ ရှိပါတယ်။ ဒါက ရိုးရှင်းပါတယ်။ ဘာသာရပ်အစုံစုံကို သင်ကြားပေးတဲ့ပညာရေးဖြစ်ပါတယ်။ အထွေထွေပညာရေးကိုခေါ်တာ ဖြစ်ပါတယ်။ နယ်ပယ် ကဏ္ဍတစ်ခုချင်းစီရဲ့ သဘော သဘာဝတွေကို နားလည်ထားတော့၊ တယူသန် မဖြစ်တော့ဘူး၊ တဇောက်ကန်းမဖြစ်တော့ဘူး။ ဗဟုသုတ အခြေခံလည်း ရပြီးသားဖြစ်တယ်။ လူ့သဘော၊ လောကသဘော၊ ပညာရပ်တွေရဲ့သဘော၊ အတတ်ပညာတွေရဲ့ သဘာဝကိုလည်း နားလည်သွားတယ်။ သူ့ခေါင်းထဲမှာ အထွေထွေအသိကို ထည့်ပေးလိုက်တာ။ ဘက်ပေါင်းစုံကနေ ချည်းကပ်တွေးခေါ်တတ်အောင် လုပ်ပေးလိုက်တာ။ ဖြစ်ရပ်တစ်ခုကို ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားနိုင်အောင် လေ့ကျင့်ပေးလိုက်တာ။ အကယ်၍ ဆက်လက်သိနားလည်ချင်တာရှိရင် ဆက်လက်လေ့လာနိုင်ဖို့ how to learn ဆိုတဲ့ နည်းနာကို ပေးလိုက်တာ။ ဒီဟာကို ကိုယ့်ဘာသာကိုယ်အားထုတ်ပြီးတော့ ဆွဲဆန့်ပေတော့ ဆိုတဲ့သဘော။ ဒီအထဲမှာ အနုပညာကို ထည့်သွင်းတယ်၊ အစုအဖွဲ့နဲ့အလုပ်လုပ်တတ်အောင် ထည့်သွင်းပေးလိုက်တယ်၊ စဉ်းစားတွေးခေါ်တတ်အောင် ထည့်သွင်းပေးလိုက်တယ်၊ ဆွေးနွေးဖလှယ်ခြင်းဓလေ့နဲ့ ယဉ်ပါးအောင် လုပ်ပေးလိုက်တယ်။ ဒါဟာ လစ်ဘရယ်ပညာရေးရဲ့ အခြေခံသဘောပါပဲ။

ကိုယ့်ထူးကို ချွန်ပစ်လိုက်

ဒီတော့ ကျနော်တို့ နိုင်ငံမှာ လစ်ဘရယ်ပညာရေး မဖြစ်ထွန်းဘူး။ ကျောင်းမှာလည်း မဖြစ်ထွန်းဘူး။ အိမ်မှာလည်း မဖြစ်ထွန်းဘူး။ ဘုန်းတော်ကြီးသင်ကျောင်းတွေမှာလည်း မဖြစ်ထွန်းဘူး။ တက္ကသိုလ်တွေမှာလည်း မဖြစ်ထွန်းဘူး။ ဒီတော့ ကျနော်တို့က နီးစပ်ရာ စာအုပ်တွေ လျှောက်ဖတ်ပြီး ကိုယ့်ဘာသာကို လုပ်ရတယ်။ ကိုယ်တိုင်ရှာပညာရေးပေါ့။ ဒါကို self-education လို့ ခေါ်ချင်ခေါ်။ နီးစပ်ရာ စာအုပ်တွေ ရှာဖတ်ရတယ်၊ လက်လှမ်းမီတဲ့စာအုပ်တွေကို လျှောက်ဖတ်ရတယ်။ ဒီလိုနဲ့ ဟိုလျှောက်ဖတ်၊ ဒီလျှောက်ဖတ် လုပ်ရင်း တဖြည်းဖြည်းနဲ့ သိနားလည်မှုဟာ စုမိလာတယ်၊ ဆောင်းမိလာတယ်။ ဒါကို တစ်နှစ် နှစ်နှစ် သုံးနှစ်လောက် တစိုက်မတ်မတ် လုပ်လာတဲ့အခါ၊ ကိုယ့်ခေါင်းထဲမှာ အသိထုထည်က ကြီးလာတယ်၊ မြင့်လာတယ်။ ဒီလိုနဲ့ တဖြည်းဖြည်း ကိုယ့်အသိကို ကိုယ် ချွန်ရ၊ သရတာပဲ ဖြစ်ပါတယ်။

စာရေးဆရာတိုင်းလိုလိုဟာ ကိုယ်တိုင်ရှာပညာရေးကို အဆက်မပြတ် လုပ်နေရတယ်။ အထူးသဖြင့် အသက်ကြီးလာလေလေ၊ ဆက်လက်လုပ်ရလေလေပဲ။ တချို့ကတော့ စာရေးတာ ရပ်သွားတယ်။ ဒီလိုလူတွေကတော့ ဖြည့်တာ ရပ်ကောင်းရပ်သွားတာ ဖြစ်ချင်ဖြစ်မယ်။ အသက်ကြီးရင့်တဲ့အထိ ရေးနေသားနေတဲ့သူတွေကတော့၊ သူတို့ရဲ့က အလေ့အထမှာ ဖတ်တာမှတ်တာကို အမြဲတမ်း မပြတ် လုပ်နေသူတွေ ဖြစ်တယ်ဆိုတာ တွေ့ရတယ်။ ဒါမှလည်း ရေးနိုင်သားနိုင်မှာကိုး။

ဒီနေရာမှာ ….

- ကိုယ်ရှာဖွေခဲ့သမျှ၊
- ကိုယ်စုဆောင်းခဲ့သမျှ၊
- ကိုယ်ဖတ်မှတ်ခဲ့သမျှသော

စာအုပ်စာပေတွေဟာ ကိုယ့်ဦးနှောက်ထဲ၊ ကိုယ့်နှလုံးသားထဲ၊ ကိုယ့်စိတ်ထဲ၊ ကိုယ့်အသွေးအသားထဲကို ခေတ်သတ္တိတစ်ခုအနေနဲ့ ကျန်ခဲ့တယ်။ ကိုယ်လေ့လာဆည်းပူးခဲ့သမျှကို အားလုံး လုံးစေ့ပတ်စေ့ မမှတ်မိနိုင်တော့ဘူး။ ဒါပေမယ့် သဘောကို သိနေတယ်၊ သဘာဝကို သိနေတယ်၊ အကြမ်းဖျင်း နားလည်ထားတယ်၊ ယေဘုယျ သိထားနေတယ်။ ဒါဟာ ရည်ညွှန်းအသိ၊ ရည်ညွှန်းဗဟုသုတရဲ့ သဘောပါပဲ။

ဖတ်တော့ ဖတ်ဖူးတယ်၊ ဒါပေမယ့်….

ဒါ့ကြောင့် ကိုယ်ရေးမယ့်စာမှာ အကြောင်းအရာအားဖြင့်၊ အချက်အလက်အားဖြင့်၊ အဖြစ်အပျက်အားဖြင့် တစ်ခုခုကို တိတိကျကျ သိဖို့ လိုလာတယ်၊ တစ်ခုခုကို ရှင်းရှင်းလင်းလင်း တင်ပြဖို့ လိုလာတယ်၊ တစ်ခုခုကို ပြတ်ပြတ်သားသား ကိုးကားဖို့ လိုလာတယ်ဆိုရင် ကိုယ်ဖတ်ဖူး၊ မှတ်ဖူး၊ ကိုယ်လေ့လာဖူး၊ ကိုယ်ဆည်းပူးဖူးတဲ့ စာအုပ်တွေ၊ ဘာသာရပ်တွေ၊ ကဏ္ဍတွေကို ပြန်ရှာရတာပါပဲ။ အဲသည်အခါမှာ ဘာဖြစ်တတ်သလဲဆိုတော့….

- သိတော့ သိနေတယ်၊ ဒါပေမယ့် ဘယ်မှာ ရေးထားမှန်း မသိတော့ဘူး၊
- ဖတ်တော့ ဖတ်ဖူးတယ်၊ ဒါပေမယ့် ဘယ်သူရေးမှန်း မသိဘူး၊
- ဒါတော့ လေ့လာဖူးတယ်၊ ဒါပေမယ့် ဘယ်စာအုပ်မှန်း မသိဘူး၊
- ဒါကို တွေ့ဖူးပါတယ်၊ ဒါပေမယ့် ဘယ်မှာတွေ့ဖူးတယ်လို့ မမှတ်မိတော့ဘူး….

စတာတွေ ဖြစ်လေ့ ရှိတယ်။ ဖြစ်တတ်တယ်။

ဒါဟာ ဘာကို ပြသလဲဆိုရင်၊ မရေရာတဲ့ ရည်ညွှန်းသုတသာ ရှိကြောင်း ပြနေပါတယ်။ စာရေးမယ့်သူဟာ ရေရာတဲ့ ရည်ညွှန်းသုတ ရှိရတယ်။ ရှိရုံနဲ့ မလုံလောက်သေးဘူး။ များများ ရှိရတယ်။ ဒါ့ကြောင့် ဗဟုလို့ ပြောတာ။ ရည်ညွှန်းဗဟုသုတ။ ရည်ညွှန်းနိုင်၊ ကိုးကားနိုင်တဲ့ များပြားသော အကြားအမြင် ရှိမှုကို ဆိုလိုတာဖြစ်ပါတယ်။ အထူးသဖြင့် သုတ စာရေးဆရာဆိုရင် ပိုလို့တောင် လိုအပ်ပါတယ်။

သဘောထားမှန်ကူကွက်တွေ

ကျနော်ဟာ နိုင်ငံရေးဆောင်းပါးတွေ ရေးတယ်၊ လူမှု - နိုင်ငံရေးနဲ့ သက်ဆိုင်တဲ့ အကြောင်းအရာတွေလို့ ပြောရင် ပိုမှန်တယ်။ ဆောင်းပါး အမျိုးအစားတွေက opinion articles လို့ခေါ်တဲ့ သဘောထားထင်မြင်ချက် ဆောင်းပါးတွေ ဖြစ်ပါတယ်။ ဒီအထဲမှာ အတွေးအမြင် ပုံစံတွေ ပါတယ်။ သမိုင်းနောက်ခံ ဆောင်းပါးမျိုးတွေ ပါတယ်။ စာပေ အမြင် အယူအဆ ဆောင်းပါးတွေ ပါတယ်။ ကိုယ်ရည်ကိုယ်သွေးမြှင့်တင်ရေးဆောင်းပါးတွေ ပါတယ်။ ကိုယ်ကျင့်တည့် မတ်ဖို့ ရေးတဲ့ ဆောင်းပါးတွေ ပါတယ်။ ဘာသာရေးနဲ့ လူမှု-နိုင်ငံရေး ဆက်စပ်ပြတဲ့ ဆောင်းပါးမျိုးတွေ ပါဝင်ပါ တယ်။ အဲသည့်အခါ ရည်ညွှန်းဗဟုသုတ ရှိခြင်း မရှိခြင်း၊ ကြွယ်ဝခြင်း မကြွယ်ဝခြင်းဟာ သိပ်စကားပြောပါတယ်။

သဘောထားထင်မြင်ချက်တွေကို ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း တိတိကျကျနဲ့ စဉ်းစားနိုင်ဖွယ်ရာ၊ ဆင်ခြင်စရာဖြစ်အောင် ရေးနိုင်ဖို့အတွက် ဘက်ပေါင်းစုံက တင်ပြချက်တွေကို ရှာဖတ်ရပါတယ်။ ကိုယ့် အတ္တနောမတိနဲ့ ကိုက်တဲ့စာတွေချည်းပဲ ဖတ်လို့ မရဘူး။ အထူးသဖြင့် ဝိရောဓိ သဘောဆောင်တဲ့ စာအုပ်တွေကို နှိုင်းယှဉ်ပြီး ဖတ်ရပါတယ်။ ထောင့်ပေါင်းစုံက ကြည့်နိုင်ဖို့၊ ဘက်ပေါင်းစုံက ထောင့်ကိုယ်စီမှာ ရပ်ခံတင်ပြထားတဲ့ စာအုပ်တွေကို ယှဉ်ပြီး ဖတ်ရတယ်။ ဒါမှသာ သဘောထားမှန်ကူကွက်တွေကို စုံအောင် မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒီတော့ စုဆောင်းထားတဲ့စာအုပ်တွေထဲမှာ အင်တီ/ပရို ... စတဲ့စာအုပ်တွေ အစုံစုံ ရှိနေပါတယ်။ ဒီလိုလည်း ရှိထား မှ ရပါတယ်။ ဒါပေမယ့် စာကို ဈာန်ဝင်စားစွာ ရေးနေတုန်း၊ အချက်အလက်အားဖြင့် လိုတယ်ဆိုရင် အခန်းရဲ့ ဘယ်နားမှာ ထားတဲ့ ဘယ်စာအုပ်စင်ပေါ်က ဘယ်အတန်းမှာ ဘာစာအုပ်ကို ကောက်လှန်ရမယ်ဆိုတာကို ချက်ချင်း လက်ငင်း ခေါင်းထဲမှာ လင်းခနဲ သိပြီး လိုတဲ့စာအုပ်ကို ဆွဲယူပြီး သက်ဆိုင်ရာ အခန်းနဲ့ စာမျက်နှာကို ကောက်လှန်နိုင်ဖို့ကတော့ ရည်ညွှန်းဗဟုသုတမှာ အတော် ကြေကြေလည်လည် လုပ်ထားနိုင်မှ ရပါလိမ့်မယ်။ ပြီးတော့ ဒါနဲ့ ပြီးသလား ဆိုတော့ မပြီးသေးပါဘူး။

ဂတိကပ်ငြိခြင်း သဘောကို နားလည်

အကြောင်းအရာအားဖြင့် တူညီတဲ့စာအုပ်မျိုးဆိုရင်တောင် ရေးသူ ကွဲပြားတာမို့၊ စာရေးတဲ့သူဟာ ကိုယ် ရည်ညွှန်း ကိုးကား ဖတ်တဲ့ စာရေးဆရာရဲ့ စိတ်သဘောအနက်ကိုလည်း တီးမိခေါက်မိ ရှိရပါသေးတယ်။ ဒီစာရေးဆရာက တော့ ဘယ်ဘက်ကို ပိုယိမ်းတတ်တယ်၊ ဟိုစာရေးဆရာကတော့ ဘယ်ဘက်ကို ဖိရေးတတ်တယ်၊ ဖော့ရေးတတ် တယ်၊ ဘယ်ဘက်ကိုတော့ တစ်ဖက်စောင်းနင်း မှတ်ယူထားတဲ့အမြင် ရှိတယ်ဆိုတာကို နားလည်ထားရမှာ ဖြစ်ပါတယ်။ ဒါကို နားလည်ဖို့အတွက် စာဖတ်ရုံနဲ့ မရပါ။ စာသမားတွေရဲ့ အသိုင်းအဝိုင်းကို တိုးဝင်ရပါတယ်။ စာသမားအချင်းချင်း ဆွေးနွေးရင်း၊ ငြင်းခုန်ရင်း၊ ဖလှယ်ရင်း၊ လက်တို့ရင်း၊ မျှဝေရင်းနဲ့ သိနားလည်ရတဲ့ အသိဟာ တန်ဖိုး ရှိပါတယ်။ စာရေးမယ့်သူ အဖို့ ဒီလို အသိမျိုးဟာ ပိုလို့ လိုအပ်ပါတယ်။

ကျနော်ဟာ သုတေသီ မဟုတ်ပါ။ သို့သော်လည်း သုတေသီတို့ ပြုမူတဲ့ အလေ့အကျင့်တွေကို ကျင့်ဆောင်ရတယ်။ အဲဒါကတော့....

- အချက်အလက်တွေကို ရှာဖွေစုဆောင်းတာ။

- စုဆောင်းထားတဲ့ အချက်အလက်တွေကို သရုပ်ခွဲ စိစစ်တာ။
- သဘောထားအမြင်တွေကို နှိုင်းယှဉ်လေ့လာတာ။
- ဆင်တူကြောင်းကွဲ ဖြစ်ရပ်တွေကို ခွဲခြားသိမြင်အောင် လုပ်တာ။
- သီအိုရီနဲ့ လက်တွေ့တွေ ဖြစ်ရပ်တွေကို ပေါင်းစပ်တာ။
- ဥပမာ အခြင်းအရာတွေနဲ့ ဖွဲ့စည်းတည်ဆောက်တာ။
- ဆက်စပ်တင်ပြတာ၊
- ခွဲခြားပိုင်းဖြတ်တာ၊
- သုံးသပ်တင်ပြတာ၊
- နှိုင်းယှဉ်ဝေဖန်တာ

စတာတွေကို လုပ်ရပါတယ်။ အချုပ်ကတော့… အဖြစ်ရယ် အပျက်ရယ်ကို ကြောင်းကျိုးဆက်စပ်တာဖြစ်ပါတယ်။ ဒီနေရာမှာ တချို့ကို ထိအောင် ချိတ်ရတယ်။ တချို့ကတော့ ခိုင်မှ ဖြစ်မှာမို့ ဆက်ရတယ်။ သုတေသနမှာ … ပုတီးလို မသီနဲ့ သံကွင်းလို ဆက်… ဆိုတာ ရှိပါတယ်။ ဒီတော့ ရေးသားတင်ပြပုံမှာ ပုတီးလို သီတာထက် သံကွင်းလို ချိတ်ဆက်မိအောင် လုပ်ရပါတယ်။ ဒီ့အတွက် သဘောတရားအားဖြင့်၊ အချက်အလက်အားဖြင့် နားလည်သဘော ပေါက်ထားဖို့ လိုပါတယ်။ ဒါဟာ ဘာလဲဆိုတော့…. သုတေသနကဲ့သို့သော ရေးသားတင်ပြမှုတွေအတွက် အသုံးဝင်တဲ့ ရည်ညွှန်းဗဟုသုတပဲ ဖြစ်ပါတယ်။ ရည်ညွှန်းဗဟုသုတ အားကောင်းရင် ပိုလို့ ကွင်းဆက်မိအောင် ချိတ်ဆက်နိုင် စွမ်း ရှိတယ်။ ဖြစ်ရပ်တွေကို ဆက်စပ်တင်ပြတာ၊ နှိုင်းယှဉ်တင်ပြတာမှာ ပိုလို့ တိကျသေချာတဲ့ ရေးသားချက်တွေ လုပ်နိုင်မယ်။ နိဂုံးကောက်ချက်တွေအတွက် သုံးသပ်ချက်တွေ ပြုလုပ်ရင်လည်း စူးရှ ထိမိတဲ့ သုံးသပ်ချက်မျိုးတွေ တင်ပြနိုင်မယ်။ ဒါဟာ သုတေသနအခြေပြုဆောင်းပါး (evidence-based article) တွေ ရေးတဲ့နေရာမှာ ရည်ညွှန်းဗဟုသုတက ကျေးဇူးပြုတဲ့သဘောအနက်ဖြစ်ပါတယ်။

နံနက် ၀း၁၀ မိနစ်

၂၊ အောက်တိုဘာ၊ ၂၀၂၁။

အတ္ထုပ္ပတ္တိရေးကြသူတွေ

❷ အောက်တိုဘာ ❷ ⓪ ❷ ❶

အတ္ထုပ္ပတ္တိတွေကို စာရေးဆရာတွေ၊ ပညာရှင်တွေ ရေးလေ့ရှိပါတယ်။ ကိုယ့်အကြောင်း ကိုယ်ရေးတော့ အော်တိုဂရပ်ဖီ (autography) ပေါ့။ သူများအကြောင်း တခြားသူ ရေးထားတာတွေကိုတော့ ဘိုင်အိုဂရပ်ဖီ (biography) ပေါ့။

ဘဝဇာတ်ကြောင်း တစ်ခုလုံး အစုံအလင် မဟုတ်သော်လည်း ဇာတ်ကွက်နဲ့ အဖြစ်အပျက် တချို့၊ အချွတ္တနဲ့ စိတ်နေသဘောထားတချို့ကို ဖမ်းယူ ခြယ်မှုန်းထားတဲ့စာကိုတော့ ရုပ်ပုံလွှာပေါ့။ ဒဂုန်တာရာရဲ့ ရုပ်ပုံလွှာ။ ဒေါက်တာမောင်မောင်ရဲ့ သက်ရှိရာဇဝင်။ မြသန်းတင့်ရဲ့ အညတရ ရုပ်ပုံလွှာများ၊ ခေတ်ပြိုင်ရုပ်ပုံလွှာများ။ ရုပ်ပုံလွှာတွေဟာ ကိုယ်ရေးအကျဉ်းတွေ စုထားတဲ့ စာအုပ်နဲ့ မတူပါဘူး။ ရုပ်ပုံလွှာတွေမှာ ထူးခြားချက်က အတ္ထုပ္ပတ္တိလို ရှည်ရှည်လျားလျား ထူထူထဲထဲ များများစားစားကြီး မဟုတ်ပေမယ့်၊ ရေးထားသမျှ ဘဝဖြစ်ရပ် အပိုင်းအစထဲမှာ အညွှန်းခံပုဂ္ဂိုလ်ရဲ့ ဝိညာဉ်ကို ကောင်းကောင်း ဖမ်းဆုပ်မိနိုင်တယ်။ အတ္ထုပ္ပတ္တိဆိုတာ ကြီးကြီးကျယ်ကျယ် လူကြီးလူကျယ် ဖြစ်မှ အတ္ထုပ္ပတ္တိစာရင်း ဝင်တယ် မဟုတ်ပါ။ လူ့ဘဝဇာတ်ကြောင်းကို ရေးပြထားရင် အတ္ထုပ္ပတ္တိစာရင်း ဝင်နိုင်ပါတယ်။ သို့သော် ရေးသားပုံတွေတော့ မတူနိုင်ဘူးပေါ့။ ထင်ရှားကျော်ကြား ခဲ့သူ (သို့မဟုတ်) သမိုင်းဝင်ပုဂ္ဂိုလ်ကျော်တွေ (သို့မဟုတ်) လူကျော်လူတော်တွေရဲ့ အကြောင်းကို ….

- ဘယ်နေ့မှာ မွေးတယ်၊
- ဘယ်ဇာတိဖြစ်တယ်၊
- ဘယ်ကျောင်းက ထွက်တယ်၊
- ဘယ်ပညာတော်သင်တယ်၊
- ဘယ်အဖွဲ့အစည်းဝင်တွေ ဖြစ်ခဲ့ဖူးတယ်၊
- ဘယ်လို တာဝန်ကြီးကြီးတွေ ထမ်းခဲ့ဖူးတယ်၊
- ဘယ်လို ဘွဲ့တွေ ရခဲ့ဖူးတယ်၊
- ဘယ်လို ဆုတံဆိပ်တွေ ချီးမြှင့်ခံရတယ်၊
- ဘယ်စာအုပ်တွေ ဘယ်လို ကျမ်းမျိုးတွေ ရေးသားပြုစုခဲ့တယ်၊
- ဘယ်မြို့ ဘယ်ရွာ ဘယ်နေ့ရက်မှာ ကွယ်လွန် အနိစ္စရောက်တယ်

ဆိုတာတွေဟာ ကိုယ်ရေးအကျဉ်းဆန်ဆန် ပြုစုတဲ့ အတ္ထုပ္ပတ္တိစုစည်း စာအုပ်တွေမှာ တွေ့နိုင်ပါတယ်။ ဒါတွေဟာ အချက်အလက်အားဖြင့် စုစည်းထားတာမို့ အချက်အလက် တန်ဖိုးအားဖြင့်တော့ မြင့်မားတယ်။ သို့သော်လည်း ခံစားလို့ မရဘူး။ လူတစ်ယောက်ရဲ့ အရွတ္တကို ဖမ်းဆုပ် တို့ထိကြည့်ဖို့ မလွယ်ဘူး။ သူ့စရိုက် နဲ့ စိတ်နေသဘောထားကို မခံစားမိနိုင်ဘူး။ တနည်းအားဖြင့် သူ့ဝိညာဉ်ကို ကိုယ်ရေးအကျဉ်းတွေ စုစည်းထားတဲ့ အချက်အလက်ထဲမှာ မတွေ့နိုင်ဘူး။ တစ်ကိုယ်တော် အတ္ထုပ္ပတ္တိတွေမှာတော့ အချက်အလက်ရော၊ ဘဝဇာတ်ကြောင်းရော၊ အရွတ္တရော၊ ကြိုးပမ်းထမ်းရွက်ခဲ့မှုတွေရော အကုန်ရောပြွမ်းပြီး တွေ့နိုင်ပါတယ်၊ ဖတ်နိုင်ပါတယ်၊ ခံစားနိုင်ပါတယ်။ အတ္ထုပ္ပတ္တိဆရာ အရေးကောင်းရင်၊ အပြုစုကောင်းရင် အတ္ထုပ္ပတ္တိရှင်ရဲ့ ဝိညာဉ်ကိုပါ တွေ့ရှိနိုင်လို့ ပိုလို့ ပြည့်စုံနိုင်တယ်။ တချို့ကျတော့လည်း ကိုယ့်အကြောင်း ကိုယ်ရေးတဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတွေ ရှိတယ်။

အော်တိုဂရပ်ဖီ စာရင်း

ပီမိုးနင်းဟာ ပီမိုးနင်း၏ပီမိုးနင်း ဆိုတဲ့ နာမည်နဲ့ သူ့ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကို ရေးသွားတယ်။ ဆရာကြီး ရွှေဥဒေါင်းကလည်း တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ ဆိုတဲ့ နာမည်နဲ့ သူ့ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိကြီး ကို စီရင်ခဲ့တာပါပဲ။ ဆရာတော် အရှင်ဇနကာဘိဝံသကလည်း တစ်ဘဝသံသရာ ဆိုတဲ့ ကိုယ်ရေးထေရုပ္ပတ္တိကို ရေးသားခဲ့တာပါပဲ။ သိန်းဖေမြင့်ဟာ အရှေ့က နေဝန်းထွက်သည့်ပမာ ဆိုတဲ့ သမိုင်းနောက်ခံဝတ္ထုကြီးကို ရေးရင်း သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိသဖွယ် တင်ပြသွားခဲ့ဖူးပါတယ်။ ဒဂုန်တာရာဟာ ဒဂုန်တာရာ၏ ဒဂုန်တာရာ နာမည်နဲ့ ဆိုတဲ့ သူ ငယ်ရွယ်သေးတဲ့အချိန်ကာလအထိ သူ့ အတ္ထုပ္ပတ္တိကို ရေးသွားခဲ့ဖူးပါတယ်။ မဟာဆွေက မဟာဆွေ၏ မဟာဆွေ နာမည်နဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိရေးသွားခဲ့တယ်။ ဦးနုဟာ တာတေစနေသား ဆိုတဲ့ နာမည်နဲ့ သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိကို ရေးသွားခဲ့တယ်။ ဦးဗဆွေက ကိုယ်တိုင်ရေးမှတ်တမ်းဆိုတဲ့ နာမည်နဲ့ သူ့ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကို ရေးသွားခဲ့တယ်။ ဦးချမ်းသာက ကျွန်တော်အိုင်စီအက် ဆိုတဲ့ နာမည်နဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ရေးသွားခဲ့တယ်။ ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောက ဆိုင်းစုမှသည် မန်ဟိုင်းဆီသို့ ဆိုတဲ့နာမည်နဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိရေးသွားခဲ့ဖူးတယ်။ ဗိုလ်မှူးချစ်ကောင်းကတော့ အနှစ် နှစ်ဆယ်နာမည်နဲ့ သူ့ ကိုယ်ရေးအတ္ထုပ္ပတ္တိကို ရေးသွားခဲ့တယ်။ မောင်ထွန်းသူက ကျွန်တော့်ဘဝ နှစ်လောက နာမည်နဲ့ သူ့ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကို ရေးသွားခဲ့တယ်။ ဟံသာဝတီ ဦးဝင်းတင်က သူ့ရဲ့ ကိုယ်တိုင်ပြောအတ္ထုပ္ပတ္တိကို ထုတ်ဝေခဲ့တယ်။ ဦးချစ်လှိုင်က ကိုကိုမောင်ကြီး ကလောင်နဲ့ ကျွန်တော်သိသော တရုံရောအခါများ စာအုပ်ကို ရေးသွားခဲ့တယ်။ ဆန်းလွင်က ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ဆည်းကပ်လာသူ တစ်ယောက် အကြောင်း ဆိုတဲ့ နာမည်နဲ့ သူ့ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိကို ရေးသွားခဲ့တယ်။ ဒေါက်တာသန်းထွန်းဟာ ငါပြောချင်သမျှ ငါ့အကြောင်း ဆိုတဲ့ နာမည်နဲ့ သူ့ ဘဝဇာတ်ကြောင်းကို အကျဉ်းမျှ ရေးသွားခဲ့တယ်။ ဗိုလ်ချုပ်တင့်ဆွေက တင့်ဆွေ (ဖျာပုံ) ဆိုတဲ့ကလောင်နဲ့ ကျောပိုးအိတ်လေးကို ချီကာလွယ် နာမည်နဲ့ သူ့ ဘဝဇာတ်ကြောင်းကို ရေးခဲ့တယ်။ ဗိုလ်ထွန်းကြည်က ထွန်းကြည် (မုံရွာ) ဆိုတဲ့ ကလောင်နဲ့ နှစ် (၅၀) ကျော် ကိုယ်တွေ့များ စာအုပ်ကို အတွဲ (၅) တွဲခွဲပြီး ရေးသားခဲ့တယ်။ ဆရာကျော်ဝင်းဟာ ပျောက်ဆုံးသွားသော မျိုးဆက်တစ်ခု ဆိုတဲ့ နာမည်နဲ့ ပ-ဒု-တ အတွဲ

သုံးတွဲ ခွဲပြီး ဝတ္ထုဆန်ဆန် သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိကို ရေးခဲ့တယ်။ ဆရာ မောင်မောင်စိုးဟာ နှင်းဆီနီနီအိပ်မက်များ ဆိုတဲ့ နာမည်နဲ့ ခုနှစ်အပိုင်းအခြားအလိုက် သူ့ ဘဝဇာတ်ကြောင်း ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိကို ရေးခဲ့တယ်။

ဘိုင်အိုဂရမ်ဖီ စာရင်း

တခြားသော လူတစ်ယောက်က တခြားသော လူတစ်ယောက်ရဲ့ အတ္ထုပ္ပတ္တိကို ရေးသားတာတွေလည်း အစုံအလင် ပဲ ရှိပြီးပါပြီ။ ဒေါက်တာတိုးလှက မင်းကွန်းဆရာတော်ကြီးရဲ့ ထေရုပ္ပတ္တိက ရေးသားပြုစုခဲ့တယ်။ ဦးဃောသိတက မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသရဲ့ ထေရုပ္ပတ္တိကို တစ်ဘဝသာသနာ ဆိုတဲ့အမည်နဲ့ ဦးစီးပြုစုရေးသား ခဲ့တယ်။ ထိုနည်းလည်းကောင်း မိုးကုတ်ဆရာတော်ကြီး ဦးဝိမလရဲ့ ထေရုပ္ပတ္တိကိုလည်း ပြုစုရေးသားခဲ့တယ်။ မင်းယုဝေက သီတဂူဆရာတော် အရှင်ဉာဏိဿရနဲ့ တိပိဋကဃောဆရာတော်တို့ရဲ့ ထေရုပ္ပတ္တိကို ပြုစုရေးသားခဲ့တယ်။ မလေးလုံက ဘသက်ရှည်ဆိုတဲ့နာမည်နဲ့ ဦးဖေမောင်တင်ရဲ့ အတ္ထုပ္ပတ္တိကို ပြုစုရေးသားခဲ့တယ်။ လူထုဒေါ်အမာက ရွှေမန်းတင်မောင်နဲ့ သခင်ကိုယ်တော်မှိုင်း အတ္ထုပ္ပတ္တိကို ပြုစုရေးသားခဲ့တယ်။ ဝမ်းအိုဝမ်း ကျော်ဝင်းမောင်က ဦးရာဇာတ်ရဲ့ အတ္ထုပ္ပတ္တိကို ပြုစုရေးသားတယ်။ ဂျာနယ်ကျော်မမလေးက သူ့ခင်ပွန်းဟောင်း ဂျာနယ်ကျော်ဦးချစ်မောင်အကြောင်း သူလိုလူ နာမည်နဲ့ အတ္ထုပ္ပတ္တိရေးသားခဲ့တယ်။ ဒေါက်တာကျော်စိန်က ဆရာဇော်ဂျီရဲ့ စာပေအတ္ထုပ္ပတ္တိကို ရေးသားပြုစုခဲ့တယ်။ မောင်ထင်က ယောမင်းကြီး ဦးဘိုးလှိုင် အတ္ထုပ္ပတ္တိကို ပြုစုရေးသားခဲ့တယ်။ လှကွန့်က ဘေပုရှိန် နာမည်နဲ့ ဦးဘဘေ၊ ဦးပု၊ ဦးထွန်းရှိန်တို့ အတ္ထုပ္ပတ္တိကို ရေးသားပြုစုခဲ့တယ်။ တက္ကသိုလ်စိန်တင်က ဦးနု၊ ဦးသန့်နဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ရဲ့ အတ္ထုပ္ပတ္တိတွေကို ရေးသားပြုစုခဲ့တယ်။ ဆရာ ကျော်ဦးက စာရေးဆရာ ဒါရိုက်တာ ဦးသုခရဲ့ အတ္ထုပ္ပတ္တိကို ရေးသားပြုစုခဲ့တယ်။ ပါရဂူက မြသန်းတင့် အကြောင်း စာအုပ်ရေးခဲ့ဖူးတယ်။ သိန်းဖေမြင့်က ကျော်ငြိမ်း အကြောင်း စာအုပ်ရေးခဲ့ဖူးတယ်။ ဒေါက်တာမောင်မောင်က ဗိုလ်ချုပ်ကြီးနေဝင်း အတ္ထုပ္ပတ္တိကို ရေးသားခဲ့တယ်။ မြင့်သူက ဗိုလ်ချုပ်ကြီးစိုးဝင်း အတ္ထုပ္ပတ္တိကို ရေးသားခဲ့တယ်။ အောင်ဇံက ကွန်မြူနစ်ခေါင်းဆောင်တွေ ဖြစ်တဲ့ မော်စီတုန်း၊ တိန်ရှောက်ဖိန်၊ ချူအင်လိုင်း၊ ချေဂွေဗားရား၊ ကားမာ့က်စ် နဲ့ လီနင်တို့ရဲ့ အတ္ထုပ္ပတ္တိတွေကို ပြုစုရေး သားခဲ့တယ်။ လင်းယုန်မောင်မောင်က ဟစ်တလာရဲ့ အတ္ထုပ္ပတ္တိကို ပြုစုရေးသားခဲ့တယ်။ ထွန်းသစ်က မူဆိုလီနီရဲ့ အတ္ထုပ္ပတ္တိကို ရေးသားပြုစုခဲ့တယ်။ တောင်တွင်းကိုကိုကြီးက ဂေါ်ကီရဲ့ အတ္ထုပ္ပတ္တိကို ရေးသားပြုစုခဲ့တယ်။ မြသန်းတင့်က အီယာအာရင်ဘတ်ရဲ့ ဘဝဇာတ်ကြောင်း အတ္ထုပ္ပတ္တိကို ဘာသာပြန်ခဲ့တယ်။ ဒေါက်တာတိုးလှက မဟတ္တမဂန္ဒီရဲ့ အတ္ထုပ္ပတ္တိကို ဘာသာပြန်ခဲ့တယ်။ မင်းကျော်စွာက မင်ဒဲလားရဲ့ အတ္ထုပ္ပတ္တိကို ဘာသာပြန်ခဲ့တယ်။ တော်ကောင်းမင်းက တရုတ်သမ္မတ ကျန်ဇီမင်းရဲ့ အတ္ထုပ္ပတ္တိကို ဘာသာပြန်ခဲ့တယ်။ ရောဘက်တေလာက ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ အတ္ထုပ္ပတ္တိကို ရေးသားပြုစုခဲ့တယ်။ ရစ်ချက်ဘတ်ဝဲလ်က ဦးနုရဲ့ အတ္ထုပ္ပတ္တိကို ရေးသားပြုစုခဲ့တယ်။ ဒေါက်တာခင်လကျ်ာက သူ့ဖခင် ဗိုလ်လကျ်ာရဲ့ အတ္ထုပ္ပတ္တိကို ဖေဖေဗိုလ်လကျ်ာဆိုတဲ့ ရေးသားပြုစုခဲ့တယ်။ ပါမောက္ခချုပ်ဆရာတော် စာချဆရာတော် ဘဝ အသက်ငယ်စဉ်မှာ ရွှေဟင်္သာဆရာတော်ကြီးရဲ့ ထေရုပ္ပတ္တိကို ပြုစုရေးသားခဲ့တယ်။ ဝဏ္ဏသီရိက ရှင်အာနန္ဒာရဲ့ ထေရုပ္ပတ္တိကို ပြုစုရေးသားခဲ့တယ်။ မင်းကွန်းဆရာတော်ကြီးက ဂေါတမဗုဒ္ဓ ဘုရားရှင်ရဲ့ ဗုဒ္ဓ အတ္ထုပ္ပတ္တိကို

မဟာဗုဒ္ဓဝင် (၈) တွဲ ဦးစီးရေးသားပြုစုခဲ့တယ်။ ဒီဘက်ခေတ်မှာတော့ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသက ခေတ်နဲ့ လျော်ညီတဲ့ ဗုဒ္ဓ အတ္ထုပ္ပတ္တိကို လောကသားတို့အတွက် မြတ်ဗုဒ္ဓရဲ့ ကြိုးပမ်းချက် ဆိုတဲ့ တရား အပိုင်းတွေကို ဟောကြားပြီး၊ စာအုပ်အဖြစ် ပြန်လည်ရေးသားထုတ်ဝေခဲ့တယ်။

- ဒီစာရင်းတွေထဲမှာ ကိုယ်ဖတ်ဖူးတာ ဘာတွေ ပါသလဲ။
- ကိုယ်စုဆောင်းထားတာ ဘာတွေ ပါသလဲ။
- ဖော်ပြမထားသေးတဲ့ အတ္ထုပ္ပတ္တိ ကျမ်း အစောင်စောင် အမျိုးမျိုး အပြားပြား မြောက်မြားစွာ ကျန်ရှိနေပါသေးတယ်။
- စာရင်းကို စာလုပ်၍ ဖော်ပြလိုက်ပါတယ်။

ည ၇း ၁၅

၂၊ အောက်တိုဘာ၊ ၂၀၂၁။

ကျောက်ခဲမှ စိန်ခဲသို့

❸ အောက်တိုဘာ ❷❶❷❶

ဘဝမှာ၊ ကျနော့်ခေါင်းထဲမှာ လက်ခနဲ ဖြစ်စေတဲ့ အဆိုအမိန့် တချို့ ရှိခဲ့ပါတယ်။ အဆိုအမိန့်ဆိုတာထက်၊ စာအုပ်တွေထဲကနေ ရှာတွေ့တဲ့ ဒဿနဝါကျတိုတွေလို့ ပြောရင် ပိုမှန်ပါလိမ့်မယ်။ ကျနော်ဟာ စာအုပ်တွေထဲက စာပိုဒ်တွေ၊ ဝါကျတွေ၊ စာကြောင်းတွေ၊ အက္ခရာတွေ၊ စကားလုံးတွေ၊ ဝေါဟာရတွေကို ကျောက်စရစ်တွေကြားထဲ ရွှေစတွေ ရှာသလို၊ ကျောက်သဲဖြူးခဲတွေကြားမှာ စိန်အရိုင်းပွင့်တွေ လိုက်ရှာသလို အငမ်းမရ ရှာခဲ့ပါတယ်။ ဒီလို သဲကြီးမဲကြီး ရှာဖွေတဲ့အလုပ်ကို ကျနော် ငယ်ရွယ်စဉ် ဆယ်ကျော်သက်အရွယ်မှာ ပိုလို့ အားထုတ်ခဲ့ပါတယ်။ တခါတရံလည်း ကျနော် မထင်မှတ်ပဲ ကောက်ယူလိုက်မိတဲ့ ကျောက်စရစ်တုံးလေးတွေဟာ စိန်ပွင့်လေးတွေ ဖြစ်လို့။ ဒါဟာ ထီပေါက်တာထက် ပိုကျေနပ်စရာ ကောင်းပါတယ်။

ဒါဆို ခင်ဗျားတွေ့ခဲ့တဲ့ စိန်အရိုင်းတုံးလေးတွေက ဘာတွေလဲ။ ကျောက်စရစ်ခဲလေးတွေကြားမှာ ဘယ်လို သူတို့ ငုပ်လျှိုးနေခဲ့သလဲ။

ဒဿန (၁)

ပထမဆုံး ကျနော် အမြဲတမ်း ရှာဖွေနေခဲ့တဲ့ စိန်မိုင်းတွင်းထဲက စိန်နှစ်ပွင့် အကြောင်းကို ပြောချင်ပါတယ်။

- ငါဟာ ဒီအလုပ်ကို လုပ်ဖို့ လူဖြစ်လာရတာလို့ ပြောနိုင်တဲ့ အလုပ်ဟာ ဘယ်အလုပ်ဖြစ်မလဲ။

မဟာမြိုင်တောရဆရာတော် ဦးဇောတိကရဲ့ ကိုယ်ရည်ကိုယ်သွေးမြင့်မားစေရန်… ဆိုတဲ့ စာအုပ်ထဲက ဖြစ်ပါတယ်။ ဆရာတော်ဦးဇောတိကရဲ့ စာတွေထဲမှာ ကျနော့်ကို တိကျပြတ်သားရှင်းလင်းအောင် လုပ်ပေးခဲ့တဲ့ ဘဝဒဿန အမြင်တွေ အမြောက်အမြား ရှိခဲ့ပါတယ်။ ကျနော် ကောက်ယူပွတ်သပ်ကြည့်မိတဲ့ စိန်ရိုင်းတုံးတစ်တုံးဟာ အလုပ်နဲ့ ပတ်သက်ပြီး ကျနော် ရွေးချယ်ဆုံးဖြတ်ရမယ့် အရာကို လမ်းညွှန်ခဲ့ပါတယ်။ ကျနော်ဟာ ဖြစ်ချင်တာတွေ များခဲ့တယ်။ ငယ်ရွယ်စဉ်မှာ တက်ကြွစိတ်နဲ့ အားကျစိတ်တွေ များခဲ့တယ်။ ကိုယ်အားကျတဲ့အရာတိုင်းကို ကျနော် ဖြစ်ချင်စိတ် ပေါက်ခဲ့တယ်။ ဖြစ်ချင်စိတ်တွေ များ၊ ဖြစ်ချင်တာတွေ များလွန်းတာကြောင့် လုပ်တဲ့အလုပ်တွေက လည်း အမျိုးစုံလာတယ်။ ကြာတော့ လူဟာ ဟိုမရောက်ဒီမရောက်နဲ့ အုတ်ရောရောရော ကျောက်ရောရော ဖြစ်ခဲ့တယ်။ နောက်ဆုံး စာဖတ်ရင်တောင် ဦးတည်ချက်မရှိခဲ့။ ဖြစ်ချင်တာတွေ များပြီး သွားရမယ့် လမ်း၊ လျှောက်ရမယ့် ခရီးဟာ ထွေပြားတဲ့ စိတ်ဆန္ဒတွေနဲ့ ဟုံနေခဲ့တယ်။ ဒီဝဲသြဃထဲကနေ ကျနော်ဟာ ရုန်းထွက်နိုင်ခဲ့တယ်။

- ကျနော် လုပ်တဲ့အလုပ်တွေဟာ၊ တစ်ခုတည်းသော ရည်မှန်းချက်အတွက် ဗဟိုပြုလာနိုင်တယ်။
- ကျနော် ပြောတဲ့ စကားတွေဟာ တစ်ခုတည်းသော ဦးတည်ချက်အတွက် ကျေးဇူးပြုလာနိုင်တယ်။
- ကျနော် နေတဲ့ အသိုင်းအဝန်းဟာ တစ်ခုတည်းသော ဖွံ့ဖြိုးမှုအတွက် အထူးပြုလာနိုင်တယ်။
- ကျနော် လေ့လာတဲ့ ဘာသာရပ်တွေဟာ တစ်ခုတည်းသော ပန်းတိုင်အတွက် စုစည်းမိလာတယ်။
- ကျနော် ရေးတဲ့စာတွေဟာ တစ်ခု တည်းသော အရွေ့အတွက် အထောက်အပံ့ပေးလာနိုင်တယ်။
- ကျနော် ဖတ်တဲ့စာတွေဟာ တစ်ခုတည်းသော အကျိုးအတွက် ကောင်းကောင်းကျေးဇူးပြုလာနိုင်တယ်။ ဒါဟာ ကျနော့်ကို အုတ်ရောရော ကျောက်ရောရော လူအဖြစ်ကနေ ဆွဲထုတ်ပေးနိုင်ခဲ့တဲ့ ဒဿနမေးခွန်းတစ်ခုကြောင့်ပဲ ဖြစ်ပါတယ်။

အဲဒါကတော့၊ ဆရာတော် ဦးဇောတိက စာအုပ်ထဲက ဒဿနမေးခွန်းတစ်ခုကြောင့်ပဲ ဖြစ်ပါတယ်။

- ငါဟာ ဒီအလုပ်ကို လုပ်ဖို့ လူဖြစ်လာရတာလို့ ပြောနိုင်တဲ့ အလုပ်ဟာ ဘယ်အလုပ်ဖြစ်မလဲ။

ငါဟာ အသိပညာရှာဖွေခြင်းအလုပ်နဲ့ ရှာဖွေတွေ့ရှိထားတဲ့အသိပညာကို ဖြန့်ချီခြင်းအလုပ်ကို လုပ်ဖို့အတွက် လူဖြစ်လာရတာပါ။ အဲသည့်အတွက် ငါ စာဖတ်တယ်၊ ငါ စာရေးပါတယ်။

ဒဿန (၂)

နောက်တစ်ခုသော စိန်ရိုင်းတုံးတစ်တုံး ရှိပါသေးတယ်။

- ပြတ်သားတဲ့ ဦးတည်ချက် ရှိလိုက်တာနဲ့ စွမ်းအင်တွေ အလိုလိုရလာတယ်....တဲ့။

ပြတ်သားတဲ့ ဦးတည်ချက်၊ ပြတ်သားတဲ့ ဦးတည်ချက်။ ကျနော်တို့ဟာ အလုပ်တွေ အများကြီးလုပ်လေ့ရှိတယ်။ သို့ပေမယ့် ပြတ်ပြတ်သားသား ဦးတည်ချက် တစ်ခုထားပြီး လုပ်နေတာ မဟုတ်ဘူး။ ဘာအတွက် လုပ်နေတာလဲ၊ ဘာအတွက် ပြောနေတာလဲ၊ ဘာအတွက် သွားလာနေတာလဲ၊ ဘာအတွက် လေ့လာနေတာလဲ၊ ဘာအတွက် ဖတ်နေတာလဲလို့ ပြောရင် ယောင်ယောင်ဝါးဝါးပဲ ဖြစ်နေလေ့ရှိတယ်။ ကျနော်တို့ဟာ ပြတ်သားတဲ့ ဦးတည်ချက် တစ်ခုခုထားပြီး မလုပ်၊ မပြော၊ မဖတ်ကြသလို ကျနော်တို့ ပြောတဲ့၊ လုပ်တဲ့၊ ဖတ်တဲ့ အရာတွေကိုလည်း ပြတ်သား တဲ့ ဦးတည်ချက်အတွက် လုပ်နေ၊ ပြောနေ၊ ဖတ်နေကြတာ မဟုတ်ပါဘူး။ ဘာရယ် မဟုတ်၊ အချိန်ကုန်စေရုံ သက်သက်၊ အပျင်းပြေသက်သက်၊ အချိန်ဖြုန်းချင်ရုံသက်သက်၊ စိတ်အဆာပြေရုံသက်သက်၊ အကျိုးရှိလို့ ရှိငြား ဆိုပြီး လုပ်နေကြတာ များပါတယ်။ ဆရာတော် ဦးဇောတိကရဲ့ စာက ကျနော့်ကို ထိန်းမတ်ပေးခဲ့ပါတယ်။

- ပြတ်သားတဲ့ ဦးတည်ချက်ထားလိုက်တာနဲ့ ခွန်အားတွေ အလိုလိုရလာစေဖို့၊ ကျနော် လုပ်နိုင်ခဲ့တယ်။

တချို့သော အလုပ်တွေကို ကျနော် ရှင်းလင်းပြတ်သားတဲ့ ဦးတည်ချက် ထားပြီးလုပ်တယ်။ အဲသည့်အခါမှာ ကျနော် ခါတိုင်းလုပ်နေကျ အလုပ်တစ်ခုကပဲ ပိုပြီး အနှစ်သာရ ရှိလာတယ်လို့ ခံစားရတယ်။ လုပ်နေကျအလုပ်ကပဲ ကျနော့်ကို ပိုပြီး လေးနက်စေတယ်လို့ ခံစားလာရတယ်။ နောက်ပြီး ကျနော် လုပ်ဖို့ တုံ့ဆိုင်း တုံ့ဆိုင်း၊ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေတဲ့အလုပ်တွေအတွက် ပြတ်သားတဲ့ဦးတည်ချက် ထားလိုက်တဲ့အခါ၊ စွမ်းအင်တွေ အလိုလိုရလာတယ်။

ခွန်အားတွေ အလိုလိုရလာတယ်။ သတ္တိတွေ အလိုလို ရလာတယ်။ ကျနော် ရှာမတွေ့ဘူးထင်တဲ့ နည်းလမ်းတွေလည်း ရှာတွေ့လာတယ်။ ဒါဟာ ပြတ်သားတဲ့ဦးတည်ချက် တစ်ခုက ပေးတဲ့ စွမ်းအင်တွေ ဖြစ်ပါတယ်။ ဦးတည်ချက် တစ်ခုကို ပြတ်ပြတ်သားသား ထားဖို့ လွယ်သလိုလိုနဲ့ ခက်ပါတယ်။ တခါတရံ ကျနော်တို့ မပြတ်မသားဖြစ်နေတဲ့အရာတွေကြောင့် ကျနော်တို့မှာ ရှိတဲ့ ခွန်အားတွေ အလိုလို ကုန်သွားသလို ခံစားရတယ်။

ကျနော်တို့ ဦးတည်ချက်တစ်ခုခုကို ပြတ်ပြတ်သားသား ထားကြပါစို့။

ဒဿန (၃)

ကျနော် လုပ်နေကျ အလုပ်တစ်ခုခုကို ပို၍ အရည်အသွေးရှိအောင် တွန်းအားပေးခဲ့တဲ့ ဒဿနအဆိုအမိန့် တစ်ခုရှိပါတယ်။ လူငယ်ဆယ်ကျော်သက်တွေ အဖတ်များတဲ့ စာအုပ်တစ်အုပ်ထဲကပဲ ဖြစ်ပါတယ်။ ဖေမြင့် ရေးတဲ့ မဖြစ်နိုင်ဘူးဆိုတာ သေချာပြီလား…ဆိုတဲ့ စာအုပ်ထဲက ဖြစ်ပါတယ်။

- ကြေညက်အောင် ထွန်ယက်မထားတဲ့ လယ်ကွက်မျိုးမှာ ဘယ်တော့မှ သီးနှံကောင်းကောင်း မထွက်ဘူးကွ…ဆိုတဲ့ မိန့်မှာချက်ဖြစ်ပါတယ်။

ဒီအဆိုအမိန့်ဟာ ကျနော်လုပ်တဲ့အလုပ်တွေကို အပေါ်ယံ မလုပ်ဖို့၊ ပြီးကပစ် မလုပ်ဖို့၊ ဖြစ်ကတတ်ဆန်း မလုပ်ဖို့၊ ပြီးစလွယ် မလုပ်ဖို့ တွန်းအားပေးနေပါတယ်။ သတိပေးနေပါတယ်။ ကျနော်ဟာ ကိုယ်ဖြစ်ချင်၊ ကိုယ်လုပ်ချင်တဲ့ အလုပ်တစ်ခုအတွက် လေ့ကျင့်ရည်ဝဝ ဖြစ်အောင် လေ့ကျင့်သားဝထားရမယ်လို့ ခံယူတတ်လာပါတယ်။ ကိုယ်ဖတ်တဲ့အရာကိုလည်း အပေါ်ယံရှုပ်ပြီး မဖတ်ဖို့။ ကျနော် ဖြစ်ချင်တဲ့စာရေးဆရာ ဘဝကိုလည်း မည်ကာမတ္တ စာရေးဆရာဘဝနဲ့ နိဂုံးမချုပ်စေဖို့ သတိပေးနေခဲ့ပါတယ်။ အထူးသဖြင့် ကျနော်ဟာ စာတစ်ပုဒ်၊ ဆောင်းပါးတစ်ပုဒ် ရေးတဲ့အခါ စေတနာအားဖြင့် ၊ လုံ့လစိုက်ထုတ်မှုအားဖြင့် မလျော့သော စာတစ်ပုဒ်၊ ဆောင်းပါးတစ်ပုဒ် ဖြစ်အောင် ဒီအဆိုအမိန့်က ကျနော့်ကို မပြတ်သတိပေးနေပါတယ်။ ကျနော် အလုပ်တစ်ခု လုပ်ပြီးသွားတိုင်း၊ ငါဟာ ဒီလယ်ကွက်ကို ကြေညက်အောင် ထွန်ယက်ပြီး စိုက်ပျိုးခဲ့သလားဆိုတာ ကိုယ့်ကိုယ်ကို ပြန်ပြန် မေးခွန်းထုတ်ပါတယ်။ ဒီမေးခွန်းဟာ ကိုယ်လုပ်ခဲ့တဲ့အလုပ်တွေအတွက် အရည်အသွေးအာမခံချက်ရှိဖို့ ကျေးဇူးပြုခဲ့ပါတယ်။

ဒဿန (၄)

- ဘဝဟာ ဂီယာဆယ်ချက်ပါတဲ့ စက်ဘီးတစ်စီးနဲ့ တူတယ်။ ကျနော်တို့ ဘဝမှာ မထိုးဖြစ်တဲ့ဂီယာတွေ အများကြီး…။

မြင့်စိုးလှိုင်ဘာသာပြန်ပြီး၊ အော်ပီကျယ် သရုပ်ဖော်တဲ့ စာအုပ်လေး တစ်အုပ်က ဖြစ်ပါတယ်။ ဒီအဆိုအမိန့်ဟာ ကျနော့်ရဲ့ သမားရိုးကျဘဝကို ပြန်လည်အားသစ်အောင် လုပ်ပေးခဲ့ပါတယ်။ တခါတရံ ကျနော်တို့ဟာ လေ့ကြီးထိုးရိုးရိုးနဲ့ သမားရိုးကျ လမ်းစဉ်တွေကိုပဲ လျှောက်လိုက်နေကြတာများပါတယ်။ ကျနော်တို့ဟာ မဖောက်ထွက်မိကြဘူး။ လမ်းကြောင်းပြောင်း၊ အမြင်ပြောင်း၊ ထောင့်ပြောင်း၊ နည်းလမ်းပြောင်းပြီး မစဉ်းစားကြ၊ မလုပ်တတ်ကြတော့ဘူး။ ကျနော်ဟာ ကိုယ်ရောက်ချင်တဲ့ ခရီးတစ်ခုအတွက် အတက်အဆင်း၊ အချိုးအကွေ့တွေမှာ ဂီယာတွေ

ပြောင်းပြီး ထိုးတတ်နေပါပြီ။ ကျနော့်ဘဝကို မထိုးရသေးတဲ့ ဂီယာတွေ ထိုးဖြစ်အောင် လက်တို့ သတိပေးလိုက်တဲ့ စကားတစ်ခုဖြစ်ပါတယ်။ တခါတရံ ကျနော်ဟာ ဘဝကို လျှောက်လှမ်းနေရင်း အရှိန်လျှော့နေသလို ခံစားရပါတယ်။ အဲသည့်အခါ ကျနော် စိတ်ဓာတ်ကျတယ်။ ကိုယ့်ကိုယ်ကို မကျေနပ်ဘူး။ တကယ်တော့ ကျနော် သတိမထားမိတာပါ။ ကျနော်ဟာ ကုန်းတက် မတ်စောက်လမ်းတစ်ခုကို လျှောက်နေရတယ်။ အဲသည့်တော့ ယခင် ပုံစံအတိုင်း လီဗာနင်းပေမယ့်၊ အင်ဂျင်ကသာ ဖင်ပြဲအောင် ရုန်းနေရတယ်၊ ဘီးက လှိမ့်ရုံသာ လှိမ့်တယ်။ ရှေ့ မရောက်ဘူး။ ခရီးမပေါက်ဘူး။ ခရီးမတွင်ဘူး။ မရွေ့ဘူး။ အဲသည့်အခါ ကျနော်ဟာ ငါ အသုံးမကျဘူး၊ ငါ ညံ့လိုက်တာ၊ ငါ ဖျင်းလိုက်တာလို့ ထင်မှတ်ပြီး စိတ်ဓာတ်ကျမိတယ်။ တကယ်တော့ လမ်းအနေအထားကို ကျနော် ဂရုမမူမိတာပါ။ ကျနော် သတိတစ်ခုရလိုက်တယ်။ ဂီယာပြောင်းထိုးဖို့။ ဟုတ်သားပဲ။ လမ်းဟာ မတ်မှတော့ ဂီယာကြီးနဲ့ မောင်းရမှာကိုး။ ဒီတော့မှ ကျနော် ဂီယာပြောင်းထိုးဖို့ သတိရတယ်။ အဲသည်လို ဂီယာတွေ ပြောင်းထိုးလိုက်တိုင်း ကျနော် သွားနေတဲ့ ခရီးဟာ ပိုလို့ ရွေ့လာတယ်၊ ပိုလို့ တွင်လာတယ်၊ ပိုလို့ အရှိန်ရလာတယ်။ ဒါဟာ မထိုးရသေးတဲ့ ဂီယာတွေ ပြောင်းထိုးမောင်းနှင်ခြင်းရဲ့ အကျိုးဆက်ပဲပေါ့။

ညနေ ၆း ၅၀

၃ ၊ အောက်တိုဘာ၊ ၂၀၂၁။

အချောင်စားတွေ

❷ ❽ အောက်တိုဘာ ❷ ⓿ ❷ ❶

ပါမောက္ခချုပ်ဆရာတော်ကြီး ဟောတဲ့တရား နားထောင်ဖြစ်တယ်။ အဲသည့်အထဲမှာ၊ လူ့ပြည်ဆိုတာ ဝီရိယဘုံ…တဲ့။ နောက် ရှိသေးတယ်။ လူ့ပြည်ဆိုတာ - နတ်ပြည်နဲ့ ငရဲပြည်ဆက်ထားတဲ့ ဘုံ…တဲ့။

- နတ်ပြည်နဲ့ ဆက်နေတာဖြစ်ခြင်းကြောင့် လူ့ဘုံမှာ ချမ်းသာသုခဆိုတာ ရှိတယ်။
- ငရဲပြည်နဲ့ ဆက်ထားတာ ဖြစ်ခြင်းကြောင့် လူ့ဘုံမှာ ဆင်းရဲဒုက္ခဆိုတာ ရှိတယ်။
- လူ့ဘုံဆိုတာ ဆင်းရဲချမ်းသာ ရောထွေးနေတဲ့ ဘုံပဲ။

တခါတရံ ချမ်းချမ်းသာသာ အေးအေးချမ်းချမ်း ငြိမ်းငြိမ်းချမ်းချမ်း သာသာယာယာ ပျော်ပျော်ရွှင်ရွှင်နေရမယ်။ တခါတရံ ဆင်းဆင်းရဲရဲ ပူပူပင်ပင် ကြောင့်ကြောင့်ကြကြ မငြိမ်းမချမ်း စိတ်ဆင်းရဲစွာ နေရမယ်။ ဒီနှစ်ခုဟာ ရောနေတာပဲ။

ဒါပေမယ့် ….

- ဘယ်လိုလူဟာ ပိုပြီးတော့ ငြိမ်းချမ်းသလဲ၊ ချမ်းသာသလဲ၊ အေးချမ်းသလဲ။
- ဘယ်လိုလူ့အဖွဲ့အစည်းမျိုးဟာ ပိုပြီးတော့ အေးချမ်းသလဲ၊ သာယာသလဲ၊ တိုးတက်သလဲ။
- ဘယ်လိုနိုင်ငံမျိုးဟာ ပိုပြီးတော့ စည်ပင်သလဲ၊ ဝပြောသလဲ၊ ဖွံ့ဖြိုးတိုးတက်သလဲ။

လူ့ဘုံဆိုတာ ဝီရိယဘုံ…တဲ့။

- ဝီရိယကို အကြီးအမှူးပြုပြီး ခွန်စိုက်အားစိုက် လုပ်တတ်ကိုင်တတ်တဲ့အလေ့အထရှိရင် အဲသည့်လူဟာ ကြီးပွားတယ်၊ ချမ်းသာတယ်၊ ပြောင်ရောင်တယ်၊ ဂုဏ်သိက္ခာရှိတယ်။ သူ့ဘဝဟာ နေပျော်စရာဖြစ်တယ်။
- လုံ့လဝီရိယကို ခေါင်းဆောင်ထားပြီး ကြိုးကြိုးကုတ်ကုတ် လုပ်ကိုင်တဲ့ဓလေ့ထွန်းကားတဲ့ လူ့အဖွဲ့အစည်း မျိုးဟာ ကြွယ်ဝတယ်၊ တိုးတက်တယ်၊ ဖွံ့ဖြိုးတယ်၊ ငြိမ်းချမ်းတယ်။
- ဇွဲလုံ့လဝီရိယကို အကြီးအမှူးပြုပြီး ကြိုးစားမယ်၊ အလကား မလိုချင်ဘူး၊ သူများဆီက ခေါင်းပုံမဖြတ်ဘူး၊ တန်ရာတန်ဖိုးပေးပြီး ယူမယ်၊ ထိုက်တန်တဲ့ ရင်းနှီးမြှုပ်နှံမှုကို ပြုပြီးတော့မှ ရရှိတာမျိုးသာလိုချင်တယ်…. စတဲ့ အယူဓလေ့ကိန်းအောင်းတဲ့ နိုင်ငံမျိုးဟာ ချမ်းသာတယ်၊ ဖွံ့ဖြိုးတယ်၊ စည်ပင်တယ်၊ သာယာဝပြော တယ်၊ ငြိမ်းချမ်းသာယာပြီး နေချင့်စဖွယ် တိုင်းပြည်မျိုးဖြစ်တယ်။

ဘယ်လိုဝန်းကျင်မျိုးမှာ မနေထိုက်သလဲ

- ပညာကိုလည်း အကြီးအမှူးမပြုတတ်သော
- လုံ့လဝီရိယကိုလည်း စိုက်ထုတ်ချင်စိတ်မရှိသော
- တစ်ဦးကိုတစ်ယောက် မနာလို ဝန်တို မစ္ဆရိယစိတ်နဲ့ ချောက်တွန်းတတ်သော
- ဉာဏ်ကို ဝီရိယနဲ့ မထူ
- စည်းစိမ်ကို ဝီရိယနဲ့ မကူဘဲ
- အချောင်စားလူ့အဖွဲ့အစည်းမျိုး
- ခေါင်းပုံဖြတ်နေတဲ့ လူ့အဖွဲ့အစည်းမျိုး
- ဖြတ်စားလှီးစားလုပ်နေတဲ့ လူ့အဖွဲ့အစည်းမျိုး
- အမြီးကျက်အမြီးစား ခေါင်းကျက်ခေါင်းစား လူ့အဖွဲ့အစည်းမျိုး
- လုံ့လ မစိုက်၊ ဝီရိယ မထုတ်၊ ဇွဲနပဲ မရှိဘဲ
- အမြဲတမ်း အပျက်တွေးတွေး
- အပျက်မြင်၊ ပျင်းရိသိမ်ဖျင်းလျက်
- လူတစ်ယောက် ဒုက္ခရောက်တာကို ပျော်ရွှင်နေတတ်သော လူ့အဖွဲ့အစည်းမျိုး
- လူ့အဖွဲ့အစည်းကောင်းကျိုးနဲ့ မိမိကောင်းကျိုးကို လုပ်ဖို့ရန် ပျက်ကွက်နေပြီး
- တပါးသူကို ထိုးနှက်ကဲ့ရဲ့ ဆဲဆိုဝေဖန်ခြင်းအလေ့အကျင့်ရှိသော လူ့အဖွဲ့အစည်းမျိုး

ဤသို့သော စရိုက်အလေ့ရှိသော ဝန်းကျင်မျိုး၊ လူ့အဖွဲ့အစည်းမျိုးမှာ မနေအပ်ဘူး။ ဤသို့သော ရပ်ရွာဝန်းကျင် တိုင်းနိုင်ငံမျိုးမှာ ရဟန်းသံဃာပင် ရှိစေအုံးတော့၊ ပစ္စန္တရစ်အရပ်လို့ ဆိုအပ်တယ်။ အဆိုးဆုံးကတော့၊ ဝီရိယ မစိုက်ချင်၊ ခွန်အားမစိုက်ထုတ်ချင်ဘဲ ခေါင်းပုံဖြတ်ပြီးတော့သော်လည်းကောင်း၊ ဖြတ်လမ်းနည်းအားဖြင့် သော်လည်းကောင်း ကြီးပွားချမ်းသာချင်၊ ရာထူးအာဏာလိုချင်သူတွေ စုဝေးရာအရပ်ဟာ လူ့ဘုံဖြစ်နေစေအုံး တော့၊ ငရဲတပိုင်းလူ့ဘုံသာဖြစ်တယ်။

အိုးစားကွဲကုန်ပြီ

လက်ရှိ မြန်မာပြည်မှာ ဖြစ်နေတဲ့ ပြဿနာတွေအားလုံးရဲ့ အကြောင်းရင်းမြစ်တွေထဲမှာ အဓိကအခြေခံပြဿနာ ကတော့ ၊ ထိုက်တန်တဲ့ရင်းနှီးမှု မရှိဘဲ လိုချင်တပ်မက်နေတဲ့လောဘစိတ်ပဲဖြစ်ပါတယ်။ စီးပွားရေးသမားဟာ မတော်လောဘနဲ့ စီးပွားရှာတဲ့အခါ တိုင်းပြည် ဒုက္ခရောက်တယ်။ အာဏာရှိတဲ့သူက စီးပွားရှာတဲ့အခါ ပိုလို့ ဆိုးလာတယ်။ စီးပွားရေးသမားဟာ လောဘနဲ့သာ စီးပွားရှာတယ်။ အာဏာရှိတဲ့သူ စီးပွားရှာတဲ့အခါ လောဘနဲ့ရော ရှာတယ်၊ ဒေါသနဲ့ရောရှာတယ်။ အဲသည့်အခါ တိုင်းပြည်လူထုရဲ့ အသက်အိုးအိမ် စည်းစိမ်ပါ အိုးစားကွဲကုန်တယ်။ လူထုအသက်ပါ စတေးရတော့တယ်။ ဒါဟာ မတော်လောဘနဲ့ အတင်း အဓမ္မ ရယူလိုမှုရဲ့ အကျိုးဆက်ပဲဖြစ်တယ်။

ပျင်းရိသိမ်ဖျင်းသောစရိုက်ရှိသူတွေ

လူတွေဟာ ဝီရိယ မရှိဘူး။ လုံ့လ မစိုက်ချင်ဘူး။ ဇွဲနပဲနဲ့ ကြိုးစားပြီး မတည်ဆောက်ချင်ကြဘူး၊ မရင်းနှီးချင်ကြဘူး။ အလွယ်လိုချင်တယ်၊ အလကားလိုချင်တယ်၊ အချောင်လိုချင်တယ်။ ဒီတော့ ဖြတ်လမ်းနည်းကို သုံးတယ်။ တိုင်းပြည်အတွင်းမှာ အခမ္မမှုတွေ ကြီးစိုးနေတာ ပျင်းရိသိမ်ဖျင်းသောစရိုက်ရှိသူတွေ များလို့ ဖြစ်တယ်။ ဒီနေရာမှာ ပျင်းတာ တစ်ခုတည်း မဟုတ်ဘူး။ ရိတာလည်း ပါတယ်။ ရိတယ်ဆိုတာ ရွဲပလဲ နေတာကို ပြောတာဖြစ်ပါတယ်။ ပျင်းလွန်းလို့ လူလုံးတောင် မလှတော့ဘူး။ ရွဲနေပြီဆိုတဲ့သူတွေ။ ဒီလိုလူတွေက သိမ်ဖျင်းတဲ့စရိုက်နဲ့ပါ ယှဉ်တွဲနေတော့၊ သူတို့ရဲ့ လုပ်ရပ်တွေဟာ သေးသိမ်တယ်၊ ညံ့ဖျင်းတယ်၊ အောက်တန်းကျတယ်။ သိမ်ဖျင်းသော စရိုက်ရှိသူတွေရဲ့ အပြုအမူတွေဟာ ငရဲလိုပဲ။ ညစ်ထေးလွန်းတယ်။

ဖွတ်ကျော ပြာစု

ဒီလို ညစ်ထေးတဲ့လူ့အဖွဲ့အစည်းမှာ နေထိုင်ရတာဟာ၊ ငရဲလိုပဲ မည်းညစ်နေတဲ့အကုသိုလ်တွေနဲ့ လူထုဟာ နေ့စဉ် အသက်ရှင်ရတယ်။ နေ့တိုင်း အချိန်တိုင်း အကုသိုလ်နဲ့ အသက်ရှင်နေရမှတော့ အဲသည့်တိုင်းပြည် ပြောင်ရောင်ပါအုံးမလား၊ ကြီးပွားပါအုံးမလား၊ ငြိမ်းချမ်းသာယာပါအုံးမလား။ အမြဲအကုသိုလ်နဲ့ နေနေရတော့ တစ်ယောက်နဲ့ တစ်ယောက်လည်း မုဒိတာ မပွားနိုင်ကြတော့ဘူး။ မြင်မြင်သမျှသာ မျက်စိဆံပင်မွေးဆူးစရာ ဖြစ်လာတယ်။ မြင်ကွင်းထဲမှာ မျက်စိဆံပင်မွေးဆူးတော့ သိမ်ဖျင်းတဲ့စရိုက်ရဲ့ တွန်းအားကြောင့်၊ ပက်ခနဲဆဲ ပက်ခနဲ ဝေဖန်၊ ပက်ခနဲ တုံ့ပြန်။ ဒီတော့ စေတနာနဲ့ လုပ်သူတွေ ရှိစေအုံးတော့။ စေတနာ ပျက်လာတယ်။ စေတနာယုတ်လာတယ်။ ဘာစေတနာမှ မထားတော့နဲ့ကွာ၊ သူ့သဘောသူ ဆောင်စေတော့၊ ထားခဲ့တော့ လို့ ပစ်ထားလိုက်ရင်လည်း သူတော်ကောင်းတရား မထွန်းကားလို့၊ တိုင်းပြည်ဟာ ဖွတ်သထက် ညစ်၊ ဖွတ်ကျော ပြာစု၊ နူရာ ဝဲစွဲ၊ လဲရာ သူခိုးထောင်း၊ မြွေပူရာ ကင်းမှောက် ဖြစ်ရော….။

ကဲ … ကောင်းကြသေးရဲ့လား။

ဘယ်အရာကိုမှ လုံ့လဝီရိယထား မလုပ်ဘဲ အလကားအချောင်လိုချင်စိတ် ကြီးစိုးနေသရွေ့ ၊ အဲသည့်တိုင်းပြည် အဲသည့်လူ့အဖွဲ့အစည်း၊ အဲသည့်လူတစ်ယောက်ဟာ ဘယ်တော့မှ မကြီးပွားဘူး၊ မပြောင်ရောင်ဘူး၊ မချမ်းသာဘူး၊ မငြိမ်းချမ်းဘူး။

ဝီရိယထားပြီး ကိုယ်လုပ်ရမယ့်အလုပ်ကို ဇွဲနပဲနဲ့လုပ်မှ ဖြစ်မယ်။ တစ်ယောက်နဲ့ တစ်ယောက် ရန်တွေဖြစ်၊ စကားတွေများ၊ ဆဲဆိုဝေဖန်နေရုံနဲ့ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး။

နေ့လယ် ၁၂း၄၀

၂၉၊ အောက်တိုဘာ၊ ၂၀၂၁။

ရှက်တတ်မယ်ဆိုရင်

❷❼ အောက်တိုဘာ ❷⓿❷❶

- ကျနော်တို့ ဆယ်ကျော်သက်၊
- လူပျိုပေါက်ဘဝတုန်းက၊
- လူကြီးမိဘတွေက ပြောကြတယ်။
- စာကြိုးစား စာကြိုးစား။
- ပညာရှိရင် ပွဲလယ်တင့်…သတဲ့။

ဒီတော့ ပညာတတ်ဖြစ်မှ ချို့တဲ့တဲ့ဘဝကနေ ရုန်းထွက်နိုင်မယ်။ ပညာရှိရင် ပွဲလယ်တင့်မယ်။ သို့မဟုတ်ရင် လူပုံအလယ်မှာ ညှိုးညှိုးမှိန်မှိန်နဲ့ နေရမယ်။ ဘဝမှာလည်း ချို့ချို့တဲ့တဲ့ နွမ်းနွမ်းပါးပါးနေရမယ်ဆိုတာ သိလို့ စာကို ကြိုးစားခဲ့တယ်။ ဒါပေမယ့် နောက်တော့ စာကြိုးစားရုံနဲ့ မပြီးဘူး။ ပြင်ပစာတွေကိုပါ လေ့လာဖတ်ရှုရမယ်ဆိုတာ သိလာလို့ ပြင်ပစာတိုပေစတွေကို ဖတ်တယ်။ ဒီတော့ ငယ်ငယ်ရွယ်ရွယ်မှာ ဖတ်လေ့ရှိတဲ့ သုတေသီ ဘုန်းမြင့်သွေးတို့၊ ပီမိုးနင်းရဲ့ တက်ကျမ်းစာအုပ်လေးတွေ ဖတ်မိတယ်။

အဲသည့်မှာ ဆရာကြီး ပီမိုးနင်းက ပညာရှိရင် ပွဲလယ်တင့် ဆိုတာ မမှန်ဘူး။ လူပေါင်းသင့်မှ ပွဲလယ်တင့်တယ်။ တချို့ဆိုရင် ပညာတတ်ပါလျက်၊ ဘွဲ့ထူးဂုဏ်ထူးကြီးရပါလျက် နဲ့ ပွဲလယ်မှာ ငေါင်စင်းစင်းကြီး အထီးကျန်နေတာ တွေ့ရတယ်။ ဒါလည်း ဟုတ်ပေသားပဲ။ ပညာရှိရင့်နေရုံနဲ့ မပြီးသေးဘူး။ လူပေါင်းလည်း တတ်ရမယ်။ လူမှုပေါင်းသင်းဆက်ဆံရေးကိုလည်း တတ်ကျွမ်းရမယ်ဆိုတာကို နားလည်လာလို့၊ စာအုပ်တွေ ထပ်ရှာဖတ်တဲ့ အခါ၊ ဦးနုရဲ့ မိတ္တဗလဋ္ဌိကာကျမ်းကို သွားတွေ့တယ်။

မူရင်းက ဒေးလ်ကာနက်ဂျီရေးတာ။ လူပေါ်လူဇော်လုပ်နည်း လို့ နာမည်တပ်ပြီး ဦးနုက ဘာသာပြန်တယ်။ နောက်ပိုင်းမှာမှ၊ မိတ္တဗလဋ္ဌိကာလို့ ပြောင်းလိုက်တာ။ ဒီစာအုပ်က မူရင်းကလည်း သိပ်နာမည်ကျော်။ မြန်မာပြည်မှာလည်း သိပ်နာမည်ကျော်။ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တောင် ဖြစ်ခဲ့ဖူးသေးတယ်။ အဲသည့်မှာ လူမှုပေါင်းသင်းဆက်ဆံရေးအတွက် လူပေါင်းသင့်မယ့်နည်းလမ်းတွေကို ဒေးလ်ကာနက်ဂျီက ရေးပြထားတယ်။ ဒီလိုနဲ့ စွဲသွားတယ်။ အပြင်မှာ လက်တွေ့လုပ်ကြည့်တယ်။ အတော်ဟုတ်တယ်။

ဟာ… ဒါနဲ့ မပြီးသေးပါလား

ဒီလိုနဲ့ ဒေးလ်ကာနက်ဂျီ ရေးသားပြုစုထားတဲ့ အတ္တုပ္ပတ္တိကျမ်း အတိုကလေးတွေကို ဘာသာပြန်တွေ ရှာဖတ်တယ်။ ဆရာ ညီညီနိုင် ဘာသာပြန်တာတွေ များတယ်။ လူငယ်ဘဝဆိုတော့ ဒါတွေ သိပ်ကြိုက်တာပေါ့ဗျာ။ ဒီလိုနဲ့ ပညာ (+) လူမှုပေါင်းသင်းဆက်ဆံရေး ဆိုတာကို နားလည်လာတယ်။ ဒါပေမယ့် လူငယ်ဘဝကို နိဂုံးသတ်ပြီး လူလတ်ပိုင်း ဘဝကို နိဒါန်းပျိုးတော့မယ့်အချိန်ကျမှ၊ ပညာ၊ လူမှုပေါင်းသင်းဆက်ဆံရေး ။ ဒီနှစ်ခုနဲ့ မရသေးပါလား ဆိုတာကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရတယ်။

လူကြီးလူကောင်းတို့ ဝန်းကျင်မှာ

အထူးသဖြင့် လူကြီးလူကောင်းတို့ ကျင်လည်တဲ့အသိုင်းအဝန်းမှာ ဘယ်လိုအရာ ရှိပါမှ၊ လူရာဝင်သလဲ။ လူတောတိုးသလဲ၊ ပွဲလယ်တင့်သလဲဆိုတာကို ကောင်းကောင်း နားလည်လိုက်ရတယ်။ သာမန်လူမှုအသိုင်းအဝန်းမှာ စာတတ်ရုံ၊ ဘွဲ့ကြီးဒီဂရီကြီးရထားရုံ၊ လူတွေနဲ့ လိုက်လျောညီထွေပေါင်းသင်းဆက်ဆံတတ်ရုံနဲ့ လူတောတိုးပေမယ့်၊ ပွဲလယ်တင့်ပေမယ့်၊ တကယ့် လူကြီးလူကောင်းတို့ရဲ့ အကျင့်အကြံနဲ့ နေထိုင်နေတဲ့လူမှုအသိုင်းအဝန်းမှာတော့ စာတတ်ရုံ၊ ဘွဲ့ဒီဂရီကြီးရထားရုံ၊ အလိုက်သင့်ပြောတတ်ဆိုတတ်ရုံနဲ့ မပြီးမြောက်ဘူး၊ မပြီးစီးဘူး။ အဲ…. အာဏာကြီးကြီး၊ လုပ်ပိုင်ခွင့်ကြီးကြီး၊ ရာထူးဌာနန္တရကြီးကြီး ဆုပ်ကိုင်ထားရုံနဲ့လည်း မရဘူးဆိုတာ တွေ့လိုက်ရတယ်။ ဒါဆိုရင် လူကြီးလူကောင်းတို့ရဲ့ အကျင့်အကြံနဲ့ နေထိုင်တဲ့လူ့အသိုင်းအဝန်းမှာ ဘာလိုသလဲ။

- ဂုဏ်သိက္ခာ၊ ဂုဏ်သိက္ခာ။
- အကျင့်သီလ လို့ ပြောရင် ပိုမှန်ပါလိမ့်မယ်။
- အကျင့်သီလမရှိတဲ့သူဟာ လူကြီးလူကောင်းတို့ ဝန်းကျင်မှာ မဝင်ဆန့်နိုင်ဘူး။
- ဂုဏ်သိက္ခာမရှိတဲ့သူဟာ လူကြီးလူကောင်းတို့ အသိုင်းအဝန်းမှာ လူတောမတိုးနိုင်ဘူး။
- စာရိတ္တမမှန်တဲ့သူဟာ လူကြီးလူကောင်းတို့ဌာနေမှာ လူဝင်မဆန့်နိုင်ဘူး။
- ကိုယ်ကျင့်သေးသိမ်တဲ့သူဟာ လူကြီးလူကောင်းတို့နေရပ်မှာ ပွဲလယ်မတင့်နိုင်ဘူး။

ဒါဟာ ကျနော့်အတွက် သင်ခန်းစာကြီးကြီး ယူနိုင်လောက်တဲ့ ဥပမာအဖြစ်တွေ့မြင်ခဲ့ရတယ်။

ငါ ဘယ်သူပဲ၊ ငါ ဘယ်ဝါပဲ

ကျနော်တို့ဟာ အမြဲတမ်း တရားသေတွေးထင် မှတ်ယူလေ့ရှိတယ်။ ငါ့မှာ ဘွဲ့ထူး၊ ဂုဏ်ထူးကြီးရရင်။ ဘယ်လို တက္ကသိုလ်ကြီးထဲကနေ ကျောင်းသားဖြစ်ခဲ့ဖူးရင် ငါ လူရာဝင်မယ်၊ လူတောတိုးမယ်၊ ပွဲလယ်တင့်မယ်လို့ ထင်နေခဲ့တယ်။ မဟုတ်ပါဘူး။ ကိုယ်လူရာဝင်တဲ့အသိုင်းအဝိုင်းဟာ ဘယ်လို အသိုင်းအဝိုင်းလဲဆိုတာကို ပြန်လည် သုံးသပ်ကြည့်သင့်တယ်။

- လူမိုက်တို့အလယ်မှာ အမိုက်ကန်းနိုင်ဆုံးသူက ပွဲလယ်တင့်မပေါ့။
- ဒါပေမယ့် လူကြီးလူကောင်းတို့ အသိုင်းအဝန်းမှာ လူမိုက်ကန်းဟာ ဘယ်လိုလုပ် ပွဲလယ်တင့်မလဲ။

- သူယုတ်တို့အလယ်မှာ အယုတ်မာနိုင်ဆုံးသူက လူရာဝင်မှာပေါ့၊ လူတောတိုးမှာပေါ့၊ လူယုတ်တို့ပွဲမှာ တင့်မပေါ့။
- လူကြီးလူကောင်းတို့ အလယ်မှာတော့ လူယုတ်မာက ဘယ်လိုလုပ် ပွဲလယ်တင့်မလဲ။ ချောင်ကုတ်နေရမှာပေါ့၊ ပထုတ်ခံရမှာပေါ့၊ လျစ်လျူရှုခံရမှာပေါ့။

တခါတရံကျတော့လည်း ခက်လှတယ်။ ငါ ဘယ်သူပဲ၊ ငါ ဘယ်ဝါပဲ၊ ငါ့နံဘေးမှာဘယ်လို အခြံအရံ အဆောင်အယောင်တွေ ရှိတာ၊ ငါ့မှာ ဘယ်လို စည်းစိမ်တွေ ရှိတာ၊ ငါ့မှာ ဘယ်လို အာဏာ လုပ်ပိုင်ခွင့်မျိုးကို ထိန်းချုပ်ထားနိုင်တာ၊ ငါ့ကို ဘယ်က ဘွဲ့ဒီဂရီကြီး ပေးအပ်ထားတာ၊ ဒီဇမ္ဗူမှာ ငါလိုလူရှိသေးလားလို့ ကိုယ့်ဝါးလုံးခေါင်းထဲမှာ ကိုယ် ဘုရင်ဖြစ်နေပေမယ့်၊ ဝါးလုံးခေါင်းထဲက ထွက်လိုက်တဲ့အခါ ကိုယ်ဟာ သာမန်လူတစ်ယောက်လောက်တောင် လူရာမဝင်၊ လူတောမတိုးဘူးဆိုတာ သိလိုက်ရသူ အဖို့ ဘယ်လောက် ရင်ကျိုးရမလဲ၊ ဘယ်လောက် ခါးသီးလိမ့်မလဲ ။ စဉ်းစားကြည့်။

- တကယ်တော့ ရှက်တတ်ရင် သေလို့ ရပါတယ်။
- တကယ် မရှက်တတ်တာ ခက်လှတယ်။
- ဗုဒ္ဓသွန်သင်တဲ့၊ ဟိရီ ဩတ္တပ္ပ ကင်းဆိတ်တယ်ဆိုတာ ဒါမျိုးဖြစ်မယ်။

နေ့လယ် ၁း၃၇

၂၇၊ အောက်တိုဘာ၊ ၂၀၂၁။

အာဏာသိမ်းမှုအကြောင်းဆက်

❷❻ အောက်တိုဘာ ❷❶❷❶

အခြေခံဥပဒေမူဘောင်

၂၀၀၈ အခြေခံဥပဒေနဲ့ပတ်သက်ပြီး အရင်ပြောချင်ပါတယ်။ ။ အခြေခံဥပဒေမှာ လွတ်လပ်ခွင့်အတွက် ခွင် (ဂွင်) တွေကို ဖန်တီးပေးထားသလို၊ အကယ်၍ စစ်တပ်အတွက် ဘေးအန္တရာယ်ကျရောက်နိုင်မယ့်လားရာကို ဦးတည်နေရင်၊ နဂိုမူလ အတိုင်းပြန်လည်ထိန်းချုပ်နိုင်ဖို့ အကန့်အသတ်တွေကိုလည်း ထည့်သွင်းပြဋ္ဌာန်းထားတယ်။ အာဏာသိမ်းမယ်ဆိုရင်တောင် နိုင်ငံတကာမှာ အကြောင်းပြချက်ကောင်းအောင် နဂိုမူလကတည်းက ရည်ရွယ်ပြီး စီရင်ထားပါတယ်။ ၂၀၀၈ အခြေခံဥပဒေဟာ စစ်တပ်က စပွန်ဆာလုပ်ပြီး ကြီးမှူးရေးဆွဲတဲ့ အခြေခံဥပဒေဖြစ်ပါတယ်။ ဖက်ဒရယ်ပုံစံနဲ့ လူမျိုးစုတွေရဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးကို လေးစားသမှု ပြုထားသယောင်နဲ့ ဗဟိုအစိုးရရဲ့ ထိန်းချုပ်မှုအောက်မှာပဲ အပြည့်ရှိနေပါတယ်။ သို့သော်လည်း လက်တွေ့မှာ ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလို အင်အားကြီးလက်နက်ကိုင်တပ်ရှိတဲ့ ဒေသကိုတော့ - အုပ်ချုပ်မှုအရ ပဋိညာဉ်ညှိထားသလိုပါပဲ။ လက်တွေ့မှာ ဗဟိုအစိုးရရဲ့ ထိန်းချုပ်မှုအောက်မှာ မရှိပါ။ ထိန်းလည်း မထိန်းချုပ်နိုင်ပါ။ ၂၀၀၈ အခြေခံဥပဒေရဲ့ ဒုတိယရည်ရွယ်ချက်ကတော့ - နိုင်ငံရေးမှာ စစ်တပ်ရဲ့ပါဝင်မှုကို ပဋိညာဉ်သဘောထားပြီး တရားဝင်မှုရှိအောင်လုပ်ထားတာဖြစ်ပါတယ်။ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ဘောင်ထဲက ဖြစ်တည်နေတဲ့နိုင်ငံရေးအခင်းအကျင်းအားလုံးကို လက်တွေ့ပါဝင်ပတ်သက်နေသရွေ့၊ စစ်တပ်ရဲ့နိုင်ငံရေးနဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးမှာ ပါဝင်ပတ်သက်မှုဟာ သူ့ကို တရားဝင်မှုပေးသလို ဖြစ်နေပါတယ်။ အရပ်ဘက်ကတော့ - စစ်ဘောင်ကို ကျုံ့အောင်လုပ်ပြီး အရပ်ဘက်ဘောင်ကို ကျယ်အောင်ချဲ့မယ်လို့ ရည်ရွယ်ပါတယ်။ သို့သော်လည်း လက်တွေ့မှာ စစ်ဘောင်ကသာ ပို၍ ကျယ်လာပါတယ်။ အခြေခံဥပဒေရဲ့ တတိယရည်ရွယ်ချက်က - အရပ်ဘက် နဲ့ စစ်ဘက်အကြား နိုင်ငံရေးပဋိညာဉ်သဘောမျိုးထားရှိပြီး တိုင်းပြည်ကို အတူယှဉ်တွဲ အုပ်ချုပ်ဖို့ ဖြစ်ပါတယ်။ အခြေခံဥပဒေဘောင်ထဲမှာ ဖြစ်တည်လာတဲ့ (၁၀) နှစ်အတွင်းနိုင်ငံရေးအခင်းအကျင်းကို လေ့လာကြည့်ရင် အရပ်ဘက်နဲ့ စစ်ဘက်အကြား အားပြိုင်လွန်ဆွဲမှု၊ တစ်ဖက်နဲ့ တစ်ဖက် အကဲစမ်းမှုတွေ ခပ်များများ ရှိတာတွေ့ရပါတယ်။ အားပြိုင်လွန်ဆွဲမှုဟာ သဘာဝဖြစ်သော်ငြားလည်း အချင်းချင်း အပြန်အလှန်လေးစားမှု (mutual respect) နဲ့ အားပြိုင်လွန်ဆွဲကြရင် ပါဝါမျှခြေညှိနိုင်ကြပေမယ့်၊ လေးစားမှုဆက်ထုံးပျက်ပြီ လွန်ဆွဲကြရင် မျှခြေပျက်သွားပါတယ်။ အရပ်ဘက် - စစ်ဘက် ဆက်ဆံရေးကို အာဏာခွဲဝေမှု မူဘောင်ထဲမှာ ထည့်ထားပြီး အာဏာမျှခြေထိန်းထားတာဖြစ်ပါတယ်။ အာဏာမျှခြေပျက်တာနဲ့ အရပ်ဘက် - စစ်ဘက်ဆက်ဆံရေးလည်း နောက်ပြန်လှည့်သွားပါတော့တယ်။ အာဏာသိမ်းကိစ္စဟာ အရပ်ဘက်နဲ့ စစ်ဘက်အကြား အာဏာမျှခြေပျက်ခြင်း

လက္ခဏာဖြစ်ပါတယ်။ အရပ်ဘက် - စစ်ဘက်ဆက်ဆံရေးသားကြောအဖြတ်ခံလိုက်ရခြင်း လက္ခဏာလည်း ဖြစ်တယ်။



စစ်တပ်အကျိုးစီးပွား

စစ်တပ်ရဲ့ အထွေထွေသောအသုံးစရိတ်အားလုံးဟာ နိုင်ငံတော်ဘတ်ဂျက်တစ်ခုတည်းကနေ ရတာ မဟုတ်ပါ။ စစ်တပ်က သူ့ဘာသာသူ စီးပွားရှာပြီး သူ့ဘဏ္ဍာတိုက်ကို ဖြည့်တင်းပါတယ်။ ဒါဟာ စစ်ခေါင်းဆောင်တွေအတွက် အားသာချက်တွေ အများကြီး ရှိပါတယ်။ နံပါတ် (၁) - စစ်တပ်ဟာ နိုင်ငံတော်ရဲ့ထိန်းချုပ်မှုအောက်မှာ ဘယ်တော့မှ ကျရောက်မသွားဖို့ ဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတော်ရဲ့အထက်မှာ တပ်ကရောက်နေဖို့ဖြစ်သလို၊ ကိုယ့်အားကိုယ်ကိုးရှင်သန်ရပ်တည်နိုင်အောင် ဖြစ်ပါတယ်။ မှီခိုနေရင် မလွတ်လပ်ဘူး။ ဘဏ္ဍာရေးအရ လွတ်လပ်အောင်၊ အမှီအခိုကင်းအောင် လုပ်ထားတာဖြစ်ပါတယ်။ ထိုနည်းလည်းကောင်း စစ်ခေါင်းဆောင်တွေရဲ့ သီးခြားကော်ပိုရိတ်အကျိုးစီးပွားကို လွတ်လပ်စွာ ချဲ့ထွင်ဖို့လည်းဖြစ်တယ်။ နောက်ထပ် တွေ့ရတာက - စစ်စီးပွားရေးတွေနဲ့ နောက်ကွယ်မှာ စစ်ဗိုလ်ချုပ်တွေရဲ့ တစ်ဦးချင်း ပုဂ္ဂလိကအကျိုးစီးပွားတွေ ရှိနေပါတယ်။

တပ်ပိုင်စီးပွားရေးတွေကို အကြောင်းပြုပြီး ပွားစီးလာတဲ့ အဆွယ်အပွားစီးပွားရေးလုပ်ငန်းတွေကနေ တစ်ဆင့် စစ်ဗိုလ်ချုပ်တွေရဲ့ တစ်ဦးချင်း စီးပွားရေးအကျိုးအမြတ်တွေကို ချဲ့ထွင်ဖို့အတွက် ဖြစ်ပေါ်လာတဲ့ ဝန်းကျင်ခလေ့ အသွင်ဖြစ်လာပါတယ်။ တပ်ပိုင်စီးပွားရေးတွေက တပ်ရဲ့ စစ်ရေးအသုံးစရိတ်တွေအတွက် ဝင်ငွေလမ်းကြောင်း ဖြစ်ပေမယ့် တစ်ဖက်မှာ တပ်စီးပွားရေးတွေကို စီမံခန့်ခွဲ အုပ်ချုပ်ခွင့်ရှိတဲ့ စစ်ဗိုလ်ချုပ်တွေအတွက် ပုဂ္ဂလိကခွဲတမ်း သဖွယ် အကျိုးအမြတ် ဖြစ်ထွန်းစေပါတယ်။ စစ်ဗိုလ်ချုပ်တွေနဲ့ စစ်ဗိုလ်ချုပ်ဟောင်းတွေမှာ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းစုတွေ အများအပြား ပိုင်ဆိုင်ခြင်းဟာ ဒီမိုကရေစီသွားရာလမ်းမှာ ကြီးစွာသော အဟန့်အတားကို ဖြစ်စေခဲ့ပါတယ်။ အထူးသဖြင့် နိုင်ငံတော်အာဏာကို ထိန်းချုပ်နိုင်ရင် အာဏာနောက်မှာ ငွေကြေးလမ်းကြောင်း တွေ ရှိသလို၊ မြေယာစီမံခန့်ခွဲပိုင်ခွင့်၊ မြေယာပိုင်ဆိုင်မှုမှာလည်း စစ်တပ်က လုပ်ပိုင်ခွင့်ရှိနေပါတယ်။ စစ်ဗိုလ်ချုပ် တွေဟာ ပဒေသရာဇ်ခေတ်ဟောင်းက မြေရှင်ကြီးတွေလို မြေယာပိုင်ဆိုင်မှုကို လက်ဝါးကြီးအုပ်ထားပါတယ်။ ထိုနည်းလည်းကောင်း သယံဇာတနဲ့ ကျောက်မျက်တူးဖော်မှုတွေမှာလည်း နိုင်ငံတော်ပိုင်၊ စစ်တပ်ပိုင်လု ပ်ငန်းတွေကနေ တစ်ဆင့် စစ်တပ်ရဲ့ ကော်ပိုရိတ် အကျိုးစီးပွားခွင်ကို ချဲ့ထွင်ထားပါတယ်။ စစ်ဗိုလ်ချုပ်တွေဟာ စစ်အသုံးစရိတ်အတွက် ငွေရှာပေးသူတွေ ဖြစ်သလို တစ်ဖက်မှာလည်း သူတို့ ပုဂ္ဂိုလ်ရေးအကျိုးအမြတ်အတွက် ခြစားလို့ကောင်းတဲ့ စီးပွားရေးကွင်းပြင်ကြီးဖြစ်နေပါတယ်။ စစ်စီးပွားရေးနဲ့ စစ်ဗိုလ်ချုပ်တွေရဲ့ ကိုယ်ပိုင်စီးပွားရေး တွေဟာ လူ့အဖွဲ့အစည်းရဲ့ အခန်းကဏ္ဍ ကျယ်ပြန့်မြင့်မားလာတာနဲ့အမျှ ခြိမ်းခြောက်ခံနေရတယ်။ လုပ်ပိုင်ခွင့် ခွင်(ဂွင်) တွေ ပိုကျုံ့လာတယ်။ ဒါကို စစ်ဗိုလ်ချုပ်တွေ မကြိုက်ဘူး။ စီးပွားရေးမှာ အရပ်ဘက်နဲ့ တန်းတူအခွင့်အရေး မလိုချင်ဘူး။ သူတို့က တစ်ဆင့်မြင့်နေချင်တယ်။ စီးပွားရေးလုပ်ပိုင်ခွင့်တွေကို လက်ဝါးကြီးအုပ်ထားပြီး ခြယ်လှယ်ချင်တယ်။ ပွင့်လင်းလူ့အဖွဲ့အစည်းဖြစ်လာခြင်းနဲ့ လွတ်လပ်ပြီး မျှတ၊ တန်းတူညီမှုကို တောင်းဆိုလာတဲ့ လူထုအတွက် ပုဂ္ဂလိကအခန်းကဏ္ဍကို ချဲ့ထွင်ပေးရတော့မယ်။ ပုဂ္ဂလိကအခန်းကဏ္ဍ ကျယ်လာခြင်းဟာ စစ်တပ်ရဲ့ ကော်ပိုရိတ်အကျိုးစီးပွားခွင် ကျုံ့သွားခြင်းနဲ့ ထပ်တူဖြစ်လာတယ်။ ဒီတော့ အကျိုးစီးပွားပဋိပက္ခ ဖြစ်လာတယ်။ အကျိုးစီးပွားပဋိပက္ခဟာ ရှုပ်ထွေးလို့ တတိတိနဲ့ တိုက်စားခံနေရတဲ့ စစ်တပ်ရဲ့ လုပ်ပိုင်ခွင့်ခွင်တွေကို မူလအထိုင်ပြန်ရောက်စေဖို့ တစ်ခုတည်းသော နည်းလမ်းကတော့ နိုင်ငံရေးအရ ဆက်လက် လက်ဝါးကြီးအုပ် ထားဖို့ ဖြစ်ပါတယ်။

နိုင်ငံရေးအရ လက်ဝါးကြီးအုပ်ရန်

နိုင်ငံရေးအရ လက်ဝါးကြီးအုပ်ဖို့အတွက် ဖန်တီးထားတဲ့ ဇာတ်ညွှန်းကတော့ ရှိထားပြီးသားဖြစ်ပါတယ်။ အဲဒါတွေတော့

- ဒို့တာဝန်အရေးသုံးပါး ဆိုတဲ့ ….
- ပြည်ထောင်စု မပြိုကွဲရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဇာတ်ညွှန်းဖြစ်ပါတယ်။

ဒါ့အပြင် အရံဇာတ်ညွှန်းတွေလည်း ရှိထားပါတယ်။ အဲဒါတွေကတော့ အခြေခံဥပဒေရဲ့အခြေခံမူမှာ ပြဋ္ဌာန်းထားတဲ့ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍမှာ တပ်မတော်က အစဉ်တစိုက်ပါဝင်မယ်ဆိုတဲ့ ဇာတ်ညွှန်းဖြစ်ပါတယ်။ ထိုနည်းလည်းကောင်း - စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီဆိုတာလည်း အရံဇာတ်ညွှန်းထဲမှာပါဝင်ပါတယ်။ စည်းကမ်းဆိုတာကို ဘယ်လို သတ်မှတ်ထားသလဲဆိုတဲ့ အမြင်ယူဆချက်ဟာ တပ်တွင်းမှာ ဝါဒဖြန့်လို့ကောင်းတဲ့ စကားလုံးတစ်ခုဖြစ်ခဲ့ပါတယ်။ နောက်ပြီးတော့ စစ်အစိုးရခေတ်အဆက်ဆက် တည်ဆောက်လာတဲ့ အယူဖြစ်ပါတယ်။ အဲဒါကတော့ - တပ်မတော်သာလျှင် အမိ၊ တပ်မတော်သာလျှင် အဖ ဖြစ်ပါတယ်။ ဒါဟာ အုပ်ထိန်းသူ အယူအဆ (guardianship) ဖြစ်ပါတယ်။ သားသမီးက စည်းကမ်းပျက်ရင် မိဘက ဆုံးမမယ်၊ ပြီးတော့ သားသမီး ကောင်းစားကြီးပွား လူလားမြောက်အောင် မိဘက်က အုပ်ထိန်းမယ်။ အိုးထိန်းသည်သည် အိုးကို ရိုက်ပုတ်ခြင်း သည် အိုးကို ကွဲစေလို၍ မဟုတ်၊ အိုးကို အိုးကောင်းဖြစ်စေလိုခြင်း စေတနာသက်သက်မျှသာ - ဆိုတဲ့ အယူအဆကို စစ်တပ်က အစဉ်တစိုက်သွတ်သွင်းတည်ဆောက်လာတယ်။ ၂၀၂၁ ခုနှစ်အခင်းအကျင်းကိုလည်း ဒီလိုအယူအဆ ကလာတဲ့ ဟန်တွေ အများကြီးတွေ့နိုင်တယ်။ စစ်တပ်က နိုင်ငံရေးကို လက်ဝါးကြီးအုပ်ဖို့အတွက် လမ်းခင်းပေးထား၊ ခွင့်ပေးထား၊ လျှောက်လမ်းပေးထားတဲ့အရာကတော့ ၂၀၀၈ အခြေခံဥပဒေဖြစ်ပါတယ်။ အာဏာအခင်းအကျင်းနဲ့ပတ်သက်ရင် ဒီလိုဖြစ်ရပ်တွေ ရှိခဲ့သလို၊ မြန်မာ့လူ့အဖွဲ့အစည်းကလည်း ဒီမိုကရေစီတောင်းဆိုချက် ဒီရေလှိုင်းနဲ့အတူ ပွင့်လင်းလူ့အဖွဲ့အစည်းဆီကို ဦးတည်လာတယ်။

အဟောင်း - အသစ် ယဉ်ကျေးမှုတွေ တွန်းတိုက်လာ

ပွင့်လင်းလူ့အဖွဲ့အစည်းကို တည်ဆောက်ခြင်းဟာ စစ်တပ်နဲ့ စစ်ဗိုလ်ချုပ်တွေရဲ့ စီးပွားရေး အကျိုးစီးပွားခွင်တွေကို ခြိမ်းခြောက်တဲ့အဓိက အချက်ဖြစ်လာတယ်။ ထိုနည်းလည်းကောင်း လူ့အဖွဲ့အစည်းဟာ အထွေထွေတန်းတူညီမျှမှုကို ပိုမိုလိုအပ်လာတယ်။ အထွေထွေလွတ်လပ်ခွင့်ကို ပိုလို့တောင်းဆိုလာတယ်။ တန်းတူညီမှုကို တောင်းဆိုတာဟာ စစ်တပ်နဲ့ တန်းညှိလိုက်တာနဲ့ အတူတူပဲ။ ဒါကို စစ်ဗိုလ်ချုပ်တွေက လက်မခံချင်ဘူး။ သူတို့အကျိုးစီးပွားကို လက်နက်ကိုင်ထားတဲ့ အဖွဲ့တွေနဲ့သာ ခွဲဝေစားသုံးလိုတယ်။ ဘာလက်နက်မှ ကိုင်မထားတဲ့ လူထုကို ခွဲဝေ မပေးချင်ဘူး။ ပုဂ္ဂလိကအခန်းကဏ္ဍဆိုတာလည်း ခရိုနီတွေရဲ့ လက်ဝါးကြီးအုပ်မှုနဲ့ ခရိုနီတွေက စစ်ဗိုလ်ချုပ်တွေကို အလုပ်အကျွေးပြုတဲ့ကဏ္ဍက ပိုလို့ ကြီးကျယ်နေတယ်။ လက်တွေ့မှာ တကယ့်ပြည်သူက ပုဂ္ဂလိကအခန်းကဏ္ဍကို ပြည့်ပြည့်ဝဝ မပိုင်စိုးနိုင်ဘူး။ ခေတ်က ပွင့်လာခြင်းဟာ စစ်တပ်အတွက် အထွေထွေ ခြိမ်းခြောက်မှုဖြစ်လာတယ်။ နိုင်ငံရေးအရ လွတ်လပ်ခွင့်ဆိုတာ စစ်တပ်ကကိုင်ထားတဲ့ နိုင်ငံရေးအာဏာမဏ္ဍိုင်ကို ကိုင်လှုပ်တာနဲ့ အတူတူပဲ။ နောက်တစ်ခုက - လုံခြုံရေး။ စစ်တပ်က နိုင်ငံတော်လုံခြုံရေးနဲ့ အမျိုးသားလုံခြုံရေး ဆိုတဲ့ စကားလုံးတွေနဲ့ ဖိပြီး ကိုင်ပြလိုက်မယ်။ တကယ့်လက်တွေ့မှာ စစ်တပ်အတွက် လုံခြုံရေးက နိုင်ငံတော်လုံခြုံရေးနဲ့ အမျိုးသားလုံခြုံရေးထက် ပိုအရေးကြီးတယ်။ လူ့အဖွဲ့အစည်းက ပွင့်လင်း လွတ်လပ်လာတာကြောင့် နိုင်ငံတကာစွက်ဖက်မှုကို ပိုခံလာရတယ်လို့ စစ်တပ်က မြင်တယ်။ ဒါကလည်း သူတို့အကျိုးစီးပွားကို နှံ့ချိုးသလိုဖြစ်နေတာတွေလည်း ပါတယ်။ စစ်တပ်က တည်ဆောက်ထားတဲ့ အမျိုးသားရေးအမြင်ဆိုတာဟာ အတွင်းကျုံ့တဲ့ အမျိုးသားရေး အမြင်ဖြစ်နေတယ်။ ရန်လိုပြီး သံသယထားတဲ့အမျိုးသားရေးအမြင် ကဲနေတယ်။

ဒါ့ကြောင့်လည်း ပွင့်လင်းလူ့အဖွဲ့အစည်းဖြစ်လာတာဟာ စစ်တပ်ရဲ့ ရှေးရိုးစွဲ ကွန်ဆာဗေးတစ်အမျိုးသားရေး အယူအဆကို ခြိမ်းခြောက်လာသလို၊ လုံခြုံမှုဓိကဝါဒီဖြစ်လို့ အရာရာကို သံသယနဲ့ကြည့်၊ လုံခြုံရေးအမြင်နဲ့ ကြည့်တဲ့အခါ၊ စစ်ဗိုလ်ချုပ်တွေအတွက် သူတို့ အနာဂတ်က မလုံခြုံစရာဖြစ်လာတယ်။ လက်ရှိမှာလည်း သူတို့အကျိုးစီးပွားကို ခြိမ်းခြောက်လာတာ၊ သူတို့အာဏာကို အရပ်ဘက်က ကန့်သတ်လာတာတွေ ရှိတဲ့အခါ - ငါတို့ဟာ မူလအထိုင်ကို ပြန်သွားမှ စိတ်ချရတော့မယ်လို့ ယူဆပြီး၊ ၂၀၂၁ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ အာဏာသိမ်းမှုကို ရက်အနည်းငယ် အတွင်းမှာ ကမန်းကတန်း လုပ်လိုက်ရတာဖြစ်တယ်။

စဉ်းစားကြည့်စရာတွေ

ဒီနေရာမှာ ပြောစရာတွေ ရှိတယ်။

၁၉၉၀ ရွေးကောက်ပွဲမှာ စစ်တပ်က တဆညပါတီ (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ) အနိုင်ရမယ်လို့ အထင်ရောက်ခဲ့တယ်။ တကယ်လက်တွေ့မှာ တဆညပါတီ မနိုင်ဘူး။ တဆညက လမ်းစဉ်ပါတီကို အမွေခံတဲ့ ပါတီဖြစ်တယ်။ ဒီတော့ မူလအစီအစဉ်ကို ပြန်ရုတ်သိမ်းရမယ်။ ဒီတော့ ဒီချုပ်ဟာ ၉၀ ရွေးကောက်ပွဲမှာ အနိုင်ရပါတီဖြစ်ပေမယ့် အုပ်စိုးခွင့်ရတဲ့ပါတီ မဖြစ်ခဲ့ဘူး။ စစ်တပ်က ဒီချုပ်ကို အာဏာလွှဲမပေးဘူး။ တဆညကို စစ်တပ် မျှော်လင့်ခဲ့တယ်။ မျှော်လင့်သလို ဖြစ်မလာဘူး။ ၂၀၂၀ ရွေးကောက်ပွဲမှာလည်း ထိုနည်းလည်းကောင်းပဲ။ ပြည်ထောင်စု ကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီကို စစ်တပ်က မျှော်လင့်ခဲ့လိမ့်မယ်။ သို့သော်လည်း မျှော်လင့်သလို ဖြစ်မလာဘူး။ ဒီတော့ ၁၉၉၀ ရွေးကောက်ပွဲအပြီး အချိုးကို ထပ်ချိုးတယ်။ ဒီချုပ်ဟာ ၂၀၂၀ ရွေးကောက်ပွဲမှာ အနိုင်ရပါတီဖြစ်ပေမယ့် အုပ်စိုးခွင့်ရတဲ့ပါတီ မဖြစ်ခဲ့ဘူး။ ၁၉၉၀ တုန်းက စစ်တပ်က အာဏာမလွှဲတာ။ ၂၀၂၁ ကျတော့ အာဏာသိမ်းတာ။ ဒီဖြစ်ရပ်ဟာ ဘာကို ပြသလဲဆိုရင် - အဟောင်း အသစ် အားပြိုင်ပွဲဖြစ်တယ်ဆိုတာ ပြနေတယ်။ တည်ဆဲအင်စတီကျူးရှင်းဓလေ့နဲ့ အသစ်ဖြစ်ထွန်းလာတဲ့အင်စတီကျူးရှင်းဓလေ့တို့ အားပြိုင်တာ ဖြစ်တယ်။ စစ်တပ်က သူ့ကိုယ်သူ နိုင်ငံရေးလုပ်တတ်မယ် ထင်ထားတယ်။ တကယ့်လက်တွေ့မှာ တပ်ခေါင်းဆောင်တွေက နိုင်ငံရေးစကား မပြောတတ်သလို၊ စစ်ဗိုလ်ချုပ်ဟောင်းတွေ တည်ထောင်ထားတဲ့ ကြံ့ခိုင်ရေးပါတီကလည်း နိုင်ငံရေးမလုပ်တတ်ဘူး။ သူတို့နိုင်ငံရေးမလုပ်တတ်တာက - ဒီဘက်ကလူတွေ မဲပိုရနေသလို ဖြစ်နေတာတွေလည်း ရှိတယ်။ ဒီမိုကရက်တစ်နိုင်ငံရေးသမားတွေ နိုင်ငံရေးသိပ်လုပ်တတ်လို့ ပြည်သူက သူတို့ဘက်သွားတယ်လို့ ထင်စရာ ရှိတယ်။ တကယ်တော့ မဟုတ်ဘူး။ စစ်တပ်နဲ့ စစ်တပ်လက်ဝေခံ ပါတီတွေ နိုင်ငံရေးမလုပ်တတ်မှုက ဒီဘက်ကလူတွေကို လူထုမဲပိုသွားတာပဲ။ ဒါက အကြောင်းရင်းတွေထဲက အကြောင်းတစ်ခု။ အခြေခံဥပဒေက နိုင်ငံရေးပြင်ညီကွင်းကို ခင်းမထားဘူး။ စစ်တပ်ဘက်ကို သာသာထိုးထိုး ခင်းထားတယ်။ ဒီလို အသာစီးယူထားတောင်မှ၊ လူထုမဲကို မဖွဲ့နိုင်ဘူးဆိုတာ - နိုင်ငံရေးမလုပ်တတ်မှုန်း သိသာလွန်းတယ်။ နောက်ဆုံးတစ်ချက် စဉ်းစားစရာ ရှိတယ်။ ဒါကတော့ အငြင်းပွားဖွယ်ရာ ပိုဖြစ်မယ်။

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ နိုင်ငံရေးမှာ မတက်သာမဆုတ်သာ အဖြစ်နဲ့ ကြုံခဲ့တယ်။ ဒါကို ဒေါ်အောင်ဆန်းစုကြည် နိုင်ငံရေးနည်းနဲ့ (တနည်း) အနုနည်းနဲ့ ခြေဖျက်ဖို့ ကြိုးစားတယ်။ သူ ရှေ့ကို တစ်လှမ်းတက်ချင်တယ်။ ဒါပေမယ့် အထွေထွေ အကန့်အသတ်ဘောင်ထဲမှာ ရောက်နေတယ်။ ဒီလို အထွေထွေ

အကန့်အသတ်ဘောင်ထဲမှာ စစ်တပ်ရဲ့ ပါဝင်ယှက်နွှယ်မှုက ပိုကြီးတာဖြစ်ကောင်းဖြစ်မယ်။ ဒီတော့ ဒေါ်အောင်ဆန်းစုကြည်မှာ အချိန်သိပ်မရဘူး။ Political Deadlock လို့ ပြောလို့ရနိုင်ပါတယ်။ နိုင်ငံရေးကျင်းထဲ ကျပ်ထဲကို ရောက်နေတယ်။ နိုင်ငံရေးမှာ မတက်သာမဆုတ်သာ ဖြစ်နေတယ်လို့ ပြောရင် ပိုမှန်မယ်။ အဲသည့်အခါ ဒီ Deadlock ကို သူ ကိုယ်တိုင် ဖျက်လို့ ရရင် ရ ၊ မရရင်တော့ စစ်တပ်ဖန်တီးတဲ့အရာမို့ စစ်တပ်ကို ပြန်တာဝန်ပေးရမှာပဲ။ ဂျူဂျစ်ဆုမှာ ဒီလို သဘောတရား ရှိတယ် မဟုတ်လား။ ရန်သူရဲ့ အင်အားနဲ့ပဲ ရန်သူကို ပြန်လည် တန်ပြန်တာ။ အားသက်ရောက်မှု ပြင်းထန်ရင် ပြင်းထန်တဲ့အလျှောက် ပြသူကို တန်ပြန်စေတဲ့ နည်းနာ။ Deadlock ကြုံနေတာတော့ အမှန်ပဲ။ ဒါကို ဖျက်ရဲရင် ဖျက်ပေါ့။ တပ်က သူတားထားတဲ့စည်းကို သူ ကိုယ်တိုင် ဖောက်လိုက်ရတာက ပိုလွယ်တယ်လေ။ ဒီတော့ ဖျက်ရဲရင် ဖျက်ပေါ့။ ဒါဆိုရင် တိုင်းပြည်က အဆိုးလည်း ဖြစ်ချင်ဖြစ်မယ်၊ ပိုကောင်းတာလည်း ဖြစ်ချင်ဖြစ်သွားမယ်။ ဘာပဲဖြစ်ဖြစ် တိုင်းပြည်ရဲ့ကြမ္မာကို တိုင်းပြည်ထဲက လူထုကပဲ ဖန်တီးတာ မဟုတ်လား။ အကောင်းတွေဖြစ်လာရင်တော့ Deadlock ကိုလည်း ဖြည်နိုင်မယ်။ ဒီမိုကရေစီကလည်း ခုန်ကူးနိုင်တာတွေ ရှိလာမယ်။ ဆိုးသွားမယ်ဆိုရင်လည်း ဆိုးသွားနိုင်တာပဲ။ ဒါပေမယ့် အီလည်လိုက်ပြီး ဇာတ်မျောကြီးဖြစ်နေတာထက်စာရင် လူထုကို ရုန်းကန်ခိုင်းလိုက်တာက ကြွက်သားတွေ ပိုသန်မာလာလိမ့်မယ်လို့ မြင်ချင်လည်း မြင်ခဲ့မှာပေါ့။

ည ၈း၂၂

၂၄၊ အောက်တိုဘာ၊ ၂၀၂၁။

သင်္ကေတဗေဒထဲက အောင်ဆန်းစုကြည်

❷ ❸ အောက်တိုဘာ ❷ ⓿ ❷ ❶

- ဒေါ်အောင်ဆန်းစုကြည်ဟာ သင်္ကေတ အဖြစ် ပြောင်း၍ ကျေးဇူးပြုမည်လော။
- လူထုမှတ်ဉာဏ် (Public Memory) ထဲမှာ စွဲမြဲ နစ်ဝင်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ ဘယ်လို အခန်းကဏ္ဍမှာ လူထုကို ဆက်လက် ကျေးဇူးပြု ဦးဆောင်နေအုံးမယ်လို့ ထင်ပါသလဲ။

ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်ရင် အနာဂတ် မြန်မာ့လူ့အဖွဲ့အစည်းမှာ၊ သူ့ရဲ့ ဩဇာ ဘယ်လို ပုံပြောင်းဖြစ် တည်မလဲဆိုတာဟာ စိတ်ဝင်စားစရာကိစ္စဖြစ်ပါတယ်။ မြန်မာ့ဒီမိုကရေစီအိုက်ကွန် (icon) အဖြစ် ကမ္ဘာ့လူထု အတွင်းမှာ ပျံ့နှံ့ဖြစ်တည်ပြီးဖြစ်သလို၊ မြန်မာပြည်ရဲ့ ဒီမိုကရေစီအရေးတော်ပုံ ဟီးရိုးအဖြစ် သင်္ကေတပြုနိုင်ခဲ့ပါ တယ်။ သို့သော်လည်း တော်လှန်ရေးဟောင်းကို တော်လှန်ရေးသစ်နဲ့ အစားထိုးပြီး ခရီးဆက်တဲ့လမ်းမှာ၊ ဒေါ်အောင်ဆန်းစုကြည် လိုက်ပါနိုင်ပါအုံးမလား။ အခြေအနေရဲ့ အကန့်အသတ်ရယ်၊ အချိန်ကာလအားဖြင့် အကန့်အသတ်ရယ် တွက်ဆကြည့်ရင် လက်တွေ့အားဖြင့် ပါဝင်နိုင်ဖို့ လွယ်ကူမယ် မထင်ပါ။ သို့သော်လည်း ဒေါ်အောင်ဆန်းစုကြည် ပြုစုခဲ့တဲ့ ဓာတ်သတ္တိတွေဟာ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာ ကျန်ရှိနေပါတယ်၊ နစ်မြုပ်နေပါတယ်၊ ကိန်းအောင်းနေပါ တယ်။ မြန်မာ့လူ့အဖွဲ့အစည်းထဲမှာ ဘယ်လိုပုံစံနဲ့ ကိန်းဝပ်တည်ရှိနေသလဲ။

ဒီနေရာမှာ သင်္ကေတဗေဒနည်းအားဖြင့် ချည်းကပ်ဖို့ လိုတယ်လို့ ယူဆပါတယ်။

- Icon လား
- Index လား
- Symbol လား

အနက်သဘော

သင်္ကေတသဘောအားဖြင့် ကြည့်ရင် ဒေါ်အောင်ဆန်းစုကြည်ဟာ အိုက်ကွန် သက်သက်လား။ အိုက်ကွန် (Icon) ဆိုတာကို ပုံသင်္ကေတလို့ အနက်ဖွင့်ချင်ပါတယ်။ တနည်းအားဖြင့် ပုံရိပ်ကို ကြည်ညိုတာ ဖြစ်ပါတယ်။ အညွှန်းပြု - အညွှန်းခံ သင်္ကေတ (Index) ကတော့ သူ့အတွေးအခေါ်၊ သူ့မိန့်မှာချက်၊ သူ့စကား၊ သူ့သွန်သင်ချက်တွေကို ပြန်လည်ညွှန်းပြီးအနက်ဖော် လိုက်နာကျင့်သုံးတာဖြစ်ပါတယ်။ Symbol ကတော့ - ပုံသင်္ကေတအဖြစ်ရော ၊ အညွှန်းခံသင်္ကေတရော ဒီနှစ်ခုစလုံးမှာ ပြည့်စုံတဲ့ သင်္ကေတအဖြစ်ရောက်ရှိသွားခြင်းကို ဆိုလိုပါတယ်။

ရေသောက်မြစ် သုံးသွယ်

လူ့အဖွဲ့အစည်းထဲမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပုံရိပ်တွေဟာ အလွယ်တကူနဲ့ ပျောက်ပျက်သွားမယ် မထင်ပါ။ လူထုရဲ့ နှလုံးသားကို ညှို့နိုင်တဲ့ခေတ် - ဒေါ်အောင်ဆန်းစုကြည်မှာ ပိုင်ဆိုင်ပါတယ်။ ပို၍တိတိကျကျ ပြောရရင် - ဒေါ်အောင်ဆန်းစုကြည်ဟာ ပုဂ္ဂိုလ်ရေးသြဇာကြီးမားသူ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ဖြန့်ကျက်ထားနိုင်တဲ့ သြဇာတိက္ကမဟာ ဘယ်က လာပါသလဲ။ နိုင်ငံရေးနဲ့ပတ်သက်ရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ သြဇာဟာ အခြေခံရေသောက်မြစ် သုံးသွယ်ကနေ ဆင်းသက်လာပါတယ်။ (၁) ဒေါ်အောင်ဆန်းစုကြည်ဟာ လူထုရဲ့ ကရုဏာမဲကို ရပါတယ်။ (၂) ဒေါ်အောင်ဆန်းစုကြည်ဟာ လူထုရဲ့ ဒေါသမဲကိုလည်း ရပါတယ်။ (၃) ဒေါ်အောင်ဆန်းစုကြည်ဟာ သူ့ရဲ့ ပုဂ္ဂိုလ်ရေးဥပမိကနေ လူထုဆီက မဲကို ရပါတယ်။

သူနဲ့ သူ့အဖွဲ့ချုပ်

ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးခရီးအစမှာ သူ့ရဲ့ ပုဂ္ဂိုလ်ရေးဥပမိဟာ အထွဋ်အထိပ်ကို မရောက်သေးပါဘူး။ နိုင်ငံရေးခရီးဖြတ်သန်းမှု နှစ်ပေါင်း (၂၀) ကျော်ကြာလာပြီးနောက်ပိုင်းမှာ၊ ခေတ်သစ်နည်း ပညာကွန်ယက်တွေရဲ့ အပံ့အပိုး အပါအဝင် နိုင်ငံတကာက ဇာတ်ညွှန်းအရေးကောင်းချက်တွေအပြင် သူ့နဲ့ သူ့အဖွဲ့သားတွေရဲ့ စွန့်လွှတ် အနစ်နာခံမှုတွေဟာ လူထုအတွက် မျှော်လင့်ချက်ဖြစ်လာပါတယ်။ ထိုနည်းလည်းကောင်း ဒေါ်အောင်ဆန်းစုကြည် ရဲ့ လူထုရဲ့ မျှော်လင့်ချက်က ကြီးမားခဲ့သလို၊ သူ့ကို လူထုက ချစ်ပါတယ်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်း သမီးဖြစ်တာကြောင့်ပါသလို၊ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီး ကျဆုံးသွား ရတာကလည်း မြန်မာလူထုအကြား မှာ လွမ်းစရာ ၊ ကရုဏာသက်စရာ ဇာတ်လမ်းတစ်ပုဒ်အဖြစ် လူထုမှတ်ဉာဏ်ထဲမှာ နစ်ဝင်နေပါတယ်။

ကရုဏာမဲ

မြန်မာလူထုဟာ အသက်ငယ်ငယ် နဲ့ လုပ်ကြံခံရပြီး သေသွားတဲ့ ဗိုလ်ချုပ်အောင်ဆန်း အပေါ် အကြွေးတင်နေသလို ခံစားနေရဟန်တူပါတယ်။ ဒါ့အပြင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဥပမိကို အမွေခံနိုင်တဲ့ ဒေါ်အောင်ဆန်းစုကြည်ကို လေးစားကြည်ညိုတယ်။ စစ်အစိုးရရဲ့ နေအိမ်အကျယ်ချုပ် အဖြစ် နှစ်ပေါင်းများစွာ အကျဉ်းချခံရတာကို လူထုက ကရုဏာသက်တယ်။ အထူးသဖြင့် မိန်းမသားတစ်ယောက်ကို လက်နက်ကိုင်ထား တဲ့ ယောကျ်ားရင့်မာကြီးတွေက အနုနည်းရော၊ အကြမ်းနည်းနဲ့ရော ဝိုင်းဝန်း တိုက်ခိုက် ထိုးနှက်တာကို လူထုက ကောင်းကောင်း နားလည်တယ်။ ဒေါ်အောင်ဆန်းစုကြည်ကို လူထုက မကယ်တင်နိုင်ပါဘူး၊ လူထုရှေ့မှာ သူဟာ ပြည်သူအတွက် စွန့်လွှတ် အနစ်နာခံမှုကို ရဲဝံ့စွာ ပြသခဲ့တယ်။

ဒါတွေဟာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ သူ့သမီးအပေါ် လူထုက ကရုဏာသက်ရခြင်းအကြောင်းတရားတွေ ဖြစ်ပါတယ်။ ဒီတော့ တို့ဟာ အခွင့်ကြုံရင် ဒါကို ဆပ်ရမယ်၊ ဆပ်သင့်တယ်ဆိုတဲ့ စိတ် မြန်မာလူထုဆီမှာ ကိန်းအောင်းနေတယ်။ ဒီနေရာမှာ ကျေးဇူးကြွေးလို့ သုံးနှုန်းချင်ပါတယ်။ ဒီအနက်သဘောကို ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗိုလ်ချုပ် အောင်ဆန်းဟာ ယောင်လို့တောင် တွေးမိမယ် မထင်ပါ။ လူထုကလည်း ဒီလိုတွေးမယ်လို့ မထင်ပါ။ သို့သော်လည်း လူထုရဲ့စိတ်ထဲမှာ - သူတို့မိသားစု ပြုခဲ့တဲ့ ကျေးဇူးကြွေး ရှိနေတယ်လို့ အတွင်းစိတ်ထဲမှာ သိမှတ်လက်ခံထားဟန် တူပါတယ်။ ဒီရဲ့ အကျိုးဆက်က နိုင်ငံရေးမှာ ဒေါ်အောင်ဆန်းစုကြည်အပေါ် လူထုရဲ့ ကရုဏာမဲ ပြုဆင်းသွားတဲ့ ရလဒ်အဖြစ် ပြောင်းလဲသွားပါ တယ်။

ဒေါသမဲ

ဒါ့အပြင် ခေတ်အဆက်ဆက် နှစ်ပေါင်းများစွာ စစ်အစိုးရတွေ စစ်ဗိုလ်စစ်မင်းတွေရဲ့ ခေါင်းပုံဖြတ်ခံရမှု၊ အသိဉာဏ်ဆင်ခြင်တုံတရား ကင်းမဲ့မှုနဲ့ ဖမ်းဆီးနှိပ်စက်ခံရမှုတွေကြောင့် လူထုဟာ အထွေထွေ ချွတ်ခြုံကျမှုဆီကို ရောက်ရှိသွားသလို၊ လူသားဘဝနဲ့ လူသားဂုဏ်သိက္ခာတွေ ညှိုးနွမ်းခမ်းခြောက်နေခဲ့ပါတယ်။ လူထုဟာ လူသားအဖြစ် လူချင်းတူတူ သူချင်းမျှမျှ လွတ်လပ်စွာနေထိုင် အသက်ရှင်ခဲ့ရတာမျိုးဟာ နည်းပါးလွန်းလှပါတယ်။ လူထုသွေးနဲ့ ချွေးနဲ့ ရင်းနှီးရှာဖွေထားတဲ့ ဓနဥစ္စာတွေကလည်း စစ်အစိုးရတွေရဲ့ ဆေးမီးတိုကုထုံးတွေအကြားများ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ဒါကို လူထုကို မကျေနပ်ပါ။ လူထုက ဒေါသဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ကံကြမ္မာကို စစ်တပ်ကလွဲလို့ တခြားဖန်တီးနိုင်မယ့် ယုံကြည်ရလောက်တဲ့သူ ရှိရင် လူထုဟာ ဒီလိုလူကို လိုလားပါတယ်။ ဒီနေရာဟာ လေဟာနယ်ဖြစ်ခဲ့ပါတယ်။

လေဟာနယ်ကို ဝင်ဖြည့်

၁၉၈၈ လူထုအရေးတော်ပုံမှာ ဒီလေဟာနယ်ကို ဖြည့်နိုင်မယ့်သူ ပေါ်လာပါတယ်။ အဲဒါကတော့ ဒေါ်အောင်ဆန်းစုကြည်ဖြစ်ပါတယ်။ စစ်တပ်ရဲ့ စီမံခန့်ခွဲမှု ညံ့ဖျင်းချက်တွေဟာ လူထုဒေါသအဖြစ် ပြောင်းလဲသွားပြီး၊ စစ်တပ်ညံ့လေလေ လူထုဟာ ဒေါ်အောင်ဆန်းစုကြည်ကို ပို၍ သဲကြီးမဲကြီး ထောက်ခံလေလေ ဆိုတာ ဖြစ်လာပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲနဲ့ ၂၀၁၅ ရွေးကောက်ပွဲတွေဟာ ဒီလိုအမှတ်သရုပ်ကို ထင်ထင်ရှားရှားတွေ့

နိုင်တဲ့ ဖြစ်ရပ်တွေဖြစ်ပါတယ်။ ကရုဏာမဲ နဲ့ ဒေါသမဲကို ဒေါ်အောင်ဆန်းစုကြည်က သိမ်းကြုံး ယူငင်နိုင်ကြောင်း ၁၉၉၀ ရွေးကောက်ပွဲ၊ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲနဲ့ ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲတွေမှာ ထင်ထင်ရှားရှား တွေ့နိုင်၊ မြင်နိုင်ပါတယ်။

ဒီမိုကရေစီအိုက်ကွန် ဖြစ်လာ

၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံမှာ စီနီယာနိုင်ငံရေးသမားဟောင်းကြီးတွေဟာ မျိုးဆက်သစ်နိုင်ငံရေးခေါင်းဆောင် တစ်ယောက်ကို တွန်းတင်ပြီး နိုင်ငံရေးဇာတ်ခုံပေါ် အရောက်ပို့ခဲ့ပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း အလားအလာရှိတဲ့ နိုင်ငံရေးခေါင်းဆောင်ကို စတားဖြစ်အောင် မွေးပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ကလည်း နိုင်ငံ့ခေါင်းဆောင်ဖြစ်နိုင်တဲ့ ပါဝါမျိုး ကိန်းအောင်နေတဲ့ အသွင်လက္ခဏာရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ ကာလ၊ ဒေသ ၊ ပယောဂ ရဲ့ အပံ့အပိုးနဲ့ ဒီမိုကရေစီ အိုက်ကွန် တစ်ခုဖြစ်လာခဲ့ပါတယ်။

မြန်မာရနံ့ မပျောက်တဲ့ ပညာတတ်

နောက်ပိုင်းမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ သူ့ရဲ့နိုင်ငံရေးအမြော်အမြင်ကို တဖြည်းဖြည်းနဲ့ ပြသနိုင်ခဲ့ပါတယ်။ စစ်အစိုးရက ကြီးမှူးတဲ့ နိုင်ငံရေးဖြေလျှော့မှုကာလတွေမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အရည်အချင်းဟာ လူထုလေးစားဖွယ်ရာ ပြသနိုင်တဲ့ အခင်းအကျင်းမျိုးကို ရောက်လာပါတယ်။ အထူးသဖြင့် အနောက်တိုင်း ပညာတတ်ဖြစ်သလို၊ မြန်မာရနံ့ မပျောက်တဲ့ ဒေါ်အောင်ဆန်းစုကြည်ကို လူထုက လေးစားချစ်ခင်ပါတယ်။ လူထုဟာ ဒေါ်အောင်ဆန်းစုကြည်ကို အသိပညာနဲ့သာ ပြည့်စုံသူ မဟုတ်ဘူး၊ အကျင့်စရဏနဲ့လည်း ပြည့်စုံတယ်လို့ ယုံကြည်လက်ခံကြတယ်။ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဥပမိက မြန်မာအသည်းစွဲဖြစ်ခဲ့တယ်။

သဘောကွဲလွဲမှုတွေ ရှိနေသည့်တိုင်

ကမ္ဘာအရပ်ရပ်က ပြည်ပရောက်မြန်မာတွေထဲမှာလည်း ဒေါ်အောင်ဆန်းစုကြည်ကို လေးစားယုံကြည်တဲ့သူတွေ မြောက်မြားစွာ ရှိတယ်။ ပညာတတ်မြန်မာလူတန်းစားအလွှာထဲက ဒေါ်အောင်ဆန်းစုကြည်ရဲ့ မဟာဗျူဟာနဲ့ သူ့ လုပ်ရပ် လမ်းစဉ်တွေကို သဘောထား ကွဲလွဲကြတာ ရှိပါတယ်။ သို့ပေမယ့် မြန်မာ ပြည်သူတွေအပေါ်ထားတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စေတနာကိုတော့ ဘယ်သူမှ သံသယရှိမယ် မထင်ပါဘူး။

ဗိုလ်ချုပ်အောင်ဆန်းထံမှ အမွေ

အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်ဟာ သူ့အဖေ ဗိုလ်ချုပ်အောင်ဆန်းဆီက အမွေ တချို့ ရတယ်။ အဲဒါကတော့ လူထုအကျိုး အတွက် တစ်ချောင်းတည်းသောစိတ်နဲ့ စိုက်လိုက်မတ်မတ် ရပ်တည်လျှောက်လှမ်းတဲ့ အကျင့်၊ လူထုကိုညှို့နိုင်တဲ့ နိုင်ငံရေးသံလိုက်ဓာတ်၊ ကိုယ်ရည်ကိုယ်သွေးအရ အရိုးခံစိတ် ရှိမှုနဲ့ အယူဝါဒ နိုင်ငံရေး အရိပ်အယောင်တွေကို ကျော်ပြီး ကြည့်မြင်တတ်မှု - စတာတွေကို အမွေအဖြစ် ဆက်ခံနိုင်ခဲ့သူဖြစ်ပါတယ်။ တစ်ဖက်မှာလည်း မြန်မာ့ ဒီမိုကရေစီရေးအတွက် ဒေါ်အောင်ဆန်းစုကြည်နောက်မှာ အသိုင်းအဝန်းမပျက် စွဲစွဲမြဲမြဲ

လိုက်ပါစုဖွဲ့ပေးနိုင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လို နိုင်ငံရေးပါတီတစ်ရပ် ရှိနေခြင်းဟာ နိုင်ငံရေးအရာ ဖြန့်ကျက်နိုင်မှု အားကောင်းခဲ့ ပါတယ်။

လူသူလေးပါး မြင်ကွင်းပေါ် ရောက်လာ

စစ်အစိုးရရဲ့ နေအိမ်အကျဉ်းချခံရတဲ့ကာလတွေမှာ ဒေါ်အောင်ဆန်းစုကြည်ကို လူထုက မျှော်ကိုးစိတ်နဲ့သာ မျှော်လင့်ခဲ့ရပေမယ့်၊ သူ့အရည်အချင်း ဘယ်လောက်ရှိတယ်ဆိုတာ လေ့လာခွင့် မရခဲ့ပါ။ သို့သော် ၂၀၁၂ နောက်ပိုင်း နိုင်ငံရေးဖြေလျှော့မှုကာလနောက်ပိုင်းမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ လူထုနဲ့ တိုက်ရိုက်ထိတွေ့ခွင့် ရသလို ၊ နိုင်ငံတကာကိုလည်း ခြေဆန့်ခွင့်ရလာတယ်။ ခေတ်မီသတင်းနည်းပညာတွေနဲ့ အကျွမ်းတဝင်ဖြစ်လာတဲ့ လူထုဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပုဂ္ဂိုလ်ရေးအရည်အသွေးတွေကို ကောင်းကောင်း လေ့လာခွင့်ရခဲ့တယ်။

လူထုနှလုံးသားကို ညှို့နိုင်

အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံရေးအတွေးအခေါ်အရ နက်နဲကျယ်ပြန့်သလို၊ လူထုနဲ့ ထိတွေ့ရာမှာ လူထုနဲ့ တစ်သားတည်းနေနိုင်တယ်။ သူ့ရဲ့ ဟောပြောချက်တွေဟာ သာမန်လူပိန်း လူထု နားလည်နိုင်အောင် အထိ ရိုးရှင်းသလို၊ မြန်မာသံ အတော်ထွက်တယ်။ လူထုနားနဲ့ ကိုက်အောင် ဟောပြောနိုင်စွမ်း ဒေါ်အောင်ဆန်းစုကြည်မှာ အပြည့်အဝ ရှိတယ်။ ဟောပြောခြင်းနည်းအားဖြင့် ဒေါ်အောင်ဆန်းစုကြည်ဟာ လူထုနှလုံးသားကို ထပ်မံ သိမ်းကြုံးယူငင်နိုင်ခဲ့တယ်။ ထိုနည်းလည်းကောင်း တိုင်းပြည်ရဲ့ပြဿနာကို လူထုကို ရှင်းလင်းပြရာမှာ ချက်ကျလက်ကျ ရှိသလို၊ လိုရင်း တိုရှင်းနဲ့ လူထုသဘောကျတဲ့ စကားလုံးတွေ ဖြစ်တယ်။

သူ့ စွမ်းရည် ၊ သူ့အစုအဖွဲ့ အင်အား

ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းမှာ ဝင်ဆန့်မှုကလည်း လူထုအတွက် အထင်ကြီးစရာ ဖြစ်တယ်။ ဆုပ်ကိုင်ပြလို့ မရတဲ့ အရာတွေကတော့- ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရဲဝံ့မှု၊ လူထုကို ဦးညွှတ်ပြီး သူ့ကိုယ်သူ နိမ့်ချမှု၊ လူထုဆက်ဆံရေးကောင်းမွန်မှု၊ သူ့ရဲ့တည်ကြည်တဲ့ ဥပဓိနဲ့ ကိုယ်ရည်ကိုယ်သွေး။ ထို့နောက် သူ့အဖွဲ့အစည်း ဖြစ်တဲ့ ဒီချုပ်။ ပုဂ္ဂိုလ်ရေးကိုးကွယ်မှု ရေခံမြေခံထက်သန်တဲ့ မြန်မာ့မြေမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ ကိုးကွယ်ခံရလောက်တဲ့အထိ လူထုရဲ့လေးစား ချစ်ခင်မှုကို ရရှိခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စွန့်လွှတ်အနစ်နာခံမှု၊ သူ့ရဲ့ အရည်အချင်း၊ သူ့ရဲ့ နိုင်ငံရေးဇွဲနပဲ၊ သူ နေအိမ်အကျဉ်းချခံမှုနဲ့ သူ ဦးဆောင်တဲ့ အဖွဲ့ချုပ်ရဲ့ အင်အား၊ နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့ ထောက်ခံမှု၊ သူ့ရဲ့ သမိုင်းပုံရိပ်အမွေကောင်း - စတဲ့ အချက်တွေကို စုပေါင်းလိုက်ရင် ဒေါ်အောင်ဆန်းစုကြည်ဟာ ပြည်မက မြန်မာလူထုအများစုရဲ့ ယုံကြည်လေးစားမှု ထက် လွန်သော ပုဂ္ဂိုလ်ရေးကိုးကွယ်မှုအထိ ရရှိတာဟာ သိပ်တော့ မဆန်းပါဘူး။ နောက်ပိုင်း နိုင်ငံတော်ကို ၅ နှစ်တာ အုပ်ချုပ်စီမံခွင့်ရတဲ့အခါမှာ၊ သူ့ရဲ့ မေတ္တာနဲ့ ကရုဏာကိုပါ လူထုက ပိုလို့ တွေ့လာရတယ်။ ဒီအချက်တွေ ဟာ မြန်မာလူထုက ဒေါ်အောင်ဆန်းစုကြည်အပေါ် အတိုင်းအထက် အလွန် မျှော်လင့်လာသော အကြောင်းတရား တွေ ဖြစ်လာခဲ့တယ်။

ပုံရိပ်တွေ စိမ့်ဝင် ပျံ့နှံ့

အင်တာနက်အွန်လိုင်း ကွန်ယက်စာမျက်နှာတွေဟာ လူထုလက်ထဲမှာ ကျယ်ကျယ်ပြန့်ပြန့်ရောက်လာတာမို့ ယခင်က ဒေါ်အောင်ဆန်း စုကြည်ဓာတ်ပုံတွေကို ခိုးကြောင်ခိုးဝှက် သိမ်းဆည်းထားသိုရတဲ့အဆင့်ကနေ လူတိုင်းရဲ့ မိုဘိုင်းဖုန်းထဲမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပုံရိပ်တွေကို ဓာတ်ပုံအသွင်နဲ့ရော၊ ဗီဒီယိုမှတ်တမ်းအနေနဲ့ရော၊ ပန်းချီအနုပညာတွေ အဖြစ်ရော အမျိုးမျိုး ရောက်ရှိပျံ့နှံ့ခဲ့ပါတယ်။ လူထုဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပုံတွေကို သူတို့ရဲ့ မိုဘိုင်းဖုန်း စခရင်ပေါ်မှာ တယုတယ သိမ်းဆည်းရုံမက၊ အိမ်နံရံမှာ ပြက္ခဒိန်အဖြစ်လည်းကောင်း၊ ဓာတ်ပုံအားဖြင့်လည်းကောင်း၊ ပန်းချီအားဖြင့်လည်းကောင်း အမျိုးမျိုး အဖုံဖုံ ချိတ်ဆွဲပြီး ချစ်ခင်လေးစား တန်ဖိုးထားတာကို တွေ့နိုင်တယ်။

မြန်မာလူထုရဲ့ စိတ်ထဲမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဓာတ်ပုံတွေဟာ ကျက်သရေရှိ တယ်လို့ ထင်မှတ်တယ်။ ဒေါ်အောင်ဆန်းစုကြည်ကို မလိုလားတဲ့ လူတချို့က ဒေါ်အောင်ဆန်းစုကြည်ကို အနိမ့်ကျဆုံးသော ပုံရိပ်တွေဖြစ်အောင် တန်ပြန် တုံ့ပြန်ကြသည့်တိုင်၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ပုဂ္ဂိုလ်ရေးသြဇာဟာ ပြဒါးတိုင်ကို ဖောက်ပြီးတက်လာနိုင်ခဲ့တယ်။ အကြမ်းမဖက်သောနည်းနဲ့ စစ်အာဏာရှင်ကို နှစ်ပေါင်းများစွာ အံတုလို့ အာဂအမျိုးသမီးလို့ ယူဆပြီး လူထုက လေးစားကြတယ်။

ရွန်းထွက်ချင်လို့ မျှော်လင့်တယ်

တစ်ဖက်မှာလည်း မြန်မာလူထုဟာ စစ်အာဏာရှင်လက်အောက်က လွတ်ချင်တယ်။ သူတို့ရဲ့ နေ့စဉ်ဘဝတွေကို အကြောက်တရားနဲ့ မရှင်သန်ချင်ဘူး၊ ကိုယ့်ဘဝကို ကိုယ်လွတ်လပ်စွာ ပြဋ္ဌာန်းတည်ဆောက်ချင်တယ်။ လူသားလွတ်လပ်ခွင့်နဲ့ လူသားဂုဏ်သိက္ခာကို ရချင်လို့ လူထုဟာ ဒီမိုကရေစီကို တောင့်တတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ လူထုလိုလားတဲ့ ဒီမိုကရေစီအတွက် တပ်ဦးက ခေါင်းဆောင်လို့ လူထုက လက်ခံ အသိအမှတ်ပြုတယ်။ ဒီလိုနဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီမိုကရေစီအိုက်ကွန် တစ်ခုဖြစ်လာတယ်။ ၂၀၁၅ - ၂၀၂၀ အတွင်းမှာ နိုင်ငံတော်အစိုးရအဖွဲ့ခေါင်းဆောင်ဖြစ်လာလို့ ဒေါ်အောင်ဆန်းစုကြည်ဟာ သြဇာနဲ့ အာဏာပါ ရှိလာတယ်။

သြဇာ - အာဏာ

ယခင် အတိုက်အခံပါတီခေါင်းဆောင်အဖြစ်တုန်းက လူထုလက်ခံလိုလားတဲ့ နိုင်ငံရေးခေါင်းဆောင် အဖြစ် သြဇာကြီးခဲ့ပေမယ့်၊ အစိုးရအဖြစ် ဒီချုပ်ပါတီက ရောက်ရှိပြီး တဲ့အချိန်မှာ အာဏာပါ ရှိလာတယ်။ ဒေါ်အောင်ဆန်းစုကြည်က ပုဂ္ဂိုလ်ရေးသြဇာ (personal power) ရှိလာရာကနေ အုပ်ချုပ်ရေးအာဏာ (positional power) ပါရလာတာကြောင့် သူ့ရဲ့ နိုင်ငံရေးသြဇာ (political power) ဟာ သြဇာတိက္ကမကြီးတဲ့အထိ အထွဋ်အထိပ်ကို ရောက်လာခဲ့တယ်။ သို့သော်လည်း ဒေါ်အောင်ဆန်းစုကြည်ဟာ အစိုးရအဖွဲ့ကို ဦးဆောင်ခွင့်ရချိန်မှာ သူ့ အသက်က (၇၀) ကျော်ပြီ။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီမှာ စစ်တပ်က

အာဏာသိမ်းလိုက်တော့ ဒေါ်အောင်ဆန်းစုကြည် ဟာ နေအိမ်အကျယ်ချုပ်နဲ့ ဖမ်းဆီးခံရတယ်။ ၂၀၂၁ ခုနှစ်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့အသက်ဟာ (၇၆) နှစ် ရှိနေပြီ။

ခရီးကြမ်းကို ဆက်လျှောက်

မြန်မာ့နိုင်ငံရေးခရီးကြမ်းဟာ ဆက်ပြီး ကြမ်းနေပါလိမ့်မယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ အသက်အားဖြင့် သူ့အတွက် သဘာဝ အတားအဆီးတစ်ခု ဖြစ်လာသလို၊ တင်းမာတဲ့ မြန်မာစစ်တပ်ရဲ့ အပြုအမူက ဒေါ်အောင်ဆန်းစုကြည်ကို ရွေးကောက်ပွဲနိုင်ငံရေးဆီသွားဖို့ ဖျက်လိုဖျက်ဆီး လုပ်ခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ မြန်မာပြည်သူတွေလွတ်လပ်ရေးရရှိဖို့ ဇေမူစိတ်နဲ့ တစ်ချောင်းတည်းသောစိတ်အရင်းခံပြီး စွန့်လွှတ်ကြိုးစားခဲ့ပေမယ့်၊ ငါ မင်းသားကြီးမလုပ်ရရင် ပတ်မကြီးထိုးဖောက်မယ် ဆိုတဲ့ လူတချို့ကြောင့် လွတ်လပ်ရေးမရခင် လုပ်ကြံခံရပြီး ကျဆုံးသွားတယ်။

အဖေ အောင်ဆန်း ၊ သမီးအောင်ဆန်း

ဗိုလ်ချုပ်အောင်ဆန်းဟာ လူငယ်ဘဝကနေ နိုင်ငံရေးလှုပ်ရှားမှုထဲ ပါဝင်လာပြီး လူလတ်ပိုင်းဘဝ အစမှာ အမျိုးသားခေါင်းဆောင်တစ်ယောက်ဖြစ်လာခဲ့တယ်။ သူအမျိုးသားခေါင်းဆောင်အဖြစ် အထွဋ်အထိပ်ဘဝကို ရောက်တဲ့ လူလတ်ပိုင်းဘဝအစမှာပဲ ဗိုလ်ချုပ်အောင်ဆန်းဟာ လုပ်ကြံခံလိုက်ရတယ်။ လွတ်လပ်ရေးကို သူ မမြင်သွားနိုင်ခဲ့ပါ။

ဒေါ်အောင်ဆန်းစုကြည်ဟာ သူ့အသက် လူလတ်ပိုင်းအရွယ်မှာ မြန်မာ့နိုင်ငံရေးခရီးကြမ်းကို စတင်တိုးဝင်လာခဲ့ပါတယ်။ သူ့အသက် (၇၀) လောက်ကျမှ အစိုးရဖြစ်နိုင်မယ့် လမ်းကြောင်းပေါ် နင်းနိုင်ပြီး တိုင်းပြည်ကို (၅) နှစ်တာ အုပ်ချုပ်ခွင့်ရခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာလူထုကို မင်းလုပ်အုပ်ချုပ်ပြီး လူထုအကျိုးကိုပြုဖို့ထက် စစ်အာဏာရှင်ကို တော်လှန်ရင်းနဲ့သာ လူထုကို ကျေးဇူးပြုခွင့်ရခဲ့တဲ့အချိန် ပိုများတယ်လို့ ပြောနိုင်ပါတယ်။

အခုလည်း မြန်မာပြည်ဟာ လက်နက်ကိုင်လမ်းစဉ်ကို လျှောက်လှမ်းတဲ့တော်လှန်ရေးလမ်းကြောင်းထဲ ရောက်သွားပြီဖြစ်ပါတယ်။ ဒါ့ကြောင့် ရွေးကောက်ပွဲနိုင်ငံရေးဟာ တော်ရုံနဲ့ ပြန်လည် အသက်မဝင်လာနိုင်သေးပါ။ မြန်မာပြည်ရဲ့ ဒီမိုကရေစီကို ဒေါ်အောင်ဆန်းစုကြည် မြင်ခဲ့ရပါ့မလား။

လက်တွေ့မှာ မလွယ်သေး

လက်နက်ကိုင်လမ်းစဉ်အောင်မြင်သည်ထားတော့၊ တော်လှန်ရေးအလွန်ကာလမှာ အားလုံးသဘောညီဖြစ်တဲ့ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ပြီး လူထုလိုလားတဲ့အစိုးရတင်မြှောက်နိုင်ဖို့ အချိန်တိုတိုနဲ့ မရနိုင်သေးပါ။ ဖက်ဒရယ်ဒီမိုကရေစီကို တည်ဆောက်ရာမှာလည်း ရက်တိုတိုနဲ့ တည်ဆောက်နိုင်သေးမယ် မဟုတ်ပါ။ ဒါ့ကြောင့် အသက်အားဖြင့် (၈၀) နားကို တဖြည်းဖြည်း ချဉ်းကပ်လာတဲ့ ဒေါ်အောင်ဆန်းစုကြည်အဖို့ လက်ရှိဖြစ်တည်နေတဲ့ မြန်မာ့နိုင်ငံရေးရာသီဥတုအခြေအနေအရ - မြန်မာလူထုကို ကာယကံမြောက် ထပ်မံ ကျေးဇူးပြုနိုင်ခွင့် ရပါ့မလား။ အကယ်၍ ရစေအုံးတော့ - ဒေါ်အောင်ဆန်းစုကြည်နဲ့ မျက်နှာသစ်နိုင်ငံရေး

ခေါင်းဆောင်တွေအကြားမှာ ပြေလည်တဲ့ဆက်ဆံရေးပဋိညာဉ်တစ်ခု ရှိထားမှသာ လူမျိုးစုအားလုံးကို လွှမ်းခြုံတဲ့ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍကို ရောက်နိုင်ပါလိမ့်မယ်။ သို့မဟုတ်ရင်တော့ - တပ်ပေါင်းစုနိုင်ငံရေး ဟာ ပြန်လည်ပြိုကွဲသွားပြီး၊ အီလည်လိုက် ဇာတ်မျောကြီးဖြစ်နေပါလိမ့်မယ်။

ဘယ်လို ဘယ်ကဲ့သို့

နောက်တစ်ချက် စဉ်းစားစရာက - အကြမ်းမဖက်တော်လှန်ရေးနည်းနဲ့ နှစ်ပေါင်း (၃၀) ကျော် စစ်အာဏာရှင်ကို တော်လှန်တဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဟာ - လက်နက်ကိုင်လမ်းစဉ်ကိုပါ ပူးတွဲလျှောက်လှမ်းပါတယ်။ ဒီချုပ်အနေနဲ့ ဒေါ်အောင်ဆန်းစုကြည် စွဲစွဲမြဲမြဲလျှောက်ခဲ့တဲ့ အကြမ်းမဖက်တော်လှန်ရေးလမ်းစဉ်ကို ဆက်လက် ကိုင်စွဲထားသလို၊ လက်တွေ့နိုင်ငံရေး အရွှေ့ကို ရွှေ့နိုင်ဖို့ လက်နက်ကိုင်လမ်းစဉ်ကို ပြည်သူ့သဘောထား ဆန္ဒနဲ့အညီ ပူးတွဲကိုင်စွဲတာတွေ့ရပါတယ်။

တော်လှန်ရေးဟာ ခပ်မြန်မြန်အောင်မြင်ခဲ့ရင်တော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍမှာ ဆက်ရှိနေပြီးတော့ - လူမျိုးစုအားလုံး လွှမ်းခြုံတဲ့ ဖက်ဒရယ်ဒီမိုကရေစီကို တပ်ဦးကနေ တည်ဆောက်နိုင်ပါလိမ့်မယ်။ မြန်မာ့နွေဦးတော်လှန်ရေး ကျရှုံးခဲ့သည် ရှိသော် - ဗမာပြည်ကွန်မြူနစ်ပါတီလို ပါတီဟာ တောထဲ အပို့ခံရနိုင်ပါတယ်။ တနည်းအားဖြင့် မြေအောက်ပါတီအဖြစ် လက်နက်ကိုင်လမ်းစဉ်ကို ဆက်လျှောက်နေရပါလိမ့်မယ်။ လက်ရှိ မြန်မာ့နွေဦးတော်လှန်ရေးဟာ ဗမာပြည်မကို ကောင်းစွာကိုယ်စားပြုထား တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အင်အားစုတွေနဲ့ လူမျိုးစုလက်နက်ကိုင်ခေါင်းဆောင်တို့အကြား ဘယ်လောက် နိုင်ငံရေးအစေးကပ်မှုကို တည်ဆောက်နိုင်သလဲဆိုတဲ့အပေါ်မှာ အများကြီး မူတည်နေပါတယ်။ ဒါဟာ ပထမဦးစား ပေးတည်ဆောက်ရမယ့်အရာဖြစ်ပြီး စစ်တပ်ရဲ့ဒေါက်တိုင်တွေကို ဖြိုချတာနဲ့နဲ့ နိုင်ငံတကာကနေ ထောက်ခံမှုရအောင် လုပ်တာ၊ စစ်တပ်ကို ဖိအားပေးတာတွေက ဒုတိယဦးစားပေးနေရာမှာပဲ ရှိပါတယ်။

ခပ်ဝေးဝေးကသာ

တည်ဆဲအခြေအနေတွေအရ - မြန်မာ ပြည်ရဲ့နိုင်ငံရေးရာသီဥတုဟာ မိုးလေတိမ်သလ္လာကင်းစင်ပြီး အပြုသဘော ဆောင်သော တိုင်းပြည်တည်ဆောက်ရေးတွေကို ၂၀၁၃ နဲ့ ၂၀၂၀ ကြားကာလတွေလို ပြန်လည်လုပ်ဆောင်ဖို့ ခပ်ဝေးဝေးကသာ မျှော်လင့်နိုင်ပါသေးတယ်။ ဒီလိုအကြောင်းခြင်းရာတွေကြောင့် - ဒေါ်အောင်ဆန်းစုကြည်ဟာ လူထုရဲ့ အမျိုးသားရေးအိုက်ကွန်၊ ဒီမိုကရေစီအိုက်ကွန်အဖြစ်ကနေ ပပျောက်သွားတာ မဟုတ်ပေမယ့်၊ ကာယကံမြောက် လူထုကို လမ်းညွှန်တာ၊ ဦးဆောင်တာမျိုး လုပ်နိုင်ဖို့ မလွယ်သေးပါ။ ဒီလိုကာယကံမြောက် မလုပ်နိုင်တဲ့အခြေအနေ မှာ ဒေါ်အောင်ဆန်းစုကြည်ဟာ သူ့ရဲ့ပုံရိပ်တွေကို ချန်ခဲ့ပြီး လူထုကို လမ်းညွှန်ခွင့်၊ သွန်သင်ခွင့်၊ ဦးဆောင်ခွင့် ရနေပါတယ်။

ပုံသင်္ကေတထက် ကျော်လွန်ပြီလား

ဒီနေရာမှာ ဆန်းစစ်ဖို့က ဒေါ်အောင်ဆန်းစုကြည်ရဲ့ လမ်းညွှန် ဦးဆောင်မှုနဲ့ သူ့သြဇာဟာ ပုံသင်္ကေတ (icon) အဖြစ်သာ ရှိနေတာလား။ သို့တည်းမဟုတ် အညွှန်းသင်္ကေတ (index) အဖြစ် ရောက်ရှိရဲ့လားဆိုတာကို

လေ့လာဆန်းစစ်ရမှာ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို လူထုက လေးစားတာ၊ ချစ်ခင်တာ၊ မြတ်နိုးတာ၊ ကရုဏာသက်တာ၊ ယုံကြည်တာတွေဟာ သူ့ရဲ့ ပုဂ္ဂိုလ်ရေးဥပဓိကနေ ဖြစ်ပေါ်လာတဲ့အရာတွေ ဖြစ်ပါတယ်။ လူထုဟာ ဒေါ်အောင်ဆန်းစုကြည်ကို ချစ်မြတ်နိုးတယ်၊ လေးစားတယ်၊ ယုံကြည်တယ်ဆိုရုံမျှနဲ့တော့ အိုက်ကွန် အဆင့်ကနေ တက်လာမယ် မထင်ပါ။

မြန်မာ့လူ့အဖွဲ့အစည်းထဲမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံရေးအရ လက်တွေ့ဦးဆောင်မှု မပေးနိုင်တဲ့အခြေ အနေဖြစ်ပေမယ့် သူ့ရဲ့ ဟောပြောချက်တွေ၊ သူ့ရဲ့ပြောစကားတွေ၊ သူ့ရဲ့ အဆိုအမိန့်တွေ၊ သူ့ရဲ့ သွန်သင်မှုတွေ၊ သူ့ရဲ့ လမ်းညွှန်ချက်တွေ၊ သူ့ရဲ့ ဆန္ဒတွေနဲ့ သူဖြစ်စေချင်တဲ့ ကိုယ်ရည်ကိုယ်သွေးတွေ၊ သူ ကျင့်ကြံစေချင်တဲ့အကျင့်အကြံတွေကို ဘယ်လောက် လိုက်နာသလဲ၊ ဘယ်လောက် သတိတရရှိသလဲ၊ ဘယ်လောက် လက်တွေ့ လုပ်ကိုင်သလဲ၊ ဘယ်လောက် ကျင့်သုံးကြသလဲဆိုတာက ပိုအရေးကြီးနေပါတယ်။

ရုပ်ပုံ ကွယ်နေသလား

ယနေ့တွေ့မြင်ကြားသိနေရတဲ့ လူထုသဘောထားထင်မြင်ချက်တွေမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ အညွှန်းခံ သင်္ကေတအဖြစ် ပြည့်ပြည့်ဝဝ ရောက်ရှိမလာသေးတာကို တွေ့ရပါတယ်။ ပုံသင်္ကေတအဖြစ်သာ ပြည့်ပြည့်ဝဝ ရောက်ရှိပြီး အညွှန်းခံသင်္ကေတအဖြစ် ပြည့်ပြည့်ဝဝ ရောက်မလာတာတွေ့ရ ပါတယ်။ မြန်မာစကားမှာ - ဘုရားကို ရုပ်တုကွယ်တယ် ဆိုတဲ့စကား ရှိပါတယ်။ အခုဟာလည်း ထိုနည်းသဘောပါပဲ။ ဒါဟာ မြင်သာအောင် ဥပမာပြခြင်းသက်သက်မျှသာဖြစ်ပါတယ်။ တခြားအနက်ကို ဆိုလိုခြင်း မရှိ။

မြန်မာလူထု နဲ့ဒေါ်အောင်ဆန်းစုကြည်အကြားမှာ သူ့ဓာတ်ပုံတွေက ကွယ်ထားပါတယ်။ သူ့ပုံသင်္ကေတတွေက ကွယ်ထားပါတယ်။ ဒါ့ကြောင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ စစ်မှန်တဲ့အဓိပ္ပာယ်ကို အညွှန်းပြုသင်္ကေတလုပ်ပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ လမ်းပြသွန်သင်မှုတွေကို ပြန်လည် သတိရတာမျိုးဟာ နည်းပါးနေပါတယ်။ ပုံရိပ်ကို ကိုးကွယ်တာဟာ - ဓမ္မကို ကျင့်သုံးခြင်း မဟုတ်ပါ။ သက်သက်စီ ဖြစ်ပါတယ်။ တခြားစီဖြစ်ပါတယ်။

အနှစ်သာရကို သုံးဆောင်ကြပါ

လူထုထဲက စကားတွေ၊ လူထုထဲက အနုပညာတွေ၊ လူထုထဲက ကဗျာတွေ၊ လူထုထဲက စာတွေထဲမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အတွေးအခေါ်တွေကိုပြန်လည် ညွှန်းစေချင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အဆိုအမိန့်တွေ၊ ပြောစကားတွေ၊ ဟောပြောချက်တွေ၊ ခံယူချက်တွေ၊ အမြင်တွေ၊ အယူအဆတွေကို ပြန်လည် ညွှန်းစေချင်ပါတယ်။ ဒါမှသာ လက်တွေ့အရ ဒေါ်အောင်ဆန်းစုကြည်ဟာ မမြင်ရသောလက်နဲ့ မြန်မာ့လူ့အဖွဲ့ အစည်းကို ကျေးဇူးပြုခွင့်ရမယ်လို့ ယူဆပါတယ်။ ပုံရိပ်ကို သင်္ကေတပြုပြီး တမ်းတ၊ သတိရ၊ လေးစားယုံကြည် တယ်ဆိုတာဟာ - တခါတရံ ရုပ်ရှင် မင်းသားမင်းသမီးကို သဘောကျလို့ လှလို့ အိမ်နံရံမှာ သူ့ပုံချိတ်ဆွဲထားသလို အဆင့်မျိုးသာ ဖြစ်နေပါလိမ့်မယ်။ လက်တွေ့အားဖြင့် သူ့စကားတွေ၊ သူ့အတွေးအခေါ်တွေ၊ သူ့အယူအဆတွေ၊ သူ့အမြင်တွေ၊ သူ့မိန့်မှာချက်တွေကို လက်တွေ့ ညွှန်းဆို လိုက်နာ ကျင့်သုံး ကျင့်ကြံကြဖို့ ဖြစ်ပါတယ်။

ရုပ်တုနဲ့ မိန့်ခွန်း ဘယ်အရာ ပိုရေပန်းစား

ဗိုလ်ချုပ်အောင်ဆန်းရုပ်တုတွေ မြို့နယ်တိုင်းလိုလိုမှာ စိုက်ထူဖို့ ကြိုးပမ်းကြပေမယ့်၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန့်ခွန်းပေါင်းချုပ်စာအုပ်၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အတ္ထုပ္ပတ္တိ စာအုပ်တွေကို ဖတ်ရှုလေ့လာနေတဲ့အိမ် ဘယ်နှအိမ် ရှိမယ် ထင်ပါသလဲ။ ဘယ်လောက်များများစားစား ရှိမယ် ထင်ပါသလဲ။ မထင်ပါ။ သိပ်မထင်ပါ။ ထိုနည်းလည်းကောင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဓာတ်ပုံ ပန်းချီတွေကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီရုံးတွေမှာ အထင်အရှားတွေ့နိုင်ပေမယ့် - သူရေးသားထားတဲ့ စာအုပ်တွေ၊ သူဟောပြောထားတဲ့ မိန့်ခွန်းတွေနဲ့ သူ့အကြောင်း ရေးသားထားတဲ့ စာအုပ်တွေကို မြို့နယ်ပါတီရုံးတွေ အားလုံးမှာ ထားရှိလေ့လာမှု ပြုကြရဲ့လား။ ရပ်ကျေးရုံးစိုက်ရာ ဌာနတွေမှာတော့ ပိုလို့ မျှော်လင့်ရပါလိမ့်မယ်။ ခေတ်က တိုးတက်လာလို့ စာအုပ်နဲ့ မသိမ်း ၊ ဖုန်းထဲမှာ သိမ်းထားပြီး လေ့လာကြ၊ ဖတ်ရှုကြ နားထောင်ကြတယ်လို့ အငြင်းပွား‌ နိုင်တယ်။ သို့သော်လည်း မြန်မာပြည်မှာ ပုံနှိပ်ကို ငြင်းပယ်ရလောက်တဲ့အထိ အိုင်တီနဲ့ မနီးစပ်သေး။ ထားတော့။

လူထုအား မလွန်ဆန်သာ

ဒီနေရာမှာ ဒေါ်အောင်ဆန်းစုကြည် စွဲစွဲမြဲမြဲ လျှောက်ခဲ့တဲ့ အကြမ်းမဖက်လမ်းစဉ်ကိုသာ လျှောက်လှမ်းပြီး လက်နက်ကိုင်လမ်းစဉ်ကို မလျှောက်နဲ့လို့ ဆိုလိုခြင်း မဟုတ်ပါ။ လူထုသာ အဓိက၊ လူထုဆန္ဒသာ အခရာ ဆိုတဲ့ စကားကို အနက်ဖွင့်ရရင် ဒေါ်အောင်ဆန်းစုကြည်ဟာ လူထုဆန္ဒအားဖြင့် ညီလာရင် ဘယ်အရာကိုမှ မလွန်ဆန်ပါ။ သို့သော်လည်း တစ်ဖက်က ကြည့်ရင် ဒေါ်အောင်ဆန်း စုကြည်ဟာ လူထုမဲကို ရဖို့ လူထုသဘောထားနောက်ကိုပဲ အမြဲလိုက်နေတဲ့ လူထုနောက်မြီးဆွဲ ခေါင်းဆောင် မဟုတ်တာတွေ့ရပါတယ်။

သူ့ စကားတွေ

ဒေါ်အောင်ဆန်းစုကြည် ဟောပြောခဲ့တဲ့ အသံဖိုင်တွေ၊ ဗီဒီယိုမှတ်တမ်းတွေ မြောက်မြား စွာ ရှိပါတယ်။ လွယ်လွယ်ကူကူလည်း ရှာဖွေလို့ ရပါသေးတယ်။ လူထုကြားထဲမှာ သိမ်းဆည်းထားတာတွေလည်း အများကြီး ရှိနေပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဓာတ်ပုံတွေဆိုတာထက် သူ့ရဲ့ စကားတွေကို၊ သူ့ရဲ့ ဟောပြောချက်တွေ ထဲက ပြန်လည်ကောက်နုတ်ညွှန်းဆိုတဲ့အပြုအမူတွေ ပိုတွေ့မြင်ချင်ပါတယ်။ အဲသည်လိုမှ မရှိရင် ဒေါ်အောင်ဆန်းစုကြည်ဟာ ရုပ်ရှင်မင်းသမီးတစ်ယောက်ကို လူထုက ချစ်လို့ အိမ်နံရံမှာ သူ့ဓာတ်ပုံချိတ်ထားတယ်ဆိုတဲ့အဆင့်မှာ ရှိနေပါလိမ့်မယ်။

အကျင့်အကြံ အားဖြင့် သက်သေပြပါ

ရေရှည်အားဖြင့် လူထုရဲ့နှလုံးသားထဲမှာ မျိုးဆက်အလိုက် ဒေါ်အောင်ဆန်းစုကြည်ဟာ သင်္ကေတအနေနဲ့ ဆက်လက်လမ်းညွှန် သွန်သင်နိုင်ဖို့အတွက် သူ့အတွေးအခေါ်တွေ၊ သူ့မိန့်မှာချက်တွေဟာ လူထုကြားထဲမှာ ပိုမိုပျံ့နှံ့စိမ့်ဝင်နေရပါလိမ့်မယ်။ ဒါဟာ အနာဂတ်အတွက်အရေးကြီးတယ်။ ဗိုလ်ချုပ်အောင်ဆန်းကို ချစ်လို့ သူ့မွေးနေ့မှာ ပဲပြုတ်နဲ့ နံပြား ကို စားကြတယ်ဆိုပေမယ့် - ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့တဲ့ အနေအထိုင် အကျင့်အကြံ အတွေးအခေါ်တွေကို ကျင့်သုံးလိုက်နာကြရမှာ မေ့နေတဲ့မြန်မာတွေ အများကြီးရှိနေခဲ့ပါတယ်။

ထိုနည်းလည်းကောင်း ထပ်မဖြစ်စေချင်ပါ။ ထပ်ဖြစ်လို့ မရပါ။ လူထုခေါင်းဆောင်ဆိုတာ သူ့ရဲ့ ခေတ်ပုံကို ကြည်ညိုစေချင်တယ်ဆိုတဲ့အဆင့်ထက် ပိုမြင့်သင့်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်လည်း ဒီလိုဆန္ဒမျိုး မုချ ရှိနိုင်ကောင်းပါတယ်။

နေ့လယ် ၁၁း၅၆

၂၃၊ အောက်တိုဘာ၊ ၂၀၂၁။

ကဗျာ / မင်းကိုနိုင့်ပန်းပင် - တင်မိုးရဲ့ ပန်းပွင့်

❷❶ အောက်တိုဘာ ❷⓿❷❶

ပြီးခဲ့တဲ့လ (စက်တင်ဘာ၊ ၂၀၂၁) က လူမှုကွန်ယက်စာမျက်နှာပေါ်မှာ မင်းကိုနိုင်ရဲ့ ကဗျာလေး တစ်ပုဒ် ဖတ်လိုက်ရတယ်။

- ပန်းပွင့်တဲ့အလုပ်
- ရိုးတံက လုပ်လိမ့်မယ်
- အမြစ်အလုပ် အမြစ်လုပ်ရုံပဲ
- မြေသားနက်နက် ရေရှာထွက်မယ်
- အသက်ဆက်မယ်
- သစ်ရွက်က သစ်ရွက်အလုပ်လုပ်ရုံပဲ
- နေပူခံလျက် အစာချက်မယ်
- အသက်ဆက်မယ်….. (မင်းကိုနိုင်၊ ၂၀၂၁)

ကျနော်ဟာ ကဗျာတွေ ဖတ်မိရင်၊ ကဗျာတွေထဲက အဘိဓမ္မာကို ရှာမိတယ်။ ကဗျာထဲမှာ ဘယ်လိုအဘိဓမ္မာတွေကို ကိန်းအောင်းနေသလဲ။ အဲသည့်အဘိဓမ္မာရဲ့နောက်ခံတွန်းအားက ဘာဖြစ်မလဲ။ ကဗျာဆရာဟာ ဘာကို ခံစားပြီး မက်ဆေ့ချ်ပေးတာလဲ။ သို့တည်းမဟုတ် ဒဂုန်တာရာပြောသလို - ဖတ်လိုက်လို့ ရင်ခုန်ရရင် ကဗျာပဲ… တဲ့။ မင်းကိုနိုင်ရဲ့ ကဗျာက ရင်ခုန်ရရဲ့လား။

နွေဦးရာသီ

ဒီလိုအချိန်မှာ ရင်ခုန်ရတဲ့ကဗျာထက်၊ လူထုနှလုံးသားအတွက်၊ လူထုဦးနှောက်အတွက် လိုအပ်တဲ့ ကဗျာလို့ ပြောရင် ပိုမှန်ပါလိမ့်မယ်။ မင်းကိုနိုင်ရဲ့ကဗျာဟာ ရင်ခုန်ရရဲ့လား။ ကျနော် ရင်မခုန်ပါ။ ရင်ခုန်ရအောင်ရေးတဲ့ကဗျာလို့လည်း မထင်ပါ။ အနက် သဘောကတော့ ပေါ်ပြီးသားဖြစ်ပါလိမ့်မယ်။ တိုင်းပြည်ကသောင်းကနင်းဖြစ်နေတဲ့ အချိန်မှာ ပန်းတိုင်ကို ရောက် အောင် ကိုယ့်အလုပ်ကို လုပ်ပြီး အသက်ဆက် ရပ်တည်ကြဖို့ ဖြစ်ပါတယ်။ တနည်းအားဖြင့် ကိုယ့်တန်ဖိုးနဲ့ ကိုယ်၊ ကိုယ့်အလုပ်နဲ့ ကိုယ်၊ ကိုယ့်တာဝန်နဲ့ ကိုယ် - အစုအဖွဲ့တာဝန်ကို ဟန်ချက်ညီညီ၊ လုပ်ဆောင်ဖို့ ၊ တာဝန်ကျေဖို့ ပေးတဲ့ သတင်းမက်ဆေ့ချ် ကဗျာ ဖြစ်ပါတယ်။ ကဗျာရဲ့အနက်

သဘောကို လက်ရှိ မြန်မာ့နွေဦးရာသီနဲ့ နှိုင်းယှဉ်ပြီး ချဲ့ထွင် မပြောလိုတော့ပါ။ သတင်းမက်ဆေ့ချ်ဟာ ရှင်းစရာ မလိုလောက်အောင် ထိမိ ပြတ်သား လိုရင်းရောက်လို့ပဲ ဖြစ်ပါတယ်။

တင်မိုးရဲ့ ပန်းပွင့်

မင်းကိုယ်နိုင့်ကဗျာကို ဖတ်မိတော့၊ ကဗျာစာဆို - ကဗျာကဝိ (ဆရာ) တင်မိုးရဲ့ ကဗျာတစ်ပုဒ်ကို သတိရမိတယ်။ ပန်းပွင့်၏ အတ္ထုပ္ပတ္တိ…တဲ့။ တင်မိုးဟာ ပန်းပွင့်၏ အတ္ထုပ္ပတ္တိ ကဗျာကို ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ၊ ၁၉ ရက်နေ့ ညနေခင်းတစ်ချိန်မှာ ရေးသားခဲ့ပါတယ်။ ကဗျာက အခုလို …

- မျိုးစေ့
- ပန်းပင်
- ပွင့်
- ကြွေ
- ဒါဟာ ပန်းပွင့်ရဲ့ အတ္ထုပ္ပတ္တိ မဟုတ်။
- မြေထဲက ရုန်းထမှု
- လေထဲက ရန့်ဖြန့်ဝေမှု
- မုန်တိုင်းကို ခေါင်းငုံ့မခံ
- လက်တုံ့ပြန်နိုင်မှု
- နေရဲ့ဒဏ်ကို
- အားမာန်အဖြစ် ပြောင်းလဲမှု
- သူ့စွမ်းအား သူ့ဂုဏ်သတ္တိတွေသာ
- ပန်းပွင့်၏ အတ္ထုပ္ပတ္တိ ဖြစ်တယ်။
- ပွင့်ပါစေ
- ကြွေပါစေ
- နိယာမတရားထဲမှာ ကျင်လည်ပါစေ။
- မြေ
- လေ
- ရေ
- နေ
- သူ့အတ္ထုပ္ပတ္တိ ဖြစ်ထွန်းရာ အခြေအနေ မွေးပုံ့လာမယ့် ကမ္ဘာမြေ။ (တင်မိုး၊ ၁၉၉၅)

ကာရံ နဘောတွေနဲ့ တွေ့ရလေ့ရှိတဲ့ တင်မိုးကဗျာတွေဟာ၊ ဒီကဗျာမှာ ကာရံနဘောကို မတွေ့ရပါ။ ကဗျာဟာ ရင်ခုန်ရခြင်းထက် အားမာန်အတွက် သင်္ကေတဝါဒကို လက်ကိုင်ပြုပြီး သတင်းမက်ဆေ့ချ် ပေးချင်ပုံရတယ်။ ၁၉၉၅ ခုနှစ်မှာ ဆရာတင်မိုးဟာ ဘယ်နေရာမှာ ရောက်ရှိနေသလဲ။ ၁၉၈၈ ခုနှစ် ၈၈၈၈ လူထုအရေးတော်ပုံနှောင်းပိုင်း

ကာလ - ဘယ်လိုခေတ်အခြေအနေမျိုးမှာမို့၊ ကဗျာဆရာဟာ ဒီကဗျာကို ရေးရတာလဲ။ ကဗျာတစ်ပုဒ်ကို ဖတ်ရတဲ့အခါ ကဗျာဆရာရေးခဲ့တဲ့ ကဗျာရဲ့ နှစ်ကာလအပိုင်းအခြားနောက်ခံနဲ့ လူ့အဖွဲ့အစည်းအတွင်းက ဖြစ်ပျက်နေတဲ့ ဖြစ်တည်ပျက်ခြင်းသဘောတွေကို မှန်းဆကြည့်ရပါတယ်။



တင်မိုး ဘဝ

တင်မိုးဟာ တောင်သာမြို့က ကန်မြဲရွာဇာတိဖြစ်ပါတယ်။ လူအတော်များများက ကန်မြဲ-ဇဂျမ်းလို့ တွဲပြီး သိကြတယ်။ ကျနော် ၂၀၁၅ ခုနှစ်နှစ်လယ်ပိုင်းလောက်က တောင်သာမြို့က ကန်မြဲ-ဇဂျမ်းကို စာသင်သွားဖို့ ရောက်ခဲ့ဖူးတယ်။ လွင်တီးခေါင်ပြင် အညာကျေးလက်ဒေသရဲ့ သရုပ်တွေကို အထင်အရှားတွေ့ခဲ့ရတယ်။ ကန်မြဲ - ဇဂျမ်းဟာ ကန္တာရလွင်ပြင်ထဲမှာ ရှိတဲ့ ကျေးလက်ဒေသပါ့လား။ ကန္တာရလွင်ပြင်ဒေသတွင်းက အညာကျေးလက် ဒေသရဲ့ နေပူလေပူဒဏ်ထဲက ပန်းတစ်ပွင့်ဟာ တင်မိုးဖြစ်ပါတယ်။ တင်မိုးဟာ ပန်းပွင့်ရဲ့ အတ္ထုပ္ပတ္တိကဗျာကို ရေးခဲ့တယ်။

ရွာထိပ်မှာ တင်မိုး အမှတ်တရ စာကြည့်တိုက် ရှိပါတယ်။ ကန်မြဲ - ဇဂျမ်း ရွာသားတွေက ကဗျာကဝိ တင်မိုးကို မွေးဖွားခဲ့တဲ့ဇာတိဖြစ်လို့ သူတို့ ဂုဏ်ယူသတဲ့။ တင်မိုး က မန္တလေးတက္ကသိုလ်ကျောင်းထွက်။ တင်မိုးရဲ့ ဖန်မီးအိမ် ကဗျာတွေရဲ့ နာမည်ကြီးတယ်၊ ထင်ရှားတယ်။ တင်မိုး ကဗျာတွေထဲမှာ - အလုကိုယ်စီ ကဗျာဟာ ကျနော်

အကြိုက်ဆုံးကဗျာ။ တင်မိုးဟာ တက္ကသိုလ်မှာ မြန်မာစာသင် တဲ့ ကျောင်းဆရာ လုပ်ခဲ့ဖူးတယ်။ တောင်သာသား - ကန်မြဲဇဂျမ်းရွာသား တင်မိုးဟာ မန္တလေးစာပေဝန်းကျင်မှာ ကျင်လည်ခဲ့ဖူးတယ်။ အထက်ဗမာနိုင်ငံစာရေးဆရာ အသင်းမှာ အမှုထမ်းခဲ့ဖူးတယ်။ လူထုသတင်းစာ ထုတ်တော့၊ လူထုသတင်းစာမှာ ကဗျာအယ်ဒီတာ။ ထို့နောက် ရန်ကုန်တက္ကသိုလ် ဘာသာပြန်နဲ့ စာအုပ်ထုတ်ဝေရေးဌာနမှာ စာပြုနဲ့ လက်ထောက်အယ်ဒီတာ တာဝန်တွေကို ထမ်းဆောင်ခဲ့ဖူးတယ်။

သင်ရိုးထဲက သဘောထားတွေ

မှတ်မှတ်ရရ ကဗျာစာဆို မင်းသုဝဏ်ရဲ့ မောင်ခွေးဘို့ … ကလေးကဗျာတွေဟာ နာမည်ကြီးထင်ရှားခဲ့သလို၊ တင်မိုးရဲ့ ထီးကလေးနဲ့ မနီ - ကလေးကဗျာ တွေကလည်း ထင်ရှားခဲ့တယ်။ ထီးကလေးနဲ့ မနီ ကဗျာစာအုပ်ဟာ အမျိုးသားစာပေ (ကဗျာစာပေ) ဆု ရခဲ့တယ်။ တင်မိုးဟာ အခြေခံပညာသင်ရိုးညွှန်းတမ်းရေးဆွဲရေး အဖွဲ့နဲ့ မြန်မာစာသင်ရိုးအဖွဲ့ဝင်လည်း ဖြစ်တယ်။ တင်မိုးဟာ ပညာရေးမှာ ဘယ်လိုမြန်မာစာပေသင်ရိုးတွေကို ထည့်သွင်းဖို့ ကျေးဇူးပြုခဲ့ဖူးပါသလဲ။ ခေတ်အဆက်ဆက်က ပြဋ္ဌာန်းခဲ့တဲ့ မြန်မာစာသင်ရိုးဖတ်စာတွေကို လေ့လာပြီး၊ အဲသည့်ခေတ်က လူ့အဖွဲ့အစည်း လိုလားနှစ်သက်စွာ ဦးတည်ပြဋ္ဌာန်းခဲ့တဲ့ အတွေးအခေါ်နဲ့ စိတ်နေသဘောထားကို ခန့်မှန်းကြည့်ချင်လှတယ်။

နိုင်ငံရေးဘဝ

၁၉၈၈ ခုနှစ် ၈၈၈၈ လူထုဒီမိုကရေစီအရေးတော်ပုံမှာ တင်မိုးက တက်ကြွစွာ ပါဝင်ခဲ့တယ်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဖွဲ့စည်းတော့ - ဗဟိုတတ်သိပညာရှင်များအဖွဲ့မှာ ပါဝင်တယ်။ ၁၉၉၁ ခုနှစ်မှာ အာဏာသိမ်းစစ်အစိုးရက ဖမ်းဆီးထောင်ချလိုက်တယ်။ ဆေးလိပ်လည်း တို ၊ နေလည်း ညိုပြီ၊ ငါ့ကို ပြန်ပို့ကြပါလေ… ဆိုတဲ့ကဗျာ (၁၉၅၉)ဟာ ထောင်နံရံတွင်းကလူသားတွေအတွက် နှစ်သက်စရာ ကဗျာတစ်ပုဒ် ဖြစ်ခဲ့လေသလား။ တင်မိုးဟာ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်နေ့မှာ ထောင်က လွတ်တယ်။ ပန်းပွင့်၏ အတ္ထုပ္ပတ္တိ ကဗျာကို ထောင်က လွတ်လာတဲ့ ၁၉၉၅ ခုနှစ်မှာပဲ တင်မိုးက ရေးခဲ့တယ်။ ၁၉၉၅ ခုနှစ်တုန်းက တင်မိုးဟာ မြန်မာပြည်မှာပဲ ရှိသေးတယ်။ ပြည်ပကို မထွက်ခွာခဲ့သေးဘူး။ တင်မိုးဟာ ပန်းပွင့်ကို သင်္ကေတပြုပြီး ဘယ်လိုအဘိဓမ္မာကို ထည့်သွင်းဖော်ညွှန်းခဲ့ပါသလဲ။ ကဗျာဟာ တော်လှန်ရေးမှာ အသုံးဝင်ရဲ့လား။ ကဗျာဆရာဟာ တော်လှန်ရေးမှာ အသုံးတည့်ရဲ့လား။

ဒီမေးခွန်းကို ဝေဝါးစွာ တွေးနေစရာ မလိုပါ။ ကဗျာဆရာတစ်ထောင်နဲ့ တိုင်းပြည်တည်ဆောက်လို့ မရပေမယ့်၊ ကဗျာဆရာ တစ်ယောက်နဲ့ တော်လှန်ရေးကို အသက်ဆက်လို့ရပါတယ်။ တင်မိုးဟာ ၈၈၈၈ လူထုအရေးတော်ပုံ အတွက် ကဗျာခေတ်ကို အသက်ဆက်စေခဲ့ပြီး မင်းကိုနိုင်က ၂၀၂၁ မြန်မာ့နွေဦးရဲ့ ကဗျာခေတ်အတွက် အသက် ဆက်နေပါတယ်။ ကဗျာခေတ်ဟာ လူထုနှလုံးကို စီးဝင်ပြီးတော့ တော်လှန်ရေးကို ခွန်အားဖြည့်ပါလိမ့်မယ်။ ယုံကြည်ကြပါကုန်လော့….။

ပန်းပွင့် ၏ အတ္တုပ္ပတ္တိ

- မျိုးစေ့
- ပန်းပင်
- ပွင့်
- ကြွေ
- ဒါဟာ ပန်းပွင့်ရဲ့ အတ္တုပ္ပတ္တိ မဟုတ်။

ကဗျာစာဆို - ကဗျာကဝိ တင်မိုးရေးတဲ့ ပန်းပွင့်၏ အတ္တုပ္ပတ္တိဟာ ရိုးရှင်းပါတယ်။ သန္ဓေတည်တယ် (မျိုးစေ့)၊ အပင်ဖြစ်တယ် (ပန်းပင်)၊ ပန်းပွင့်တယ် (ပွင့်)၊ ပန်းပွင့် ကြွေတယ် (ကြွေ) …. ဒါဟာ ပန်းပွင့်ရဲ့ အတ္တုပ္ပတ္တိ မဟုတ်ပါဘူး… တဲ့။ ဒါဆို ပန်းပွင့်ရဲ့ ဘဝဇာတ်ကြောင်းအတ္တုပ္ပတ်ဟာ ဘာလဲ။

- မြေထဲက ရုန်းထမှု
- လေထဲက ရနံ့ဖြန့်ဝေမှု
- မုန်တိုင်းကို ခေါင်းငုံ့မခံ
- လက်တုံ့ပြန်နိုင်မှု
- နေရဲ့ဒဏ်ကို
- အားမာန်အဖြစ် ပြောင်းလဲမှု
- သူ့စွမ်းအား သူ့ဂုဏ်သတ္တိတွေသာ
- ပန်းပွင့်၏ အတ္တုပ္ပတ္တိ ဖြစ်တယ်… တဲ့။

ပန်းပွင့်ရဲ့ အတ္တုပ္ပတ္တိမှာ မျိုးစေ့ ဆိုတာထက် မျိုးစေ့လေးဟာ မြေထဲက ဘယ်လိုရုန်းထသလဲဆိုတဲ့ သမိုင်းဟာ အခရာ ဖြစ်တယ်လို့ ကဗျာဆရာက ညွှန်းဆိုလိုက်တာဖြစ်ပါတယ်။ အပင်အဖြစ် ပန်းပွင့်ချိန်ရောက်တော့လည်း၊ ပန်းပွင့်တယ်ဆိုတာထက် - ပန်းပွင့်ဟာ လေထဲမှာ ဘယ်လိုရနံ့ကို ဖြန့်ဝေပါသလဲ၊ ဖြန့်ဖြူးပါသလဲ။ ပန်းပွင့်က လေထဲကို ဖြန့်ကျက်ပေးတဲ့ရနံ့ကသာလျှင် သမိုင်းအတွက် အခရာဖြစ်တယ်၊ အတ္တုပ္ပတ္တိရဲ့ အဓိကဇာတ်ကြောင်း ဖြစ်တယ်လို့ ဆိုလိုပါတယ်။ တခါတရံ မုန်တိုင်းလာမယ်။

ပန်းပွင့်ဟာ …

- မုန်တိုင်းကို ဘယ်လို ခုခံပါသလဲ၊
- ဘယ်လို အာခံပါသလဲ၊
- ဘယ်လိုတုံ့ပြန်ပါသလဲ၊
- ဘယ်လို အံတုပါသလဲ၊
- ဘယ်လို ပုန်ကန်ပါသလဲ၊
- ဘယ်လို တွန်းလှန်ပါသလဲ။

ပန်းပွင့်တစ်ပွင့်ဟာ မုန်တိုင်းကို ခေါင်းငုံ့မခံ - ပြန်လှန်တွန်းလှန်တိုက်ခိုက်လက်တုံ့ပြန်နိုင်မှုသာ သမိုင်းအတွက် အခရာ ဖြစ်ပါတယ်။ အတ္တုပ္ပတ္တိအတွက် အဓိကဇာတ်ကြောင်းဖြစ်ပါတယ်။ မုန်တိုင်းလာတာ ဆန်းသလား။ ပန်းပွင့်တာ ဆန်းသလား။ မုန်တိုင်းလာတာ မဆန်းဘူး။ မုန်တိုင်းကို ပန်းပွင့်က ဘယ်လို အံ့တုသလဲဆိုတာကတော့ သိပ်ဆန်းကြယ်တယ်။ ပန်းပွင့်တာ မဆန်းဘူး။ ပန်းပွင့်ဟာ ဘယ်လိုရနံ့ကို ဖြန့်ဝေသလဲဆိုတော့ ဆန်းကြယ်တယ်။ မုန်တိုင်း မလာလည်း နေလာမှာပဲ။ နေရဲ့ဒဏ်ဟာ တချို့ပန်းတွေကို ညှိုးရော်စေမယ့်၊ ရဲရဲနီဆွေးတဲ့ ပန်းပွင့်နေကတော့၊ နေဒဏ်ပြင်းပြင်းမှာ ငွားငွားစွင့်စွင့် ပွင့်တယ်၊ လန်းတယ်။ နေကို အံတုပြီး ရဲရဲနီတယ်။ ဒီလိုပန်းပွင့်တွေ တွေ့ဖူးသလား...၊ ဖြေပါ။ နေရဲ့ဒဏ်ကို အားမာန်အဖြစ် ပြောင်းလဲမှု နဲ့ ပန်းပွင့်ရဲ့ စွမ်းအား၊ ပန်းပွင့်ရဲ့ ဂုဏ်သတ္တိတွေသာ ပန်းပွင့်၏ အတ္တုပ္ပတ္တိ ဖြစ်ပါသတဲ့။

- ပွင့်ပါစေ
- ကြွေပါစေ
- နိယာမတရားထဲမှာ ကျင်လည်ပါစေ။
- မြေ
- လေ
- ရေ
- နေ
- သူ့အတ္တုပ္ပတ္တိ ဖြစ်ထွန်းရာ အခြေအနေ မွေးပျံ့လာမယ့် ကမ္ဘာမြေ။

ပန်းပွင့်မှန်ရင် ပွင့်မယ်။ ဒါဟာ ဓမ္မတာပဲ။ ပန်းပွင့်ဟာ ကြွေမယ်။ ဒါဟာ သဘာဝပဲ။ ပွင့်ခြင်း ၊ ကြွေခြင်းဟာ နိယာမတရားထဲက အရာတွေပဲ။ မြေထု၊ လေထု၊ ရေထုနဲ့ နေမင်းရဲ့ ပြင်းရှလောင်မြိုက်မှုတွေဟာ ပန်းပွင့်ရဲ့အတ္တုပ္ပတ္တိ ဖြစ်ထွန်းရာ ရေခံမြေခံတွေပဲ။ ဩကာသလောကကို နောက်ခံပြုပြီးတော့ ပန်းပွင့်ဟာ ငွားငွားစွင့်စွင့် ပွင့်လန်းတယ်။ ဒါဟာ ပန်းပွင့်ရဲ့အတ္တုပ္ပတ္တိပဲ။

စာရေးဆရာနဲ့ သမိုင်းဆရာဟာ ပန်းပွင့်ရဲ့အတ္တုပ္ပတ္တိကို ရေးဖို့ လူဖြစ်လာရတာပဲ။

နေ့လယ် ၁၂း၂၃

၂၁ ၊ အောက်တိုဘာ၊ ၂၀၂၁။

ပြည်တွင်းစစ်သမိုင်း အကျဉ်းချုပ်

❶❺ အောက်တိုဘာ ❷⓿❷❶

- စေ့စပ်ဆွေးနွေးရေးအိပ်မက် လမ်းဆုံး
- စားပွဲဝိုင်းနိုင်ငံရေး ခေတ်မထ
- ဗုံးလက်နက်တို့ တောထ
- ပြည်တွင်းစစ် သက်ဆိုးရှည်

ခေတ်အဆက်ဆက် အတိတ် အခြင်းအရာကို ကြည့်ရင် .....

စစ်တပ်မှာ ကျူပင်ခုတ်၊ ကျူငုတ် မကျန်စေရ ဗျူဟာ ခေတ်စားပါတယ်။ လက်နက်ကိုင်တော်လှန်ရေးအင်အားစုတွေမှာလည်း အပြုတ်တိုက်လမ်းစဉ် ရေပန်းစားတယ်။ အပြုတ်တိုက်အပြတ်ရှင်းလမ်းစဉ်နဲ့ ကျူငုတ်မကျန် သုတ်သင်ရေးဗျူဟာဟာ ထိပ်တိုက်တိုးလို့ တောတွင်းစစ်ပွဲကြီးတွေ အကြိမ်ကြိမ် ဖြစ်ပွားခဲ့ပေမယ့်၊ ကျူငုတ်လည်း ကျန်နေခဲ့တယ်၊ အပြုတ်လည်း မတိုက်နိုင်၊ အပြတ်လည်း မရှင်းနိုင်ခဲ့။ ထန်းလျက်ခဲ ခွေးလျက် သလို လုံးပါးပါးတာတွေ ရှိပေမယ့် အသွင်သစ်နဲ့ ပေါ်ပေါက်လာတဲ့ လက်နက်ကိုင်ပဋိပက္ခဟာ နာတာရှည်ရောဂါလို စွဲမြဲနေခဲ့တယ်။

နှစ်ဖက်စလုံးဟာ အမာလိုင်းကို အလျှော့မပေးခဲ့လို့ စေ့စပ်ဆွေးနွေးရေးလမ်းစဉ် (တနည်း) စစ်မှန်တဲ့ စားပွဲဝိုင်းနိုင်ငံရေး ပလက်ဖောင်းပေါ် ဘယ်တုန်းကမှ မရောက်ခဲ့ဘူး။ ရောက်ရင်လည်း အဖြေ မထွက်ဘူး။

- အဖြေ မထွက်တာနဲ့
- အီလည်လိုက်နေတာနဲ့
- မျောနေတာနဲ့
- ပြန်ပျက်တာနဲ့

ဒီလိုနဲ့ပဲ ဇာတ်သိမ်းသွား၊ နိဂုံးချုပ်သွားတယ်။

တကယ့်လက်တွေ့မှာ ကျူပင်သာ ခုတ်တယ်။ ကျူငုတ်တွေက ဒင်းကြမ်းပြည့်နေအောင် ကျန်ခဲ့တယ်။ မြုပ်နေတဲ့ ကျူငုတ်တွေတောင် ပေါ်လာတယ်၊ အသစ်ပေါက်လာတယ်။ ဒါ့ကြောင့် လက်နက်ကိုင်နိုင်ငံရေးပဋိပက္ခ ရှိနေတယ်။ တော်လှန်ရေးအင်အားစုတွေဘက်ကလည်း အပြုတ် လည်း မတိုက်နိုင်၊ အပြတ်လည်း မရှင်းနိုင်။ ဒါ့ကြောင့် လက်နက်ကိုင်နိုင်ငံရေးပဋိပက္ခထဲ ပြန်သက်ဆင်းသွားတယ်။

ဒီလိုနဲ့ မြန်မာပြည်ဟာ ပြည်တွင်းစစ် သက်ဆိုးရှည်ခဲ့တယ်။

၁၅၊ အောက်တိုဘာ၊ ၂၀၂၁။

အောင်ဆန်း/ နေဝင်း တူ - မတူ

၁၆ အောက်တိုဘာ ၂၀၂၁

မြန်မာ့နိုင်ငံရေးသမိုင်းမှာ ဆင်တူကြောင်းကွဲ ဖြစ်ရပ်လေးတွေ ရှိတယ်။ အဲသည့်အထဲက လူတော်တော်များများ သတိမထားမိခဲ့တဲ့ ကိစ္စ တချို့ ပြောချင်တယ်။ သိပ်ရေးတာ သားတာလည်း မတွေ့ခဲ့ရလို့ ဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဗိုလ်ချုပ်နေဝင်းရဲ့ တူတာ တချို့ ရှိတယ်။ မတူခြင်းကွဲပြားခြင်းတွေ အများကြီး ရှိပါတယ်။ ဒီနေရာမှာ အငြင်းပွားစရာ ရှိလာပြီ။ "ငါတို့ ဗိုလ်ချုပ်အောင်ဆန်းကို - ဗိုလ်နေဝင်းနဲ့ နှိုင်းယှဉ်ရအောင် တူလို့လားကွ၊ တန်လို့လားကွ… နံ့သာဆီနဲ့ အီး(ချေး) ပဲ။ ရာရာစစကွာ… သမိုင်းကို ပုံဖျက်တယ်၊ မင်းက ဒါတွေ ရေးရအောင် ဘာကောင်မို့လဲ ကွ…" ဆိုတဲ့ အောင်ဆန်းကို ဘုရားလို ကိုးကွယ်၊ ပုဂ္ဂိုလ်ရေးကြည်ညိုမှု သဒ္ဓါလွန်တဲ့သူတွေ ရှိပါလိမ့်မယ်။ ဒီလို လူတွေဟာ အခု စာကို ဖတ်နေစရာ အကြောင်း မရှိပါ။ သူတို့ခေါင်းထဲမှာ ဆင်ခြင်တုံတရားနဲ့ တွေးခေါ်စဉ်းစားဝေဖန်ပိုင်းခြားမှုအတွက် နေရာရှိမထားလို့ ဖြစ်ပါတယ်။ ထားတော့။

အောင်ဆန်း - နေဝင်း

စပြီ

ဗိုလ်ချုပ်အောင်ဆန်းကို ၁၉၁၅ ခုနှစ်မှာ မွေးတယ်။ ဗိုလ်နေဝင်းကို ၁၉၁၁ ခုနှစ်မှာ မွေးတယ်။ ဗိုလ်နေဝင်းက ဗိုလ်ချုပ်အောင်ဆန်းထက် (၄) နှစ်နဲ့ (၇) လကြီးတယ်။ ဗိုလ်ချုပ်အောင်ဆန်းက နတ်မောက် ဇာတိ။ ဗိုလ်နေဝင်းက ပေါင်းတလည် ဇာတိ။ ဗိုလ်ချုပ်အောင်ဆန်းက အညာသား စစ်စစ်၊ ရေမရောဘူး၊ ပါတော်မူခေတ်နောက်ပိုင်းမှာ မကွေးနတ်မောက်နယ်မှာ ကိုလိုနီနယ်ချဲ့ကို လက်နက်ကိုင်ပုန်ကန်တဲ့ ဗိုလ်မင်းရောင် မျိုးရိုး။ ဗိုလ်နေဝင်းကတော့ ဒီလိုတော်လှန်သောမျိုးရိုး မရှိ။ ဗိုလ်နေဝင်းကို တရုတ်သွေးစပ်သူလို့ ပြောတယ်။ ဒါပေမယ့် ဗိုလ်နေဝင်းကိုယ်တိုင် ဒါကို လက်မခံချင်ဘူး။ တကယ်တော့ ဗိုလ်နေဝင်းက ဗမာစစ်စစ်လို့ ပြောဖို့ ခက်လိမ့်မယ်။ ကပြားသွေးပါတယ်။

မီးခဲ နဲ့ - - ခဲ

ဗိုလ်ချုပ်အောင်ဆန်းက တက္ကသိုလ်ကျောင်းသားဘဝမှာ အထင်ကရ သမိုင်းရှိခဲ့သူ။ အိုးဝေမဂ္ဂဇင်းမှာ အယ်ဒီတာတွေ ဘာတွေ လုပ်ခဲ့တယ်။ စာဖတ်တယ်၊ စာတိုပေစ ရေးတယ်။ စာသမားလို့ ဆိုပေမယ့်၊ ဦးနုတို့လို စာဂျပိုးတော့ မဟုတ်ဘူး။ ဗိုလ်နေဝင်းက တက္ကသိုလ်ကျောင်းသားဘဝမှာ ထင်ရှားတဲ့ သမိုင်း မရှိခဲ့ဘူး။ စာနဲ့ ပေနဲ့လည်း သိပ်ဝေးတယ်။ ဒီလိုပြောတာက ဗိုလ်နေဝင်းကို စာမဖတ်ဘူးလို့တော့ မဆိုလိုဘူး။ စာရေးခြင်းကိစ္စမှာ ပြောစမှတ်ဖြစ်လောက်အောင် လူထုကြား ရေပန်းစားတဲ့လုပ်ရပ်ကို မလုပ်ခဲ့ဘူးလို့ ဆိုလိုတာ။ ဗိုလ်ချုပ်အောင်ဆန်းက ကျောင်း

သား ဘဝမှာ ကျောင်းသားသမဂ္ဂမှာ ခေါင်းဆောင်။ ကျောင်းသားဘဝ နိုင်ငံရေးလှုပ်ရှားမှုမှာ အထင်ကရ ရှိခဲ့တယ်။ ဒုတိယကျောင်းသားသပိတ်ဟာ ညီမြ - အောင်ဆန်း နဲ့ ကိုနု တို့ကို အကြောင်းပြုပြီး ကျောင်းသားသပိတ် ပေါ်ခဲ့တာ လို့ ဆိုနိုင်တယ်။ ဒီတော့ မြန်မာ့နိုင်ငံရေးသမိုင်းမှာ အထင်ကရဖြစ်တဲ့ ဖြစ်ရပ်မှာ သမိုင်းမှတ်တမ်းဝင်ခဲ့သူ။ တက္ကသိုလ်ကျောင်းသားဘဝမှာ ဗိုလ်နေဝင်းနဲ့ပတ်သက်ပြီးတော့ ထူးထူးတလည် ဂုဏ်ယူဝင့်ကြွားလောက်အောင် ပြောစမှတ်တွင်ခဲ့တာ ဘာမှ မရှိ။ ဗိုလ်ချုပ်အောင်ဆန်းက တောက်မည့်မီးခဲ … တရဲရဲ။ ဗိုလ်နေဝင်းကတော့ နံမည့် - ခဲ … တငွေ့ငွေ့။

နိုင်ငံရေးပါတီတည်ထောင်ခဲ့သူတွေ

ဗိုလ်ချုပ်အောင်ဆန်းက သခင်ဘွဲ့ခံခဲ့တယ်။ ဗိုလ်နေဝင်းလည်း သခင်ဘွဲ့ခံခဲ့တာ ပဲ။ ဒါပေမယ့် ဗိုလ်နေဝင်းဟာ ဘယ်လို နိုင်ငံရေးခံယူချက် ထက်သန်စွာနဲ့ သခင်ဘွဲ့ကို ခံယူခဲ့သလဲဆိုတာ လေးစား လောက်စရာ ပြောဖို့ ခက်ခဲတယ်။ ပြောရင်လည်း လူအများ ယုံမှာ မဟုတ်ဘူး။ ရေးတဲ့ကောင် ဖားတယ်လို့ပဲ ထင်မယ်။ ဗိုလ်ချုပ်အောင်ဆန်းက ဗမာပြည်ကွန်မြူနစ်ပါတီကို တည်ထောင်သူတွေထဲက တစ်ယောက်။ ဗိုလ်နေဝင်းကတော့ နောက်ပိုင်းကာလတွေမှာ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ကမ္ဘာ့ရန် ဖြစ်ခဲ့သူ။ ဗိုလ်ချုပ်အောင်ဆန်းက ဗမာပြည်ကွန်မြူနစ်ပါတီကို သူနဲ့ အပေါင်းအပါ နိုင်ငံရေးသမားတွေနဲ့ ပူးပေါင်းစုဖွဲ့ တည်ထောင်ခဲ့ပေမယ့်၊ ဗိုလ်နေဝင်းကတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို သူတစ်ဦးတည်းရဲ့ အမိန့်နဲ့ ဖွဲ့စည်းခဲ့တယ်။

ကွန်မြူနစ် မဟုတ် - ဆိုရှယ်လစ် မဟုတ်

ဗိုလ်ချုပ်အောင်ဆန်း က ဗမာပြည်ကွန်မြူနစ်ပါတီကို တည်ထောင်ခဲ့ပေမယ့်၊ သူဟာ ကွန်မြူနစ်တစ်ယောက် မဖြစ်ခဲ့ဘူး။ ဗိုလ်ချုပ် အောင်ဆန်းကို ကွန်မြူနစ်လို့ ဘယ်သူ ပညတ်ရဲသလဲ။ နိုင်ငံရေးအိုင်ဒီယော်လိုဂျီကို သိပ္ပံနည်းကျ စစ်ထုတ်လိုက်ရင် ဗိုလ်ချုပ်အောင်ဆန်းဟာ သူ့ခေတ်က လက်ဝဲစာပေတွေကြောင့် လက်ဝဲအရိပ်အယောင်သမ်းသော အမြင် အယူအဆရှိခဲ့တယ်လို့သာ ပြောနိုင်တယ်။ ဗိုလ်ချုပ်အောင်ဆန်းကို ကွန်မြူနစ်စစ်စစ် တစ်ယောက်လို့ ဘယ် ပညာတတ်မှ မပြောဝံ့ဘူး၊ မပြောနိုင်ဘူး၊ ပြောလို့လည်း မရဘူး။ ဗိုလ်နေဝင်းက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို တည်ထောင်ခဲ့သူဖြစ်ပေမယ့်၊ သူဟာ ဆိုရှယ်လစ်လို့ ဘယ်သူ ပြောဝံ့သလဲ။ ဗိုလ်နေဝင်းဟာ ဆိုရှယ်လစ်မဟုတ်ပါ ဘူး။ ဗိုလ်နေဝင်းရဲ့ နိုင်ငံရေးအဖွဲ့တွင်းက သဘောထားကို မြင်အောင် လေ့လာဖူးရင်၊ ဗိုလ်နေဝင်းကို ဆိုရှယ်လစ် စစ်စစ် တစ်ယောက်ဖြစ်တယ်၊ ဆိုရှယ်လစ်ဝါဒကို ယုံကြည်သက်ဝင်တဲ့ ဆိုရှယ်လစ်ဝါဒီလို့ ဘယ်သူ ပြောဝံ့သလဲ။ အကာတွေကို ဖယ်ပြီး လေ့လာဖူးရင် ဗိုလ်နေဝင်းကို ဆိုရှယ်လစ်လို့ ဘယ်သူမှ တပ်အပ် မပြောဘူး။ ဗိုလ်နေဝင်းဟာ ဆိုရှယ်လစ် မဟုတ်ဘူး။

နိုင်ငံရေး အသွေးအရောင်

ဗိုလ်ချုပ်အောင်ဆန်းဟာ အယူဝါဒနဲ့ အိုင်ဒီယော်လိုဂျီ လှိုင်းလုံးတွေကြားမှာ ရှင်သန်ခဲ့ သူ ဖြစ်ခဲ့ပေမယ့်၊ သူ့ကိုယ်သူ အယူဝါဒလှိုင်း အပိမခံခဲ့သူ။ ဗိုလ်ချုပ်အောင်ဆန်းဟာ အိုင်ဒီယော်လိုဂျီတွေကို ကျော်ပြီး ကြည့်နိုင်ခဲ့သူ။ တနည်း ဗိုလ်ချုပ်အောင်ဆန်းဟာ အယူဝါဒရဲ့ ကျေးကျွန်မဖြစ်ခဲ့ဘူး။ သူဟာ ပြည်သူ့ အကျိုးစီးပွား၊ ပြည်သူ့အရေးကိုသာ ဗဟိုပြု ခြေကုတ်ပြုခဲ့တယ်။ အယူဝါဒကို သူဟာ အသုံးချခဲ့သူ၊ အယူဝါဒကို သုံးစွဲနိုင်သူလို့သာ ပြောနိုင်တယ်။ အယူဝါဒရဲ့ စေစားခံအဖြစ် မရောက်ခဲ့ဘူး။ အယူဝါဒမှာလည်း အကျဉ်းချခံရသူ မဖြစ်ခဲ့ဘူး။ အယူဝါဒတွေ၊ အိုင်ဒီယော်လိုဂျီတွေကို ဗိုလ်ချုပ်အောင်ဆန်းက ကျော်ပြီး ကြည့်နိုင်ခဲ့တယ်။ ဗိုလ်နေဝင်း ကလည်း အယူဝါဒနဲ့ အိုင်ဒီယော်လိုဂျီ လှိုင်းလုံးတွေကြားမှာ ရှင်သန်ခဲ့ သူ ဖြစ်ခဲ့ပေမယ့်၊ သူ့ကိုယ်သူ အယူဝါဒလှိုင်း အပိမခံခဲ့သူ။ ဗိုလ်နေဝင်းဟာ အိုင်ဒီယော်လိုဂျီနဲ့ ဝါဒလှိုင်းပိခံရမှုဘေးကနေ ကင်းလွတ်စွာ နေထိုင်ခဲ့တယ်။ တနည်း ဗိုလ်နေဝင်းဟာ နိုင်ငံရေးအသွေးအရောင်တွေရဲ့ ကျေးကျွန် မဖြစ်ခဲ့ဘူး။ သူဟာ အရောင်တွေကို ကစားချင်သူသာ ဖြစ်တယ်။ အရောင်တွေရဲ့ သဘာဝကို နားလည်အောင်ကြည့်ပြီး အရောင်တွေရဲ့ အထက်စီးမှာပဲ နေချင်ခဲ့သူဖြစ် တယ်။ ဗိုလ်ချုပ်အောင်ဆန်းက ပြည်သူတွေကို အဖြူထည်ဖြစ်စေချင်ခဲ့တယ်။ ဗိုလ်နေဝင်းကတော့ နိုင်ငံရေး ဖြူနီပြာဝါတွေကို ကစားချင်စိတ်ထက်သန်ခဲ့တယ်။

လက်တွေ့ဝါဒီ

ဗိုလ်ချုပ်အောင်ဆန်းဟာ စိတ်ကူးမယဉ်၊ လက်တွေ့ကျကျသာ လုပ်ဆောင်တဲ့ စိတ်အပြည့်ရှိတယ်။ ဗိုလ်နေဝင်း ကလည်း လက်တွေ့သမားပါပဲ။ သူဟာ ရီယယ်လစ် (realist) တစ်ယောက်၊ pragmatic ဖြစ်တယ်။ ဗိုလ်ချုပ် အောင်ဆန်းကလည်း လက်တွေ့သမားပဲ ဖြစ်ပါတယ်။ သူဟာ ရီယယ်လစ်တစ်ယောက်လို့လည်း ပြောနိုင်တယ်။ ဗိုလ်ချုပ်အောင်ဆန်းလည်း pragmatic သိပ်ဖြစ်တယ်။ ဒါပေမယ့် သူဟာ တိုးတက်လိုတဲ့ လက်တွေ့သမားသာ

ဖြစ်တယ်။ နိုင်ငံခြားသားနဲ့ ထိတွေ့ဆက်ဆံရမှာ မကြောက်ရွံ့သူဖြစ်တယ်။ ဗိုလ်နေဝင်းကတော့ လက်တွေ့သမား ဖြစ်ပေမယ့်၊ နောက်ပြန်ဆွဲတဲ့သူ၊ ရှေးရိုးစွဲသမား။ နိုင်ငံခြားသားကို မုန်းတာလား - ရွံ့တာလား - ကြောက်တာလား မသိ။ သုံးခုစလုံးဖြစ်တာလည်း ဟုတ်မယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မျိုးချစ်စိတ်က လစ်ဘရယ်စိတ်အခံနဲ့ လွတ်လပ်မျှတတဲ့ မျိုးချစ်စိတ်။ ဗိုလ်နေဝင်းကတော့ အတွင်းကျုံ့တဲ့ မျိုးချစ်စိတ်၊ ရန်လိုတဲ့ မျိုးချစ်စိတ်၊ လူမျိုးကြီး စိတ်ဖြစ်တဲ့ မျိုးချစ်စိတ်။

ပရ နဲ့ အတ္တ

ဗိုလ်ချုပ်အောင်ဆန်းရဲ့ စိတ်ဇောဟာ ပြည်သူ့အရေး၊ ပြည်သူ့အကျိုးစီးပွားမှာ လေးလေးနက်နက် အုတ်မြစ်ချခဲ့တယ်။ ဗိုလ်နေဝင်းကတော့ ကိုယ့်အရေးကိုသာ အာရုံစိုက် အုတ်မြစ်ချခဲ့တယ်။ ပြည်သူ့အရေးကို လုပ်ဆောင်တဲ့နေရာမှာ ခပ်ပေါ့ပေါ့ပဲ။ သူ့သဘောထားဟာ ပြည်သူ့အရေးအတွက် လုပ်ပေးမယ်၊ မှားရင်လည်း ပြင်မယ်၊ မှားလည်း မတတ်နိုင်ဘူး၊ အလုပ် ဖြစ် မဖြစ် လုပ်ကြည့်ရမှာပဲ ဆိုတဲ့ မြေစမ်းခရမ်းပျိုး စိတ်ဓာတ်ရှိသူ။ ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြည်နဲ့ လူထု အရေးကို အမြော်အမြင်ရှိရှိ ရေရှည်တွေးခေါ်ခဲ့သလောက်၊ ဗိုလ်နေဝင်းကတော့ မျက်တောင်မွေး တဆုံးသာ ကြည့် နိုင်ခဲ့တယ်။ လတ်တလော အဆင်ပြေစေဖို့သာ ကြည့်တယ်။ ရေရှည် အကျိုးအပြစ် ဘာဖြစ်မယ် လို့ သိပ်မတွေးဘူး။ မတွေးနိုင်ဘူးလို့ ပြောနိုင်တယ်။ သူ လုပ်ခဲ့တဲ့ ဆိုရှယ်လစ်ခေတ်က စီးပွားရေးဆေးမီးတို ကုထုံးတွေက ပြည်သူ့ ဘယ်လောက်ခါးစည်းခံရအောင် ရိုက်ခတ်သလဲဆိုတာ ဗိုလ်နေဝင်း သိချင်မှ သိမယ်။

အားမလိုအားမရ နဲ့ ဒေါသ

ဗိုလ်ချုပ်အောင်ဆန်းက သူ့ ပြည်သူတွေ သူများနိုင်ငံတွေထက် ခြေတစ်လှမ်းနှစ်လှမ်းပိုလှမ်းတာကိုတောင် အားမလိုအားမရနဲ့ လေးငါးဆယ် လှမ်း လှမ်းမှ ရမယ်လို့ ပြောပြီး၊ ဒီသောက်ကျင့်တွေကို မပြင်ရင် ဖာနိုင်ငံဖြစ်သွားမယ်ဆိုတဲ့ မြန်မာတွေနားမှာ သိပ်ရိုင်းတဲ့စကားလုံးကို ပြည်သူတွေဟာ လူထုနားမှာ နားဝင်ချိုခဲ့သလောက်၊ ဗိုလ်နေဝင်းပြောခဲ့ဖူးတဲ့ စစ်တပ်ဆို တာ ပစ်ရင် မှန်အောင် ပစ်တယ်၊ မိုးပေါ်ထောင်ပြီး ခြောက်တာ မပါဘူးဆိုတဲ့စကားတွေဟာ ပြည်သူတွေ နားကြားပျင်းကပ်လှတဲ့ စကားတွေ ဖြစ်ခဲ့တယ်။

ဈာပနချင်း ကွာတယ်

ဗိုလ်ချုပ်အောင်ဆန်းဟာ အသက် ၃၂ နှစ်ကျော်လေးနဲ့ သေဆုံးသွားပေမယ့်၊ ဗိုလ်နေဝင်းကတော့ အသက် ၉၂ နှစ်မှာ သေဆုံးတယ်။ ဗိုလ်နေဝင်းက နှစ်ပေါင်း (၆၀) လူ့လောကကို ဒုက္ခပေးသွားရှာတယ်။ ဗိုလ်ချုပ်အောင်ဆန်းကတော့ သူ့နိုင်ငံရေး လှုပ်ရှားမှု ၁၀ နှစ်ကျော်ကာလလောက်ပဲ ပြည်သူကို ကျေးဇူးပြုခွင့်ရခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းက လုပ်ကြံခံရပြီး သေဆုံးသွားတယ်။ သူ့ရဲ့ ရုပ်အလောင်းဟာ ပြည်သူတွေ အလေးပြုလို့ရအောင် ချက်ချင်း သဂြိုဟ်တာ မလုပ်ဘဲ၊ ရက်ပေါင်းများစွာ ထားရှိပြီး ဦးညွှတ်ခံခဲ့ရတယ်။ ဗိုလ်နေဝင်းကတော့ လူကြီးရောဂါနဲ့ အသက်အိုမင်းမစွမ်းမှ သေသွားတယ် ဆိုပေမယ့် သူ့ အန္တိမဈာပနကို ဆွေမျိုးတွေတောင် လိုက်ပို့ခွင့်မရပဲ ညတွင်းချင်းပဲ တိတ်တဆိတ် သဂြိုဟ်ခံလိုက်ရတယ်။

ရင်ခွင်ထဲက မွေးဖွား - ရင်ခွင်ထဲက ဆွဲထုတ်

ဗိုလ်ချုပ်အောင်ဆန်းကို ပြည်သူတွေ က ခေတ်အဆက်ဆက် လေးစားကြည်ညိုခဲ့တယ်။ ဗိုလ်နေဝင်းကိုတော့ စစ်တပ်ထဲကလူတွေ ခေတ်အဆက်ဆက် လေးစားကြည်ညိုခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းက စစ်တပ်ကို လူထုရင်ခွင်ထဲက မွေးဖွားပေးခဲ့သလောက်၊ ဗိုလ်နေဝင်းကတော့ စစ်တပ်ကို ပြည်သူရင်ခွင်ထဲက လွှင့်ပစ်ချင်အောင် လုပ်ဆောင်ခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းက ရဲဘော်သုံးကျိပ်အဖွဲ့ဝင် ဖြစ်သလို၊ ရဲဘော်သုံးကျိပ်အဖွဲ့ကို ဦးဆောင်ခဲ့သူ။ ဗိုလ်နေဝင်းကတော့ ရဲဘော်သုံးကျိပ်အဖွဲ့ဝင်ဖြစ်ပေမယ့်၊ သူဟာ အဖြည့်ခံအဖြစ်သာ ပါဝင်လာရသူ။ ဗိုလ်ချုပ်အောင်ဆန်းက နိုင်ငံရေးစိတ်ထက်သန်တဲ့ စစ်ဗိုလ်ချုပ်တစ်ယောက်ဖြစ်ခဲ့ပေမယ့်၊ ဗိုလ်နေဝင်းကတော့ ထောက်လှမ်းရေးစိတ်နဲ့ စစ်ဗိုလ်လုပ်ခဲ့သူဖြစ်တယ်။

ပဲပြုတ် - နံပြား နဲ့ မြင်းပွဲ - မိန်းမ

ဗိုလ်ချုပ်အောင်ဆန်းက ငယ်ရွယ်လွန်းလို့ ရာဇဝင်မှာ အမွှမ်းတင်ခံရသလောက်၊ ဗိုလ်နေဝင်းကတော့ အသက်ကြီးသလောက် ပြည်သူ့ကျိန်ဆဲတဲ့ ဘေးဒုက္ခသင့်ခဲ့သူ။ ဗိုလ်ချုပ်အောင်ဆန်းကို ပြည်သူချစ်သလောက် ဗိုလ်နေဝင်းကို ပြည်သူ မုန်းတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ သူ့နိုင်ငံရေးသက်တမ်း တစ်လျှောက်လုံးမှာ အာဏာ လုပ်ပိုင်ခွင့်နဲ့ တာဝန် အခွင့်အရေးနဲ့ပတ်သက်ရင် ဖောက်ပြန်တယ်လို့ မြူမှုန်လောက် တောင် အထင်မခံခဲ့ရသူ။ ဗိုလ်နေဝင်းကတော့ - အာဏာနဲ့ လုပ်ပိုင်ခွင့် တာဝန် အခွင့်အရေးတွေနဲ့ ပတ်သက်ရင် ဖောက်ပြန်တဲ့ စရိုက်အပြည့် ရှိခဲ့သူ။ အာဏာကို အလွဲသုံးစား လုပ်ခဲ့သူ။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ - ကြည်ရေ ... ပဲပြုတ်နဲ့ နံပြားရရင် စားချင်တယ်... ဆိုတဲ့ ဘဝကို လူတွေ မှတ်မိ တမ်းတကြပေမယ့်၊ ဗိုလ်နေဝင်းရဲ့ မိန်းမရှုပ်ပုံနဲ့ မြင်းလောင်းကစား ဝါသနာဟာ လူထု မှတ်မိပြီး တံတွေးထွေးချင်တဲ့ အကျင့်စရိုက်တွေ ဖြစ်ခဲ့တယ်။

နေအိမ်အကျယ်ချုပ် နဲ့ နိုက်ကလပ်

ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီးဟာ အခု နေအိမ်အကျဉ်းချခံရပေမယ့်၊ ဗိုလ်နေဝင်းရဲ့ မြေးတွေကတော့ ခေတ်ဥစ္စာစည်းစိမ်ကို သုံးဖြုန်းပြီး နိုက်ကလပ်တက်နေတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ပြည်ပ နယ်ချဲ့ တိုင်းတပါး သားကို စစ်ပြုတိုက်ခိုက်ခဲ့တယ်။ ဗိုလ်နေဝင်းကတော့ ကိုယ့်ပြည်တွင်းက ညီအစ်ကိုချင်းဖြစ်တဲ့စစ်ပွဲတွေကို အားပါးတရ ဆင်နွှဲခဲ့တယ်။

စာလေးပေလေးရေးချင်တယ် နဲ့ အာဏာသိမ်းချင်တယ်

ဗိုလ်ချုပ်အောင်ဆန်းဟာ တပ်မတော်ရဲ့ စစ်ခေါင်းဆောင် ဖြစ်ခဲ့သလို၊ ဗိုလ်နေဝင်းက လည်း တပ်မတော်ရဲ့ စစ်ခေါင်းဆောင်ဖြစ်ခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးရပြီးရင် စစ်တပ်က အငြိမ်းစားယူ၊ နိုင်ငံရေးနဲ့ ဝေးဝေးနေပြီး စာလေးပေလေး ရေးချင်တယ်ဆိုတဲ့ ဆန္ဒ ရှိခဲ့ပေမယ့်၊ ဗိုလ်နေဝင်းကတော့ အာဏာသိမ်း နှစ်ထပ်ကွမ်း စစ်ဘုရင် ဖြစ်ခဲ့တယ်။ ၁၉၅၈ မှာ တရားဝင်လိုလိုနဲ့ တရားဝင် သိမ်းကြည့်တယ်။ ၁၉၆၂ မှာ အပြီးတိုင် နိုင်ငံတော်အာဏာသိမ်းခဲ့သူဖြစ်ခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးရတာ မမြင်သွားခဲ့ ရဘူး။ ဗိုလ်နေဝင်းကတော့ လွတ်လပ်ရေးရဲ့ အရသာကို မိန့်မိန့်ကြီး နှစ်ပေါင်းများစွာ ခံစားသွားခဲ့ရတယ်။ ဗိုလ်ချုပ်

အောင်ဆန်းအကြောင်းကို ပညာရှင်တွေ၊ စာရေးဆရာတွေ၊ အနုပညာရှင်တွေ ကောင်းကြောင်းတွေကို လူတွေ ရိုးသွား အီသွားအောင်အထိ ပွဲတင်ထပ် ရေးခဲ့၊ ရေးဖွဲ့၊ စပ်ဆို၊ ပြောနေကြပေမယ့်၊ ဗိုလ်နေဝင်းရဲ့ အကြောင်းကိုတော့ နိုင်ငံခြားသား ရောဘတ်တေလာနဲ့ ဒေါက်တာမောင်မောင် တို့ နှစ်ယောက်သာ အကောင်း ပြောဖော်ရတယ်။

ဗိုလ်နေဝင်းကို မွေးချင်တယ် သီချင်း ရှိသလား

ဗိုလ်အောင်ဆန်းလို သူရဲကောင်းတွေ မွေးရမယ် … သီချင်းရှိပေမယ့်၊ ဗိုလ်နေဝင်းလို အာဏာရှင်တွေ မွေးရမယ်… ဆိုတဲ့ သီချင်း မရှိပါ။ ဗိုလ်ချုပ်အောင်ဆန်းပုံရိပ်ကို မြန်မာစစ်ခေါင်းဆောင်အဆက်ဆက်က မလိုချင့်လိုချင် ယူထားရပေမယ့်၊ ဗိုလ်နေဝင်းရဲ့ ပုံရိပ်ကိုတော့ လိုလိုချင်ချင် ယူထားတယ်။ ဗိုလ်ချုပ်အောင်ဆန်းကို မြန်မာ့တပ်မတော်သမိုင်းမှာ တကူးတက ရေးထွင်းပုံဖော်စရာ မလိုအောင် ပြည်သူက လက်ခံထားပေမယ့်၊ ဗိုလ်နေဝင်းကိုတော့ မြန်မာ့တပ်မတော်သမိုင်းမှာ ဝါဒဖြန့်ချိရေးဌာနက တမင်တကာ တကူးတက ရေးထွင်းပုံဖော်ပြီး ပြည်သူတွေ လက်ခံအောင် လုပ်ယူထားရတယ်။

ဒီလိုတွေ ပြောလို့ ဗိုလ်နေဝင်းဟာ လူညံ့လားဆိုတော့၊ မဟုတ်ပါဘူး။ ဗိုလ်နေဝင်း မညံ့ပါဘူး။ သို့သော်လည်း လူထုအပေါ် စေတနာအားဖြင့် နုပ်တယ်။ နောက်ပိုင်း မြန်မာစစ်ခေါင်းဆောင်တွေဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ နိုင်ငံရေးစွမ်းရည်တွေကို လေးစားရကောင်းမှန်းမသိပေမယ့်၊ ဗိုလ်နေဝင်းရဲ့ စစ်ရေးစွမ်းရည်တွေကိုတော့ လေးစား အားကျခဲ့တယ်လို့ ဆိုနိုင်တယ်။

ရေးရင် ကုန်နိုင်မယ် မထင်။

ဒီလောက်နဲ့ ရပ်လိုက်ပါတော့မယ် ခင်ဗျား

ည ၇း၃၄

၁၆၊ အောက်တိုဘာ၊ ၂၀၂၁။

တရုတ်မုန်းတီးရေးအသံ လေနဲ့ ဝမ်းနဲ့ ကွဲရဲ့လား

၁၈ အောက်တိုဘာ ၂၀၂၁

တရုတ်နဲ့ပတ်သက်ရင် မြန်မာတွေမှာ သို့လော သို့လော ဖြစ်ရတာတွေ ရှိပါတယ်။ လက်ခံလိုက်ရမှာလား၊ ငြင်းဆန်လိုက်ရမှာလား - စသည်ဖြင့် မဝေနိုင်မခွဲနိုင် ဖြစ်ကြရပါတယ်။ နိုင်ငံရေးအရ ပူးရင် ကပ်ရင်လည်း မနှစ်မြို့သလို၊ လက်တွေ့ အရှိတရားမှာ တရုတ်ရဲ့ စီးပွားရေး၊ နိုင်ငံရေးဩဇာစက်ဝန်းကနေလည်း ရုန်းမထွက်နိုင်သေးပါ။ ရုန်းထွက်နိုင်အောင်လည်း မကြိုးစားကြပါ။ ဒါပေမယ့် လက်ရှိ တရုတ် - မြန်မာအကြား ကူးလူးဆက်ဆံတည်ရှိနေတဲ့ လူ့အဖွဲ့အစည်းပုံသဏ္ဌာန်ကို အလိုရှိလားဆိုရင်လည်း - မရှိပါ။ ဘယ်လိုနည်းလမ်းနဲ့ ဖောက်ထွက်ရမလဲ - ရုန်းထွက်ရမလဲ ဆိုရင်လည်း လက်တွေ့ မဖောက်ထွက်နိုင်ပါ။ ထိပ်ပိုင်းလူ့အလွှာက နိုင်ငံရေး ပိုင်းမှာ ဦးဆောင်ဖောက်ထွက်ဖို့ဆိုရင်လည်း တိုင်းပြည်က ကသောင်းကနင်းဖြစ်နေလို့ တရုတ်ရင်ခွင်ထဲက လက်တွေ့ ခွာထွက်နိုင်အောင် မလုပ်နိုင်ပါ။ အောက်ခြေ လူထုအလွှာမှာလည်း တရုတ်ရင်ခွင်က ခွာထွက်ဖို့ထက် နေ့စဉ်နဲ့အမျှ ကိုယ့်အရေးနဲ့ ကိုယ် ရှုပ်နေတာ တစ်ကြောင်း၊ နေ့စဉ် စားဝတ်နေမှုမှာ ရုန်းကန်လှုပ်ရှားနေရတာက တစ်ကြောင်း။ စတဲ့ အကြောင်း နှစ်ချက်ကြောင့် တရုတ်ကို မလွန်ဆန်နိုင်၊ မအံတုနိုင်ပါ။ စိတ်မှာလည်း တရုတ်တွေ နဲ့ပတ်သက်ရင် အောင့်သီးအောင့်သက်ဖြစ်နေကြတဲ့မြန်မာတွေ ခပ်များများ ရှိပါတယ်။ ဒီလို အခင်းအကျင်း မျိုးကြောင့် တခါတရံ တရုတ်နဲ့ ပတ်သက်တဲ့ အသံတွေဟာ အနောက်နိုင်ငံတွေက တင်ပို့တဲ့ တရုတ်နဲ့ပတ်သက်တဲ့သဘောထားအမြင်တွေ ဖြစ်နေပါတယ်။ ဒေါ်လာလှိုင်းနဲ့ မောင်းတဲ့ သဘောထားအမြင်တွေ ဖြစ်တာတွေ့ရပါတယ်။ ဒါကို ခွဲခွဲခြားခြား သတိရှိဖို့နဲ့ လက်တွေ့အားဖြင့် မြန်မာ့လူ့အဖွဲ့အစည်းရဲ့ ကိုယ်ခံအားကို မြှင့်ကြဖို့ ဒီဆောင်းပါးကို ရေးပါတယ်။

၁။ မြန်မာတွေ တရုတ်ရဲ့ လွှမ်းမိုးမှုကို မရှောင်နိုင်ပါ။ လောလောဆယ်မှာ တရုတ်ကို ထိပ်တိုက်တွေ့တာထက် တရုတ်နဲ့ ဘယ်လို အလိုက်သင့်အလျားသင့်နေထိုင်မလဲဆိုတာကိုသာ တွေးသင့်တယ်။ ဒါဟာ မြန်မာ့နိုင်ငံရေးကို ဦးဆောင်နေတဲ့သူတွေရဲ့ အဓိက သဘောထားတိမ်းညွှတ်ချက်ဖြစ်သင့်တယ်။ မြန်မာ့လူ့အဖွဲ့အစည်းအနေနဲ့ ကြည့်ရင်လည်း၊ တရုတ် ရဲ့ ဝါးမြိုမှုကို လက်ခံဖို့လည်း မဟုတ်ဘူး၊ လိုက်လျောပေးလိုက်ရမှာလည်း မဟုတ်ဘူး။ ကိုယ့်ဘက်က လက်တွေ့ အားထုတ်မှုနဲ့ တုံ့ပြန်ဖို့ဖြစ်ပါတယ်။

၂။ တရုတ်ကို အလုံးစုံ ဆန့်ကျင်ရင် ကောင်းကျိုးထက် ဆိုးကျိုးများပါလိမ့်မယ်။ ဒါဆို… တရုတ်လက်အောက်ခံ လုပ်ရမှာလား ဆိုတော့၊ မဟုတ်ပါ။ မဟုတ်ပါ။ တရုတ်ရဲ့ နိုင်ငံရေးကို မြန်မာက လွန်ဆန်ကောင်း လွန်ဆန်နိုင်ပါ လိမ့်မယ်။ သို့သော် တရုတ်ရဲ့ လူဦးရေနဲ့ စီးပွားရေးအင်ပါယာကို မလွန်ဆန်နိုင်ပါ။ အကြောင်းကတော့ မြန်မာ့

လူ့အဖွဲ့အစည်းဟာ ကိုယ်ခံအားနည်းနေလို့ ဖြစ်ပါတယ်။ တရုတ်ကို လွန်ဆန်နိုင်ဖို့အတွက်ဆိုရင် မြန်မာ့လူ့အဖွဲ့အစည်း ကိုယ်ခံအားကောင်းမှ လွန်ဆန်နိုင်ပါလိမ့်မယ်။

၃။ ကိုယ့်လူ့အဖွဲ့အစည်းကို အင်အားတောင့်တင်းအောင် ကုန်ထုတ်လုပ်မှုအရ၊ ယဉ်ကျေးမှုအရ၊ အသိဉာဏ်ဝေလေ့အရ မမြှင့်တင်ဘဲနဲ့ တရုတ်မုန်းတီးရေး၊ တရုတ်ဆန့်ကျင်ရေးကို လုပ်နေတယ်ဆိုရင် ဘိန်းစားအိပ်မက်မက်တာနဲ့ တူနေပါလိမ့်မယ်။ တခါတရံ မြန်မာလူထုကြားထဲက တရုတ်မုန်းတီးရေး လေသံနဲ့ တရုတ်ဆန့်ကျင်ရေးလေသံဆိုတာ အနောက်နိုင်ငံအုပ်စုတွေက ဒေါ်လာနဲ့ မောင်းတဲ့ လေသံသက်သက်မျှသာဖြစ်ပါတယ်။ အောက်ခြေ မြန်မာ့လူ့အဖွဲ့အစည်းထဲမှာ တရုတ်ကို လက်တွေ့အားဖြင့် လွန်ဆန်နိုင်တဲ့သူ ခဲယဉ်းပါတယ်။

၄။ မြန်မာလုပ်ငန်းရှင်တွေဟာ တရုတ်ကို မမှီခိုပဲ ကိုယ့်အားကိုယ်ကိုး ကုန်ထုတ်သတ္တိကို မြှင့်တင်နိုင်တယ်ဆိုတာ လက်ရှိမှာ ဖြစ်နိုင်ပါ့မလား။ တရုတ်ကို မမှီခိုရင်လည်း တခြားနိုင်ငံတစ်ခုခုကို မှီခိုနေရတာပဲ မဟုတ်လား။ ဆန်မရှိပဲ အစား မကြီးသင့်။ မြန်မာတွေဟာ ဆန်မရှိ အစား ကြီးနေတာများတယ်။ မြန်မာပြည်ဟာ ဆင်းရဲမွဲတေမှုမျဉ်းပေါ်က မတက်နိုင်သေးပါ။ ဒီတော့ နေ့စဉ်သုံးစွဲနေရတဲ့ ကုန်ပစ္စည်းတွေမှာ၊ တရုတ်ထုတ်ကုန်တွေအပေါ် ရာခိုင်နှုန်း ၈၀ လောက် မှီခိုနေရပါတယ်။ ပေါချောင်ကောင်းထုတ်လုပ်နိုင်တဲ့ တရုတ်ရဲ့ကုန်ထုတ်လုပ်မှုပေါ်လစီဟာ တတိယနိုင်ငံလူထုဈေးကွက်အတွက် လက်တွေ့ကျတယ်၊ အလုပ်ဖြစ်ပါတယ်။ မြန်မာတွေဟာ တရုတ်ကို အမြင် မကြည်တာသာ ရှိတယ်၊ ကိုယ့်လူ့အဖွဲ့အစည်းမှာ တရုတ်အမှီအခို ကင်းအောင် ရပ်တည်လုပ်ဆောင်ဖို့ အားမထုတ်နိုင်သေးပါ။

၅။ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ အထွေထွေ ကိုယ်ခံအားကို မြှင့်မှ တရုတ်ကို လွန်ဆန်ချင်ရင် လွန်ဆန်နိုင်ပါတယ်။ မြန်မာအတော်များများဟာ စိန်နားကပ်ရောင်နဲ့ ပါးပြောင်နေတာ များတယ်။ တရုတ်ကို ပထွေးမတော်ချင်ပေမယ့်၊ တခြားသူကို ပထွေးတော်ချင်စိတ် ပေါက်နေတယ်။ တကယ်တော့ ပထွေးကိုလည်း မမျှော်ရဘူး၊ အမေကျော်ဒွေးတော်လည်း မလွမ်းသင့်ဘူး။ ကိုယ့်ပြည်ကို ကိုယ့်အားတင်းအောင် နယ်ပယ်အသီးသီးမှာ လုပ်ရမှာ ဖြစ်ပါတယ်။

၆။ ကိုယ့်ပြည်တွင်းကို အားကိုးရမယ်ဆိုလို့ ၊ ဗိုလ်နေဝင်းခေတ်ကလို အလုံးစုံ တခါးပိတ်စနစ်နဲ့ ကိုယ့်ဥခွံထဲမှာ ကိုယ့်ကမ္ဘာလုပ်နေရမလားဆိုတော့၊ မဟုတ်ပါ။ မဟုတ်ပါ။ လူ့အဖွဲ့အစည်းရဲ့ ကိုယ်ခံအားကို မြှင့်ဖို့ ဖြစ်ပါတယ်။ ဒီနေရာမှာ quality of society လို့ သုံးနှုန်းချင်ပါတယ်။ နိုင်ငံရေး၊ စစ်ရေးတွေမှာ အမှီခိုကင်းဖို့ အသာထား၊ နေ့စဉ်စားဝတ်နေမှု အတွက် လိုအပ်တဲ့ဈေးကွက်မှာ တရုတ်ကုန်ပစ္စည်းတွေကို မလွန်ဆန်နိုင်ပါ။ ဆင်းရဲတဲ့၊ ဝင်ငွေမမြင့်တဲ့၊ ငွေကြေးဖောင်းပွတဲ့ မြန်မာ့လူ့အဖွဲ့အစည်းတွင်းက အောက်ခြေနဲ့ လူလတ်တန်းစားအလွှာတွေဟာ တရုတ်ကုန်ပစ္စည်းတွေကို ဝယ်ယူသုံးစွဲနေရပါတယ်။ အကြောင်းကတော့ ဈေးပေါတယ်၊ သုံးပျော်တယ်၊ အလုပ်ဖြစ်အောင်တော့ သုံးနိုင်တယ်၊ ဝတ်နိုင်တယ်။ အထည်များ အယားပြေတယ်။

၇။ မြန်မာတွေရဲ့ ကိုယ်ပိုင်လုပ်နိုင်စွမ်းက တဖြည်းဖြည်း နိမ့်လာတာတွေ့ရပါတယ်။ ရှေးမြန်မာတွေဟာ ယနေ့ခေတ် မြန်မာတွေထက် ကိုယ်ပိုင်လုပ်ယူမှုမှာ ကျွမ်းကျင်တယ်၊ ပါးနပ်တယ်၊ ထူးချွန်ပါတယ်။ ယနေ့မြန်မာတွေကတော့ အလွယ်ရတာများတာကြောင့် အလွယ်ပဲ တွေး၊ အလွယ်ပဲ လုပ်ပါတယ်။ လက်တွေ့အားဖြင့် ကာယကံ

မြောက်အားထုတ်တာ မလုပ်ဘဲ၊ ပါးစပ်ကနေ မကျေနပ်ဘူး၊ မလိုချင်ဘူး၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ်လို့ မြည်တွန်တောက်တီး ဝေဖန်စောကြောတတ်ပါတယ်။ လူကတော့ ကျောခင်းနေပါတယ်။ ဒါဟာ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ အခြေခံအားနည်းချက်ဖြစ်ပါတယ်။

၈။ တရုတ်ကို လွှန်ဆန်နိုင်ဖို့အတွက်ဆိုရင် လက်တွေ့အားဖြင့် လူ့အဖွဲ့အစည်းရဲ့ ကဏ္ဍအထွေထွေက ကိုယ်ခံအားကို မြှင့်တင်မှ ရပါလိမ့်မယ်။ မြန်မာတွေဟာ မျိုးချစ်စိတ်၊ အမျိုးသားရေးစိတ်ကိုသာ ဖောင်းတင်ပြောတာတွေ့ရတယ်။ လက်တွေ့အားဖြင့် ကိုလိုနီအပြုမခံရပေမယ့်၊ အသိဉာဏ်ပညာအားဖြင့်၊ ယဉ်ကျေးမှုအားဖြင့်၊ စီးပွားရေးအားဖြင့်၊ စစ်ရေးအားဖြင့် ကိုလိုနီအပြုခံနေရတာကို သတိမထားမိပါ။ အမျိုးသားရေးဝါဒကို ကိုင်ဆွဲတဲ့ ခေါင်းဆောင် ပိုင်းဆိုတာလည်း၊ ပြည်ပနိုင်ငံကြီးတစ်ခုခုကို ပထွေးတော်ထားပြီး၊ ပြည်တွင်းမှာ မျိုးချစ် လုပ်ပြနေကြတယ်။ ကမ္ဘာကြီးဟာ ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်နေတယ်ဆိုတာ နားခါးအောင် ကြားရပြီးပြီ။ အပြန်အလှန် အမှီသဟဲပြုခြင်းဆိုတဲ့ အညမညသဘောတရားသတ္တိကို တကယ်နားမလည်ပါ။ ကိုယ်မလိုချင်ရင် နောက်မြီးဆွဲ ၊ လက်ကိုင်တုတ် ဆိုပြီး တံဆိပ်ခတ်သလို၊ ကိုယ်လိုချင်ရင်တော့ ပထွေးနဲ့ ပလူးတာကို မေ့နေပါတယ်။

၉။ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ ကိုယ်ပိုင်လုပ်ယူနိုင်စွမ်းတွေကို မြှင့်မှ ကောင်းပါလိမ့်မယ်။ နိုင်ငံတကာကို အတုမခိုးရဘူးလို့ မပြောပါ။ အတုခိုးပြီး အစစ်ဖြစ်အောင် ကြိုးစားရပါလိမ့်မယ်။ တရုတ်တွေကို ကြည့်ပါ။ သိပ္ပံနည်းပညာနဲ့ အတတ်ပညာတွေကို အတုခိုးပြီး အစစ်ဖြစ်အောင် လုပ်ခဲ့လို့ ၊ ယနေ့ တရုတ်အမျိုးသားရေးဟာ အောင်မြင်နေပါပြီ။ အမေရိကနဲ့ ဆိုဗီယက်တို့ လပေါ်ကို ဒုံးပျံနဲ့ သွားဖို့ ကြိုးစားနေချိန်မှာ၊ တရုတ်တွေရဲ့ အိမ်နောက်ဖေးမှာ သံတိုသံစတွေကြိုတဲ့ မီးဖိုတွေ ထားတဲ့အဆင့်ရှိနေပါသေးတယ်။ ဒါပေမယ့် တရုတ်တွေ ကိုယ့်အမှားကို ကိုယ်သိပြီး ပြုပြင်ပြောင်းလဲနိုင်တယ်။ အတုခိုးပြီး အစစ်ဖြစ်အောင်လုပ်တယ်။ ကလေးကစားစရာအရုပ်က အစ တရုတ်တွေ အတုခိုးပြီး ပေါချောင်ကောင်း ဈေးကွက်ကို ရအောင် ဖန်တီးတယ်။ ကမ္ဘာမှာ ဆင်းရဲတဲ့တတိယနိုင်ငံတွေဟာ အများစုဖြစ်ပါတယ်။ ထိပ်ပိုင်းဈေးကွက်ကို ငြင်းဆန်ထားပြီး အောက်ခြေဈေးကွက်ကို သိမ်းကျုံးရယူပါတယ်။ တရုတ်တွေ ချမ်းသာလာတာ ဒါ့ကြောင့်ပါပဲ။

၁၀။ အခု တရုတ်တွေဟာ ထိပ်ပိုင်းသိပ္ပံနဲ့ နည်းပညာကဏ္ဍတွေမှာ ကိုင်လှုပ်နိုင်စွမ်းရှိ သူတွေဖြစ်နေပြီ။ မြန်မာတွေကတော့ အချင်းချင်း ကွဲပြလို့ ကောင်းနေကြတုန်းပါပဲ။ လူ့အဖွဲ့အစည်းအတွက် အခြေခံလုပ်ရမယ့် အလုပ်တွေကို မသွားနိုင်သေးပါ။ အစိုးရလုပ်သူတွေကလည်း မသွားနိုင်ပါ။ လူထုရဲ့ ထိပ်ပိုင်းအလွှာ၊ အလယ်အလတ်အလွှာနဲ့ အောက်ခြေအလွှာကလည်း မသွားနိုင်သေးပါ။ စနစ်ဆိုတာကို အလေးမထား၊ မလေးစားတဲ့ မြန်မာ့လူ့အဖွဲ့အစည်းဟာ အထွေထွေချွတ်ခြုံကျမှုကို ရောက်နေပြီ။ စနစ်ကို စဖျက် - ဆက်ဖျက် - စနစ်တကျ ဖျက်ခဲ့တဲ့ အကျိုးဆက်တွေဖြစ်ပါတယ်။ ယခုလည်း ကြည့်ပါ။ စနစ်တစ်ခုကို တည်ဆောက်ရမယ် မကြံသေးဘူး၊ ဖျက်စီးခံရပါပြီ။ မြန်မာဟာ ဒီအကျင့်ကို မပြင်နိုင်ဘူး၊ မပြင်ချင်ဘူးဆိုရင် ပိုမှန်မယ်။

၁၁။ တရုတ်မုန်းတီးရေးလေသံဟာ လေနဲ့ ဝမ်းနဲ့ ကွဲဖို့ လိုပါပြီ။ ဒေါ်လာလှိုင်းက တွန်းတင်တဲ့ တရုတ်ဆန့်ကျင်ရေး လေသံ မဖြစ်သင့်ပါ။ ဒီမိုကရက်တစ်နိုင်ငံရေးသမားဆိုသူတွေဟာ အနောက်မျှော်တဲ့အကျင့်ကို မပျောက်သလို၊ မျိုးချစ်ဝါဒီ လက်ယာစွန်းသမားတွေကလည်း အရှေ့ကို မျှော်တဲ့အကျင့် မပျောက်ပါ။ အတိတ်သမိုင်းမှာ

လက်ဝဲဝါဒီတွေအကြား စတာလင်ဂိုဏ်းသားနဲ့ မော်ဝါဒီဂိုဏ်းသားတွေဆိုတာလည်း နောက်မြီးဆွဲတွေသာ များပါတယ်။ နောက်မြီးဆွဲအဆင့်ကနေ ဘယ်နိုင်ငံရေးသမား၊ ဘယ်စစ်ခေါင်းဆောင်မှ တက်မလာသေးပါ။ ဗိုလ်နေဝင်းက ကိုယ့်အားကိုယ်ကိုးပြီး နောက်မြီးဆွဲဘဝက လွတ်ချင်စိတ်ရှိခဲ့ပေမယ့်၊ ဖင်မနိုင်ဘဲ ပဲကြီးဟင်း သောက်တဲ့နေ့ရက်တွေ သိပ်များခဲ့တယ်။

နေ့လယ် ၁၁း၄၂

၁၈၊ အောက်တိုဘာ၊ ၂၀၂၁။

ကျွန်နဲ့ထွက်နေသူတွေ

❶ ❹ အောက်တိုဘာ ❷ ⓿ ❷ ❶

- လွတ်လပ်တဲ့သူဟာ ဉာဏ်မသုံးရတဲ့ဘဝကို မကျေနပ်ဘူး။ (ဦးဇောတိက၊ ၂၀၀၆၊ စာ - ၁၇၅)

လူတစ်ယောက်ချင်းစီနဲ့ပတ်သက်တဲ့ကိစ္စကိုလည်း စဉ်းစားရပါမယ်။ လူ့အဖွဲ့အစည်းနဲ့ပတ်သက်တဲ့ကိစ္စကိုလည်း စဉ်းစားဖို့ လိုပါတယ်။ ပိုမိုကျယ်ပြန့်သော ဉာဏ်ရှိလာရင် လူသားကမ္ဘာကြီးတစ်ခုလုံးအတွက် စဉ်းစားနိုင်ပါတယ်။ သာမန်လူတွေကတော့ ငါ့အတွက် ဆိုတာနဲ့ပဲ လမ်းဆုံးပြီး ဘဝကို နိဂုံးချုပ်သွားကြတယ်။ လူ့အဖွဲ့အစည်းနဲ့ ပတ်သက်ရင်သော်လည်းကောင်း၊ လူတစ်ဦးချင်းစီအတွက်သော်လည်းကောင်း မေးခွန်း (၅) ခု ပေးချင်ပါတယ်။

လူဟာ ...

- အယူဝါဒ၏ ကျေးကျွန်လော....
- လူပုဂ္ဂိုလ်တစ်ယောက်ယောက်၏ ကျေးကျွန်လော...
- အစုအဖွဲ့၏ ကျေးကျွန်လော...
- အတိတ်၏ ကျေးကျွန်လော....
- ယုံကြည်ချက်၏ ကျေးကျွန်လော....

ပညာဖြစ်ဖို့၊ ဉာဏ်ဖြစ်ဖို့ မေးခွန်းတွေ မေးရပါမယ်။ သမားရိုးကျအရာတွေကို မေးခွန်းထုတ်နိုင်ရမယ်။ အစဉ်အလာတွေကို မေးခွန်းထုတ်နိုင်ရမယ်။ အခြေအနေတွေကို မေးခွန်းထုတ်ရမယ်။ ပြဿနာတွေကို မေးခွန်းထုတ်ရမယ်။ မေးခွန်းတွေကို မေးခွန်း ထုတ်ရမယ်။ ကိုယ့်ကိုယ်ကို မေးခွန်းနာနာထုတ်ရမယ်။ ဒါမှ ဉာဏ်ဖြစ်မယ်၊ ပညာဖြစ်မယ်။

လွတ်လပ်သောဘဝကို ရဖို့ဟာ လူ့ရဲ့ အန္တိမရည်မှန်းချက်ဖြစ်နိုင်ပါတယ်။ အသိဉာဏ်ကြီးတဲ့သူတွေက လွတ်လပ်မှုကို မြတ်နိုးတယ်၊ ဂုဏ်သိက္ခာကို အလိုရှိတယ်။ ဉာဏ်ရည်နိမ့်ပါးသူတွေကတော့ အခိုင်းစေခံရမှုမှာ ပျော်မွေ့ နေတယ်။ သူတို့ဟာ ကိုယ့်ဉာဏ်နဲ့ ကိုယ်မစဉ်းနိုင်ဘူး။ သူများတွေးပြီးသားကို ကိုယ့်ဟာလိုလို လုပ်ရတာ နှစ်သက်တယ်။ ဂုဏ်သိက္ခာဆိုတာကို သူတို့ မတွေးနိုင်ဘူး။ သူတို့အတွက် နေ့စဉ် စားရဖို့ သောက်ရဖို့သာ အရေးကြီးတယ်။ လူ့အခြေခံလိုအပ်ချက်ဟာ စားဝတ်နေရေးဖြစ်ပါတယ်။ ဒါပေမယ့် အသက်သာ သေသွားတယ်၊ ဂုဏ်သိက္ခာနဲ့ လွတ်လပ်မှုကို မစဉ်းစားနိုင်တဲ့သူတွေ မြောက်မြားစွာ သင်္ချိုင်းကို သွားကြတယ်။ နေ့စဉ်လိုလိုပါပဲ။

လူဟာ အယူဝါဒရဲ့ ကျေးကျွန်လား။

ဝါဒဆိုတာ လူက လုပ်တာဖြစ်ပါတယ်။ အယူဝါဒကို ကျော်ပြီး မကြည့်နိုင်သေးရင် အဲဒါ စစ်မှန်တဲ့အသိဉာဏ်ကို ရတယ်လို့ မခေါ်နိုင်ဘူး။ အယူဝါဒရဲ့ သဘောတရားနဲ့ အယူဝါဒရဲ့ သဘောသဘာဝကို နားလည်အောင် လုပ်တာ ဉာဏ်ကို သုံးရတဲ့အလုပ်ဖြစ်ပါတယ်။ ပညာဆိုတာဟာ ဉာဏ်ကို သုံးရင်းနဲ့သာ ဖြစ်လာတာ။ သူ့အလိုလို ဖြစ်မလာဘူး။ စာအုပ်တွေထဲက စာတွေကို ဖတ်ရင်လည်း ဉာဏ်ကို သုံးပြီး ဖတ်မှ ပညာဖြစ်တယ်။ ဉာဏ်ဆိုတာ သုံးဖို့။ ခေါင်းဆိုတာ သုံးဖို့။ ခေါင်းသုံးတယ် ခေါင်းသုံးတယ်ဆိုပြီး ဂွမ်းချည်း လိုမ့်ထိုးနေလို့ မရဘူး။

လူဟာ လူပုဂ္ဂိုလ်တစ်ယောက်ယောက်ရဲ့ ကျေးကျွန်လား။

လူတစ်ယောက်အဖြစ် မွေးမိခင်က အသက်နဲ့ ရင်းပြီး မွေးဖွားပေးလာတာ မလွယ်ပါဘူး။ ကျနော်တို့ရဲ့ မိခင်တွေက ကျနော်တို့ကို ဝမ်းနဲ့ လွယ်မွေးလာရတာ မလွယ်ပါဘူး။ ကျနော်တို့ အဖေတွေကလည်း ကျနော်တို့ကို သူတို့ ချွေး၊ ခြေမကျအောင် ရုန်းကန်ပြီး ကျနော်တို့ကို လူလားမြောက်အောင်၊ ကြီးပြင်းအောင် မွေးမြူပေးခဲ့တာ မလွယ်ပါဘူး။ မလွယ်ပါဘူး။ မိဘက အသက်နဲ့ ချွေးနဲ့ လုံ့လစိုက်ထုတ်ပြီး လူ့ဘဝရောက်အောင် ပို့ပေးခဲ့တဲ့ ကျေးဇူးကို မငဲ့ညှာပဲနဲ့ ကိုယ့်ဘဝကို ပြီးစလွယ်၊ ဖြစ်သလို၊ ပြစ်စလက်ခတ်ထားလိုက်ရင် ကျနော်တို့ သိပ်ညံ့ဖျင်းရာ ကျပါတယ်။

လူ့အဖြစ်ကို ရပါလျက်နဲ့ လူတစ်ဦးတစ်ယောက်ရဲ့ ကျေးကျွန်ဖြစ်ရတာ မတန်ပါဘူး။ လူ့အဖြစ်ကို ရပါလျက်နဲ့ ကိုယ့်အလင်း၊ ကိုယ့်အရောင်၊ ကိုယ့်အဝါ၊ ကိုယ့်တန်ဖိုးနဲ့ မရပ်တည်နိုင်ဘဲ၊ လူတစ်ဦးတစ်ယောက်ကို မြှောက်ပင့်၊ မှီခို၊ ကပ်ရပ်ပြီးတော့ ကပ်ဖားရပ်ဖား ကျွန်ခံနေရတာဟာ သိမ်ဖျင်းလှပါတယ်။ ကိုယ့်ရဲ့ ဉာဏ်ကို ကြီးမြတ်တဲ့ အရာတွေ တွေးခေါ်လေ့လာဖို့ မသုံးဘဲ၊ လူတစ်ဦးတစ်ယောက်အတွက် ကျေးကျွန်ခံနေတာ မတန်ပါဘူး။ လူဖြစ်ရှုံးလှတယ်။ ကိုယ့်ရဲ့ဉာဏ်ကို လွတ်လွတ်လပ်လပ် မသုံးနိုင်ဘဲ လွတ်လပ်တဲ့လူ့ဘဝကို မရဘူး။

လူဟာ အစုအဖွဲ့ရဲ့ ကျေးကျွန်လား။

လူဟာ လူမှုရေးသတ္တဝါဖြစ်ပါတယ်။ လူဟာ ပေါင်းသင်းဆက်ဆံရေးသတ္တဝါဖြစ်ပါတယ်။ လူဟာ နိုင်ငံရေးသတ္တဝါ ဖြစ်ပါတယ်။ လူဟာ အသိအမှတ်ပြုခံလိုတဲ့သတ္တဝါဖြစ်ပါတယ်။ လူဟာ စီးပွားရေးသတ္တဝါဖြစ်ပါတယ်။

လူဟာ ပေါင်းသင်းဆက်ဆံရေးသတ္တဝါဖြစ်လို့၊ လူ့ပတ်ဝန်းကျင်ထဲမှာ ဝင်တိုးတယ်။ လူဟာ လူမှုရေးသတ္တဝါဖြစ်လို့ လူ့အဖွဲ့အစည်းထဲမှာ ပူးပေါင်းပါဝင်တယ်။ လူဟာ နိုင်ငံရေးသတ္တဝါဖြစ်လို့ အမျိုးပြည်သူရေးရာကိစ္စတွေမှာ ပါဝင်တယ်။ လူဟာ အသိအမှတ်ပြုခံလိုတဲ့သတ္တဝါဖြစ်တာကြောင့်၊ ကိုယ့်ကို လူတွေ အသိအမှတ်ပြုအောင် ကြိုးစားတယ်၊ ရုန်းကန်တယ်၊ လှုပ်ရှားတယ်၊ တိုးဝင်တယ်။ ဒီလိုနဲ့ တဖြည်းဖြည်း လူ့အသိုက်အမြုံထဲမှာ မြုပ်သွားတယ်။ လူဟာ စီးပွားရေးသတ္တဝါဖြစ်လို့ နေ့စဉ်စားဝတ်နေရေး ပြေလည်အောင်၊ ချောင်လည်အောင် ကြိုးစားနေရတယ်။ ဒီလိုနဲ့ လူအုပ်စုထဲ တိုးဝင်သွားတယ်၊ လူ့အစုအဖွဲ့တွေထဲ ပါဝင်သွားကြတယ်။ ဒါပေမယ့် တစ်ယောက်ကနေ အများဖြစ်လာတဲ့အခါ၊ အများအားဖြစ်လာတယ်၊ အများသဘောဖြစ်လာတယ်၊ အုပ်စုသဘောဖြစ်လာတယ်၊ အုပ်စုစိတ်ဖြစ်လာတယ်၊ အစုအဖွဲ့ရဲ့ အစေစားခံဖြစ်လာတယ်။ ဒီလိုနဲ့ ကိုယ့်ရဲ့ လွတ်လပ်မှုနဲ့ လူသားဘဝဟာ တဖြည်းဖြည်းနဲ့ လူအုပ်စုထဲမှာ စတေးခံလိုက်ရတယ်။ ဒါကို လူတော်တော်များများ သတိမထားမိဘူး။ ကိုယ့်ရဲ့

တန်ဖိုးထက်စာရင် အစုအဖွဲ့ရဲ့တန်ဖိုးကို ပိုဦးစားပေးရတယ်။ ကိုယ့်ရဲ့အရောင်ထက် အစုအဖွဲ့ရဲ့ အရောင်မှာ ပိုသာယာလာတယ်။ ဒီလိုနဲ့ လူဟာ တဖြည်းဖြည်း အစုအဖွဲ့ရဲ့ ကျေးကျွန်ဖြစ်လာတယ်။

- လူသားစင်စစ် တစ်ယောက် ဖြစ်ပါလျက်နဲ့ အစုအဖွဲ့တစ်ခုရဲ့ အစေစားခံဖြစ်ရတာ မတန်ပါဘူး။
- လူသားစင်စစ် တစ်ယောက် ဖြစ်ပါလျက်နဲ့ လူအုပ်စုတစ်ခုခုရဲ့ ကျေးကျွန် ဖြစ်ရတာ မတန်ပါဘူး။

လူဟာ အတိတ်ရဲ့ ကျေးကျွန်လား။

စာပေတွေထဲမှာ အနာဂတ်ရဲ့ ကျေးကျွန်လို့ သိပ်သုံးနှုန်းတာ မတွေ့ရဘူး။ အတိတ်ရဲ့ ကျေးကျွန်၊ အတိတ်ရဲ့ အကျဉ်းသားလို့ ခပ်များများ ဖတ်ဖူးတယ်။

- လူတွေဟာ ဖြစ်ပြီးခဲ့တဲ့အရာတွေကိုပဲ တနုံ့နုံ့တွေးပြီး စားမြုံ့နေကြတာများတယ်။
- လူတွေဟာ ဖြစ်ပျက်ပြီးခဲ့တဲ့အရာတွေကို ပစ္စုပ္ပန်အထိ ဆွဲခေါ်လာတာ တွေ့ရတယ်။
- လူတွေဟာ ပြန်မရနိုင်တော့တဲ့ အတိတ်ကိုပဲ တနုံ့နုံ့တွေးပြီး လွမ်းဆွတ်တမ်းတနေကြတယ်။
- လူတွေဟာ ပြန်ဖျက်လို့ မရနိုင်တဲ့ အမှားတွေကိုပဲ အနာဂတ်အထိ ဆွဲခေါ်လာကြတယ်။

လူတွေဟာ အတိတ်ရဲ့ကျေးကျွန်လား။ လူတွေဟာ အတိတ်ရဲ့ အကျဉ်းသားလား။ အတိတ်က ပြီးပြီ။ ပစ္စုပ္ပန်က လက်ရှိ။ အနာဂတ်က မလာသေးဘူး။ မျှတသောစိတ်ထားနဲ့ အတိတ်ကိုလည်း အလွန်အကျွံ သယ်ဆောင်လာတာမျိုး မလုပ်ရ။ အနာဂတ်အတွက်လည်း အလွန်အကျွံ လောကြီးခြင်း မဖြစ်ရ။ ပစ္စုပ္ပန်ကို တည့်တည့်ကြည့်ပြီးတော့၊ အနာဂတ်အတွက် အကြောင်းအထောက်အပံ့ကောင်းဖြစ်အောင် ပစ္စုပ္ပန်မှာ အတိတ်ကအရာတွေကို သင်ခန်းစာယူ အသုံးချပြီး ဘဝကို တည်ဆောက်ကြရမှာ။

- လူဟာ မနေ့ကထက် ဒီနေ့ ပိုလွတ်လပ်သောလူသား ဖြစ်ရမယ်။
- လူဟာ ဒီနေ့ထက် မနက်ဖြန် ပိုလွတ်လပ်သောသူဖြစ်အောင် ကြိုးစားရမယ်။

လူဟာ ယုံကြည်ချက်ရဲ့ ကျေးကျွန်လား။

လူရယ်လို့ဖြစ်လာရင် ယုံကြည်ချက် တစ်ခုခု၊ ခံယူချက်တစ်ခုခုကို လက်ခံဆုပ်ကိုင်ထားကြစမြဲဖြစ်ပါတယ်။ လူဖြစ်ပါလျက်နဲ့ ကိုယ်ပိုင်ယုံကြည်ချက် မရှိရင်၊ ကိုယ်ပိုင်ခံယူချက် မရှိရင် လူ မပီသဘူး။ ကိုယ့်ဉာဏ်ကို ကိုယ်သုံးတဲ့သူဟာ ကိုယ်ပိုင်ခံယူချက်၊ ကိုယ်ပိုင် ယုံကြည်ချက်ရှိတယ်။ ဒါပေမယ့် ကိုယ်ကိုင်ဆွဲထားတဲ့ ယုံကြည်ချက်ကို ဆုပ်ကိုင်ထားရင်း ကိုယ့်ဉာဏ်ကို သုံးနေရမယ်။ ဒီလိုနဲ့ တဖြည်းဖြည်း ပညာဉာဏ်ကျယ်လာအောင် အားထုတ်ရမယ်။ ပညာကြီးလာတာနဲ့အမျှ ကိုယ့်ဉာဏ်ကို အသုံးချနိုင်မှု တိုးတက်လာတယ်။ ဒီလိုနဲ့ ကိုယ့်ယုံကြည်ချက်ကို ကိုယ် ပြန်မေးခွန်းထုတ်နိုင်လာတယ်။ လူဟာ သူများ သွတ်သွင်းတဲ့ ယုံကြည်ချက်ကို ကိုင်ဆွဲတာထက်၊ ကိုယ့်ဉာဏ်ကို ကိုယ်သုံးပြီး ကိုယ့်ယုံကြည်ချက်ကို ကိုယ့်ဘာသာ ရွေးချယ်နိုင်စွမ်း ရှိမှ လူပီသတယ်။ ပိုပြီး လူပီသတဲ့သူကတော့ ကိုယ့်ယုံကြည်ချက်ကိုပါ ကိုယ် မေးခွန်းထုတ်ရဲတယ်၊ ကိုယ့်ယုံကြည်ချက်ကိုပါ ကိုယ် ပြန်ဆန်းစစ်ရဲတယ်။ ကိုယ့်ရဲ့ ယုံကြည်ချက်က မှားနေပြီလို့ သိသိချင်း ပြင်နိုင်တယ်၊ စွန့်ခွာနိုင်တယ်။ တစ်သက်လုံး ယုံကြည်လာပြီးမှ

နောက်ဆုံးမှာ မှားမှန်းသိပါလျက်နဲ့ သစ္စာဖောက်သူ၊ ဖောက်ပြန်သူ၊ ယုံကြည်ချက် မခိုင်မာသူ လို့ လူပြောသူပြောခံ ရမှာ ကြောက်လို့ မှားတဲ့ယုံကြည်ချက်ကြီးကို မပြင်ဘဲ တစ်သက်လုံး အုတ်ဂူထဲအထိ ယူဆောင်သွားကြသူတွေ မြောက်မြားစွာ ရှိတယ်။ တချို့ကလည်း သေသည်အထိ ကိုယ်ယုံကြည်ထားတဲ့ ယုံကြည်ချက်ဟာ မှားလား၊ မှန်လား ဆိုတာတောင် မသိဘဲ ယုံကြည်ချက်အမှားကြီးကို တမလွန်အထိ သယ်သွားကြသူတွေ ဒုနဲ့ ဒေး ရှိတယ်။ သူတို့ ဘဝတွေဟာ သနားစရာ။

တဏှာရဲ့ ကျေးကျွန်...တဲ့

လူ့အဖြစ်ကို ရပါလျက်နဲ့ တစ်စုံတစ်ခုရဲ့ ကျေးကျွန်၊ တစ်စုံတစ်ယောက်ရဲ့ ကျေးကျွန်၊ တစ်စုံတစ်ရာရဲ့ ကျေးကျွန် အဖြစ်ခံနေရတာဟာ မလွတ်လပ်တဲ့ဘဝပဲ၊ လူဖြစ် ရှုံးတဲ့ဘဝပဲ။ ကျွန်စော်နံနေသူတွေက ကျွန်နံ့ထွက်တတ်တယ်။ ဗုဒ္ဓကတော့ ဟောတယ်။ လူဟာ တဏှာရဲ့ ကျေးကျွန်ပဲ....တဲ့။ တဏှာယောကျ်ားလက်သမားရဲ့ ပြုပြင်စီရင်ခြင်းကို ခံနေရတဲ့ လူသားတွေ...တဲ့။

- လူဟာ အယူဝါဒရဲ့ ကျေးကျွန်လည်း မဖြစ်သင့်ဘူး။
- လူဟာ လူတစ်ယောက်ယောက်ရဲ့ ကျေးကျွန်လည်း မဖြစ်သင့်ဘူး။
- လူဟာ အစုအဖွဲ့ရဲ့ ကျေးကျွန်လည်း မဖြစ်သင့်ဘူး။
- လူဟာ အတိတ်ရဲ့ ကျေးကျွန်လည်း မဖြစ်သင့်ဘူး။
- လူဟာ ကိုယ့်ယုံကြည်ချက်ကို ကိုယ်ပြန် မေးခွန်းမထုတ်၊ မဆန်းစစ်ရဲတဲ့ ယုံကြည်ချက်ရဲ့ ကျေးကျွန်လည်း မဖြစ်သင့်ဘူး။
- လူဟာ တဏှာ၊ ဥပါဒါန်၊ အစွဲအလမ်းရဲ့ ကျေးကျွန်လည်း မဖြစ်သင့်ပါဘူး။

နံနက် ၁၀း၄၆

၁၄၊ အောက်တိုဘာ၊ ၂၀၂၁။

ဖီးရိုးမှ ဟီးရိုး၊

စံ နှင့် ချေကို စတုတ်တိုက်ကြည့်ခြင်း

၁၄ အောက်တိုဘာ ၂၀၂၀

- ဟီးရိုး ဘယ်လိုဖြစ်။
- ဟီးရိုးကို ဘယ်လိုထုတ်ပိုး။
- ဟီးရိုးကို ဘယ်လိုရောင်း။
- ဟီးရိုးကို ဘယ်လိုဝယ်။
- ဟီးရိုးကို ဘယ်လို စားသုံး။

အခင်း

ခေတ်က ပြောင်းသွားပါပြီ။ လက်နက်ကိုင်လမ်းစဉ်ကို လျှောက်တဲ့နည်းတွေ မတူတော့ပါဘူး။ ပါတော်မူပြီး နောက်ပိုင်း ဒေသပေါင်းစုံက မျိုးချစ်ခေါင်းဆောင်တွေ ရရာလက်နက်ဆွဲကိုင် ပုန်ကန်ခဲ့တဲ့ အခင်းအကျင်းနဲ့ ဆရာစံ လယ်သမားလက်နက်ကိုင် တော်လှန်ရေးကြီး လုပ်ခဲ့တဲ့ ပုံစံ အတော်ကွဲသွားပါပြီ။ သို့သော် ရှေးထုံးကျန်နေပါ သေးတယ်။ ပါတော်မူပြီးနောက်ပိုင်း ကိုင်စွဲခဲ့တဲ့ လက်နက်ကိုင်လမ်းစဉ်ဟာ မကျေနပ်မှုကို အခြေခံတယ်၊ ဒေါသကို အခြေခံတယ်။ ဒေသခေါင်းဆောင်တွေရဲ့ မကျေနပ်မှုနဲ့ လူထုရဲ့ ဒေါသဟာ ပေါင်းသွားပြီး ရရာ လက်နက်ဖြစ်တဲ့ ဓား တုတ် မြှား လက်လုပ်တူမီး သေနတ်တွေနဲ့ အာခံခြင်း ဖြစ်ပါတယ်။ ကိုလိုနီအစိုးရဟာ ပါတော်မူဖြစ်ရပ်အတွက် စိုးရိမ်ချက်ရှိစွာ ကိုင်တွယ်ခဲ့ရပေမယ့်၊ အရှင်နှစ်ပါးကို ချောချောမွေ့မွေ့ ခေါ်ဆောင်သွားနိုင်ခဲ့တယ်။

ရတနာပုံထီးနန်းကို သိမ်းပိုက်ဖို့အတွက် မလွယ်ကူဘူးဆိုပေမယ့်၊ ကိုလိုနီအစိုးရအတွက် အခက်ကြီး မဟုတ်ခဲ့ပါ။ သို့သော် ပါတော်မူပြီးနောက်ပိုင်း ဒေသအသီးသီးက ဒေသတွင်း ခေါင်းဆောင်တွေ လက်နက်ကိုင် အာခံပုန်ကန်တာ ကို ခက်ခက်ခဲခဲ ကိုင်တွယ်ခဲ့ရပါတယ်။ နှစ်အားဖြင့် လေးငါးခြောက်နှစ်လောက်အထိ သေသေချာချာ ကိုင်တွယ် လိုက်မှ အပြီးသပ်မီးငြိမ်းသွားပါတယ်။

ဒီနေရာမှာ ပုန်ကန်တဲ့ ဒေသခံလူထုလက်နက်ကိုင်ခေါင်းဆောင်တွေနဲ့ သူတို့နောက်လိုက်အင်အားတွေကို ဒေသခံ လူထုက ထောက်ပံ့ ထောက်ခံနေတာကြောင့် လူထုကြောက်လန့်အောင် လူထုစိုးရိမ်အောင် လုပ်ရပါတယ်။ လူထုဟာ ဒေသခံသူပုန်လူထုခေါင်းဆောင်အဖွဲ့တွေကို မထောက်ခံမှ၊ မပံ့ပိုးမှ အမြစ်ပြတ်မယ်လို့ ယူဆခဲ့တဲ့ အတွက် သူတို့ အမာခံ အောင်းခိုတဲ့ ဒေသတွေကို ရွာလုံးကျွတ်မီးရှို့တာတွေတောင် ဗြိတိသျှအစိုးရက လုပ်ခဲ့ပါ

တယ်။ ဒါမှ လူထုဟာ သူပုန်ကို လက်ခံထားမိလို့ တို့ရွာ မီးရှို့ခံရတယ်ဆိုတာ မှတ်ထင်သွားပြီး၊ ဒေသခံ ပုန်ကန်မှုကို မထောက်ပံ့တော့မှာ ဖြစ်ပါတယ်။ တခါတရံ လူထုကြောက်သွားအောင် ၊ စံပြအနေနဲ့ ရွာလုံးကျွတ် မီးရှို့ပြခဲ့တာတွေ တောင် ရှိတယ်လို့ ပြောနိုင်တယ်။ အဲသည့်ခေတ်က မှတ်တမ်းမှတ်ရာကို အင်္ဂလိပ်တွေဟာ လုပ်တဲ့အကျင့်ရှိတယ်။ မြန်မာ တွေနဲ့ တိုင်းရင်းသားတွေက မလုပ်တတ်၊ လုပ်လေ့မရှိလို့ မှတ်တမ်းမှတ်ရာ မကျန်ပါ။ လူ့အခွင့်အရေးတို့ ဘာတို့လည်း ခေတ်ထတဲ့အချိန်မဟုတ်လို့၊ ရက်စက်စွာ သတ်ဖြတ် ဖျက်ဆီးခြင်းကို ဗြိတိသျှအစိုးရလည်း ကျူးလွန်ခဲ့ပါတယ်။



ဆရာစံ ဘယ်လို ဖြစ်

ဆရာစံလယ်သမားပုန်ကန်မှုကြီးမှာတော့၊ လူထုကို ဘယ်လို မျှော်လင့်ချက်ပေးရမလဲ ဆိုတဲ့ ဝါဒစုစည်းချက်ပါလာ ပြီ။ ဆရာစံက ပဒေသရာဇ်ခေတ်ဟောင်းက ရှေးရိုးနည်းကိုပဲ ပြန်သုံးပါတယ်။ ကိုယ့်မင်းကိုယ်ချင်း ပဒေသရာဇ် နိုင်ငံထူထောင်မယ် ဆိုပြီး မင်းလောင်းအိပ်မက်ကို ထူထောင်ပါတယ်။ မင်းလောင်းမျှော်ကျင့်ရှိတဲ့ မြန်မာ လယ်သမားလူထုက ဆရာစံ နောက်လိုက်တွေ ဖြစ်သွားပါတယ်။ ဆရာစံရဲ့ ဂဠုန်တပ်ဖွဲ့မှာ ရဲစိတ်နဲ့ ယုံကြည်မှု တိုးအောင် ဖေဒင်လက်ဖွဲ့ အင်းအိုင်နဲ့ တုတ်ပီးခားပီးဆေးတွေနဲ့ အစီအရင်လုပ်ပါတယ်။ ဆရာစံ လယ်သမား

လက်နက်ကိုင်ပုန်ကန်မှုရဲ့ နောက်ကွယ်က ဒသသနတွန်းအားက ကိုယ့်မင်းကိုယ်ချင်း ပဒေသရာဇ်ဝါဒ ဖြစ်ပါတယ်။ သူ့ကျွန်ခံရတာထက် စာရင် ကိုယ့်အချင်းချင်း ကျွန်ခံရတာ မဆိုးဘူးလို့လည်း တွက်လိမ့်မယ်။ ကိုယ့် လူမျိုး အုပ်ချုပ်တာက တိုင်းခြားလူမျိုး အုပ်ချုပ်တာလောက် မရက်စက်ဘူး၊ မခံရဘူးလို့လည်း ထင်ဟန်ရတယ်။ ခေတ်သစ်နိုင်ငံတော်ထူထောင်ဖို့ အမြင်မျိုးကို ဆရာစံ နဲ့ သူ့နောက်လိုက်တွေ မတွေးခေါ်နိုင်ခဲ့သေးပါ။

တစ်ဖက်မှာလည်း ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် ရိုက်ခတ်လာတဲ့ စီးပွားရေးရဲ့ ဒဏ်ချက်တွေကို မကျေနပ်ဘူး၊ မနှစ်မြို့ဘူး။ အခွန်အတုတ်တိုးကောက်တာ၊ လယ်သမားတွေ ဆန်စပါးဈေးတွေ ကျဆင်းပြီး အရှုံးပေါ်တာ။ ဒါတွေက ဗြိတိသျှအစိုးရကို လယ်သမားတွေ လက်နက်ကိုင်ပုန်ကန်ဖို့ တွန်းအားပေးခဲ့တဲ့ အချက်တွေ ဖြစ်တယ်။

ဆရာစံ လျှောက်လမ်း

တစ်ဖက်မှာလည်း ဆရာစံဟာ နယ်လှည့်တိုင်းရင်းဆေးဆရာဖြစ်တာကြောင့် လူထုကို စာနာတယ်၊ နားလည်တယ်၊ လူထုရဲ့ ခံစားချက်တွေကို ထပ်တူခံစားနိုင်တယ်၊ သူ နယ်လှည့်ဆေးကုရင်း လူထုကို စည်းရုံးနိုင်စွမ်း ရှိတယ်၊ ဆရာစံဟာ ဝိုင်အမ်ဘီအေ အသင်းသားတစ်ယောက်လည်းဖြစ်တယ်။ ဝိုင်အမ်ဘီအေရဲ့ ဝံသာနုလှုပ်ရှားမှု တွေမှာ သူလည်း ဒေသတွင်း လှည့်လည်စည်းရုံးဦးဆောင်တာတွေ လုပ်တယ်။ ဆရာစံဟာ လူမှုရေး၊ ဘာသာရေး နည်းနဲ့ ဖိဆန်လာရတာကို ငြီးငွေ့ဟန်တူတယ်။ ဒါ့ကြောင့် စွန့်စားရပေမယ့် အလုပ်ဖြစ်နိုင်မယ့်နည်း၊ အလုပ်တွင် နိုင်မယ့်နည်း၊ အရွေ့ကို သိသိသာသာ ပြောင်းနိုင်မယ့် နည်းကို ယုံကြည်ခဲ့တယ်။ အဲဒါကတော့ လက်နက်ကိုင်လမ်း စဉ်ပဲ ဖြစ်ပါတယ်။

စံ နဲ့ ချေ

ဆရာစံဟာ နယ်လှည့်မြန်မာဆေးဆရာ တစ်ယောက်ဖြစ်တာမို့၊ သူဟာ အဲသည့်ခေတ်က ဆရာဝန်ပါပဲ။ ဆရာဝန်တစ်ယောက် ဝံသာနုမျိုးချစ်စိတ်ထက်သန်ပြင်းပြပြီး လက်နက်ကိုင်လမ်းစဉ်ကို အကောင်အထည်ဖော်ဖို့ ကြိုးစားခဲ့တာဖြစ်ခြင်းကြောင့်၊ ဆရာဝန် တော်လှန်ရေးသမားလို့တောင် ပြောနိုင်တယ်။ ဆရာစံဟာ ဆရာဝန် တော်လှန်ရေးသမား တစ်ယောက်ပါပဲ။ ဆရာစံ ပေါ်ထွက်ခဲ့တုန်းက၊ ကမ္ဘာ့တော်လှန်ရေးသမိုင်းမှာ နာမည်ကြီးခဲ့တဲ့ ချေဂွေဗားရားတောင် မွေးခါစ (၁) နှစ်ခွဲအရွယ်ပဲ ရှိပါသေးတယ်။ ဆရာစံ လယ်သမားတော်လှန်ရေးဟာ ၁၉၃၀ ၊ နှစ်ကုန်လောက်မှာ စတယ်။ ချေဂွေဗျားရားကို ၁၉၂၈ ခုနှစ်၊ ဇူလိုင်မှာ မွေးတယ်။ တကယ်တော့ ဆရာစံဟာ ချေဂွေဗားရားထက်တောင် အများကြီးစောပါတယ်။

ဟီးရိုးကို ဘယ်လို ထုပ်ပိုးသလဲ

မြန်မာတွေဟာ ဆရာစံကို ဟီးရိုးအဖြစ် သိပ်မထားတော့ဘဲ၊ ချေဂွေဗားရားကိုပဲ ဟီးရိုးထားနေကြတာက ဆရာစံရဲ့ ကျရှုံးသွားတဲ့ လက်နက်ကိုင်တော်လှန်ရေးကြောင့် လည်းဖြစ်မယ်။ မအောင်မြင်သူအတွက် အဖေတော်ချင်သူ မရှိ ဆိုတာမျိုး။ ဒါမှမဟုတ် မအောင်မြင်သူဖခင်အတွက် သားတော်ချင်သူ မရှိတာလား။ ချေဂွေဗားရားကျတော့ ခေတ်ဟန်ရှိတယ်။ ခေတ်ရဲ့ သရုပ်ရှိတယ်။ လူငယ်တွေကြားမှာ ဟီးရိုးဖြစ်နိုင်တဲ့ သင်္ကေတမျိုး အပြည့်ရှိတယ်။ မုတ်ဆိတ်မွေးဖွားဖွားထဲမှာ ထွက်ပေါ်လာတဲ့ သူ့ရဲ့ မျက်နှာပေါက်။ ချေဂွေဗားရားရဲ့ အတ္ထုပ္ပတ္တိကို ပြပြင်စီရင်

ထုပ်ပိုးပုံကလည်း သိပ်ပြီး သေသပ်တယ်။ ချေဟာ တော်လှန်ရေးခရီးကြမ်းကာလတွေမှာတောင် စာကို ဘယ်လို သဲကြီးမဲကြီး ဖတ်တာ။ သူဟာ မော်တော်ဆိုင်ကယ်ဒိုင်ယာရီကို ဘယ်လိုရေးခဲ့တာ။ သူဟာ ဆရာဝန် ဖြစ်ပေမယ့် လက်နက်ဆွဲကိုင်တော်လှန်ရေးကို ဘယ်လို လုပ်ခဲ့တာ။ တော်လှန်ရေးအပေါ်မှာ ချေရဲ့ ချစ်ခင်မြတ်နိုးမှုက ဘယ်လို ဘယ်ကဲ့သို့။ ချေပြောခဲ့ဖူးတဲ့ တော်လှန်ရေးဒဿနတွေက ဘယ်လို ဘယ်လို... ဆိုပြီး ပြောမယ့်သူတွေ ရှိပါတယ်။

နိုင်ငံခြားသားတွေက မှတ်တမ်းမှတ်ရာ၊ မှတ်စုမှတ်ရာလုပ်တတ်တဲ့အကျင့် ရှိတယ်။ မြန်မာတွေကတော့ ဖာသိဖာသာပဲ။ မှတ်တမ်းမှတ်ရာလုပ်တဲ့နေရာမှာ မြန်မာတွေက သိပ်အားနည်းတယ်။ ဒီတော့ ဒီနေ့ခေတ်မှာ ချေရဲ့ တော်လှန်ရေးမိန့်မှာချက်တွေက အဆိုအမိန့်တွေအဖြစ် တည်ရှိပေမယ့်၊ ဆရာစံ ပြောခဲ့တဲ့ စကားတစ်ခွန်းလောက်ကို မှတ်မိတဲ့သူ ရှိပါ့မလား။ ဆရာစံရဲ့ အဆိုအမိန့်တွေကို ဘယ်သူ ဖော်ထုတ်ပြောဆိုတာ ရှိပါသလဲ။ ခုခေတ်လူငယ်တွေဟာ ဆရာစံနဲ့ ချေဂွေဗားရားရဲ့ မိန့်ဆိုချက် တစ်ခုခုကို ပြောပါဆိုရင်၊ ဆရာစံကို သိချင်မှတောင် သိကြတော့မယ်။

စံ မြုပ် ၊ ချေ ပေါ်

ချေဂွေဗားရားကို ဆရာဝန် တစ်ယောက်လို့ သိထားကြပေမယ့်၊ ဆရာစံဟာ လယ်သမားတော်လှန်ရေး ခေါင်းဆောင်မို့၊ တောင်သူလယ်သမားကြီး တစ်ယောက်လို့ ထင်ကြတဲ့သူတွေလည်း ရှိလိမ့်မယ်။ ဆရာစံဟာ သူ့ခေတ်သူ့အခါက လူထုကြားထဲက ဆရာဝန်တစ်ယောက်ဆိုတာ သတိရကြသေးရဲ့လား။ တခါတရံလည်း တော်လှန်ရေးဟီးရိုးတွေကို ထုတ်ပိုးပြီးတော့ (packagingလုပ်ပြီးတော့) လူထုဆီကို ဘယ်လို ရောင်းမလဲဆိုတာ သိပ်အရေးကြီးတာပဲလို့ ထင်မိတယ်။ ဆရာစံကို တော်လှန်ရေးဟီးရိုးအနေနဲ့ လူထုလက်ခံအောင် မြန်မာတွေ ဘယ်လို ထုတ်ပိုးခဲ့သလဲ၊ ဘယ်လိုရောင်းခဲ့သလဲ။ ချေရဲ့ ဆေးပြင်းလိပ်သောက်ဟန်ကိုက လူငယ်တွေအတွက် အသည်းခိုက်စရာ။ နောက်ပြီး ကွန်မြူနစ်လက်ဝဲဩဇာ သိပ်ကြီးခဲ့တဲ့ မြန်မာ့လူ့အဖွဲ့အစည်း မှာ ကွန်မြူနစ် တော်လှန်ရေးသူရဲကောင်း ချေဟာ သိပ်ကို ခေတ်ထခဲ့တယ်။ အခုလည်း တဖန်ခေတ်ပြန်ထလာပြန်တယ်။

မေးခွန်းများ

- **ပုဆိုး၊ ခေါင်းပေါင်းနဲ့ ရှေးရိုးဘိုးတော်မို့လား...**

ချေဂွေဗားရားဟာ လုပ်ကြံခံရပြီး သေသွားပေမယ့်၊ ဆရာစံဟာ အဖမ်းခံရပြီး သရက်ထောင်မှာ အကျဉ်းသားအဖြစ် အမှုရင်ဆိုင်ခဲ့ရတယ်။ နောက်တော့ ဆရာစံဟာ ကြိုးပေးခံရတယ်။ ဆရာစံ ရဲ့ဝံ့စွာ အသေခံပေမယ့်၊ ဆရာစံရဲ့ ဂုဏ်အင်တွေကို ယနေ့ခေတ် မြန်မာလူငယ်တွေ မပြောကြတော့၊ မဆိုကြတော့။ သမိုင်းနဲ့ ဝေးသွားတာလား။ ကျရှုံးခဲ့တဲ့ လက်နက်ကိုင်လှုပ်ရှားမှုကြောင့် တော်လှန်ရေးခေါင်းဆောင်ကို မေ့ဟန်ဆောင်လိုက်ကြတာလား။ မအောင်မြင်သူအတွက် အဖေတော်ချင်သူ မရှိတာလား။ ဆရာစံဟာ ပုဆိုးနဲ့ ခေါင်းပေါင်းနဲ့ ရှေးရိုးဘိုးတော်ကြီးမို့ လူငယ်တွေကြားမှာ သည်းခြေခိုက်အောင် မဆွဲဆောင်နိုင်တာလား။ ဆရာစံဟာ သူ့ခေတ်သူ့အခါမှာ လူထုကြားထဲက မြန်မာဆေးဆရာဖြစ်ပေမယ့်၊ ဆရာစံကို ဆရာဝန်အဖြစ် အသိအမှတ်မပြုချင်တာလား။ ဒါမှ မဟုတ် မင်းလောင်းဖြစ်ချင်ခဲ့တဲ့ ဆရာစံကို ပဒေသရာဇ်အမုန်းထဲမှာ တစ်ပါတည်း ထည့်သွင်းလိုက်တာလား။

ချေဂွေဗားရား ဆေးပြင်းလိပ်သောက်သလို၊ ဆရာစံလည်း ပြောင်းဖူးဖက် ဖက်ကြမ်းလိပ်ကို ခဲခဲ့ဖူးမှာပါပဲ။ ဒါပေမယ့် ဆရာစံကို ဓာတ်ပုံလှလှ ရိုက်ပေးမယ့် ကင်မရာသမား မရှိ။ ချေဂွေဗားရားမှာတော့ ဖက်ရှင်ကျကျ ဓာတ်ပုံရိုက်ပေးမယ့် ကင်မရာသမားတွေ ရှိတယ်။ ဆရာစံဟာ ချေဂွေဗားရားလို မော်တော်ဆိုင်ကယ်တော့ မစီးခဲ့ဘူး။ သူဟာ နွားလှည်းတွေတော့ စီးခဲ့မှာပဲ။ နွားလှည်း နဲ့ မြန်မာပြည် တောတွင်း တောင်သူလယ်သမားတွေရဲ့ နှလုံးသားတွေဆီ သူ ဖြတ်သန်းစီးဆင်းခဲ့တယ်။ ဒါပေမယ့် နွားလှည်းစီးတဲ့ ဆရာစံကို ဆိုင်ကယ်စီးတဲ့ ချေဂွေဗားရားလောက် တော်လှန်ရေးမှာ အရာမရောက်…လို့ ထင်ကြလေသလား။

- သို့တည်းမဟုတ် ဆရာစံဟာ လယ်သမားတွေကို စုစည်းစည်းရုံးနိုင်ခြင်းဟာ လက်ဝဲကွန်မြူနစ်တော်လှန်ရေးသမားတစ်ယောက်လောက် လူထုနဲ့ နီးစပ်တယ်လို့ မထင်ကြတာလား။
- သို့တည်းမဟုတ် မြန်မာတစ်ယောက်ကို မြန်မာတစ်ယောက်က ဟီးရိုးတင်ရမှာ ရှက်တာလား။
- ဒါမှမဟုတ် မြန်မာတွေမှာ နိုင်ငံခြားကို အထင်ကြီးတဲ့ဓလေ့ဟာ ထပ်မံ စွဲမြဲကိန်းအောင်းနေတာလား။
- ဒါမှမဟုတ် ချေဂွေဗားရားရဲ့ တော်လှန်ရေးထက် စတိုင်လ်ကို ပိုသဘောကျတာလား။
- ဒါမှမဟုတ် ဆရာစံထက် ချေရဲ့ စစ်ရေးဗျူဟာတွေက ပိုကောင်းတာလား။
- ဒါမှမဟုတ် ဆရာစံရဲ့နောက်လိုက်တွေဟာ ကွန်မြူနစ်နောက်လိုက်တွေလို သူတို့ဟီးရိုးကို ဘယ်လိုထုပ်ပိုးရမလဲဆိုတာကို မသိတာလား။

အကယ်၍ ဆရာစံဟာ လယ်သမားလက်နက်ကိုင်သူပုန်ခေါင်းဆောင် မဟုတ်ဘဲ၊ ဒုတိယ ကျောင်းသားသပိတ်မှာ တော်လှန်သော လူငယ် မျိုးချစ် ခေတ်ပညာတတ် ကျောင်းသားခေါင်းဆောင်တစ်ယောက် ဖြစ်ခဲ့မယ်ဆိုရင် ဗိုလ်ချုပ်အောင်ဆန်းနေရာမှာ ဆရာစံများ ဖြစ်သွားခဲ့မလား။

ခေတ်အခြေအနေတွေ မတူတဲ့အခါမှာ တော်လှန်မှုပုံစံတွေ ပြောင်းသွားတယ်။ လက်နက်ကိုင်တော်လှန်ရေးကို လျှောက်ခဲ့တာချင်း အတူတူ ခေတ် အားဖြင့် ၊ တနည်း ကာလ ဒေသ ပယောဂ အားဖြင့် ကွာခြားသွားလို့ သမိုင်းပုံရိပ်တွေ မတူမျှတော့ဘူး။ လူထုက မှတ်ကျောက်တင်ခံရပုံတွေ မတူကြတော့ဘူး။ လူထုက စွဲမှတ်လက်ခံပုံတွေ မတူမျှတော့ဘူး ။

အခုရော… ဘယ်လိုဖြစ်မှာပါလဲ။

နေ့လယ် ၁၂း၁၃

၁၅၊ အောက်တိုဘာ၊ ၂၀၂၁။

အမျိုးသားရေးနှင့် သံဃာ့အဖွဲ့အစည်း

❶❷ အောက်တိုဘာ ❷⓿❷❶

- သံဃာဟာ အမျိုးသားရေးဝါဒဖြစ်ထွန်းဖို့ လူ့အဖွဲ့အစည်းအတွင်းမှာ အခြေခံကျတဲ့ ဒဿနတွန်းအား တစ်ရပ်ကို တင်ပို့သူလား။

မြန်မာပြည်မှာ၊ ဘာနိုင်ငံရေးပယောဂမှ ပူးဝင်မထားတဲ့ အမျိုးသားရေးဝါဒကို ယုံကြည်သက်ဝင်တဲ့ ဆရာတော်၊ သံဃာတော်တွေ ရှိတယ်လို့ ယူဆရပါတယ်။ ဒါဟာ သုတေသနအားဖြင့် စစ်တမ်းကောက်ကြည့်ထားခြင်းမျိုး မဟုတ်ပါ။ မြန်မာပြည်မှာ မွေး၊ မြန်မာ့လူ့မှုအသိုင်းအဝိုင်းထဲမှာ ကျင်လည်၊ ဗုဒ္ဓဘာသာကို ကိုးကွယ်ပြီး ဆရာတော်၊ သံဃာတော်တွေနဲ့ အထိအတွေ့ အသွားအလာ ပြောဆိုဆွေးနွေးမှုတွေ တစ်စုံတစ်ခုသော အတိုင်းအတာ အထိ ရှိထားရင် သိနားလည်နိုင်တဲ့ ကောက်ချက်မျိုးဖြစ်ပါတယ်။ ယေဘုယျယူဆချက်လို့လည်း ပြောနိုင်ပါတယ်။ အကြောင်းကတော့ သမိုင်းနောက်ခံဖြတ်သန်းမှုတွေနဲ့ သက်ဆိုင်နေပါတယ်။

ဒေါက်တာအောင်ခင့်မှတ်ချက်

မြန်မာပြည်မှာ အမျိုးသားရေးဝါဒ ဘယ်အချိန်က ပေါ်ထွန်းခဲ့ပါသလဲ။ သမိုင်းပညာရှင် ဒေါက်တာအောင်ခင်က အခုလို မှတ်ချက်ပေးပါတယ်။

- မြန်မာဘုရင်စနစ်ကျင့်သုံးစဉ်က အမျိုးသားရေး မရှိပါ။ ဘုရင့်အရေးသာ ရှိပါတယ်။ ဘုရင်ကို ဘုရားလို ကိုးကွယ်တယ်။ သက်ဦးဆံပိုင်စနစ်ပေါ့။ ဘုရင်စနစ် ကျဆုံးသွားတော့ ကိုယ့်မင်းကိုယ်ချင်းစိတ်ဓာတ်နဲ့ ဘုရင်သစ်တင်ဖို့ ကြိုးစားကြတယ်။ ဆရာစံကို ဘုရင်လောင်း (မင်းလောင်း) အဖြစ် သတ်မှတ်ကြတယ်။ ကိုလိုနီခေတ်မှာ အင်္ဂလိပ်က ကုလားကိုခေါ်လာတော့မှ ကုလား ဗမာ ရိုက်ပွဲ ကနေ အမျိုးသားရေးဝါဒ ပေါ်ထွက်လာတယ်။ ရန်ကုန်မှာ ကုလားစကားတတ်မှ လူရာဝင်တာကို ဗမာတွေ လက်ခံခဲ့တယ်။ ၁၉၃၀ ကုလား ဗမာ အဓိကရုဏ်းနောက်ပိုင်း ဒို့ဗမာအစည်းအရုံးပေါ်လာတော့မှ အမျိုးသားရေး ပြင်းထန်လာတယ်။ (ဒေါက်တာအောင်ခင်၊ ၂၀၁၉)

ဒဿနတွန်းအား

ဒီနေရာမှာ မြန်မာတွေရဲ့ အမျိုးသားရေးလှုပ်ရှားမှုဟာ နိုင်ငံရေးဝါဒ တစ်ခုအနေနဲ့ ပေါ်လာပါတယ်။ ဒီလို မပေါ်လာခင်က နောက်ကွယ်က ဒဿနတွန်းအားကို ဘယ်သူတွေက စခဲ့ပါသလဲ။ လူ့အဖွဲ့အစည်းထဲမှာ နိုင်ငံရေးလှုပ်ရှားမှုအဖြစ် မပေါ်လာခင်၊ အရင် ကနဦးဆုံး လူ့အဖွဲ့အစည်းက ယုံကြည်လက်ခံတဲ့ ဒဿနအခံ တည်ရှိရပါတယ်။ ဒီလို ဒဿနအခံကို ဘယ်သူတွေက အရင်ဆုံး စတင်မီးညှိပါသလဲ။

ပဒေသရာဇ်ခေတ်မြန်မာ့လူ့အဖွဲ့အစည်းရဲ့ အီလစ်အလွှာထဲမှာ ဘုန်းကြီးတွေ ပါပါတယ်။ ဘုရင်၊ ဘုန်းကြီးနဲ့ မှူးကြီးမတ်ရာတွေက ပဒေသရာဇ်ခေတ်ရဲ့ အပေါ်ထပ်လူတန်းစားအလွှာတွေ ဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းကို ပုံသွင်းတဲ့နေရာမှာ အီလစ်အလွှာရဲ့ ဩဇာက သိပ်ကြီးမားပါတယ်။ ပစ္စည်းမဲ့လူတန်းစားလှုပ်ရှားမှုမပေါ်ခင်က လူ့အဖွဲ့အစည်းရဲ့ ထိပ်ပိုင်းလူတန်းစားတွေကပဲ တိုင်းပြည်ကို အပြောင်းအလဲလုပ်ပါတယ်။ ဒီနေရာမှာ အီလစ်ဆိုတာ အနက်မှန် ပြန်စေချင်ပါတယ်။ သာမန်လူထက် ခေါင်းတစ်လုံးသာတဲ့ ဩဇာ၊ အာဏာမျိုး၊ လုပ်ပိုင်ခွင့် ပါဝါမျိုး ရှိထားရင် သူ့ကို အီလစ်စာရင်းသွင်း နိုင်ပါတယ်။ လက်ဝဲအဘိဓာန်က ဘာသာပြန်သလို အီလစ်ဟာ ရေပေါ်ဆီ၊ လူ့မလိုင်ဆိုတဲ့ အနက်နဲ့ ကွဲပြားပါတယ်။ လူ့အဖွဲ့အစည်းထဲမှာ အာဏာသော်လည်းကောင်း၊ ဩဇာသော်လည်းကောင်း သာမန်လူထက် ခေါင်းတစ်လုံးသာလွန်နေသူကို ပါဝါအီလစ်။ ငွေကြေးအားဖြင့် ကြွယ်ဝချမ်းသာနေရင်၊ စီးပွားရေးအိလစ်။ ပညာအားဖြင့် သာလွန် တတ်မြောက်ရင်၊ ပညာအီလစ်… စသည်ဖြင့် ပြောနိုင်ပါတယ်။

ထိပ်ပိုင်းအလွှာ

ဘုန်းကြီးဟာ မြန်မာ့လူ့အဖွဲ့အစည်းထဲမှာ လူထုနဲ့ နီးစပ်တဲ့ အီလစ်လူတန်းစားဖြစ်ပါတယ်။ စာပေကို ကောင်းစွာ လေ့လာလိုက်စားနိုင်တယ်။ အိမ်ထောင်သားမွေးအမှုကို စွန့်လွှတ်ထားတဲ့သူဖြစ်လို့ အမှုကိစ္စနည်းတယ်။ ပညာအတွက် ကောင်းစွာ လိုက်စားဖို့ အချိန်ရှိတယ်။ ဒီတော့ ပဒေသရာဇ်ခေတ်မှာ ပညာတတ်အလွှာလို့ ပြောရင် ဘုန်းကြီး၊ သံဃာတွေကို လက်ညှိုးထိုးပြရမှာ ဖြစ်ပါတယ်။ ပဒေသရာဇ်ခေတ်မှာ ဘုရင်ကလည်း ဘုန်းကြီးကျောင်းထွက် - ဘုန်းကြီးကျောင်းသား ဖြစ်ခဲ့ဖူးသလို၊ သာမန် လူထုကလည်း မွေးပြီးတဲ့ကလေးကို စာတတ်စေချင်ရင် ဘုန်းကြီးကျောင်းကို ပို့ရတာပါပဲ။ ဘုန်းကြီးကျောင်းကလည်း ဗုဒ္ဓဘာသာကျမ်းစာတွေကို အခြေခံပြီး လူထုအတွက် သင်ရိုးကို ပြဋ္ဌာန်းပြီး သင်ကြားပါတယ်။

ဩဇာတိက္ကမ ရှိသူ

ဘုန်းကြီးဟာ အပူဇော်ခံ၊ အလှူဒါန်းခံဖြစ်ပါတယ်။ ဘုန်းကြီးဟာ မြန်မာ့လူ့ အဖွဲ့အစည်းထဲမှာ နေရာပေး၊ ဦးစားပေးခံရတဲ့ လူတန်းစားဖြစ်ပါတယ်။ အဦးအဖျားကို ခံယူခွင့် ရှိတယ်။ လူထုက ဦးညွှတ်ဝပ်ချရတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဘာသာရေးရဲ့ အကိုးကွယ်ခံ၊ အကြည်ညိုခံ ဖြစ်တာကြောင့် ဘုန်းကြီးဟာ လူထုရဲ့အထက်လွှာ မှာ ရှိနေပါတယ်။ ဘာသာရေးယုံကြည်ကိုးကွယ်မှုကနေလာတာကြောင့် လူ့အဖွဲ့အစည်းထဲမှာ လူထုကို ဩဇာညောင်းပါတယ်။

ရွာထဲမှာ သြဇာကြီးတာ ဘုန်းကြီးတွေ ဖြစ်ပါတယ်။ ရွာဦးဘုန်းကြီးကျောင်းဟာ ရပ်ထဲရွာထဲမှာ အခမ်းနားဆုံး၊ အကြီးကျယ်ဆုံး အဆောက်အအုံဖြစ်ခဲ့ပါတယ်။

သူကြီးက ရပ်ထဲရွာထဲမှာ ရွာဦးဘုန်းကြီးကျောင်းက ကျောင်းထိုင် ဆရာတော်နဲ့ တွဲဖက်ပြီးတော့ ရပ်ရေးရွာရေးကို အုပ်ချုပ်ရပါတယ်။ သူကြီးပြောလို့ နားမပေါက်ရင် ဘုန်းကြီးကို အကူအညီတောင်းပြီး ဆရာတော် သြဝါဒပေးပါ၊ ဆုံးမပါ... စသည်ဖြင့် လုပ်ရတယ်။ သူကြီး ပြောလို့ နားမဝင်တဲ့ ကိစ္စတွေကို ဘုန်းကြီးက သူကြီးကိုယ်စား ပြောပေးပါတယ်။ ဘုန်းကြီးရဲ့ ပြောစကားကိုလည်း လူထုက နားဝယ်မကျ လက်ခံတာတွေ့ခဲ့ရပါတယ်။ ပဒေသရာဇ်ခေတ် ပညာရေးကို ဦးစီးကြီးမှူးသူတွေက ဘုန်းကြီးတွေ ဖြစ်ပါတယ်။ အခြေခံဒေသန္တရအုပ်ချုပ်ရေး ဖြစ်တဲ့ ရပ်ရေးရွာရေးအုပ်ချုပ်မှုမှာလည်း ဘုန်းကြီးက အာဏာ မရှိပေမယ့်၊ သြဇာရှိသူဖြစ်နေပါတယ်။ တစ်ဖက်မှာလည်း ဘာသာရေးအရ အကိုးကွယ်ခံ ဖြစ်တာကြောင့် ဘုန်းကြီးဟာ မြန်မာလူ့အဖွဲ့အစည်းအပေါ်မှာ လွှမ်းမိုးနိုင်သူဖြစ်ပါတယ်။

ရဟန်းစာဆိုတွေ

ပဒေသရာဇ်ခေတ် စာဆို(စာရေးဆရာ)လို့ ပြောရင်လည်း ဘုန်းကြီးပဲ ဖြစ်ပါတယ်။ မြန်မာစာပေသမိုင်းမှာ ရဟန်းစာဆိုတွေရဲ့ သြဇာနဲ့ အထင်ကရ အရေးအသားတွေဟာ ကျော်ကြားပါတယ်။ သာမန်လူထုက နေ့စဉ်စားဝတ် နေရေး အတွက် လုံးပမ်းနေရလို့ စာပေကို တကူးတက အချိန်ပေးပြီး လေ့လာလိုက်စားနိုင်စွမ်း မရှိပါဘူး။

ဘုန်းကြီးတွေသာ ဝမ်းရေးအတွက် မပူရလို့၊ စာပေကို စိမ်ပြေနပြေ လေ့လာလိုက်စားနိုင်သလို၊ ကဗျာတွေ စာတွေ ဖွဲ့သီ၊ ကျမ်းပြုနိုင်ခြင်းအလုပ်ကို လုပ်နိုင်ပါတယ်။ ပဒေသရာဇ်ခေတ် ပညာရှိ၊ ပညာရှင်တွေလို့ပြောရင် ဘုန်းကြီးတွေကိုပဲ အများစု လက်ညှိုးထိုးပြနိုင်ပါလိမ့်မယ်။ ထိုနည်းလည်းကောင်း ဘုရင့်ဘေးမှာ ခစားပြီး မင်းတိုင်ပင် အမတ်ကြီး တော်တော်များများဟာ ဘုန်းကြီးလူထွက်တွေဖြစ်ပါတယ်။ သူတို့ဟာ ဘုန်းကြီးဘဝမှာ စာတတ် ပေတတ် ကျမ်းတတ် ပုဂ္ဂိုလ်တွေ ဖြစ်ခဲ့ကြောင်း တွေ့နိုင်ပါတယ်။

သံဃာ့ရာဇာ - သာသနာပိုင် - အဂ္ဂမဟာပဏ္ဍိတ

ဘုရင်က ဓမ္မစက်ကို သုံးပြီး ပြည်သူပြည်သားကို ငြိမ်ဝပ်အောင် အသုံးချနိုင်လို့၊ ဘုန်းကြီးကို သံဃာ့ရာဇာဘွဲ့ပေးပြီး ထိန်းခိုင်း ပါတယ်။ ဒီဘက်ခေတ်တွေမှာတော့ သာသနာပိုင်ရာထူးကို အပ်နှင်းပါတယ်။ ဒေါက်တာသန်းထွန်း ပြောခဲ့ဖူးတဲ့ - သာသနာကို ဘယ်သူမှ မပိုင်ဘူးကွ… ဆိုတဲ့ စကားကို အမှတ်ရမိပါတယ်။ ဘုန်းတော်ကြီးသင် ပညာရေးစနစ်ဖြစ် တာကြောင့် ပညာတတ်လို့ ပြောရင်လည်း ဘုန်းကြီးပါပဲ။ ပါမောက္ခလို့ ပြောရင်လည်း ဘုန်းကြီးပါပဲ။ ပညာရှိလို့ ပြောရင်လည်း အဂ္ဂမဟာပဏ္ဍိတဟာ ဘုန်းကြီးပါပဲ။ အဂ္ဂမဟာပဏ္ဍိတ ဆိုတဲ့အနက် အဓိပ္ပာယ်ကိုက ကြီးကျယ်မြင့်မြတ်သောမဟာပညာရှိကြီး လို့ အနက်ထွက်တယ် မဟုတ်လား။ ဒီတော့ ပညာရေး - စာပေ - ဘာသာရေး နဲ့ ရပ်ရေးရွာရေးမှာ လူထုအပေါ် ဩဇာညောင်းသူ ဘုန်းကြီးတွေရဲ့ အသံနဲ့ မိန့်မှာချက်၊ ဩဝါဒတွေဟာ မြန်မာ့လူ့အဖွဲ့အစည်းထဲမှာ သက်ရောက်မှု အားကြီးခဲ့တာတွေ့ရပါတယ်။

သေလိုက်တာက ပိုကောင်းသေး

အထက်မြန်မာအမျိုးသားနိုင်ငံကို ကိုလိုနီတွေ အင်္ဂလိပ် - မြန်မာ တတိယစစ်ပွဲပြုပြီး အပြီးတိုင်သိမ်းလိုက်တော့၊ ပထမဆုံး လူထုအသံစထွက်တာ ဘုန်းကြီးက စတာဖြစ်ပါတယ်။ ဆီးဘန်နီဆရာတော်ရဲ့ သေသော်မှတည့်၊ သြော်…ကောင်း၏ ဆိုတဲ့ ကဗျာကို လူတိုင်းလိုလို အမှတ်ရနေပါတယ်။ ပါတော်မူပြီး မချိတင်ကဲနဲ့ လူထုရဲ့ မကျေနပ်မှုကို ကိုယ်စားပြုပြီး လူထုအသံလွှင့်ထုတ်ခဲ့တဲ့ ကဗျာတစ်ပုဒ်ဖြစ်ပါတယ်။ ဒါဟာ လူထုရဲ့အသံပါပဲ။ တနည်း public opinion ပါပဲ။ ဆီးဘန်နီဆရာတော်ရဲ့ ကဗျာကို သမိုင်းမှာ မှတ်သားထင်ရှားခဲ့ခြင်းဟာ၊ အဲသည့်ခေတ်က လူ့အဖွဲ့အစည်းရဲ့ စိတ်နေသဘောထားကို ထင်ရှားစွာ ပြသနေပါတယ်။

သာမန် အောက်ခြေနင်းပြား ကျောမွဲ တောင်သူလယ်သမားဟာ လူထုအားလုံးကြား နိုင်အောင် အသံ မလွှင့်နိုင်ပါ။ ဘုန်းကြီးကသာ လူထုကို ကိုယ်စားပြုပြီး အသံလွှင့်နိုင်စွမ်းရှိတာ ဖြစ်ပါတယ်။ ဆီးဘန်နီဆရာတော်ရဲ့ သေသော်မှတည့်၊ သြော်….ကောင်း၏ ကဗျာဟာ ပဒေသရာဇ်ခေတ်က လူထု မကျေနပ်ချက်ကို ကိုယ်စားပြုတဲ့ အသံပဲ ဖြစ်ပါတယ်။ ဒီအသံဟာ အတော်ကျယ်လောင်ခဲ့ပါတယ်။ ဆီးဘန်နီ ဆရာတော်အပြင် တောင်ခွင် ဆရာတော်ကလည်း လူထုအသံကို ထင်ဟပ်မယ့် တမ်းချင်းတစ်ပုဒ်ရေးခဲ့ပါတယ်။ ထို့နောက် ညောင်ကန် ဆရာတော် လူထုအသံကို ထင်ဟပ်မယ့် ကေပိုဒ်ရတု တစ်ခု ဖွဲ့ဆိုခဲ့ပါတယ်။ ပညာရှိ ပညာတတ် မှူးကြီးမတ်ရာ စာသမား တချို့ကလည်း လူထုအသံကို ကိုယ်စားပြုနိုင်တဲ့ ကဗျာတွေကို ဖွဲ့ပြီး လူထုဟာစ်တိုင်အဖြစ်

အသံပြုခဲ့ပါတယ်။ အချုပ်တန်းဆရာဖေ၊ ဦးကြော့နဲ့ မဟာဒါဝန် ဦးရွှေဝတို့ရဲ့ လေးချိုးနဲ့ ကဗျာတွေက ထင်ရှားပါတယ်။

ဘာသာရေးအခြေပြုလှုပ်ရှားမှု စတင်

နိုင်ငံရေးလှုပ်ရှားမှု စစ်စစ်အနေနဲ့ မပေါ်ပေါက်ခင်က ကိုလိုနီခေတ် ဝံသာနု အမျိုးသားရေးလှုပ်ရှားမှုကို အစပြုခဲ့တာ ဝိုင်အမ်ဘီအေ အသင်းက ဖြစ်ပါတယ်။ ဝိုင်အမ်ဘီအေ အသင်းဟာ ဘာသာရေးနဲ့ ဆက်နွယ်နေတဲ့ လူမှုရေးအသင်းအဖွဲ့တစ်ခုဖြစ်ပါတယ်။ အမျိုး - ဘာသာ - သာသနာ - ပညာ ကြွေးကြော်သံနဲ့ စလိုက်တဲ့ ဘာသာရေးလှုပ်ရှားမှုဟာ လူမှုရေးလှုပ်ရှားမှုအသွင်နဲ့ နိုင်ငံရေးကို ထိုးနှက်တဲ့ ကြွေးကြော်သံ ဖြစ်ခဲ့ပါတယ်။ တို့ဗမာ အစည်းအရုံး မပေါ်ပေါက်ခင်၊ ကျောင်းသားသပိတ် မပေါ်ပေါက်ခင်၊ ဆရာစံ လယ်သမား လက်နက်ကိုင်တော်လှန်ရေး မပေါ်ပေါက်ခင်၊ ၁၃၀၀ ပြည့်အရေးတော်ပုံ မပေါ်ပေါက်ခင်ကတည်းက ဝိုင်အမ်ဘီအေလို ဘာသာရေး ဦးဆောင်အဖွဲ့ နိုင်ငံရေးလှုပ်ရှားမှုအသွင် အမျိုးသားရေးလှုံ့ဆော်မှုတွေကို လုပ်ခဲ့တာတွေ့ရပါတယ်။ ထိုနည်းလည်းကောင်း မြန်မာပညာတတ် ကျောင်းသားနိုင်ငံရေးသမားတွေထက် ကနဦးဆုံး နိုင်ငံရေးအသိအမြင်ပွင့်ခဲ့သူဟာ ဘုန်းကြီးထဲက စတင်ခဲ့ပါတယ်။ ရခိုင်လူမျိုး၊ အမျိုးသားရေးဝါဒီ ဆရာတော် ဦးဥတ္တမဖြစ်ပါတယ်။

အမျိုးသားရေးဝါဒီ ရဟန်းတော်များ

ဦးဥတ္တမနောက်မှာ ပညာတတ် ဘုန်းကြီး သံဃာ တချို့ နောက်လိုက်အဖြစ် ပါဝင်ရင်း အမျိုးသားရေးဘုန်းကြီးတွေအဖြစ် ထင်ရှားခဲ့ပါတယ်။ အဲသည့်အထဲမှာ ဆရာတော် ဦးဝိစာရက အထူးထင်ရှားခဲ့တဲ့ ဆရာတော် ဖြစ်ပါတယ်။ မြန်မာနိုင်ငံရေးသမားတွေ နိုင်ငံရေးသီးသန့် အဖွဲ့အစည်းတွေ ဖွဲ့စည်းပြီး အမျိုးသားရေးလှုပ်ရှားမှုတွေ မစခင်ကတည်းက ဘုန်းကြီးတွေက အရင်စခဲ့တာဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့ ဂျပန်ကို စစ်ပညာမသွား ခင် ရှေ့နှစ်ပေါင်းများစွာကတည်းက ဆရာတော် ဦးဥတ္တမ ဟာ အိန္ဒိယကို သွား၊ အင်္ဂလိပ်စာ သင်၊ အိန္ဒိယဝံသာနု လှုပ်ရှားမှု ဖြစ်စဉ်တွေကို လေ့လာ။ ထို့နောက် ဥရောပကို လှည့်လည်၊ ဂျပန်နဲ့ အရှေ့တောင်အာရှနိုင်ငံတချို့ကို သွားရောက်ပြီး သူတို့တတွေရဲ့ တိုင်းရေးပြည်ရေး အခြေအနေ တွေကို ကိုယ့်ဘာသာလေ့လာဆည်းပူးပြီး ကမ္ဘာကြီးဘာဖြစ်နေတယ်ဆိုတာကို အရင်ဆုံး သိမြင်နိုင်ခဲ့တဲ့ အမျိုးသားရေးဝါဒီ ဖြစ်ပါတယ်။ ၂၀ ရာစု အစပိုင်းနှစ်တွေရဲ့ ဝံသာနုလှုပ်ရှားမှုတွေမှာ ဆရာတော် ဦးဥတ္တမရဲ့ အကြံပေးလမ်းညွှန်ချက်တွေဟာ ဝံသာနုနိုင်ငံရေးသမားတွေ အပေါ် ဩဇာလွှမ်းမိုးမှု အားကြီးခဲ့တာတွေ့ရပါတယ်။

ကိုယ့်မင်းကိုယ့်ချင်းဝါဒ

မြန်မာပြည်ရဲ့အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုဟာ လက်ဝဲဝါဒကို တော်လှန်သောဝါဒအဖြစ် လက်ကိုင်ထားပြီး အမျိုးသားရေးဝါဒကို လူ့အဖွဲ့အစည်းရဲ့ ဒသနတွန်းအားအဖြစ် အသုံးချကာ လက်နက်ကိုင်တော်လှန်ရေးနဲ့ အံတုဖို့ ကြိုးစားခဲ့ကြပါတယ်။ မြန်မာတွေရဲ့ ကိုယ့်မင်းကိုယ်ချင်းတိုင်းပြည်တစ်ခုဖြစ်အောင် တွန်းအားပေးတဲ့ ဒသနဟာ အမျိုးသားရေးဝါဒဖြစ်ပါတယ်။ မြန်မာအမျိုးသားရေးဝါဒဟာ တိုင်းပြည်လွတ်လပ်ရေးရဖို့အတွက်

အဓိက အခရာကျတဲ့ ဝါဒ တစ်ခုဖြစ်ခဲ့ပါတယ်။ စာပေ ၊ ဂီတ၊ ကဗျာတွေဟာ လူထုထဲမှာ ဇာတိသွေး၊ ဇာတိမာန်တွေ တိုးတက်လာအောင် အများဆုံးလှုံ့ဆော်ပေးတဲ့ ကိရိယာတွေ ဖြစ်ခဲ့တယ်။

- မြန်မာပြည်ရဲ့ အမျိုးသားရေးဝါဒကို ဒဿနတွန်းအားအဖြစ် မျိုးစေ့ချပေးသူဟာ ဘုန်းကြီးတွေ ဖြစ်ပါတယ်။
- မျိုးစေ့ချပေးရုံမက အမျိုးသားရေးဝါဒကို အစပြုခဲ့သူတွေဟာ ဘုန်းကြီးတွေဖြစ်ပါတယ်။
- အစပြုခဲ့ရုံမက ပထမဆုံးအမျိုးသားရေးဝါဒီလို့ ပြောနိုင်သူတွေက လည်း ဘုန်းကြီးတွေသာ ဖြစ်ပါတယ်။

အမျိုးသားရေးရေခံမြေခံ

ဤသို့သော နောက်ခံအကြောင်းတရားတွေကြောင့်၊ ခေတ်အဆက်ဆက်မှာ ဘုန်းတော်ကြီးနဲ့ သံဃာတော်တွေဟာ မြန်မာပြည်ရဲ့ အခိုင်မာဆုံးသော အမျိုးသားရေးဝါဒီတွေဖြစ်တယ်ဆိုတာ တွေ့ခဲ့ရပါတယ်။ ဘုန်းကြီး သံဃာတွေ ခံယူတဲ့ အမျိုးသားရေးဝါဒဟာ နိုင်ငံရေးအာဏာစက်ဝန်းတွေနဲ့ သက်ဆိုင်ချင်မှ သက်ဆိုင်ပါလိမ့်မယ်။ မသက်ဆိုင်ခဲ့တာ များပါတယ်။

အားလုံးကို ခြုံငုံကြည့်လိုက်ရင် ၊ သာသနာအဓွန့်ရှည်တည်တံ့ဖို့အတွက် တိုင်းတပါးက မလွှမ်းမိုးဖို့ လိုပါတယ်။ ကျွန်ဖြစ်ခံရတဲ့တိုင်းပြည်တွင်းက လူထုကိုးကွယ်တဲ့ သာသနာဟာ ကျွန်သာသနာပဲ ဖြစ်တာ မို့၊ လူထုကျွန်ဖြစ်တာကို ဘုန်းကြီးသံဃာက မလိုလားပါ။ လူထုနိမ့်ကျရင် သာသနာနိမ့်ကျတယ်လို့ပဲ မြင်ပါတယ်။ တိုင်းပြည်အောက်ကျရင် သာသနာအောက်ကျတယ်လို့ပဲ မြင်ပါတယ်။ ကိုယ့်သာသနာကို မကိုးကွယ်တဲ့ လူမျိုးခြား ကိုလည်း မနှစ်မြို့ပါ။ အလိုမရှိပါ။ သာသနာကြီးပွားကြောင်းအတွက် ဒကာ - ဒကာမ အထောက်အပံ့ကောင်းရှိဖို့ လိုပါတယ်။ ဒါဟာ အကျိုးစီးပွားနဲ့ ဆက်စပ်နေပါတယ်။ ထိုနည်းလည်းကောင်း ဗုဒ္ဓဘာသာကို ကိုးကွယ်တဲ့လူမျိုး များပြားကြောင်းကို ဘုန်းကြီးတွေက အလိုရှိပါတယ်။ သာသနာ ပြန့်ပွားရာအကြောင်းတရား ဖြစ်တယ်လို့ မြင်သလို၊ သာသနာရဲ့အထောက်အပံ့ကို ပြုနိုင်တဲ့ အင်အားစုလို့လည်း မြင်ပါတယ်။ ဒါ့ကြောင့် ဘာသာခြား လူမျိုးခြားကို ဘုန်းကြီးတွေက အလိုမရှိပါ။ ဒီလိုအမြင် အယူအဆဟာ နိုင်ငံရေးနဲ့ မသက်ဆိုင်သလို၊ ဘယ်အဖွဲ့အစည်းရဲ့ နိုင်ငံရေးပယောဂ ဝင်ပူးကပ်ခံရတာလည်း မဟုတ်ပါ။ သဘောဓာတ်ခံအရကိုက ဘုန်းကြီး သံဃာတွေမှာ အမျိုးသားရေးစိတ် ဖြစ်ပေါ်လာရခြင်း အကြောင်းတရား ဖြစ်ပါတယ်။

ရဟန်းပညာတတ်များ

လက်ရှိ မြန်မာပြည်မှာ ယေဘုယျရေတွက်ထားတဲ့ သံဃာတော် (၄) သိန်းခန့် အရေအတွက်ထဲမှာ၊ ဘာနိုင်ငံရေး ပယောဂမှ ပူးကပ်ထားတာမဟုတ်ဘဲနဲ့ နဂိုမူလဓာတ်ခံသဘောအရ အမျိုးသားရေးဝါဒကို ယုံကြည်လက်ခံထားတဲ့ ဘုန်းကြီးတွေ အတော်များများ ရှိပါတယ်။ အဲသည့်အထဲမှာ ပညာတတ်၊ စာတတ်၊ ကျမ်းပြု စတဲ့ ဆရာတော်၊ သံဃာတော်တွေလည်း အမြောက်အမြား ပါဝင်နေပါတယ်။ သာမန်ဘုန်းကြီးလောက်တင် မဟုတ်ပါ။ စာတတ် ၊ ပညာတတ် ဆရာတော် သံဃာတော်တွေထဲမှာ ရိုးသားစွာနဲ့ အမျိုးသားရေးစိတ် ကိန်းအောင်းနေတဲ့ ဘုန်းကြီးတွေ အတော်များများ ရှိနေကြောင်း ယေဘုယျတွက်ဆနိုင်ပါတယ်။

မဘသ - ပုံပျက်သွား

နိုင်ငံရေးပယောဂ ပူးဝင် အသုံးချခံရမှုကြောင့်၊ မြန်မာပြည်မှာ မဘသ လို့ခေါ်တဲ့ အမျိုးသားရေးအုပ်စုတွေဟာ နာမည်ပျက်နေပါတယ်၊ ပုံပျက်နေပါတယ်။ ဒီပုံပျက်ခံရမှုကို ပြန်လည်တည့်မတ်အောင် လုပ်ကြတာ မတွေ့ရပါ။ အထူးသဖြင့် အမျိုးသားရေးကို အမှန်တကယ်ယုံကြည်နေတဲ့ ပညာတတ်၊ ဘုန်းကြီး သံဃာတော်တွေက ခပ်မဆိတ်ပဲ နေတာတွေ့ရပါတယ်။ သို့သော်လည်း ဓမ္မစကူးလ်ကဲ့သို့ ကျောင်းမျိုးတွေ ထူထောင်ပြီး အပြုသဘောဆောင်တဲ့ အမျိုးသားရေးလုပ်ဆောင်ချက်တွေကို မိမိတို့ဘာသာ လုပ်နေတာတွေ့ရပါတယ်။

- ပုံပျက်နေတဲ့ အမျိုး - ဘာသာ - သာသနာ ဆိုတဲ့ဝေါဟာရကို ဘာနိုင်ငံရေးပယောဂမှ ပူးဝင်ခြင်းမခံဘဲ စေတနာ သန့်သန့်နဲ့ မူလအနက်သဘောမှန်ကို ပြန်ရောက်စေလိုတဲ့ ဘုန်းကြီး၊ သံဃာတွေ ရှိနေတယ်လို့ ယူဆနိုင်ပါတယ်။ ဒီအရေးအတွက်ဟာ မသေးငယ်ပါဘူး။
- ထင်ရှားစွာ မပြသအပ်သောကာလမို့၊ နိုင်ငံရေးတံဆိပ် ခတ်နှိပ်ခံရမှာစိုးလို့ မထင်မပေါ် ကိန်းအောင်းနေတယ်လို့သာ ပြောနိုင်ပါတယ်။
- နိုင်ငံရေးပယောဂ ကင်းရှင်းသော အမျိုးသားရေးကို ယုံကြည်လက်ခံနေတဲ့ ဘုန်းကြီးနဲ့ သံဃာတော်တွေ အမြောက်အမြားဟာ မြန်မာပြည် သံဃာထုအတွင်းမှာ အများအပြား ရှိတယ် လို့ ယူဆနိုင်လောက်တဲ့ အကြောင်းတရားတွေ ရှိနေပါသေးတယ်။

နံနက် ဝ၁း၂၈

၁၂၊ အောက်တိုဘာ၊ ၂၀၂၁။

ကျွန်နိဒါန်း နဲ့ ဗုဒ္ဓဘာသာအသိုင်းအဝိုင်းစိတ်အခံ

❶ ⓿ အောက်တိုဘာ ❷ ⓿ ❷ ❶

- အာဏာရှင်အား အာခံရန် စိတ်သတ္တိများ ပေါ်ခဲ့သော်၊
- ဤစိတ်သတ္တိကို လက်တွေ့အကောင်အထည်မဖော်ဖြစ်အောင်
- ဗုဒ္ဓဘာသာဘုန်းတော်ကြီးများက ဟောကြားသွန်သင်ခြင်း ပြုပါသလော.....။ (မင်းသေ့၊ ၂၀၂၁)

တိုင်းတပါးသားတို့ အမြင်

ကျွန်နိဒါန်းနှင့် ပါတော်မူပြီးစ မြန်မာနိုင်ငံ (၂၀၂၀) စာအုပ်ကို ဖတ်ဖြစ်ပါတယ်။ နိုင်ငံခြားသားရေးတဲ့ မြန်မာ့သမိုင်းဖြစ်ရပ်အပေါ်က အမြင်ဖြစ်ပါတယ်။ မြန်မာတွေဟာ သိပ်ရိုင်းစိုင်းကြမ်းတမ်းတယ်ဆိုတာကို ပေါ်လွင်စေတဲ့ တင်ပြချက်မျိုးတွေ ဖတ်ရပါတယ်။ အထူးသဖြင့် အထက်မြန်မာအမျိုးသားနိုင်ငံကို သိမ်းပိုက်ရခြင်းဟာ ရက်စက်ကြမ်းကြုတ်တဲ့ပဒေသရာဇ် ဘုရင်လက်ထက်ကနေ ကယ်တင်ပေးတယ်ဆိုတဲ့ ဇာတ်ညွှန်းမျိုးကို အနောက်တိုင်းသားတွေ ရှုမြင်ရေးသားတာကို ဖတ်ရပါတယ်။ မျိုးချစ်စိတ်ဓာတ်ခံနဲ့ ကြည့်ပြီး ဝံသာနုစိတ် ကဲလွန်းတဲ့ လူတစ်ယောက်ဟာ ဒီလို သမိုင်းဖြစ်ရပ်မျိုးကို ဖတ်ရှုရတာ နှစ်မြို့မယ် မထင်ပါ။ သို့သော်လည်း ဆန္ဒစွဲကို အသာထားပြီး၊ ခေတ်ရဲ့ ကြေးမုံပြင်မှာ ပီပီပြင်ပြင် ပုံရိပ်ထင်အောင် ဆန့်ကျင်ဘက်အမြင်သဘောထားတွေကိုလည်း လေ့လာရမှာ ထုံးစံဖြစ်ပါတယ်။

နင်းပြား လူထု

သီပေါမင်းလက်ထက်မှာ မင်းအာဏာစက်မြဲမြံဖို့နဲ့ နန်းတွင်းအာဏာသိမ်းပွဲမှာ မင်းညီမင်းသား နဲ့ မင်းဆွေမင်းမျိုးတွေကို ရက်စက်စွာ သတ်ဖြတ်မှုကို အထူးမှတ်တမ်းတင်တာ ဖတ်ရပါတယ်။ ဒါအပြင် နန်းတွင်း မှာ မှူးကြီးမတ်ကြီး ဝန်ကြီးတွေအကြားက အာဏာလွန်ဆွဲပွဲတွေကိုလည်း ဖတ်ရပါတယ်။ နန်းတွင်းအရေးတော်ပုံ က အညှီအဟောက်တွေ ရောပွမ်းနေသလို၊ နန်းတွင်းပြင်ပ နန်းတော်ရဲ့ ပြင်ပကမ္ဘာမှာလည်း တိုင်းသူပြည်သားက အေးချမ်းစွာ နေထိုင်စားသောက်ရတယ်လို့ မရှိပါ။ မင်းနဲ့ မင်းမိဖုရားတွေရဲ့ ပယောဂ အပြင်၊ မင်းလိုလားတဲ့ ပုဏ္ဏားဗေဒင်ပရောဟိတ်တွေရဲ့ ဗေဒင်ယတြာကိန်းခမ်း အစီအရင်တွေကြောင့် ပြည်သူ ပြည်သားဟာ အေးချမ်းစွာ မနေရပါ။ မင်းမြှောင်တွေရဲ့ အကျင့်ပျက်မှုတွေကြောင့်လည်း ပြည်သူ ပြည်သားဟာ အေးချမ်းစွာ မနေရပါ။ မန္တလေး ရတနာပုံ မင်းနေပြည်နဲ့ နီးတဲ့ မန္တလေးဖြစ်သော်လည်းပဲ တိုင်းသူပြည်သားက သူခိုးဒဏ်၊ ဓားပြဒဏ်ကို ခံနေရပါတယ်။ ဓားပြကလည်း အကျင့်ပျက်တဲ့ မှူးကြီးအမတ်နဲ့ ပေါင်းပြီးတော့ လူထုကို နှိပ်စက်ကလူ ပြုမူနေပါတယ်။

<u>ကောက်နုတ်ချက်</u>

- ဗုဒ္ဓဘာသာတရားတော်အရ မကောင်းမှုလုပ်သူသည် ယခုဘဝမဟုတ်လျှင် နောင်ဘဝတွင် အကုသိုလ်ကံ ခံရမည် ဖြစ်ရာ တရားသဘောအတိုင်း သည်းခံစိတ်များကို မွေးမြူကြသည်။ ထို့ကြောင့် ဥပဒေကို ဖောက်ဖျက် ကျူးလွန်သူတို့အား အရေးယူရန် အလေးမထားဘဲ သူ့ထိုက်နဲ့ သူ့ကံ သူ့အကုသိုလ်ခံရလိမ့် မည်ဟု သဘောထားကြသည်။ (မောင်ကျောက်တိုင်၊ ကျွန်နိဒါန်း၊ ၂၀၂၀၊ စာ - ၁၃၉)

ဒီစာပိုဒ်ကို ဖတ်ရတော့ ကျနော် ချက်ချင်းပဲ၊ အဆိုကြမ်း တစ်ခု မှတ်စုမှာ ရေးမှတ်လိုက်ပါတယ်။

- အာဏာရှင်အား အာခံရန် စိတ်သတ္တိများ ပေါ်ခဲ့သော်၊ ဤစိတ်သတ္တိကို လက်တွေ့အကောင်အထည် မဖော်ဖြစ်အောင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများက ဟောကြားသွန်သင်ခြင်း ပြုပါသလော.....။

ဒီနေရာမှာ ဗုဒ္ဓသွန်သင်ခဲ့၊ ဗုဒ္ဓဥပမာပြခဲ့တဲ့ သုတ္တန်ပိဋကတ်က ထုတ်နှုတ်စရာတွေ ရှိပါတယ်။ သို့သော်လည်း ဗုဒ္ဓသွန်သင်ချက်ကို တစ်ဆင့်ပြန်လည်ဟောကြားဖြန့်ဖြူးတဲ့ ဘယ်သို့သော ဘုန်းကြီး သံဃာမျိုးက မကောင်းမှုကို တုံ့ပြန်အံတုရန် ဘယ်လို ဘယ်ပုံ ဟောပြောပို့ချခဲ့ပါသလဲ။

နားလည်ပေးလို့ ရနိုင်တာတွေ - မရနိုင်တာတွေ

ဗုဒ္ဓဘာသာ မြန်မာဘုန်းကြီးတွေဟာ လူတို့ကိုးကွယ်ရာ ဗုဒ္ဓဘာသာတရားရဲ့ အကြီးအမှူးတွေ ဖြစ်ခြင်းကြောင့်၊ ရန်ကို ရန်ခြင်း မတုံ့နှင်းနဲ့။ အရှုံးပေး နှလုံးအေးတဲ့ ဆေး။ သည်းခံခြင်း ခန္တီတရားကို လက်ကိုင်ထား...ဆိုတဲ့ အယူအဆတွေကို ပိုမိုဖောင်းပေး ဟောပြော သွန်သင် နားချ ဆုံးမခဲ့တယ်လို့ပြောနိုင်ပါတယ်။ ဒါဟာ ငြိမ်းချမ်းသော အဟိံသတရားကို လက်ကိုင်ပြုခြင်းလို့လည်း နားလည်နိုင်ပါတယ်။ တစ်ဖက်မှာလည်း အကြမ်းမဖက်သော ငြိမ်းချမ်းရေးလမ်းစဉ်ကို လျှောက်ခြင်းလို့ နားလည်နိုင်ပါတယ်။ သို့သော် ငြိမ်းချမ်းသော လမ်းစဉ်ကို လျှောက်ဖို့ အမြဲတမ်း အရှုံးပေး ခေါင်းငုံ့ခံနေရမလား။ သို့တည်းမဟုတ် ဒါနပါရမီ သီလပါရမီဆိုတာ ပြုချင်ရင် ပြုလို့ ရတယ်။ ခန္တီပါရမီကတော့ ကိုယ့်ကို ဒုက္ခပေးသူ ရှိမှ ပြုလို့ရတာ။ ဒီတော့ ကိုယ့်ကို ဒုက္ခလာပေးသူကို ကျေးဇူးတင်ထိုက်တယ်ဆိုတဲ့ အယူအဆမျိုး ဟောကြားခဲ့လေသလား။

အကယ်၍ ဤသို့သော ဟောကြားချက်မျိုးတွေကို နားဝင်လက်ခံတဲ့လူ့အဖွဲ့အစည်း ရှိခဲ့သော်.... မကောင်းမှုနဲ့ အဓမ္မမှု၊ မတရားမှုတို့ကို ကိုယ့်အပေါ် ကျူးလွန်သူတွေအပေါ် - ပြုသူ အသစ် ဖြစ်သူ အဟောင်း လို့ ခံယူပြီး ငုံ့ခံ ပေးလိုက်ရမလား။ သို့တည်းမဟုတ်.... သူ့ထိုက်နဲ့ သူ့ကံ သွားလိမ့်မယ်၊ တူသော အကျိုးပေးလိမ့်မယ်၊ ဒီဘဝ မခံရရင် နောင်ဘဝ ခံရလိမ့်မယ်လို့ လက်ခံလိုက်ပြီး သည်းခံလိုက်ရမလား၊ သင်ပုန်းချေလိုက်ရမလား။ သို့တည်းမဟုတ်.... ငါတို့လည်း အရင်တုန်းက မကောင်းတဲ့ကံတွေ ပြုခဲ့လို့ အခု ခံရတာ၊ ဝဋ်ကြွေးရှိရင် ကြေပါစေ လို့ မှတ်ယူပြီး ခေါင်းငုံ့သည်းခံလိုက်ရမလား။

ဘာသာရေးနဲ့ ပတ်သက်ရင် မေးခွန်းထုတ်စရာတွေ အများကြီး ရှိပါလိမ့်မယ်။

- ဗုဒ္ဓဘာသာက လူ့အဖွဲ့အစည်းထဲမှာ မတရားမှုနဲ့ အဓမ္မမှု ခေါင်းပုံဖြတ်၊ အနိုင်ကျင့်မှုတွေ ခံရသည် ရှိသော် ဘယ်လို နည်းနဲ့ တုံ့ပြန်ရမယ်၊ သို့တည်းမဟုတ် ဘယ်လိုနည်းနဲ့ နှလုံးသွင်းရမယ်လို့ ဟောပြောပါသလဲ။

ဒီနေရာမှာ ဗုဒ္ဓရဲ့ မူရင်း အဟောနဲ့ ဗုဒ္ဓဘာသာကို ပြန်လည် ဟောကြားပို့ချနေတဲ့ ဘုန်းတော်ကြီး သံဃာတော်တွေရဲ့ အထူးဦးစားပေး (ဇောင်းပေး) ဟောကြားချက်တွေဟာ ဘယ်ဘက်ကို ပိုလို့ တိမ်းယိမ်းပါသလဲ။ လူ့အဖွဲ့အစည်း အတွင်းမှာ ရှိတဲ့ ဆရာတော်၊ သံဃာတော်တွေဟာ အဖိနှိပ်ခံ လူထုကို ဟောပြောရာမှာ ဘယ်လိုအယူအဆမျိုးကို ဇောင်းပေးဟောပြောပြီး၊ အုပ်ချုပ်သူ မင်းစိုးရာဇာတွေနဲ့ တွေ့ရင် ဘယ်လိုတရားဥပမာမျိုးကို ဇောင်းပေး ဟောပြောပါသလဲ။ ဒါဟာ သုတေသနအားဖြင့် နှိုင်းယှဉ်ပြီး ဆန်းစစ်အဖြေထုတ်ရမယ့်ကိစ္စလို့ ယူဆပါတယ်။

ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့ခြင်း ဆိုသည်မှာ...

မကောင်းမှုနဲ့ မတရားမှုကို ပြုကျင့်သူအပေါ် ဘယ်လို အပြစ်မျိုးတွေ ကျရောက်နိုင်တယ်ဆိုတဲ့ အပြစ်ပြ ခြောက်လှန့် ဟောပြော ဆုံးမ သွန်သင်တာတွေ ရှိပါတယ်။ သို့သော်လည်း မကောင်းမှုနဲ့ မတရားမှု ပြုကျင့်ခံရသူအတွက် ဘယ်လို တုံ့ပြန်ရမယ်ဆိုတာ ဓမ္မဓိဋ္ဌာန်ကျကျ၊ လက်တွေ့ကျကျ၊ သဘာဝ ကျကျ ဘယ်လို ဟောပြောသွန်သင် ဆုံးမပါသလဲ။ အထက်မှာ ကျနော် တင်ပြခဲ့သလို....

- မကောင်းမှုနဲ့ အဓမ္မမှု၊ မတရားမှုတို့ကို ကိုယ့်အပေါ် ကျူးလွန်သူတွေအပေါ် - ပြုသူ အသစ် ဖြစ်သူ အဟောင်း လို့ ခံယူပြီး ငုံ့ခံ ပေးလိုက်ရမလား။
- သို့တည်းမဟုတ်.... သူ့ထိုက်နဲ့ သူ့ကံ သွားလိမ့်မယ်၊ တူသော အကျိုးပေးလိမ့်မယ်၊ ဒီဘဝ မခံရရင် နောင်ဘဝ ခံရလိမ့်မယ်လို့ လက်ခံလိုက်ပြီး သည်းခံလိုက်ရမလား၊ သင်ပုန်းချေလိုက်ရမလား။
- သို့တည်းမဟုတ်.... ငါတို့လည်း အရင်တုန်းက မကောင်းတဲ့ကံတွေ ပြုခဲ့လို့ အခု ခံရတာ၊ ဝဋ်ကြွေးရှိရင် ကြေပါစေ လို့ မှတ်ယူပြီး ခေါင်းငုံသည်းခံလိုက်ရမလား။
- လူထုသည် အာဏာရှင်အား အာခံရန် စိတ်သတ္တိများ ပေါ်ခဲ့သော်၊ ဤစိတ်သတ္တိကို လက်တွေ့အကောင် အထည် မဖော်ဖြစ်အောင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများက ဟောကြားသွန်သင်ခြင်း ပြုပါသလော.....။

ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့ခြင်းမှာ၊ ခေတ်ကာလ အလျှောက် အသစ်ပေါ်ထွန်းလာတဲ့ မျိုးဆက်သစ် လူ့အဖွဲ့ အစည်းက နားလည်သဘောပေါက်သော၊ နားလည်လက်ခံနိုင်စွမ်းရှိသော အမြင်အယူတွေကို ခေတ်အမြင် ခေတ် အတွေးအခေါ်နဲ့ ဗုဒ္ဓမူရင်းအဟောနဲ့ တိုက်ပြီး ညှိပြီး ပြန်လည် ဟောပြော သွန်သင် ပို့ချနိုင်ခြင်း အပေါ်မှာ အများကြီး မူတည်နေကြောင်း တင်ပြလိုက်ရပါတယ်။

ည ၇း၀၄

၁၀၊ အောက်တိုဘာ၊ ၂၀၂၁။

မဖတ်ခြင်းအားဖြင့် ကျေးဇူးပြုပါ

၁၁ အောက်တိုဘာ ၂၀၂၁

- အလေဏာတောတွေ၊ အသိမ်အဖျင်းတွေ၊ အပေါ့အပြက်တွေ၊ အမှိုက်တွေကို မဖတ်ခြင်းအားဖြင့် ကိုယ့်ဦးနှောက်နဲ့ ကိုယ့်နှလုံးသားကို တစ်နေ့ထက် တစ်နေ့ အရည်အသွေး ပိုရှိလာအောင် ကျေးဇူးပြုမယ်။
- စာဖတ်အဆင့်အတန်းကို quality reading အဆင့်ထိ တိုးမြှင့်မယ်။
- သာမန် အုတ်ရောရောရော ကျောက်ရောရော ဖတ်တဲ့အဆင့်မှာတင် မနေဘူး။

ဗျူပွတ်

ကျေးဇူးပြုတယ်ဆိုတဲ့ အသုံးအနှုန်းကို ဗုဒ္ဓဘာသာဘုန်းတော်ကြီး၊ ဆရာတော် သံဃာတော်တွေရဲ့ ဓမ္မသဘင်ပွဲတွေမှာ များသောအားဖြင့် ကြားရတတ်တဲ့စကားလုံးဖြစ်ပါတယ်။ ဒါ့အပြင် ဘုန်းတော်ကြီးတွေ၊ ဆရာတော်တွေ ရေးသားတဲ့ စာအုပ်တွေမှာလည်း ဒီအသုံးအနှုန်းကို တွေ့နိုင်ပါတယ်။ ဒီဘက်ခေတ်မှာတော့၊ စာပေဘက်က စာရေးဆရာတွေလည်း ဒီစကားလုံးကို တွင်တွင်ကျယ်ကျယ် သုံးစွဲကြလိမ့်မယ် ထင်ပါတယ်။ မှတ်မှတ်သားသား ဖြစ်တဲ့ အရာကတော့ - ပဋ္ဌာန်းအနက်ကို ဟောတဲ့ တရားမှာ ကျေးဇူးပြုတယ်ဆိုတဲ့ စကားလုံးကို ကျနော် ပိုလို့ တွေ့ရပါတယ်။ ပိုလည်း နားလည်ရပါတယ်။ ပဋ္ဌာန်းရဲ့ အနက်သဘောမှာ၊ ကျေးဇူးပြုတယ် - ထောက်ပံ့တယ်ဆိုတဲ့ အနက် ရှိပါတယ်၊ ပစ္စယသတ္တိ လို့ ပြောရင် ရနိုင်ပါတယ်။ အကြောင်းတရား၊ အထောက်အပံ့ပြုသော အကြောင်း၊ ကျေးဇူးပြုခြင်း အကြောင်းတရား လို့ နားလည်နိုင်ပါတယ်။

ဒီနေရာမှာ အကြီးအမှူးပြုခြင်းအားဖြင့် ကျေးဇူးပြုတယ်။ အပြန်အလှန်အမှီသဟဲပြုခြင်းအားဖြင့် ကျေးဇူးပြုတယ်၊ ရှိခြင်းအားဖြင့်ကျေးဇူးပြုတယ်၊ မရှိခြင်းအားဖြင့် ကျေးဇူးပြုတယ်ဆိုတဲ့အနက်တွေ ပါဝင်နေပါတယ်။ တကယ်တော့ (၂၄) ပစ္စည်းလို့ခေါ်တဲ့ ပဋ္ဌာန်းရဲ့ အနက်သဘောဟာ၊ natural phenomenon လို့ခေါ်တဲ့ သဘာဝလောကတရားကို ရှင်းလင်း နက်နဲတဲ့ သီအိုရီတွေ သဘောတရားတွေနဲ့ ရှင်းလင်းပြခြင်းလို့တောင် ပြောနိုင်ပါတယ်။ အရှင်ဇနကာဘိဝံသရဲ့ ပဋ္ဌာန်းတရားတော် (ဟောတရားမှ စာအုပ်အဖြစ်သို့ပြောင်းလဲ ပုံနှိပ်ထား) စာအုပ်ကို ကျနော် အညွှန်းရေးခဲ့ဖူးပါတယ်။ စာအုပ်အညွှန်းခေါင်းစဉ်ကို - သီအိုရီ ၂၄ လို့ ခေါင်းစဉ်တပ်ပါတယ်။ ဒီနေရာမှာ ကျေးဇူးပြုခြင်းအကြောင်းတရားတွေကို ဆက်စပ်စဉ်းစားမိပါတယ်။

စာများများ ဖတ်ကြ

လူကြီးတွေ၊ စာရေးဆရာတွေ၊ ဟောပြောသူတွေဟာ လူတွေကို စာဖတ်ဖို့ တိုက်တွန်းလေ့ရှိပါတယ်။ များသော အားဖြင့် ... စာများများ ဖတ်ကြ၊ စာများများ ဖတ်ကြ။ read much, read much စသည်ဖြင့် ပြောကြပါတယ်။ ဟုတ်ပါတယ်။ ဒါကို ကျနော်လက်ခံပါတယ်။ အသိဘဏ်တိုက်ကို ကြွယ်ဝစေဖို့အတွက် စာတွေ ဖတ်ရမှာ ဖြစ်ပါတယ်။ လူငယ် ဆယ်ကျော်သက်တွေကို စာများများ ဖတ်ဖို့ တိုက်တွန်းရပါမယ်။ စာလည်း များများ ဖတ်ကြရမှာ ဖြစ်သလို၊ စာကိုလည်း အစုံအလင် ဖတ်ရမှာ ဖြစ်ပါတယ်။ စာဖတ်ရင်လည်း ကိုယ့်သဘောထားနဲ့ ကိုက်ညီတာရော၊ ကိုယ်မနှစ်မြို့တဲ့စာအုပ်တွေရော ဖတ်သင့်ပါတယ်။ ရှုထောင့် အမြင် အယူအဆအစုံစုံကို သိနားလည်လေလေ၊ သဘောထားမှန်ကူကွက်တွေကို ပိုမြင်ရလေလေ ဖြစ်ပါတယ်။ ဒါမှလည်း ဖြစ်စဉ် ဖြစ်ရပ်ရဲ့သဘော၊ ပြဿနာရဲ့ အတိမ်အနက်ဆိုတာတွေကို နားလည်ရမှာ ဖြစ်ပါတယ်။ ဒါဟာ စာကို စဖတ်တဲ့သူတွေ၊ စာသမားတွေအတွက် ဖြစ်ပါတယ်။

စာကို သေချာ ရွေးဖတ်၊ စာရေးဆရာကို သေချာ ရွေး

ဒါပေမယ့် ကာလအတိုင်းအတာ တစ်ခုထိရောက်လာရင်တော့ စာပေနှံ့စပ်ပြီးသား စာသမားဟာ တွေ့သမျှ စာအကုန် ဖတ်လို့ မရတော့ပါဘူး။ စာအုပ်ကို ရွေးရတယ်။ စာရေးဆရာကို ရွေးရတယ်။ စာဖတ်တဲ့ အကြောင်းအရာကို အထူးပြုရွေးချယ်ရပါတယ်။ ဒီလိုနဲ့ ကိုယ့်ဟာ တွေ့သမျှ စာဖတ်တဲ့ ဝါသနာရှင်အဆင့် စာဖတ်သမားဘဝကနေ တကယ့်ပရော်ဖက်ရှင်နယ်အဆင့် စာဖတ်သမားဘဝကို ရောက်လာပါတယ်။ စာဖတ်သမားဟာ စာဖတ်သက် ရင့်လာလေလေ၊ ကိုယ်ဖတ်ရတဲ့စာတွေကို ရွေးရလေလေပါပဲ။ ဝါသနာပါရုံအဆင့်ကနေ တက်လာတာမို့၊ အရည်အသွေးရှိတဲ့စာ၊ ကိုယ့်နဲ့ ပိုမိုအပ်စပ်တဲ့စာ၊ ကိုယ့်အသိဉာဏ်အထောက်အပံ့အတွက် ကြီးစွာသော ကျေးဇူးပြုမှု ဖြစ်စေတဲ့စာမျိုးကို ပိုလို့ ရွေးရမယ်။ စာအုပ်ကို ရွေးရပြီ၊ စာရေးဆရာကို ရွေးရပြီဆိုရင် ဒီနေရာမှာ မရွေးချယ်တဲ့စာအုပ်၊ မရွေးချယ်တဲ့ စာရေးဆရာ ဆိုတာ ရှိလာပါပြီ။ ဒါကို ဖယ်လိုက်တဲ့ စာအုပ်၊ ပယ်လိုက်တဲ့စာရေးဆရာ သုံးနှုန်းပါ့မယ်။

မဖတ်ဘူး မဖတ်ဘူး၊ ဒီစာဆိုရင် မဖတ်ဘူး

တချို့စာတွေက ရွေးဖတ်ရမယ်။ တချို့စာတွေကိုတော့ မရွေးရဘူး။ ပယ်လိုက်ရမယ်၊ ဖယ်လိုက်ရမယ်၊ လျစ်လျူရှုလိုက်ရမယ်။ စာတွေလည်း ထိုနည်းလည်းကောင်း၊ စာအုပ်တွေလည်း ထိုနည်းလည်းကောင်း၊ စာရေးဆရာကိုလည်း ထိုနည်းလည်းကောင်း။ လေ့လာမှုမှာ - learn , unlearn နဲ့ relearn ဆိုတာ ရှိတယ်။ အနက်က - လေ့လာ၊ မလေ့လာနဲ့ ပြန်လေ့လာ ဆိုတဲ့သဘော။ ဒီတော့ ဖတ်ပါ၊ မဖတ်နဲ့၊ ပြန်ဖတ်ပါ...ဆိုတဲ့သဘော။

စာဖတ်သမားဟာ စာဖတ်သက်ရင့်လာတာနဲ့အမျှ ဘယ်စာကို ငါ မဖတ်ဘူး၊ ဘယ်စာရေးဆရာကိုတော့ ငါ လုံးဝ မဖတ်ဘူး... ဆိုတာ သိလာပါတယ်။ ဒီလိုသိခြင်းဟာ ဂတိအားဖြင့် ခံစားချက်နဲ့ သိခြင်းဆိုတာထက်၊ ဦးနှောက်နဲ့ ရှင်းလင်းစွာ နားလည်ထားတဲ့ သိခြင်းမျိုးဖြစ်ပါတယ်။ ဒီလို ကိုယ်ဟာ ဘယ်စာကို ဖတ်ရမယ်၊ ဘယ်စာကို မဖတ်ရဘူး။ ဘယ်စာရေးဆရာကို ရွေးရမယ်၊ ဘယ်စာရေးဆရာကို မရွေးဘူး ဆိုတာကို ပြတ်ပြတ်သားသား

သိနားလည်တဲ့အဆင့်ကို ရောက်လာခြင်းဟာ စာဖတ်တဲ့အရည်အသွေး မြင့်မားလာခြင်းပဲဖြစ်ပါတယ်။ စာစုံမဖတ်ခဲ့ဘဲနဲ့ စာများများ မဖတ်ခဲ့ဘဲ၊ စာကို နက်နက်နဲနဲ မဖတ်ခဲ့ဘဲနဲ့ ကိုယ့်ခံစားချက်နဲ့ ဘယ်စာကို မဖတ်ဘူးကွာ၊ ဘယ်စာရေးဆရာဆို လုံးဝ မဖတ်ဘူးကွာ ဆိုတာ ဆုံးဖြတ်လိုက်ခြင်းဟာ ညံ့ဖျင်းတဲ့စာဖတ်သမားပဲ ဖြစ်ပါတယ်။ တကယ့်စာဖတ်သမားကတော့ ခံစားချက်အားဖြင့်ထက် အသိအမြင်အားဖြင့် သေချာ နားလည်သဘောပေါက်နေတာဖြစ်ပါတယ်။

မဖတ်ဘူး မဖတ်ဘူး၊ ဒီစာရေးဆရာဆိုရင် မဖတ်ဘူး

ဒီတော့ စာဖတ်ခြင်းဆိုတဲ့အထဲမှာ မဖတ်ခြင်းဆိုတာလည်း ပါနေပါတယ်။

- တချို့သော စာတွေကို မဖတ်ခြင်းဖြင့် အသိဉာဏ်ကို ကျေးဇူးပြုစေမယ်။
- တချို့သော စာရေးဆရာတွေကို မဖတ်ခြင်းဖြင့် အသိဉာဏ်ကို ကျေးဇူးပြုစေမယ်။
- အသိဘဏ်တိုက်ကို ဖြည့်ဆည်းတဲ့နေရာမှာ၊
- အစကဦးမှာ ငွေကြေးအားလုံးကို လက်ခံထားသို အပ်နှံခံပေမယ့်၊
- နောက်ပိုင်းမှာ အာမခံချက် ရှိတဲ့ ငွေကြေး၊ လူထု ယုံကြည်တဲ့ ငွေကြေး၊ ငွေတန်ဖိုး မာကျောတဲ့ ငွေကြေးကို ရွေးချယ်သလိုပါပဲ။
- နိုင်ငံခြားဘဏ်တစ်ခုခုကို မြန်မာငွေ အပ်ရင် လက်မခံဘဲ၊ ဒေါ်လာအပ်မှ လက်ခံသလိုမျိုးပါပဲ။

စာမှာလည်း ငွေကြေးကဲ့သို့ တန်ဖိုး အမာ၊ အပျော့ ရှိပါတယ်။ တချို့သော စာရေးဆရာတွေ ရေးတဲ့စာတွေဟာ ဖောင်းပွနှုန်းအား သိပ်မြင့်တယ်။ တန်ဖိုးအားဖြင့် မတည်ငြိမ်ဘူး။ အတက်အကျ သိပ်များတယ်။ ဒီလိုပဲ လူ့အချိန်ဟာ အကန့်အသတ် ရှိတယ်။ လူ့ဦးနှောက်ကလည်း အကန့်အသတ် ရှိတယ်။ စာအုပ်စာပေရဲ့ သဘော အတိမ်အနက်ကို နားလည်ပြီးသား အဆင့်မြင့် စာဖတ်သမားကတော့ ဘယ်စာအုပ်ကို ဖတ်မယ်၊ ဘယ်စာအုပ်ကို မဖတ်ဘူး၊ ဘယ်စာရေးဆရာကို ဖတ်မယ်၊ ဘယ်စာရေးဆရာကို မဖတ်ဘူးဆိုတာကို ကောင်းကောင်း နားလည်နေပြီ ဖြစ်ပါတယ်။

တချို့သော စာတွေကို မဖတ်ခြင်းအားဖြင့် ကျေးဇူးပြုရမယ်။ အသိဉာဏ်အထောက်အပံ့ကောင်းဖြစ်ဖို့ အတွက် တချို့စာတွေကို မဖတ်ခြင်းအားဖြင့် ထောက်ပံ့ပေးရမယ်။ ဦးခေါင်းထဲက အတွေးအမြင်တွေကို မိုင်းရပ်စ် တစ်ခုလို ရိုက်သွင်း၊ သွတ်သွင်းမယ့် စာမျိုးတွေကို မဖတ်ခြင်းအားဖြင့် ကျေးဇူးပြုရမယ်။

ဒါက စာအုပ်နဲ့ စာရေးဆရာကို ပြောတာဖြစ်ပါတယ်။ ဒီနေ့ခေတ်မှာတော့ အဲသည့်ထက် ပိုပြောရမယ်။

အွန်လိုင်းပေါ်က အပိန်အဖျင်းတွေ၊ အလေဏတောတွေ

နေ့စဉ် အွန်လိုင်းစခရင်ပေါ်မှာ အမျိုးမျိုး အဖုံဖုံသော စာတွေ တက်နေတယ်။ မြင်နေရတယ်။ ကိုယ့်မြင်ကွင်းထဲ ပေါ်လာတယ်။ တချို့ဟာ အသိမ်အဖျင်း ၊ အတင်းအဖျင်းသော စာတွေကို ဖတ်ချင်လွန်းလို့ကို အတင်းအဖျင်း၊ အသိမ်အဖျင်း၊ အရိုင်းအစိုင်း၊ အလေဏတောတွေ ရေးတဲ့သူတွေ၊ ပေ့ချ်တွေကို တမင်တကာ follow လုပ်ထားကြတယ်။ လူ့သည်းခြေကြိုက်တွေကလည်း အများသားကိုး။ လူတွေဟာ ဒါတွေကို ဖတ်ရင်းနဲ့ တဖြည်းဖြည်း ကိုယ့်အာရုံတွေဟာ ညစ်ထေးလာတယ်ဆိုတာ သတိမထားမိကြဘူး။ လူတွေ ဘာဖြစ်တယ်၊ လောကကြီး ဘာဖြစ်နေတယ်၊ ပတ်ဝန်းကျင်က ဘာဖြစ်နေတယ်ဆိုတာကို စူးစမ်းတယ်ဆိုပေမယ့်၊ ဒါကို သတိမမူမိဘဲ ကိုယ့်အတွင်းစိတ်က အလေဏတောနဲ့ အသိမ်အဖျင်း၊ အတင်းအဖျင်း၊ အရိုင်းအစိုင်းတွေကို နှစ်သက်နေတဲ့ဓာတ်ခံ၊ စွဲလမ်းနေတဲ့ဓာတ်ခံဟာ ပိုလို့ ကြီးမားလာတာကို သတိမထားမိဘူး။ ဒီလိုနဲ့ သူတို့ဟာ မျက်စိနဲ့ နားအာရုံထဲကနေ တစ်ဆင့် ကိုယ့်ရဲ့ ဦးနှောက်နဲ့နှလုံးသားကို ကိုယ်မသိလိုက်တဲ့ အချိန်မှာပဲ တဖြည်းဖြည်းနဲ့ စိမ့်ဝင်လာတယ်။ ဒီလိုနဲ့ ကိုယ့်ရဲ့ ဘဝကို ဒီလို အာရုံတွေက ရိုက်ခတ်တော့တာပဲ။ ကိုယ့်စိတ်ကို သတိလေးနဲ့ အမြဲတမ်းလိုလို ကပ်ပြီး မကြည့်တဲ့သူက ကိုယ့်အာရုံထဲမှာ ဘယ်လို အာရုံမျိုးတွေ ကပ်ဝင် တွယ်ငြိ စွဲလမ်းနေတယ်ဆိုတာကို သတိမထားမိဘူး။ ဒီတော့ နေ့စဉ်လိုလို ကိုယ့်မျက်စိရှေ့မှာ ပေါ်လာတဲ့အရာတွေကို ဘယ်လိုနည်းနဲ့ ဥပေက္ခာပြုမလဲဆိုတာ သိပ်အရေးကြီးတယ်။

စခရင်ပေါ်မှာ ပေါ်လာတဲ့စာတွေကိုလည်း ထိုနည်းလည်းကောင်းပဲ။ ဘယ်စာတွေကို ဖတ်မယ်။ ဘယ်စာမျိုးတွေကို လုံးဝ မဖတ်ဘူးဆိုတာကို ရှင်းရှင်းလင်းလင်း နားလည်နေဖို့ လိုတယ်။ တချို့သော စာတွေကို မဖတ်ခြင်း အားဖြင့် ကျေးဇူးပြုရမယ်။

- **အညွှန်းကောင်းတိုင်း မဝယ်ဘူး**
- **ကြော်ငြာကောင်းတိုင်း မဝယ်ဘူး**

- **မျက်နှာဖုံးလှတိုင်း မဝယ်ဘူး**
- **ငါ ဖတ်သင့်တယ်၊ ငါ ဖတ်ကို ဖတ်ရမယ်ဆိုတာကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား သိပြီးမှ ငါ ဝယ်မယ်**

ဒီနေ့ခေတ်ကတော့ မဟုတ်ပါဘူး။ လူတွေ ကြော်ငြာအားကောင်းရင် လိုက်ဖတ်ကြ။ လိုက်ဝယ်ကြ။ လူတွေ အညွှန်းကောင်းရင် လိုက်ဖတ်ကြ၊ လိုက်ဝယ်ကြ။ တကယ်တော့ ကိုယ့်ဉာဏ်နဲ့ ကိုယ် ကိုယ်သိပြီး၊ ဒါက ငါ ဖတ်ကို ဖတ်ရမယ့် စာ။ ဒါကတော့ ငါ မဖတ်ဘူး ဆိုတဲ့ ပြတ်သားတဲ့ အသိဉာဏ်ကို ရထားရမှာ ဖြစ်ပါတယ်။ သာမန်စာဖတ်သမားကတော့ အညွှန်းကောင်းရင်ဖြစ်ဖြစ်၊ စာအုပ်မျက်နှာဖုံးလှရင် ဖြစ်ဖြစ်၊ ထုတ်ဝေဖြန့်ချိသူက ကြော်ငြာအားကောင်းရင်ဖြစ်ဖြစ် ဝယ်လိုက်ကြတာများတယ်။ ဝယ်ပြီးတော့ တကယ်ဖတ်သလားဆိုရင်လည်း ကောင်း၏ ဆိုး၏ ဝေဖန်ပိုင်းခြားနိုင်လောက်တဲ့အဆင့်ထိ သေချာ ဖတ်ကြတယ် မထင်ဘူး။ နည်းနည်း အပေါ်ယံပဲ ဟိုလှန် ဒီလှန်ဖတ်တဲ့သဘောတွေ တွေ့နေရတယ်။ တို့ကနန်း ဆိတ်ကနန်း ဟိုလှန် ဒီလှန်ပေါ့။ ဒါက ခေတ်သစ်စာဖတ်နည်း တောင် ဖြစ်သွားမလား မသိ။ ထားတော့။

ဒီနေရာမှာ ပြောချင်တာက၊ စာအုပ်ကို ရွေးဝယ်သလို၊ စာရေးဆရာကိုလည်း ရွေးဝယ်ဖို့ လိုတယ်။ ကိုယ့်စိတ်ထဲမှာလည်း ဒါကို ငါ ဖတ်ရမယ်၊ ဖတ်သင့်တယ်၊ ဖတ်ဖို့လိုတယ်၊ ဖတ်ချင်တယ်ဆိုတာ ရှင်းလင်းစွာ သိဖို့ လိုတယ်။ ဒါကတော့ ငါ မဖတ်ဘူး၊ မဝယ်ဘူး၊ ဖတ်ဖို့ မလိုဘူး ဆိုတာကို ရှင်းလင်းစွာ သိဖို့ လိုတယ်။ တကယ် ကွာလတီရှိလာတဲ့ စာဖတ်သမားဟာ တွေ့ကရာ မဖတ်တော့ဘူး။ ကြော်ငြာအားကောင်းတိုင်း မဖတ်တော့ဘူး။ မျက်နှာဖုံးဒီဇိုင်းလှတိုင်း မဖတ်တော့ဘူး။ အကြောင်းအရာကို ရွေးတယ်၊ စာအုပ်ကို ရွေးတယ်၊ ထုတ်ဝေတဲ့တိုက်ကို ရွေးတယ်၊ စာရေးဆရာကို ရွေးတယ်၊ ရွေးတဲ့နေရာမှာလည်း ဖယ်သင့်တဲ့အရာကို ပြတ်ပြတ်သားသား ဖယ်ထားပြီး ဖတ်တယ်။ ဝါသနာအဆင့်ထက် ကျော်လွန်တဲ့စာဖတ်သမားကတော့ ဒီလိုအမူအကျင့်တွေ ရှိကို ရှိလိမ့်မယ်။ တကယ့်စာဖတ်သမားဟာ ကိုယ့်ဦးနှောက်နဲ့ နှလုံးသားထဲကို တကယ့်ကွာလတီကောင်းတာတွေပဲ ရွေးထည့်တယ်။ အလေဏတောတွေ၊ အသိမ်အဖျင်းတွေ၊ အပေါ့အပြက်တွေ၊ အမှိုက်တွေကို မထည့်တော့ဘူး။

- မဖတ်ခြင်းအားဖြင့် အသိဉာဏ်ကို ကျေးဇူးပြုတဲ့ အထောက်အပံ့ကောင်းတွေ ကျင့်ကြံနိုင်ကြပါစေ။
- quality reading ဆိုတဲ့အဆင့်ကို မြန်မာတွေ တက်လှမ်းနိုင်ပါစေ။

နေ့လယ် ၂း၅၂

၁၁၊ အောက်တိုဘာ၊ ၂၀၂၁။

စာပေဖြင့် လူမှုတော်လှန်ရေးသို့ ကျေးဇူးပြုပါစေ...

■

ဤစာအုပ်ကို

ပြည်သူ့ထံသို့ ဖြန့်ချိပြီးဖြစ်၍

ဤစာအုပ်ကို ပြည်သူက ပိုင်ဆိုင်ပါသည်။

ထို့ကြောင့် လွတ်လပ်စွာ ကောက်နှုတ်၊ ကူးယူ ဖော်ပြနိုင်ပါသည်။

ကျွန်ုပ်အား ခွင့်ပြုချက် (တကူးတက) တောင်းရန် မလိုပါ။

ပြည်သူအချင်းချင်း ထပ်ဆင့်မျှဝေပါက ကျွန်ုပ် ပို၍ ဝမ်းသာရပါမည်။

မင်းသေ့

၂ ရက် ၊ နိုဝင်ဘာလ၊ ၂၀၂၁။

မူပိုင် @ ၂၀၂၁ မင်းသေ့

၁၉၉၁ ခုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့၌ မန္တလေးမြို့တွင် မွေးဖွား။

ဦးဝမ်းမောင် ၊ ဒေါ်ကျင်သန်းတို့၏ အငယ်ဆုံးသား။

၂၀၀၇ ခုနှစ် မတ်လတွင် တက္ကသိုလ်ဝင်တန်းကို ဓာတုဗေဒဂုဏ်ထူးဖြင့် အောင်မြင်။

၂၀၁၂ ခုနှစ်တွင် တက္ကသိုလ်စာပေအသင်း၌ အယ်ဒီတာချုပ်။

၂၀၁၂ ခုနှစ်တွင် ရေနံနည်းပညာဘွဲ့ကို ရရှိ။

၂၀၁၃ ခုနှစ်တွင် နိုင်ငံတကာဆက်ဆံရေးပညာ ဘွဲ့လွန်ဒီပလိုမာ ရရှိ။

၂၀၁၉ ခုနှစ်တွင် ဗမာ့အမျိုးသားရေးဝါဒ စာတမ်းဖြင့်
နိုင်ငံရေးပညာလေ့လာမှု မဟာဘွဲ့ကို ရရှိ။

www.minthayt.com

မင်းသေ့ ရေးသားထုတ်ဝေပြီး စာအုပ်များ

၁။ မင်ခြစ်ကောက်ကြောင်းများ (၂၀၁၇ / ပ-ကြိမ် ၊ ၂၀၂၀ / ဒု-ကြိမ် ၊ ၂၀၂၁ / တ-ကြိမ်)
၂။ နိုင်ငံရေးဖတ်စာ (၂၀၁၈ / ပ-ကြိမ်၊ ၂၀၂၀ / ဒု-ကြိမ်)
၃။ ဖတ်ညွှန်းများ (၂၀၁၈၊ စက်တင်ဘာ)
၄။ နွယ် (၂၀၁၉ ၊ ဖေဖော်ဝါရီ)
၅။ စာဖတ်သမားသို့ (၂၀၁၉ ၊ စက်တင်ဘာ)
၆။ မြန်မာ့လမ်းပွင့် (၂၀၂၀ ၊ မေ)
၇။ ချိုင်းနားရီဗျူး (၂၀၂၀ ၊ စက်တင်ဘာ)
၈။ မြန်မာသစ် (၂၀၂၀၊ နိုဝင်ဘာ)
၉။ စာရေးဆရာ (၂၀၂၀ ၊ ဒီဇင်ဘာ)

ဆက်လက်ထက်ရှမည့်စာအုပ်များ

- ဘားမားရီဗျူး
- မင်းသေ့၏ စာပေါင်းချုပ်
- မင်းသေ့၏ လက်ရွေးစင်စာများ
- မင်းသေ့၏ ဆောင်းပါးပေါင်းချုပ်

မင်းသေ့စာအုပ်များကို ပန်းဆက်လမ်းစာပေက ဖြန့်ချိသည်။

www.minthayt.com

မင်းသေ့ ဝက်ဆိုဒ်သို့ ဝင်ရောက်၍ စာများ ဖတ်ရှုနိုင်ပါသည်။